www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

ပုညခင်

# ရူးလောက်တယ်



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

✤ ✤ ✤

"ဟဲ့ ... ဆိုးပေမ ..."

"ဘာတုန်း ..."

"ကြည့်စမ်း ကြည့်စမ်း ... ဒါ ကိုယ့်ဘွားလေးကို ထူးရမယ့် ထူးနည်းမျိုးလားဟဲ့ ... တာတေမရဲ့ ..."

ခေးရဲ့ ထူးပုံကြောင့် ဘွားလေးတစ်ယောက် ရင်ဖိမျက်လုံးပြူးသွားချိန်တွင် ...

ညှော့ခန်းကြမ်းပြင်ပေါ်၌ ခြေဆင်းထိုင်ကာ အချဉ်ထုပ်ကို စုပ်ကာ စုပ်ကာ စားရင်း တီဗီကြည့်နေသော ခေးကနှုတ်ခမ်းထောင့်နှစ်ဖက်မှာ အစွယ်ပမာ ချွန်ကော့နေသော အချိုရည်တွေကို မသုတ်မိသေးဘဲ ...

"ဘွားလေး အဲ့ဒီလိုထူးတာ ကြားကြားနေလို့ ယောင်ပြီးထူးမိတာပါ ဘွားလေးရဲ့၊ ဒီမှာ ကိုရီးယားကားလည်း ကြည့်နေတော့ အာရုံက ဒီထဲမှာပဲ ရောက်ရောက်နေတာ၊ ပြီးတော့ ... ခေးနာမည်က ရွှေထိပ်ထားလေ ဘွားလေးရဲ့၊ ဆိုးပေမတို့ တာတေမတို့ဆိုတာ ခေးနာမည်မှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရွှေထိပ်ထားရေလို့သာ ခေါ်ကြည့် ... ခေးအာရုံ ဘယ်ပဲရောက်နေ ရောက်နေ ရှင်လို့ပဲ ထူးမိမှာ၊ ဆိုးပေမလို့ ခေါ်ရင် ဘာတုန်းလို့ထူးတာက ပိုပြီး မလိုက်ဖက်ဘူးလားဟင် ...”

“ညည်းက ငါ့ကို ထေ့ငေါ့နေတာလား၊ ပညာပေးနေတာလား၊ ဆင်ခြေပေးနေတာလား၊ အာခံနေတာလား မရွှေထိပ်ထားရယ်၊ ညည်းကို ဘာပဲပြောလိုက် ပြောလိုက် ပေးစရာ ဆင်ခြေကလည်း အသင့်၊ ညည်းတစ်ကိုယ်လုံး ဆင်ခြေတွေနဲ့ ပြည့်နှက်နေသလား အောက်မေ့ရတယ်၊ သွား ... အဝတ်လေးဘာလေး လဲထားလိုက်ဦး၊ ဒီအဝတ်အစား ဒီလိုပုံစံနဲ့ ညည်းထိုင်နေတဲ့ပုံကို ဒီနေ့ လာမယ့် ဆရာခများ ဘွားခနဲသာ မြင်လိုက်ရရင် တစ်ခါတည်း လိပ်ပြာလွင့်ထွက်သွားမယ်”

ခေးသည် မျက်ခုံးကလေးပင့်လိုက်ရင်း ...

“ဩော် ... ဒီနေ့ ဆရာအသစ် လာမှာလား”

“ဟုတ်တယ်လေ၊ ညည်းကို ပြောထားသားပဲ၊ ဒါမျိုးကျ မမှတ်မိဘူးလား”

“ဟင်း ဟင်း ... လာပစေဦး ... လာပစေဦး ...”

ခေးက ပြုံးစိစိလေး ရေရွတ်လိုက်လျှင် ဘွားလေးက မျက်လုံးပိုပြူးလာကာ ...

“ဘာလာပစေဦးလဲ၊ ညည်းနော် ... ညည်း၊ ပညာပြဖို့တော့ မစဉ်းစားလေနဲ့”





“မပြပါဘူး ဘွားလေးရဲ့၊ ခေး လိမ္မာနေပါပြီ”

“ဒီလိုပြောခဲ့တာ ဘယ်နှကြိမ်မှန်းတောင် မရေမတွက်နိုင်တော့ဘူး၊ ကြားရတာ ရိုးတောင်နေပါပြီ၊ ကဲ ... ကဲ ညည်းရှေ့ကဟာတွေ သိမ်းတော့ ...”

“ခေးက ဒီမှာ တီဗီကြည့်ရင်း စားနေတဲ့ဟာ၊ သိမ်းသေးပါဘူး”

ခေးက စားလက်က အာလူးကြော်ထုပ်တွေ၊ အချဉ်ထုပ်တွေ၊ ဖရဲသီးစိတ်၊ ပန်းသီးစိတ် ထည့်ထားသော ပန်းကန်နှင့် လက်ဖက်ထမင်းတွေ နယ်ထည့်ထားသည့် ဖန်ဇလုံကြီးကို ဘွားလေး မသိမ်းအောင် အမြန် သိမ်းကြုံးဆွဲယူထားလိုက်ပါသည်။

“မသိမ်းလို့ ဖြစ်မလား ဆိုးပေမရဲ့၊ တော်ကြာနေ ဆရာက လာတော့မယ်၊ ဧည့်ခန်းထဲမှာက အမှိုက်ပုံကို မုန်တိုင်း အမွှေခံထားရသလို ပွစာကိုကြဲနေတာပဲ ...၊ အဆိုးဆုံးက ညည်းပုံစံပဲ ...၊ ဘောင်းဘီပွတတနဲ့၊ အင်္ကျီတိုနံ့နံ့နဲ့ စုံစီနဖာ စားရင်း ခြေဆင်းထိုင်နေတဲ့ပုံက အိမ်က မိကျော့လောက်တောင် မသပ်ရပ် မပြောင်ရောင်ဘူး၊ အမလေး ညည်းကိုယ်က ချွေးနံ့တွေတောင် ထွက်နေပါရောလား၊ ခေါင်းကလည်း အနံ့ထွက်နေပြီ၊ ခေါင်းမလျှော်တာ ဘယ်နှရက်ရှိပြီလဲ ...”

“ခေါင်းလျှော်ဆိုင် မသွားအားသေးလို့ပါ ဘွားလေးရဲ့”

“ညည်းမှာ ဘာအလုပ်ရှိလို့ မအားရတာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒီဇာတ်လမ်းတွဲက အပိုင်းတစ်ရာကျော်တယ် ဘွားလေးရဲ့၊ ပြတ်တောင်း ပြတ်တောင်း ကြည့်ရတာ အားမရလို့ တစ်ခါတည်း အပြီးကြည့်နေရတာ ..."

"နေ့နေ့ညည ဒါပဲကြည့်နေတာ ဘယ်နှရက်ရှိပြီလဲ၊ ညည်းဟာက ခုထိ မပြီးနိုင်သေးဘူးလား"

"မပြီးသေးလို့ပါ ဘွားလေးရဲ့"

"ကျောင်းစာကိုသာ အဲ့ဒီလောက် ဝီရိယရှိရင် ဆယ်တန်းကို အောဒီနဲ့အောင်ပြီး သပိုးဘားမားဖက်(စ်) တောင်ရသွားမှာ၊ တကတည်းတော် ထမင်းစားတာတောင် ဇလုံထဲထည့်နယ်ပြီး တီဗီရှေ့ယူစားရတယ်လို့၊ ဆီးဝမ်းရောမှန်မှန်ထသွားရဲ့လား၊ ဇာတ်လမ်းတွဲ မပြီးခင် ဆီးချုပ်ဝမ်းချုပ်လိုက်ပြီးတော့လည်း သေနေဦးမယ်၊ တော်ပြီ... မကြည့်နဲ့တော့၊ ဘယ်မလဲ ရီမု ..."

ဘွားက တီဗီပိတ်ဖို့ ရီမုလိုက်ရှာနေလေရာ ခေးက ရီမုတ်ကို ခပ်တည်တည် ဖင်ခုထိုင်ကာ တီဗီအကြည့် မပျက်...။

"တာတေမ...၊ ရီမု ညည်းဝှက်ထားတယ် မဟုတ်လား"

"အဟဲ..."

"ရီမုမပါလည်း တီဗီက ပိတ်လို့ရပါတယ်အေ..."

ဘွားလေးက တီဗီခလုတ်ကိုသွားပိတ်ကာ ပလပ်ကိုပါ ဆွဲဖြုတ်ပစ်လိုက်ပါသည်။

ခေးသည် ဟာခနဲဖြစ်သွားကာ ဆင်းထားသော





ခြေထောက်နှစ်ဖက်ကို ကြမ်းပြင်နှင့် ပွတ်ဆောင့်လိုက်ရင်း ခေါင်းကိုလည်း ကုပ်ဖွကာ ...

"ဒီမှာ ကောင်းခန်းရောက်နေတဲ့ဟာကို ...၊ သွားပါပြီ စိတ်ညစ်ပါတယ်၊ ဘွားလေးတို့ကတော့ သာသနာဖျက်ပဲ ကွာ ..."

"ဘာ... ဘာ၊ ညည်း ဘယ်လိုသုံးနှုန်းလိုက်တာလဲဟင်၊ ဒီစကားက ဒီနေရာမှာ သုံးရတာမဟုတ်ဘူးဟဲ့၊ ကိုရီးယားကားထဲက စာတန်းတွေချည်း ဖတ်နေတော့ ညည်းက မြန်မာစကားတောင် ဖြောင့်အောင် မပြောတတ်တော့ဘူး မဟုတ်လား၊ သွား သွား ... ဘာမှ အထွန့်တက်ဖို့ မစဉ်းစားနဲ့၊ မြန်မြန် အဝတ်သွားလဲတော့၊ ကဲ... မထူးပါဘူး၊ ရေပါချိုးလိုက်တော့ဟေ့၊ ခေါင်းပါလျှော်လိုက်...၊ ညည်း အနံ့တွေ ငါတောင်မခံနိုင်ဘူး၊ တကယ်ပါပဲအေ... ဒီပုံစံကို ဆရာသာ မြင်ရင် ရှုးလောက်တယ်... ရှုးလောက်တယ်"

ဘွားလေး ပြောတာလည်း မှန်တော့မှန်ပေသားပဲ။ ခုနေ ခေးကိုသာ ဆရာမြင်သွားရင် ကြောက်ချေးပဲ ပါသွားမလား၊ ဒါမှမဟုတ် 'နေပါစေတော့ဗျာ... သူ့ စာသင်ရမယ့် အစား ကုန်ပဲ သွားထမ်းပါတော့မယ်ဗျာ'လို့များ တောင်းပန်ပြီး လှည့်ပြန်သွားလေမလား...။ ခေးကို စာသင်မယ့်အစား ထမင်းကြမ်းလေး ယပ်ခပ်စားပြီး အေးအေးလူလူ နေချင်သူတွေကတော့ အများသားပင်...။



www.burmeseclassic.com

www.burmeseclassic.com



ဘွားလေးနဲ့ မာမီက 'ကလေး' ဟု ခေါ်ကြရင်း ကာလကြာသော် 'ခေး' ဖြစ်ကာ ခုတော့ ကိုယ့်ကိုယ်ကို ခေးဟုပဲ ထည့်ပြောရင်း နှုတ်ကျိုးနေခဲ့ရသော မရွှေထိပ်ထားကလေးသည် အိမ်ရှိလူကုန်က ဆိုးပေမ၊ တာတေမ၊ ဘာမ ညာမ ... စသဖြင့် နာမည်ပေး ဆလ်သခံရအောင်ပင် ဆိုးပေလှသူကလေးတည်း။

ခေးသည် ပညာကို ဘယ်တုန်းကမှ ကောင်းကောင်း မသင်ချင်ခဲ့ ...။ ရှစ်တန်းမှာ တစ်ကြိမ်၊ ကိုးတန်းမှာတစ်ကြိမ် စာမေးပွဲကျခဲ့သော ခေးသည် ဆယ်တန်းမှာတော့ အရင်စံချိန်တွေကို အပြတ်အသတ် ချိုးချကာ လေးခါကျ၍ စံချိန်သစ် တင်လိုက်လေသည်။

ခုချိန်မှာ အသက် ၂၁ နှစ်ပင်ရှိပြီဖြစ်သော ဆယ်တန်း ကျောင်းသူမကြီး ခေးကို လွန်ခဲ့သော ၂ နှစ်မှ စကာ အိမ်ကို ဆရာခေါ်သင်ပေးဖို့ မာမီက စီစဉ်ပေးခဲ့တာပင် ...။

ခေးသည် ဉာဏ်ကတော့ ထုံထိုင်းလှသည်မဟုတ်။ ကျောင်းစာမဟုတ်သည့် ကိစ္စတွေမှာ ဦးနှောက်က ဂျောင်းဂျောင်း ပြေးနေကာ ပါးလှပ်ထက်မြက်သော်လည်း ကျောင်းစာကိုတော့ သူကိုယ်တိုင်က သင်ကိုမသင်ချင်တာ ဖြစ်လေသည်။

လောကတွင် ခေး မဖြစ်ချင်ဆုံးအရာမှာ 'ပညာတတ် မိန်းမ' ပင် ဖြစ်လေသည်။

ခေးရဲ့ မာမီ ဒေါက်တာ တင်ထားမေသည် အလွန် ထူးချွန်သော၊ ထက်မြက်သော၊ နာမည်ကြီးပေသော၊ လူများစွာက အားကိုးအားထားပြုရသော မီးယပ်နှင့် သားဖွားဆိုင်ရာ





ဆရာဝန်မကြီး ဖြစ်ပါလျက်နဲ့ ခေးက ခုလို ဆယ်တန်း တဘုန်းဘုန်း ကျနေတာဟာ 'ထူးဆန်းပါပေ့'ဟု လူတိုင်းက အံ့ဩယူကြရပါသည်။

ခေး့ရဲ့ မာမီကို လူတကာက အားကျကြသော်လည်း ခေးကတော့ အားမကျ ...။ ခေး မဖြစ်ချင်ဆုံးကလည်း မာမီလို မိန်းမမျိုးပင် ဖြစ်သည်။

မာမီသည် ဆေးရုံမှာ တာဝန်ထမ်းဆောင်ရင်း ဆေးကျောင်းသားတွေကို စာသင်ကြားပေးသော အလုပ်ကိုလည်း လုပ်၏။ ဆေးရုံက တာဝန်ပြီးလျှင် ပုဂ္ဂလိက ဆေးခန်းကြီးနှစ်ခုမှာ ဆေးခန်းထိုင်၏။ ထို့ကြောင့် မာမီ အိမ်ပြန်ရောက်ချိန်ဟာ ည ၁၀ နာရီထက် မစောပေ ...။

မွေးလူနာ၊ ခွဲလူနာ ... စသဖြင့်တို့ ရှိပြန်သေးရာ မာမီသည် မနက်အစောကြီးနှင့် ပိတ်ရက်များမှာလည်း အားကို မအားရရှာချေ ...။

မာမီ့အချိန်ကို ခေးလည်းမပိုင်သလို ခေးရဲ့ ဒက်ဒီလည်း မပိုင်ခဲ့ ...။

မာမီ့ ပညာလောဘ၊ အလုပ်လောဘကြောင့်ပင် ဒက်ဒီနဲ့ အဆင်မပြေဖြစ်ကာ ကွဲကွာသွားကြသည်ဟု ခေးက နားလည်ထားခဲ့ပါသည်။

ခေးငယ်ငယ်တုန်းကတော့ မာမီ ဒီလောက်အလုပ် မများသေးပေမယ့် မာမီက မိသားစုကို ဂရုမစိုက်နိုင်ဘဲ ဘွဲ့တွေ တစ်ဘွဲ့ပြီး တစ်ဘွဲ့ရဖို့ ကြိုးစားနေခဲ့သည်။ ခေးကိုထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို ပညာသင်သွားခဲ့သည်။ ပြန်လာတော့လည်း ပိုစတင်ကျရာ နေရာတွေကို မညည်းမညူ ပြောင်းရွှေ့ရင်း ရောက်ရာအရပ်မှာ *'သိပ်တော်တဲ့ ဒေါက်တာ တင်ထားမေ'* ရယ်လို့ တသသ ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သော မာမီသည် ဒက်ဒီ့ကိုတော့ တစ်သက်လုံး တသသဖြစ်အောင် မစွမ်းဆောင်နိုင်ခဲ့ပါ။

ဒက်ဒီနဲ့ မာမီတို့ ကွဲကွာစဉ်က စိတ်ဒဏ်ရာရခဲ့သော ခေးသည် တဖြည်းဖြည်း ဂျစ်ကန်ကန်လေးဖြစ်လာကာ ကျောင်းစာကို လုံး၀ စိတ်မ၀င်စားခဲ့တော့ပေ ...။

ခုနစ်တန်းအထိ အတန်းစဉ်တိုင်း ထူးချွန်စွာအောင်မြင်ခဲ့သော ခေးက မာမီတို့ ကွဲကွာခဲ့သည့် ရှစ်တန်းနှစ်မှာ စာမေးပွဲကျခဲ့တာမို့ မာမီရော ဘွားလေးပါ အံ့သြနမြောကြရသည်။ နိုင်ငံခြားရောက်သွားပြီဖြစ်သော ဒက်ဒီကတော့ အဝေးကပဲ အံ့သြရရှာသည်။

ခေးသည် ထိုအချိန်မှ စကာ အရွဲ့တိုက်လာခဲ့၏။ မာမီနဲ့ ဘွားလေးက ဆူပူလေ ခေးက အရွဲ့တိုက်ကာ စာမကျက်လေ စာမေးပွဲတွေ ကျလေ ...။ ခေး ဆယ်တန်း နှစ်ခါကျပြီးချိန်မှာတော့ ခေးက မာမီတို့သိအောင် ပွင့်ပွင့်လင်းလင်း ဖွင့်ကြေညာခဲ့သည်။

"ခေး ... ပညာတတ် မဖြစ်ချင်ဘူး မာမီ၊ ပညာတွေ သိပ်တတ်သွားရင် ခေးဘဝက ပျော်စရာကောင်းတော့မှာ မဟုတ်ဘူး၊ ခေး မာမီ့လိုမတော်ချင်ဘူး၊ ခပ်ညံ့ညံ့ပဲဖြစ်ချင်တယ်၊ ခေး ပညာမသင်ဘူး၊ ငွေလည်းမရှာဘူး၊





အလုပ်လည်းမလုပ်ဘူး၊ အချိန်တန်ရင် ယောကျ်ားယူပြီး ယောကျ်ားလုပ်စာပဲ ထိုင်စားမယ်၊ ခေးကိုယ်ခေး အလှတွေပြင်ပြီး ယောကျ်ားက ကိုယ့်ကို ပိုချစ်လာအောင် ကြိုးစားမယ်၊ အိမ်မှုကိစ္စတွေ လုပ်မယ်၊ ကလေးတွေ အများကြီး မွေးမယ်၊ ယောကျ်ားကိုအားကိုးပြီး ယောကျ်ားပြောသမျှ နားခံခေါင်းညိတ်ပြီး ယောကျ်ားနားမှာ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားမယ် ..."

ခေး စကားကြောင့် မာမီရော ဘွားလေးပါ ရင်ထုမနာ ဖြစ်ကြရကာ မာမီက မျက်ရည်တွေတွေကျရင်း ...

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ သမီးမှာ ဘယ်တုန်းကတည်းက ဒီအတွေးအခေါ်တွေ ရှိနေရတာလဲဟင် ..."

"မာမီနဲ့ ဒက်ဒီ ကွဲကတည်းကပဲ ..."

"သမီးရယ် ... ပညာတတ် မိန်းမတိုင်း မာမီ့လိုအဖြစ်မျိုး မကြုံရပါဘူးကွယ်၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ် တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားကြတဲ့ ပညာတတ် မိန်းမတွေမှ အများကြီးပါ၊ သမီးဒက်ဒီနဲ့ ကွဲရတာဟာ မာမီ့အပြစ်ချည်းပဲလို့တော့ ပုံမချပါနဲ့ သမီးလေးရယ် ..."

"ဒါဆို ဒက်ဒီ့အပြစ်လား ..."

"မာမီ ဘာမှမပြောလိုပါဘူး သမီးရယ်၊ အိမ်ထောင်ရေးဆိုတာ ကံတရားနဲ့လည်း သက်ဆိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ခေးကတော့ ပညာတတ် မဖြစ်ချင်ဘူး၊ ဆယ်တန်းကျဘဝနဲ့ပဲ ခေးနေသွားမယ်၊ ခေး ဘဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မှုကို ခေးပဲရှာနိုင်တာ၊ ခေး ပျော်သလိုနေတာကို မာမီ မတားပါနဲ့ . . . ”

“သမီးရဲ့ အယူအဆအမှားကြီးကို စွန့်ပစ်လိုက်ပါ သမီးရယ်၊ သမီးတွေးတာ မှားနေတယ်”

“မာမီ့အလုပ်ကို စွန့်ပစ်ပြီး ခေးနားမှာပဲ အမြဲနေပြီး ခေးကြိုက်တဲ့ ဟင်းတွေ ချက်ကျွေး၊ ခေးနဲ့အတူ ဈေးဝယ်ထွက်၊ အဲ့ဒါမျိုး မာမီ နေနိုင်ရင် ခေး ဆယ်တန်းအောင်အောင် ဖြေမယ်”

“သမီးရယ် . . . အဲ့ဒီလောက်ထိတော့ မတောင်းဆိုပါနဲ့၊ မာမီ ဝါသနာပါလို့ တန်ဖိုးထားပြီး သင်ယူခဲ့တဲ့ ပညာတွေကို . . . . . . ”

“ဟင်း . . . ဟင်း . . . မာမီ ဒီလိုပဲပြောမယ်ဆိုတာ သိသားပဲ၊ ဒါဆိုရင်တော့ မာမီနဲ့ ခေးနဲ့ ဆက်ဆွေးနွေးလို့ မရတော့ဘူး . . . ”

မာမီက သူ့အလုပ်ကို မစွန့်ခဲ့သလို ခေးကလည်း ခေးရဲ့အတွေးအခေါ်ကို မစွန့်ပစ်ခဲ့ပါ။

ခေးသည် အိမ်ထဲမှာနေလျှင် ဘာအလုပ်မှ မလုပ်ဘဲ အမြဲ ပျင်းကြောဆန့်ကာနေသည်။ ဇာတ်လမ်းတွဲတွေကို ညလုံးပေါက် ထိုင်ကြည့်ချင် ကြည့်သည်။ တီဗီရှေ့မှာ ကျောက်ချထိုင်ကာ စားစရာပေါင်းများစွာ ပလုံစီအောင် ချထားလျက် တစ်ခုပြီးတစ်ခု ယူစားမည်။ ရေချိုးဖို့ ပျင်းလျှင် မချိုးဘဲနေမည်။ ညှော်ခန်းထဲက ဆိုဖာရှည်ပေါ် ပက်လက်အိပ်ကာ ကာတွန်းဖတ်





ရင်း ဟိုးဟိုးဟားဟား အော်ရယ်ချင် ရယ်နေမည်။ ဘောင်းဘီတိုပွပွ၊ တီရှပ်ပွပွကြီးဖြင့် ကုပ်ပေါ်ဝဲနေသည့် ဆံပင်တိုတိုကို လက်ဖြင့် ကုပ်ဖွရင်း မီးဖိုချောင်ထဲဝင်သွားကာ စားစရာ လှန်လျှောရှာပြီး စားချင်သလောက် ထိုင်စားချင်စားမည်။

ရုပ်ခံကလေး သားနားသန့်ပြန့်ပေလို့သာ ဘယ်လိုပင် ကမျက်ကညစ်နေပေမယ့် တအား ရုပ်ဆိုးညစ်ပတ်စုတ်ပြတ်ထွက်မသွားတာ ဖြစ်သည်။

ခေးကို အနီးကပ် စောင့်ရှောက်ရသူက မာမီ့အမေရဲ့ ညီမအငယ်ဆုံး ခေးရဲ့ ဘွားလေး ဒေါ်တင်အိပင် . . . ။

ဘွားလေးသည် ခေးကို ဆူပူလျက်ပင် အမြဲ လက်မြှောက်ရ၏။ ခေးအပေါ် ဘယ်တော့မှလည်း မနိုင်။ ဩဇာလည်း မညောင်း။ ခေးသည် မာမီနဲ့ ဘွားလေး ဘာပဲပြောပြောဆန့်ကျင်ဖို့သာ အားသန်သူတည်း။

မာမီ စီစဉ်ပေးလို့ ခေးကို စာသင်ပေးဖို့ ရောက်လာခဲ့ဖူးသော ဆရာ ဆရာမအပေါင်းတို့သည် ခေးရဲ့ ဆိုးသွမ်းပညာပြမှုဒဏ်တွေကို ခံကြရကာ နောက်ဆုံးတစ်နေ့၌ ပုံမှန်ထက်များသော လခငွေကြေးကို ကျောခိုင်းလျက် ကိုယ့်အိမ်မှာ ကိုယ်ထမင်းကြမ်းလေး ယပ်ခပ်စားဖို့ ပြန်သွားကြသည်သာ . . . ။ခေးရဲ့ ဆိုးပေမှုဒဏ်ကို သုံးလထက် ပိုပြီး မခံနိုင်ကြသူချည်း ဖြစ်လေ၏။ သူတို့က ခေးနားမှာ ကြာကြာနေရရင် . . .

“ရှုးလောက်တယ် . . . ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြကြောင်း ဘွားလေးထံမှ ပြန်ကြားရတော့ ခေးက ကိုယ့်အရည်အချင်းကို ကိုယ် ကျေနပ်ရသေးသည်။

ဒီနေ့လည်း ခေးကို စာသင်ဖို့ ဆရာအသစ်တော့ လာပေဦးတော့မည်။ ဆရာ့ခများ သူ့ကံကြမ္မာ သူကြိုသိခဲ့လျှင် ဒီအလုပ်ကိုလုပ်ဖို့ ငြင်းခဲ့ရှာမှာပင် ...။ လာချင်သပဆိုလည်း လာပစေဦး ...။ ခေးကတော့ ကိုယ့်အကြောင်းသိအောင် ပြရတော့မှာပင် ...။

"ဟဲ့ ... ရေသွားချိုးတော့လေ ..."

ခေးနားက ရှပ်ဖွထားသော အပြုံးပြုတ်ကာ ပြန့်ကျဲနေသည့် ဂျာနယ်များ၊ ပလတ်စတစ်အိတ်ခွံများကို ဆွဲသိမ်းနေသော ဘွားလေးက ခေးကို အော်လိုက်ပြန်သည်။

ခေးက စုပုပ်ပုပ်ကလေး ဆက်ထိုင်နေရင်း ...

"ဆရာက ဘယ်တော့ လာမှာမို့လို့လဲ ..."

"၅ နာရီ ...၊ ၅ နာရီ လာမှာ၊ အခု ၅ နာရီထိုးဖို့ ၁၅ မိနစ်ပဲ လိုတော့တယ်၊ ညည်း ရေချိုး ခေါင်းလျှော်မှာနဲ့၊ အဝတ်အစားလဲမှာနဲ့၊ တစ်ခုခု စားချင်ဦးမှာနဲ့ အချိန်က ဘယ်လောက်မှ မကျန်တော့လို့ ငါ အာပေါက်အောင် ပြောနေရတာပေါ့ဟဲ့ ..."

"၅ နာရီကနေ ဘယ်နနာရီအထိ သင်မှာလဲ ..."

"၇ နာရီထိ ..."

"ဟင် ... ဒါတော့ ဘယ်ဖြစ်မလဲ ..."

"ဘာလို့မဖြစ်ရမလဲ၊ ညည်းမှာ ဘာအလုပ်ရှိလို့လဲ ..."





"ဘွားလေး အဲ့ဒီလိုတော့ မမေးသင့်ဘူး"

"ဘာ ... ဘာ ... ဘာဆရာလုပ်ဦးမလို့လဲ"

"အပြင်ထွက်ပြီး ပိုက်ဆံရအောင် လုပ်နေတဲ့အလုပ်မှ အလုပ်လို့ သတ်မှတ်နိုင်တာမဟုတ်ဘူးဆိုတာ ဘွားလေးက ပိုသိမှာပါ၊ ဥပမာ ဘွားလေးကိုပဲ ကြည့် ...၊ မနက်အစောကြီး ဘွားလေးမှာ ဘာလုပ်စရာရှိလဲလို့ မေးရင် ငါ ဘုရားရှိခိုး ပုတီးစိပ်စရာရှိတယ်လို့ ပြောမှာပဲ၊ ဘုရားရှိခိုးတာ၊ ပုတီးစိပ်တာလည်း ဘွားလေး ပုံမှန်လုပ်နေရင် အဲ့ဒါ ဘွားလေးအလုပ်လို့ ပြောလို့ရသလို ဇာတ်လမ်းတွဲကြည့်တာကို ခေး ပုံမှန်လုပ်နေရင်လည်း အဲ့ဒါကို ခေးအလုပ်လို့ ပြောလို့ရတာပဲ ...၊ ခေး ကြည့်နေကျ ဇာတ်လမ်းတွဲက ၇ နာရီထိုးဖို့ ၁၅ မိနစ်လောက်ဆို လာတယ်၊ ခေးမှာ အဲ့ဒီဇာတ်လမ်းတွဲကို ပုံမှန်စောင့်ကြည့်တဲ့ အလုပ်ရှိတယ်၊ အဲ့ဒါကြောင့် ၇ နာရီထိတော့ စာသင်လို့ မဖြစ်နိုင်ဘူး၊ ၁၅ မိနစ် စောဖြုတ်မယ်"

"စကားတတ်တိုင်း ကပ်သပ်ပြောမနေစမ်းပါနဲ့ ရွှေထိပ်ထား၊ ညည်း ဇာတ်လမ်းက လွတ်သွားလည်း ခွေထွက်ရင် ဝယ်ကြည့်လို့ရတာပဲ ..."

"ခေး ပြောတာကို ဘွား လက်မခံရင် ခေးကလည်း လုံးဝ စာသင်လက်မခံဘူး"

"အေး ... ပြီးရောအေ ... ပြီးရော၊ ငါ ဆရာ့ကို ပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ခုလာမှာက ဆရာမတော့ မဟုတ်ဘူးပေါ့”

“ညည်းပဲ ဆရာမဆိုရင် မကြိုက်ဘူးဆို၊ ဟိုတစ်ခါ ဆရာမတုန်းကလည်း ညည်းကို စာသင်ရင်း ရည်းစားဆီက ဖုန်းလာရင် ညည်းရှေ့မှာ အီစီကလီတွေ ပြောလို့ မကြိုက်ဘူးဆို ...”

“ဒါဆို အခုက ဆရာပေါ့ ...”

“အေးလေ ...”

“အသက်ကြီးလား ... ငယ်လား ...”

“အဲ့ဒါတော့ ငါလည်း တွေ့မှသိမှာပဲ၊ ညည်း အမေကို သေချာ မေးမထားမိသေးဘူး”

“အသက်ကြီးရင်တော့ ခေး မကြိုက်ဘူးနော်”

“ဘာဖြစ်လို့လဲ ...”

“ပျင်းစရာကောင်းလို့ ...”

“ဒါဆို အသက်ငယ်တဲ့ ဆရာနဲ့မှ သင်ချင်တာလား”

“ငယ်ရင်လည်း မလောက်လေး မလောက်စား ဖြစ်နေမှာပေါ့၊ ကိုယ့်လောက်မှ မတတ်ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ရုပ်ဆိုးတဲ့ ဆရာဆို ခေးက သဘောမကျဘူး”

“စာသင်တာပဲအေ...၊ ရုပ်ရှင်လာရိုက်တာမှ မဟုတ်တာ”

“ဆရာက ရုပ်ဆိုးနေရင် ဆရာ့မျက်နှာကိုကြည့်ပြီး သူပြောတာ နားထောင်ရမယ့် ခေးက အာရုံမလန်းတော့ဘူးပေါ့၊ ဆရာက ဆွဲဆောင်မှုရှိမှ တပည့်က ဆရာပြောတာကို စိတ်ဝင်စားတော့မှာပေါ့ ...”





“ဩော် ... ဒါဆို ညည်းက ရုပ်ချောတဲ့ ဆရာနဲ့မှ သင်ချင်တာပေါ့”

“ဟင့်အင်း ... ရုပ်ချောကြီးနဲ့လည်း သင်ချင်ပါဘူး ...”

“ဘာဖြစ်လို့လဲ ...”

“ခေး ရင်ခုန်မိမှာစိုးလို့ပေါ့”

“ရွှေထိပ်ထား ...”

မျက်နှာက ပြုံးစိစိ စပ်ဖြဲဖြဲနှင့် ကိုယ်ကိုတွန့်လိမ်ကာ ညုတုတုသံနှင့် ပြောလိုက်သော ခေးကြောင့် ဘွားလေး ဒေါ်တင်အိက မျက်စိစုံမှိတ်ကာ အော်ပစ်လိုက်မိပါသည်။

“ငါရှူးချင်တယ်၊ ငါ တကယ် ရှူးချင်တယ်၊ သွား ... သွား ညည်း ခုချက်ချင်း ရေသွားချိုးချေစမ်း တာတေမ ...”

“တာတေမဆိုရင် မသွားဘူး”

“ဩော် ... ဟုတ်ကဲ့ပါ မရွှေထိပ်ထားကလေးရယ်၊ ရေချိုးခန်းကို အမြန်ကြွမြန်းတော်မူချေပါ”

ခေးက အပေါ်ထပ်ကို ခုန်ပေါက်ပြေးထွက်သွားတော့ ဒေါ်တင်အိက ကိုယ့်ရင်ဘတ်ကို လက်နှစ်ဖက်လုံးဖြင့် ဖိကာ ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ပစ်ထိုင်ချလိုက်မိပါသည်။ တကယ်ပဲ ရင်တွေတုန်ရလွန်းလို့ပင် ...။

သို့သော် ... ရင်တုန်လို့ဆိုပြီး ထိုင်နေလို့လည်း မဖြစ်၊ မကြာခင် ဆရာက လာတော့မှာမို့ ...

“မိကျော့ရေ ... မိကျော့ ... လာစမ်း ... ဧည့်ခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်တွေ လာသိမ်းစမ်း၊ အဝင်းကို ငါ့ဖို့ သံပရာရည် တစ်ခွက် ဖျော်လာပေးဖို့ လှမ်းပြောခဲ့ဦး”

ဟု လှမ်းအော်ပြောလိုက်ရပါသည်။

မိကျော့က မီးဖိုချောင်ထဲက အမြန်ပြေးထွက်လာကာ သိမ်းဆည်းလို့မှမပြီးသေးခင် အဝင်းက ဧည့်ခန်းထဲသို့ ခပ်သွက်သွက်လေး ဝင်လာသည်။

“ဟဲ့ … အဝင်း ဘယ်မလဲ ငါ့ဖို့ သံပရာရည် …”

“ဟုတ်ကဲ့ … ဖျော်မလို့ပါပဲ ဘွားလေး၊ အိမ်ရှေ့မှာ ရွှေထိပ်ထားကို စာသင်ဖို့ ဆရာရောက်နေလို့ လာပြောတာပါ”

“ဟင် … လာပြီလား၊ ဆရာကလည်း ဝီရိယ ကောင်းလိုက်တာ၊ သိမ်းစမ်း … မိကျော့ … မြန်မြန်သိမ်းစမ်း၊ အံမလေး … ဒီလို ရှုပ်ပွနေပုံနဲ့ ဧည့်သည်လာရင် အရှက်ကွဲ … ကွဲ … ဟင်”

ဘွားလေးဒေါ်တင်အိ ပျာယာခတ်နေဆဲမှာ လူငယ်လေးတစ်ယောက်က ဧည့်ခန်းဝမှာရပ်လာပြီမို့ ဒေါ်တင်အိမှာ ပါးစပ်ကို အမြန်ဘရိတ်အုပ်လိုက်ရပြီး မျက်လုံးကိုတော့ လီဗာနာနာ ဖိနင်းပစ်လျက် ထိုလူငယ်ကို ခြေဆုံးခေါင်းဆုံး ခပ်မြန်မြန် အကဲခတ်လိုက်မိပါသည်။

ပြာဖျော့ဖျော့ အကွက်စိပ် ရှပ်လက်ရှည်ကို လက်ကြယ်သီးတပ်၍ နက်ပြာရောင် ကွက်စိပ်ပုဆိုးနှင့် တွဲဝတ်ထား





သော လူငယ်လေးဟာ ဆရာလား … ဆရာ့လက်ထောက်လေလား … မသဲကွဲတာမို့ …

“မင်းက ဘယ်သူတုန်းကွယ့် …”

“ကျွန်တော် … ဒီအိမ်က ရွှေထိပ်ထားကို စာသင်ဖို့ လာတာပါ ခင်ဗျ …”

“ဆရာ မအားလို့လား …”

“ခင်ဗျာ …”

“မင့်ဆရာ မအားလို့ မင်းကိုလွှတ်လိုက်တာလားလို့”

“ဆရာက ကျွန်တော်ကိုယ်တိုင်ပါပဲ ခင်ဗျ …”

တင်ထားတို့ကတော့ လုပ်ချလိုက်ပြီဟော့ … ဟု တွေးကာ ဒေါ်တင်အိရဲ့ ငယ်ထိပ်ကို မိုးကြိုးပစ်ချသွားပါသည်။

ကိုယ့်သမီး ငယ်ငယ်လေးကို သင်ဖို့ ဒီလောက် ငယ်ငယ် သားသားနားနား လူငယ်လေးကို လွှတ်စရာလား။ ကြည့်ပါဦး … မျက်နှာကလေးကိုက ကြည်စင်နေလိုက်တာ … မြင်မြင်ချင်း ခင်ချင်စရာ။

ဒေါ်တင်အိသည် စိတ်ထဲက သိပ်ဘဝင်မကျမိသော်လည်း …

“လာပါ … ဝင်ပါ ဆရာ … ထိုင်ပါ၊ ဘွားလေးက မသိလို့ မေးမိတာပါ၊ အိမ်က တင်ထားကတည်း အလုပ်က ခပ်များများဆိုတော့ ဘွားလေးကို သေချာ အသေးစိတ် ပြောပြမထားဘူးလေ၊ အဟင်း … ဟင်း … ဧည့်ခန်းကတော့ ရှုပ်ပွနေတာပဲ ဆရာရေ၊ ခုနကပဲ ဟိုဘက်အိမ်



www.burmeseclassic.com

www.burmeseclassic.com



က ကလေးတွေ တီဗီလာကြည့်ရင်း ရှုပ်ပွထားခဲ့လို့လေ၊ မိကျော့ ... ရှင်းစမ်း ... မြန်မြန်လေးရှင်း၊ အဝင်းရေ ... ဒီမှာလာကူရှင်းပါဦး၊ အဟင်း ... ဟင်း ... အားနာလိုက်တာ ဆရာရယ်"

"ရပါတယ် ခင်ဗျာ၊ ဖြည်းဖြည်းလုပ်ပါ"

"ခဏလေး ထိုင်ဦးနော် ..."

"ဟုတ်ကဲ့ ... ရပါတယ် ခင်ဗျ"

"အဝင်းရေ ... အဲ့ဒါတွေ ရှင်းပြီးရင် ဆရာ့ဖို့ အအေး ဖျော်လိုက်ဦး"

"ဟုတ်ကဲ့ ... ဘွားလေး ..."

ဘွားလေး ဒေါ်တင်အိက အိမ်နောက်ဘက်သို့ သွက်သွက်လေး ဝင်လာခဲ့ကာ ဒေါက်တာတင်ထားမေထံ ဖုန်းခေါ်လိုက်ပါသည်။

"ဟဲ့လို ..."

"တင်ထားလားဟေ့ ..."

"ဟုတ်ကဲ့ ဒေါ်လေး ..."

"ညည်း ဘယ်လိုလုပ်လိုက်တာလဲအေ ..."

"ဘာဖြစ်လို့လဲ ဒေါ်လေး ..."

"ညည်း လွှတ်လိုက်တဲ့ ဆရာ ခုပဲရောက်တယ်၊ ဆရာက ငယ်လည်းငယ်၊ ကြည့်လို့လည်းကောင်း၊ ညည်းသမီး ငယ်ငယ်လေးနဲ့ ဖြစ်ပါ့မလားအေ၊ အရွယ်ချင်းက မတိမ်းမယိမ်းလေးပဲ မဟုတ်လား"





"စွမ်းရည်အောင်က ထား တပည့်ပါ ဒေါ်လေး၊ နောက်ဆုံးနှစ် အပိုင်း(က) တက်နေတဲ့ ဆေးကျောင်းသားပါ၊ သူ့အိမ်က နွမ်းပါးပေမယ့် သူက ပညာအရမ်းတော်ပါတယ်၊ ဆယ်တန်းတုန်းက တစ်နိုင်ငံလုံးမှာ အဆင့် ၅နဲ့ အောင်ခဲ့တာပါ ...၊

"သူက ဆယ်တန်းအောင်ပြီးကတည်းက ဆယ်တန်းကျောင်းသားတွေကို ဂိုက်လည်းလုပ်၊ ကျူရှင်လည်းသင်ရင်း သူ့ကျောင်းစရိတ် သူရှာနေခဲ့တာပါ၊ တကယ့်ကို ရိုးသားကြိုးစားပြီး စာရိတ္တ အရမ်းကောင်းတဲ့ ကလေးပါ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အသက်က ငယ်တော့ ..."

"စွမ်းရည်က သူ့အဖေ ကင်ဆာရောဂါနဲ့ မဆုံးခင် သူ ကိုးတန်းတုန်းက နှစ်နှစ် စာမေးပွဲ မဖြေခဲ့ရဘူး ဒေါ်လေး၊ အဲ့ဒီတုန်းက သူ့ခမျာ ကျောင်း ထွက်ပြီး အလုပ်လုပ်ရင်း သူ့အဖေ ဆေးဖိုးရှာခဲ့ရတာပါ၊ သမီးထက်တော့ သူ့အသက်က သုံးနှစ်လောက် ကြီးမှာပါ၊ ပြီးတော့ သူက အသက်ထက် ပိုပြီး ရင့်ကျက်တဲ့ ကလေးပါ"

"သုံးနှစ်ကြီးပေမယ့် ရွယ်တူလို ဖြစ်နေတော့ ညည်းသမီးက လေးစားပါ့မလား"

"ကြီးတဲ့သူတွေတုန်းကရော လေးစားလို့လား ဒေါ်လေးရယ်၊ ငယ်တာကမှ သူ့အနေနဲ့ နည်းနည်းလေး ရှိန်ပြီး ဆိုးရမှာ ရှက်နေမလားလို့ပါ ..."

"အေး ... ဒါတော့ ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက စာသင်ဖို့ ဆရာကို တစ်ယောက်ပဲ အသင်ခံပြီး တစ်ပတ် လေးရက်၊ တစ်နေ့ ၂ နာရီထက် ပိုမသင်ချင်ဘူးဆိုတော့ တစ်ယောက်တည်းနဲ့ ဘာသာစုံသင်ပေးနိုင်မယ့် ဆရာက သိပ်မလွယ်ဘူးလေ၊ အရမ်းတော်ပြီး နာမည်ကြီးတဲ့ ဆရာတွေကလည်း သမီးသည်းညည်းကို ခံနိုင်ကြမှာမှ မဟုတ်တာ ..."

"အေးလေ ..."

"ပြီးတော့ ... သမီးနဲ့ စွမ်းရည်ကြားမှာ ဆရာ တပည့်ထက် ပိုတဲ့ ဆက်ဆံရေးမျိုး ရှိလာရင် ထား စွမ်းရည်ကို အလုပ်ထုတ်ပစ်မယ်လို့ ပြောထားပြီးသားပါ၊ ထားကို သူ လေးစားရှိသေပါတယ်၊ သူ ... ဘယ်တော့မှ စည်းကျော်မယ့်သူ မဟုတ်ပါဘူး"

"ညည်း သမီးကလည်း စည်းကျော်ချင်စရာ မိန်းကလေးမျိုးမှ မဟုတ်တာအေ၊ စည်းကျော်ဖို့ဝေးလို့ မြင်မြင်ချင်း ထွက်မပြေးရင်ဘဲ ကံကောင်း၊ ငါစိတ်မချတာက ညည်းသမီး၊ ခုနပဲ ပြောသွားသေးတယ်၊ ရုပ်ချောတဲ့ ဆရာနဲ့ သင်ရင် ရင်ခုန်မိမှာ စိုးလို့ဆိုလား"

တစ်ဖက်က ဒေါက်တာတင်ထားမေက ရယ်မောရင်း ...

"ရွှေထိပ်ထားအကြောင်းလည်း ဒေါ်လေး အသိဆုံးပဲ မဟုတ်လား၊ သူ စာမသင်ချင်တိုင်း ဒီလိုပဲ ပေါက်ကရ လျှောက်ပြောနေကျပဲဟာ ..."





"အေးလေ ...၊ ကဲ ... ကဲ ... ဖုန်းချလိုက်တော့မယ်၊ ရွှေထိပ်ထားက ခုထိ ဆင်းလာတော် မမူသေးဘူးလေ ...၊ ဆရာက ရှေ့မှာ တစ်ယောက်တည်း၊ ဒါပဲ ... ဒါပဲ ..."

ဘွားလေး ဒေါ်တင်အိက ဖုန်းချပြီး အိမ်ရှေ့သို့ ပြန်ထွက်လာကာ ...

"ဆရာလေး တစ်ယောက်တည်း စောင့်နေရတာ အားနာတယ်ကွယ်၊ ဘွားလေးလည်း ဖုန်းလာတာနဲ့ စကားပြောမိနေလို့ ကြာသွားတယ် ..."

"ကိစ္စမရှိပါဘူး ဘွားလေး၊ အဲ ... ဘွားလေး ခေါ်ရလောက်အောင်တော့ မကြီးသေးဘူး ထင်ပါတယ်"

"ဘွားလေးက တင်ထား အမေရဲ့ ညီမအငယ်ဆုံးဆိုတော့ ရွှေထိပ်ထားရဲ့ အဘွားလေး တော်တာပေါ့ကွယ်၊ ဒီအိမ်မှာတော့ ဘွားလေးပဲ ခေါ်ကြတာ နှုတ်ကျိုးနေပါပြီ"

"ဟုတ်ကဲ့ ဘွားလေး၊ ကျွန်တော့်ကိုလည်း ဆရာ ခေါ်စရာ မလိုပါဘူး ခင်ဗျ၊ စွမ်းရည်လို့ပဲခေါ်နိုင်ပါတယ်"

"နာမည်အတိုင်း ခေါ်ရမှာ ရိုင်းသလို ဖြစ်မနေဘူးလား ကွယ်၊ မောင်စွမ်းရည်လို့ပဲ ခေါ်ပါ့မယ်"

ဘွားလေး ဒေါ်တင်အိက စကားကြောကို ဆွဲဆန့်ရင်း နာရီကို ခိုးကြည့်ရသည်။ မယ်မင်းကြီးမက ခုထိ ဆင်းလာတော်မမူသေးဘူးလေ။ ခုပဲ ၅ နာရီကို ၁၅ မိနစ် ကျော်နေပြီ၊ ဆရာကလည်း လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ပြီမို့ အားနာလာမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မိကျော့ရေ... ရွှေထိပ်ထားကို ဆင်းလာခဲ့တော့လို့ သွားပြောစမ်းကွယ်၊ အဟင်း ... ဟင်း ... မောင်စွမ်းရည်ကိုတော့ အားနာစရာတွေ ဖြစ်ကုန်ပြီ၊ ဘွားလေးက ရွှေထိပ်ထားကို ကိစ္စလေးတစ်ခု ခိုင်းလိုက်မိလို့ သူ့ခမျာ ခုနလေးကမှ ကျူရှင်ချိန်မီအောင် အပြေးအလွှား ပြန်လာရလို့ပါ၊ ရေချိုးနေတာ ပြီးလောက်ပါပြီ၊ ဆင်းလာတော့မှာပါ၊ ဒါနဲ့ မောင်စွမ်းရည်ကို ဘွားလေး တစ်ခုတော့ တောင်းဆိုပါရစေ"

"ဟုတ်ကဲ့ ... ပြောပါ ခင်ဗျာ"

"ဟို ... ရွှေထိပ်ထားကလေ ၇ နာရီထိုးခါနီးလောက်ကျရင် ဘွားလေးနဲ့အတူ ဘုရားခန်းဝင်ပြီး ပုတီးစိပ်နေကျဆိုတော့ ၇ နာရီမထိုးခင် ၁၅ မိနစ်လောက် စောပြီး အတန်းဖြုတ်ပေးနိုင်မလားလို့ပါ"

စွမ်းရည်က ခဏငြိမ်နေပြီးမှ ...

"ဒါဆို စာသင်ချိန်ကို ရှေ့ပိုင်းမှာ ၁၅ မိနစ်လောက် စောယူချင်ပါတယ် ဘွားလေး၊ ၅ နာရီမထိုးခင် ၁၅ မိနစ်လောက် စသင်ရင် သင်ချိန် ၂ နာရီပြည့်သွားတာပေါ့၊ ဘာသာစုံလည်း သင်ရမှာဆိုတော့ တစ်နေ့ ၂ နာရီဆိုတာ နည်းရတဲ့အထဲ ၁၅ မိနစ် ထပ်မလျော့စေချင်လို့ပါ"

"အေးကွယ် ... ဒါလည်း ကောင်းပါတယ်၊ စာသင်ဖို့ နေရာကိုတော့ တင်ထားရဲ့ စာကြည့်ခန်းထဲမှာ စီစဉ်ထား





ပါတယ်၊ စာကြည့်ခန်းက အောက်ထပ်မှာပဲလေ၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ အလင်းရောင်လည်း များများရတယ်"

ဘွားလေး ဒေါ်တင်အိက စကားပြောရင်း စွမ်းရည်ရဲ့ အကြည့်တွေ အပြောတွေကို အကဲခတ်ရပါသည်။ ကြည့်ရတာတော့ လူရည်မွန်ကလေးပေပဲ ...။ ဒီလိုလူမျိုးဟာ ရွှေထိပ်ထားလို ကပျစ်ကညစ်မကို မကြိုက်ရေးချ မကြိုက်နိုင် ...။

"ဘွားလေး ... မမရွှေထိပ်ထား လာပါပြီ"

"သြော် ... အေး ... အေး ..."

မိကျော့ လာပြောတော့မှ ဒေါ်တင်အိက အပေါ်ထပ် လှေကားရှိရာသို့ လှမ်းကြည့်လိုက်သည်။

စွမ်းရည်ကလည်း ဘွားလေး ဒေါ်တင်အိ ကြည့်ရာဘက်သို့ လှမ်းကြည့်လိုက်မိပါသည်။ ကိုယ် စာသင်ရမယ့် တပည့်မဟာ ဘယ်လိုပါလိမ့်ဟု၍ပင် ...။

စွမ်းရည်သည် ရွှေထိပ်ထားကို မြင်မြင်ချင်းပင် အံ့သြတကြီး ဖြစ်ခဲ့ရပါသည်။

လှေကားပေါ်ကနေ ပျင်းရိပျင်းတွဲ တစ်လှမ်းချင်း ဆင်းလာနေတဲ့ ကောင်မလေးပုံစံက ဘာကိုမှ ဂရုမစိုက်၊ စိတ်မဝင်စားသလိုမျိုး။ လည်ကုပ်ပေါ်မှာ ကြက်မွေးပျံလို ကော့လန်နေသော ဆံပင်ပုံစံနှင့်။ ကာတွန်းရုပ်တွေပါသော အိမ်နေရင်းဝတ်သည့် ကြိုးရှုံ့ ဘောင်းဘီရှည်ပွပွနှင့် အင်္ကျီပွပွက ဝမ်းဆက်။ ကြိုးရှည်ရှည် အိတ်ကြီးတစ်လုံးကို စလွယ်သိုင်းလွယ်ကာ ပီကေဝါးရင်း ဆင်းလာနေသော ပုံစံက ဘယ်လိုမှ အပိုးမကျိုး။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လာမယ့် ကောင်မလေးဆိုတာ မြင်ရုံနှင့်ပင် သိလိုက်ရပေပြီ။

ဘွားလေး ဒေါ်တင်အိခများမှာတော့ ရွှေထိပ်ထားကို လှမ်းကြည့်ရင်း အသည်းတွေ တယားယား ဖြစ်သွားကာ စွမ်းရည်ရှေ့မှာသာ မဟုတ်လျှင် ဒင်းဆီပြေးသွားပြီး ဗိုက်ကြော ပြတ်အောင် လိမ်ဆွဲချင်စိတ် ပေါက်သွားရသည်။

ဘွားအေက ရေချိုးဖို့ အတန်တန်မှာလိုက်ပါလျက် တမင် အရွဲ့တိုက်ပညာပြကာ ရေချိုးလာပုံလည်း မရ။ တစ်နေကုန် ဝတ်ထားသည့် ချွေးနံ့ထွက်နေသော အဝတ်အစားကိုလည်း လဲမလာ။ ဆင်းလာနေပုံကလည်း ပက်ကျိနှုန်းဖြင့်။ တစ်လှမ်းချင်း ဆင်မယဉ်သာ ...။

ဒေါ်တင်အိသည် ဒေါသကို မျိုချထားရင်း ...

"သမီးရေ ... ရွှေထိပ်ထား လာ ... မြန်မြန်လေး ဆင်းခဲ့ပါလားကွယ်"

"ဟို ... ဘွားလေး ... မမရွှေထိပ်ထားက ခြေခေါက်လဲပြီး ခြေထောက်နာနေလို့တဲ့ ... ဖြည်းဖြည်းပဲ လျှောက်လို့ရတယ်တဲ့ ..."

ကြည့်စမ်း ... ဒါ ... ဆိုးပေမ ချက်ချင်း လက်ငင်း ထွင်လိုက်တဲ့ အကွက်ပဲ ...။

ဘွားလေးသည် ဒင်းအချိုးကို သိသော်လည်း ...

"အေးပေါ့ ... အေးပေါ့ ... ခြေထောက်ကနာတော့လည်း





ဖြည်းဖြည်းပဲ ဆင်းနိုင်ရှာမှာပေါ့၊ ခေးရေ ... ဖြည်းဖြည်းပဲ ဆင်းခဲ့ပါတော့ကွယ်"

ဟု ဒေါသကို မျိုချကာ ပြောလိုက်ရ၏။

ခေးကတော့ တစ်လှမ်းချင်း ဆင်းလာပြီး လှေကားရင်းရောက်မှ ခြေထောက်ကပဲ တအားနာသွားတော့ သလို မျက်နှာကို ရှုံ့မဲ့ကာ ပုံခနဲလဲကျပြလိုက်တာမို့ မိကျော့က သွားပြေးထူရ၏။ ထပြီးတော့လည်း ထော့နဲ့ ထော့နဲ့ လျှောက်လာနေသဖြင့် ဘွားလေးတို့ဆီကို တော်တော်နဲ့ မရောက်နိုင်ချေ။

ဘွားလေးကတော့ ဆိုးပေမရဲ့ ပညာခန်းဟာ ခုကတည်းက စနေပြီပဲဟု သိလိုက်၏။ ဘွားလေးသည် ခေးဆီ လျှောက်သွားကာ သူမလက်မောင်းကို တွဲလိုက်ရင်း ...

"သမီး ... လာ ... လာ ... ဖြည်းဖြည်းလျှောက်နော် သမီး"

ဟု ပြောလျက် ခေးလက်မောင်းကို တအားဖိညှစ်ဆွဲခေါ်လိုက်တော့မှ ခေး ခြေလှမ်းက နည်းနည်းမြန်လာပြီး ဆိုဖာတစ်လုံးပေါ်မှာ ဝင်ထိုင်လိုက်ရသည်။

"မောင်စွမ်းရည်ရေ ... ဒါက မင်းတပည့် ရွှေထိပ်ထားပါကွယ်၊ သမီး ... သူက သမီးကို သင်မယ့် ဆရာ ..."

ခေးက ခေါင်းညိတ်ပြလိုက်၏။ ပါးစပ်ကတော့ ဘာမှမပြော ...။

စိတ်ထဲမှာတော့ *ဒါ ဆရာတဲ့လား ... ချွတ်တား* လေးပဲဟု မှတ်ချက်ချလိုက်သည်။ ပုံစံကိုက ရိုးရိုးသားသား



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသစ္စာပုံစံမျိုး ...။ သူက ဘာတတ်လို့ ငါ့လာသင်ရတာတုန်း ဟု တွေးဆဲမှာ ဘွားလေးက ဓေးအတွေးကို ကြိုမြင်ပုံဖြင့် ...

"မောင်စွမ်းရည်အောင်က ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (က) တက်နေတာတဲ့ သမီးရဲ့၊ ဆယ်တန်းတုန်း ကလည်း ဘာသာစုံဂုဏ်ထူးနဲ့ မြန်မာတစ်နိုင်ငံလုံး အဆင့် ၅ နဲ့ အောင်တာတဲ့၊ ဘယ်လောက် အားကျဖို့ကောင်း သလဲ"

ဓေးက ခေါင်းပဲညိတ်ပြပြန်သည်။ ဘွားလေးက တော့ ဒါဟာ ဓေးရဲ့ နည်းဗျူဟာအသစ်တစ်မျိုးဆိုတာ သဘော ပေါက်သည်။

"ကဲ ... စာသင်ကြရအောင်"

ဆရာက ခပ်တိုတို စကားဖြတ်ပြီး မတ်တတ် ထရပ်တော့ မိကျော့က အခန်းပြဖို့ ရှေ့ကလျှောက်သွားနှင့်သည်။ ဓေးကတော့ ဆရာ့နောက်မှ ပျင်းရိပျင်းတွဲ ခြေဒရွတ်ဆွဲ၍ လိုက် ပါလာပါသည်။

✦ ✦ ✦



✤ ✤ ✤

စာကြည့်ခန်းက ကျယ်ဝန်းပြီး ရှည်လျားသည့် မှန်ပြတင်းများကြောင့် အလင်းရောင် ကောင်းစွာရနိုင်သည်။ အိမ်မကြီးနှင့် ခပ်ဝေးဝေး ထောင့်မှာ သီးသန့်အဆောင် တစ်ခုလို ဆောက်ထားတာပင် ...။

စာကြည့်ခန်းထဲမှာ မဟော်ဂနီရောင် စားပွဲကြီးကြီး တစ်ခုရှိပြီး စွမ်းရည်နှင့် ရွှေထိပ်ထားက စားပွဲ၏တစ်ဖက်တစ် ချက်စီမှာ ထိုင်ရသည်။ စားပွဲဘေးမှာတော့ ဗိုက်ဘုတ်ကြီးကြီး တစ်ခု ရှိနေပါသည်။ အခန်းထဲမှာ နှစ်ယောက်တည်းမို့ အခန်း တံခါးကိုတော့ ဟင်းလင်းဖွင့်ထားရပါသည်။

စွမ်းရည်သည် ထိုင်ခုံပေါ်မှာ ခါးညွတ်ခွေခေါက် လျှောမှီ၍ထိုင်ကာ စားပွဲကို ဘောလ်ပဲန်ဖြင့် တဒေါက်ဒေါက် ခေါက်နေရင်း ကိုယ့်ကို မျက်ဖြူလှန်၍ ဂျစ်တစ်တစ်ကြည့်နေ သည့် တယ်ပြီး မဟန်လှသည့် တပည့်မကိုကြည့်ရင်း ...

"ကဲ ... ဒီနေ့ သင်ကြားရေးမစခင် ဆရာနဲ့ မင်းနဲ့ စကား နည်းနည်း ပြောဖို့တော့ လိုလိမ့်မယ် ရွှေထိပ်ထား ..."



www.burmeseclassic.com

www.burmeseclassic.com



ခေးက ပါးစပ်နာနာပိတ်ကာ ခေါင်းပဲညိတ်လိုက်သည်။

"မင်းကို အကဲခတ်ရသလောက်တော့ စာမသင်ခင် ဆရာနဲ့ တပည့် အပြန်အလှန် လေးစားတဲ့နည်းကို စသင်ပေးရမယ်ထင်တယ်"

ခေးက ခေါင်းညိတ်၏။

"ဆရာ တပည့်ဆိုတာ သူ့အချိန် ကိုယ့်အချိန် အပြန်အလှန် လေးစားမှုရှိရမယ်၊ မနက်ဖြန်ကစပြီး ဒီနေ့လို နောက်ကျတာမျိုး မဖြစ်စေချင်ဘူး၊ ဆရာကိုယ်တိုင်လည်း ၅ နာရီထက် နောက်မကျဘဲ ရောက်စေရမယ်၊ ဆရာ ရောက်ရင်လည်း မင်းကို ဒီနေရာမှာ အသင့်ထိုင်နေနှင့်တာ မြင်ချင်တယ် ဟုတ်ပြီလား ..."

ခေးက ခေါင်းညိတ်ပြန်သည်။

"ပြီးတော့ ... စာသင်တဲ့အချိန်မှာ ဒီလိုအဝတ်အစားမျိုး ဝတ်လာတာ ဆရာမကြိုက်ဘူး၊ မနက်ဖြန်ကျရင် ခေါင်းကို သပ်သပ်ရပ်ရပ်ဖြီးပြီး လုံချည် အင်္ကျီပဲ ဝတ်လာပါ"

ခေးက ခေါင်းညိတ်၏။ စွမ်းရည်က သူမပုံစံကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်ရင်း ...

"မင်း စကားမပြောတတ်ဘူးလား ရွှေထိပ်ထား"

ခေးက ကိုယ့်လည်ပင်းကို လက်ညှိုးနှင့် ထိုးပြလိုက်၊ ခေါင်းခါပြလိုက်၊ လက်ခါပြလိုက် လုပ်လိုက်တာမို့ စွမ်းရည်မှာ ခေါင်းတွေတောင် မူးလာကာ ...





"ဘာလဲ၊ ဘာပြောတာလဲ၊ နားမလည်ဘူး ... ပါးစပ်က ပြောလေ ..."

ခေးက ပြန်မပြောတော့ဘဲ ဗလာစာအုပ်ပေါ်မှာ စာကြောင်းတချို့ ချရေးပြီး ဆရာမြင်အောင် ထောင်ပြလိုက်သည်။

*သမီး အအေးမိပြီး လည်ချောင်းနာလို့ အသံတွေဝင်နေတာ စကားပြောလို့မရလို့ပါ ဆရာရယ် ... ၊ ဆရာပဲ ပြောလေ ... သမီး နားထောင်မှာပေါ့၊ တောင်းပန်တယ်နော် ဆရာ၊ ခွင့်လွှတ်ပေးဦးနော် ... ဆရာနော် ...*

စွမ်းရည်သည် သူမအရေးအသားကြောင့် ဘုရား ဘုရား တမိကာ အသက်ရှူတွေတောင် ကျပ်သွားရပါသည်။ တီချယ်ထားက '*သမီးက နည်းနည်းဆိုးတယ်၊ သည်းခံပေးပါ စွမ်းရည်ရယ်*' ဟု ပြောတုန်းကတော့ ဒီအရွယ် မိန်းကလေး တစ်ယောက်ဟာ ဒီလောက် ဗရုတ်သုက္ခ ဆိုးရွားနိုင်မှန်း သူ မသိခဲ့။ ဒါမျိုးလည်း မြင်မှမမြင်ဖူးခဲ့ဘဲ။

လှေကားပေါ်ကနေ နေ့တုံ့နေ့တုံ့ ဆင်းလာကတည်းကိုက ဒါဟာ တမင်လုပ်တာပဲဟု စွမ်းရည်က နားလည်ပါသည်။ ရွှေထိပ်ထားကိုကြည့်လိုက်ရုံနှင့် လုံးဝ သင်ယူချင်စိတ်မရှိသည့် မိန်းကလေးမှန်း သိသာသည်။

ဒီနေ့ဟာ အစပထမနေ့မို့ သူမ တမင်လုပ်နေတာတွေကို သိပေမယ့် ဒါထက်ပိုပြီး ပညာပေး ဆုံးမမှုတွေ မလုပ်လို



www.burmeseclassic.com

www.burmeseclassic.com



သေးပါ။ ဒီနေ့ တစ်ရက်ကို ငြိမ်းငြိမ်းချမ်းချမ်းပဲ ဖြတ်သန်းလိုသေးတာမို့ စွမ်းရည်က စိတ်လျှော့လိုက်ရင်း ...

"ကောင်းပြီလေ ... ဒါဆိုလည်း ဆရာ ရှင်းပြတာကို မင်း နားထောင်ပြီး လိုက်မှတ်ပေါ့ ...၊ မနက်ဖြန်ကျရင်တော့ မင်း အသံပြန်ထွက်လာအောင် ဂရုစိုက်ပေးဖို့ ဘွားလေးကို ဆရာ မှာခဲ့လိုက်ပါ့မယ်"

ဟွန့် ... ဒါ သူ သက်သက်ညစ်ချင်တာ။ ခေး ညာနေမှန်း သိအောင် ဘွားလေးနဲ့ လှည့်တိုက်ချင်တာ။ တိုက်ပေါ့ ... ဘွားလေးကိုလည်း မကြောက်ပေါင်။ တကတည်း အသက်ကလေးကဖြင့် ဘယ်လောက်မှ မကြီးသေးဘဲနဲ့ သူ့ကိုယ်သူ ဆရာက ဆရာကနဲ့ ...။ ကြားရတာ နားကြားမြင်းကပ်လိုက်ပါဘိတော့ ...။

ခေးက နှုတ်ခမ်းကို စူပုပ်ကာ စာရွက်တွေကို တဗျပ်ဗျပ် လှန်နေလိုက်သည်။

စွမ်းရည်က အင်္ဂလိပ်စာသင်ခန်းစာတစ်ခုရဲ့ ခေါင်းစဉ်ကို ဝှိုက်ဘုတ်ပေါ်မှာ စ,ရေးလိုက်ချိန်မှာ ရွှေထိပ်ထားထံမှ လက်ခုပ်သံ သုံးလေးချက် ကြားလိုက်ရတာမို့ အံ့သြတကြီး လှည့်ကြည့်မိတော့ သူငယ်မက စာရေးထားသော ဗလာစာအုပ်ကို ထောင်ပြလိုက်သည်။ ဘုရား ... ဘုရား ... ငါလှည့်ကြည့်အောင် လက်ခုပ်တီးပြီးတော့တောင် ခေါ်ရဲတဲ့ အာဂ တပည့်မပါလားဟု တွေးကာ ကြက်သီးမွေးညင်းထအောင်ပင် အံ့သြလိုက်ရသေးသည်။





စွမ်းရည်က စိတ်ကို ရှည်ရှည်ဆွဲဆန့်ထားကာ သူမထံ လျှောက်သွားပြီး စာအုပ်ကို ယူကြည့်လိုက်ရသည်။

နံမယ်နော် ဆရာ...

စာက တိုတိုတုတ်တုတ်တစ်ကြောင်းတည်းမို့ သူက သဘောမပေါက်ဘဲ မျက်မှောင်ကြုတ်ကာ သူမကိုကြည့်မိရင်း ...

"ဘာလဲ၊ ဘာအဓိပ္ပာယ်လဲ ..."

ရွှေထိပ်ထားက စွမ်းရည်ကို လက်ညှိုးထိုးပြပြီး သူ့နှာခေါင်းသူ လက်မ လက်ညှိုးဖြင့် ဖိညှစ်ပြလိုက်သည်။

"ဘာပြောတာလဲ၊ နားမလည်ဘူး"

သူမက ထိုပုံစံအတိုင်း နောက်တစ်ကြိမ် ထပ်လုပ်ပြလိုက်ပြန်သည်။

"မလိုအပ်ဘဲနဲ့ အချိန်ကုန်မခံပါနဲ့ ရွှေထိပ်ထား၊ မင်း ပါးစပ်က ပြောနိုင်ရင်လည်း ပြော၊ မပြောနိုင်လည်း စာရေးပြ၊ အရေးမကြီးတဲ့ကိစ္စဆိုလည်း ဆက်ပြောမနေဘဲ စာသင်ကြရအောင်ပါ"

သူမက စိတ်မရှည်သလိုပုံစံနှင့် မျက်မှောင်ကြုတ်ကာ နှုတ်ခမ်းကိုစူချွန်ရင်း ဗလာစာအုပ်ကို ပြန်ဆွဲယူကာ စာထပ်ရေးလိုက်သည်။

*သမီး ဒီနေ့ အချိန်မရလို့ ရေမချိုးရသေးဘူး၊ ခေါင်းမလျှော်ဖြစ်တာလည်း တစ်ပတ်လောက်ရှိပြီ၊ အဲ့ဒါကြောင့် ချွေးစော်နံလို့ ဆရာ နှာခေါင်းပိတ်ထားရင်လည်း သမီးက စိတ်မဆိုးပါဘူးလို့ ...*



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်က စာဖတ်ပြီးတာနှင့် ဒါဟာ အပိုတွေ တမင်သက်သက် ဗရုတ်ဗရက်လုပ်နေတာပဲဟု နားလည်လိုက်သည်။ တမင်သက်သက်ကို စာသင်ဖို့ နှောင့်နှေးအောင် နှောင့်ယှက်ချင်တာလေ ...။

"ကဲ ... ကဲ ... စာသင်ချိန်မှာ တခြားကိစ္စတွေကို အသာထားပြီး စာကိုပဲ အာရုံစိုက်လိုက်ကြရအောင် ..."

စွမ်းရည်က ကိုယ့်ရဲ့ သဘောကောင်း ခွင့်လွှတ်တတ်သော နူးညံ့သည့် စိတ်ထားကလေးကို ရွှေထိပ်ထား ချောင်းကြည့်လို့ပင်မရအောင် မျက်နှာတည်၊ စကားတည်၊ အကြည့်တည်တွေဖြင့် ကွယ်ဝှက်ရင်း သင်္ချာတစ်ပုဒ်ကို သေချာ တွက်ချက် ရှင်းပြနေလိုက်ပါသည်။

စွမ်းရည်ဟာ ဆရာလို့သာ ဆိုရပေမယ့် ကိုယ့်အသက်ဟာ ရွှေထိပ်ထား လေးစားရလောက်အောင် မကြီးသေးတဲ့အပြင် ပင်ကို မျက်နှာထားကိုက သဘောကောင်း နူးညံ့ပုံပေါက်နေတာမို့ ရွှေထိပ်ထားအဖို့မှာ ပညာပြချင်စရာ၊ ဆိုးလိုက်အနိုင်ယူလိုက်ချင်စရာ ဖြစ်သွားမှာ ကြောက်ရသည်လေ ...။

ဒီလို ဆိုးတဲ့ သူငယ်မကို ကိုယ့်ဘက်က လိုက်လျောချိုသာ ရောနှောအဖွဲ့ကျလိုက်ရင် မကြာခင် ကိုယ့်ကို သူ့ဘက်သားဖြစ်အောင် ဆွဲဆောင်လိုက်တော့မှာ သေချာသည်။ ပေါကြီးလို သဘောထားပြီး မထိမဲ့မြင်လုပ်ပစ်မှာ ကြောက်ရသည်။ ခုကတည်းက သူမရဲ့ ပညာခန်းတွေအောက်မှာ ကျဆုံးမသွားအောင် သတိလေးလည်း ထား၊ ဒေါသကိုလည်း ထိန်းကာ





အခြေအနေကြည့်ပြီး မလျော့မတင်း စောင်းကြိုးညှင်းလို လိမ္မာပါးနပ်စွာ ကိုင်တွယ်ရမှာပင် ...။

စွမ်းရည်က ပုစ္ဆာတစ်ပုဒ်ကိုရေးတွက်ပြရင်း ပါးစပ်ကလည်း ရှင်းပြနေရင်းက ...

"နားလည်လား ရွှေထိပ်ထား၊ မရှင်းတာရှိရင် မေးလို့ရတယ်နော် ..."

သူမထံက ဘာတုံ့ပြန်သံမှမကြားရတာမို့ စွမ်းရည်က နောက်သို့ လှည့်ကြည့်မိသည်။

သူမက ဘာလုပ်နေသည် ထင်ပါသနည်း။

သူမရဲ့ လက်ကိုင်ဖုန်းဖြင့် အသည်းအသန် ဂိမ်းဆော့၍နေလေသည်။

စွမ်းရည်သည် သူမပုံစံကိုကြည့်ရင်း အသည်းတယားယား ဒေါသထွက်လှသော်လည်း စိတ်ကိုထိန်းကာ ...

"မင်း ... ဒါဘာလုပ်နေတာလဲ"

ဟု ခပ်ဆတ်ဆတ်မေးလိုက်၏။ ရွှေထိပ်ထားကလည်း ခေသူမဟုတ်ရကာ ချက်ချင်းပင် စာကောက်ရေးပြီး ထောင်ပြလိုက်၏။

*ဂိမ်းဆော့ရင် ဉာဏ်ပြေးတယ်ဆိုလို့ သင်္ချာမတွက်ခင် ဉာဏ်ပြေးအောင် ဂိမ်း အရင်ဆော့ပြီး ဦးနှောက်ကို လေ့ကျင့်ပေးနေတာပါ ဆရာ...*

မကြုံဖူးသော တပည့်တစ်ယောက်ကြောင့် စွမ်းရည်တကယ် ဦးနှောက်ခြောက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာသင်ချိန်မှာ ဂိမ်းမဆော့ရဘူး ရွှေထိပ်ထား၊ ဖုန်းကို ပြန်ချထားလိုက်ပါ၊ ကိုယ့်ကို ဆရာတစ်ယောက်လို မလေးစားရင်တောင် လူလူချင်း လေးစားတဲ့အနေနဲ့ ဒီစာသင်ချိန် ၂ နာရီအတွင်းမှာ မထိမဲ့မြင် မလုပ်ပါနဲ့…"

သူမက အသာတကြည်ပင် ဖုန်းကိုပြန်ချထားလိုက်ပြီး လက်ပိုက်ကာ ခါးကိုမတ်၍ထိုင်လိုက်၏။ ထို့နောက် ထိုပုံစံအတိုင်း ခပ်တောင့်တောင့် ထိုင်လျက် စွမ်းရည်ကို မျက်လုံးကြီးပြူးစိုက်၍ ကြည့်နေလေတော့သည်။

စွမ်းရည်အတွက်တော့ ပထမဆုံး စာသင်ချိန်ဟာ အလဟဿ အချည်းနှီးဖြစ်ရသောအချိန်ပင်…။ စွမ်းရည်အတွက်မှမဟုတ်၊ ရွှေထိပ်ထားမှာလည်း အကျိုးမရှိ…။ အချိန်ဖြုန်းရုံသက်သက်သာပင်။ စွမ်းရည် ဘာပဲပြောပြော ဘယ်လိုပဲ သင်သင် ကြားသမျှဟာ ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ထွက်သွားသလိုပင်။ ပြူးစိုက်၍သာ ကြည့်နေပေမယ့် ဘာကိုမှ မမှတ်သား မနာခံဘဲ အချိန် ၂ နာရီနီးပါး ကုန်ဆုံးလာသည်။

၇ နာရီထိုးဖို့ ၁၅ မိနစ်အလိုကျမှ သူမက လှုပ်ရှားလာကာ တိုင်ကပ်နာရီကို လက်ညှိုးထိုးပြလိုက်သည်။

ဒီနေ့အဖို့ ရှေ့ဆက် ဘာမှ အချေအတင် မဖြစ်လိုတော့တာမို့ စွမ်းရည်က သက်ပြင်းချကာ အတန်းဖြုတ်ပေးလိုက်ရသည်။

စာသင်ဖို့ အပေါ်ထပ်ကဆင်းလာတုန်းက ထော့နဲ့ထော့နဲ့ နှေးတုံ့နှေးတုံ့ လုပ်နေခဲ့တဲ့ ရွှေထိပ်ထားရဲ့ ခြေထောက်





တွေက စာသင်ခန်းကထွက်တော့လည်း အကောင်းကြီးပင်။ ကောင်းရုံမက အပေါ်ထပ်သို့ ပြေးတက်သွားလိုက်ပုံမှာ ခြေထောက်ကို စက်တပ်ထားသည့်အလား။

လွတ်ပြီ… ကျွတ်ပြီဟု ပေါ့ပါးလွတ်လပ်သွားသော ခေးကတော့ *ဒီလောက်နဲ့ ဒီဆရာ မှတ်သွားလောက်ပါပြီ* ဟု တွေးကာ ဆရာ ပြန်သည်နှင့် အိမ်ပေါ်ထပ်က ပြန်ပြေးဆင်းလာပြီး…

"ဘွားလေး… ဘွားလေး… ဆရာက ဘာတဲ့လဲ၊ ဘာပြောသွားလဲ…"

"မနက်ဖြန် စောစောလာခဲ့မယ်တဲ့"

"ဟင်… ဆရာကလည်း…"

"ဘာဖြစ်လဲ… ဆရာက…"

"ဒီတစ်ရက်နဲ့ မှတ်ပြီပဲ ထင်နေတာ…"

"ဘာ… ဘာ… ဘာ၊ ညည်း ဘာတွေ ပညာပြလိုက်လို့လဲ"

"ပြပါဘူး ဘွားလေးရဲ့…"

ခေးက ဘွားရှေ့က ပြန်ပြေးထွက်လာတော့ ဘွားလေးက…

"ဟဲ့… ညည်းခြေထောက်က ခုတော့ အကောင်းပါလား ဟဲ့၊ လာစမ်း… လာစမ်း… ပြန်လာစမ်း၊ ညည်းကို ဆူစရာရှိသေးတယ်"

"ဓာတ်လမ်းတွဲ လာနေပြီ ဘွားလေးရဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ခေးက အပေါ်ထပ်သို့ အပြေးကလေးတက်လာနေရင်း ...

"ဟင်းဟင်း ... ကိုယ့်ဆရာက တစ်ရက်နဲ့ မမှတ်သေးဘဲကိုး၊ မနက်ဖြန် လာပစေဦး ... လာပစေဦး"

ဟု တီးတိုး ရေရွတ် ကြိမ်းဝါးလာပါသည်။

✦ ✦ ✦



✤ ✤ ✤

ထိုနေ့ညက ခေးသည် ပျင်းပျင်းရှိတာနှင့် ခေးရဲ့ ယောကျ်ားလေး သူငယ်ချင်း 'နိုင်း' ရဲ့ ဖုန်းကို လှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ... နိုင်းလား ..."

"အေး ... ပြော ဆိုးပေမ ..."

"လုပ်ပြီ၊ အဲ့ဒီနာမည်ကြီး မခေါ်စမ်းပါနဲ့ဟာ"

"နင့်အသံကြားရင် နင်နဲ့လိုက်ဖက်တဲ့ နာမည်က ငါ့ပါးစပ်ဖျားကို ရောက်လာလို့ပါဟာ ..."

"ဟဲ့ ... နင့်အသံ သိပ်မကြားရတော့ဘူး၊ ဆူညံနေတာပဲ၊ နင် ဘယ်ရောက်နေလဲ ..."

ဖုန်းထဲကနေ ကြားနေရသော ဆူဆူညံညံ ဒီဂျေပွတ်သံတွေကြောင့် ခေးက အသံကို မြှင့်ကာ အော်မေးလိုက်ရသည်။

"ငါ သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပါတီကို ရောက်နေတာဟ ..."



www.burmeseclassic.com

www.burmeseclassic.com



နိုင်းကလည်း ခေးလိုပဲ ပြန်အော်ဖြေလိုက်သည်။

"ငါ့သူငယ်ချင်း စိုးသူရလေ ... သိတယ်မဟုတ်လား၊ သူ့မွေးနေ့ကို ရောက်နေတာ၊ စားသောက်ပြီးလို့ အစာကြေအောင် ထိုးထိုးထွန့်ထွန့်လေး လှုပ်ခါကနေကြတာပေါ့ဟာ၊ နင် ပျင်းရင် ထွက်လာခဲ့ပါလား၊ နင်နဲ့ စိုးသူရနဲ့လည်း သိသားပဲ"

"ငါ ကမှ မကတတ်တာ ..."

"နင်က တိုက်ဂေါ် တောဂိုက်၊ နည်းနည်းပါးပါး အကလေး ဘာလေး သင်ထားပါဆိုတာ သင်မှမသင်တာ၊ ဒါပေမယ့် အားမငယ်ပါနဲ့ဟာ၊ ဒီမှာ ကနေကြတဲ့လူတွေလည်း ဒီလိုပဲ အဆင်ပြေသလို ကနေကြတာပါ၊ သေသေချာချာ ကတတ်တဲ့သူ သိပ်မများပါဘူး"

ခေးသည် နိုင်း စကားကြောင့် နည်းနည်းတော့ စိတ်ပါလာသည်။

"ဒါနဲ့ နေပါဦး ... နင် ငါ့ဆီဆက်တာ အကြောင်းကိစ္စရှိသေးလား ခေး ..."

"ကိစ္စတော့ အထွေအထူး မရှိပါဘူးဟာ၊ အာရုံနည်းနည်းနောက်နေလို့ စကားပြောချင်လို့ ဆက်လိုက်တာ ..."

"အာရုံနောက်ရင် ဒီကိုလာခဲ့၊ အာရုံလန်းသွားစေရမယ်"

"အေး ... ပြီရောဟာ ... လာခဲ့မယ်၊ လိပ်စာပြော ..."

နိုင်းက လိပ်စာတစ်ခု ရွတ်ပြသည်။ ခေးက လိုက်မှတ်ပြီး ...





"နင် ခြံရှေ့က ထွက်စောင့်နေနော်"

"အေးပါ ..."

ခေးသည် ချက်ချင်းပင် ဆုံးဖြတ်ချက်ချကာ ဗီရိုပြေးဖွင့်ပြီး ခေါင်းစွပ်ပါသည့် ရပ်ပါဆန်ဆန် အင်္ကျီပွပွကြီးတစ်ထည်ကို အိမ်နေဝတ်ပေါ်ကထပ်ဝတ်ပြီး ဇစ်ကိုဆွဲပိတ်လိုက်သည်။ ထို့နောက် အိမ်ကလူတွေ မရိပ်မိအောင် အသာလေးလစ်ထွက်လာခဲ့ပါသည်။ အချိန်က ၈ နာရီခွဲပဲ ရှိသေးတာမို့ မာမီလည်း ပြန်မရောက်သေး။ ဘွားလေးကလည်း ဒီအချိန်ဘုရားခန်းထဲမှာမို့ အလွယ်လေး လစ်ထွက်လာနိုင်သည်။

ခေးက ခေးတို့လမ်းသွယ်လေးထိပ်ထိ လမ်းလျှောက်သွားပြီး တက္ကဆီတစ်စီး တားကာ နိုင်း ညွှန်ထားသည့် လိပ်စာအတိုင်း လာခဲ့လေသည်။

'နိုင်း'ဆိုတာ ခေးနဲ့ စာမေးပွဲ ကျဖော်ကျဖက်ပင်။ အိမ်က ခေးကို နိုင်းနဲ့ပေါင်းတာ မကြိုက် ...။ ခေးကတော့ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် နေတတ်သော နိုင်းကို လှုပ်စိလှုပ်စိ ပဲများတတ်ကြသော မိန်းကလေးသူငယ်ချင်းတွေထက် ပိုခင်သည်။ အလှအပကြိုက်တတ်ကြသော မိန်းကလေးသူငယ်ချင်းတွေကလည်း ခေးနဲ့ မပေါင်းချင်ကြသလို ခေးကလည်း တစ်နေ့တစ်နေ့ ခြေသည်း လက်သည်း အပွင့်ဖော်ဆိုးဖို့လောက်ကို ဦးနှောက်အစားခံ ဆွေးနွေးလို့မဆုံးနိုင်ကြသော သူတို့ကို အဖက်မလုပ်လိုပါ။ ထို့ကြောင့် ခုချိန်မှာ ခေး



www.burmeseclassic.com

www.burmeseclassic.com



အပေအတေ ဆိုးပေမကို အပေါင်းအသင်းလုပ်မည့်သူဆိုလို့ နိုင်းတစ်ယောက်သာ ရှိတာပင်။

"ကလေးမ လိပ်စာအတိုင်းဆို ဟိုရှေ့ကခြံပဲ"

"ဟုတ်၊ ဒီမှာ တက္ကဆီခပါ"

ခေးက ဂျာကင်အိတ်ထဲကို ဖြစ်သလို ထိုးထည့်ယူလာခဲ့သည့် ပိုက်ဆံတွေကို နှိုက်ကာ တက္ကဆီခ ကျသင့်သလောက် ပေးပြီး ကျန် ပိုက်ဆံတွေကို အိတ်ထဲပြန်ထိုးထည့်လိုက်သည်။

"ဟေး ... ခေး ... ငါ ဒီမှာ ..."

ခြံရှေ့မှာရပ်နေသော နိုင်းက လက်မြှောက်ပြရင်း လှမ်းခေါ်တာမို့ ခေးက နိုင်းဆီ ခပ်သွက်သွက် လျှောက်သွားလိုက်မိသည်။

"ဟဲ့ ... နိုင်း ... ဒါ စိုးသူရဝို့ ခြံလား"

"အေး ... ဟုတ်တယ်၊ လာခဲ့ ..."

"ဟဲ့ ... ဟဲ့ ... လာပါမယ်ဟဲ့ ..."

နိုင်းက ခေးလက်ကို လှမ်းဆွဲပြီး ခြံထဲသို့ ခြေးဝင်လာသည်။ ခြံထဲမှာတော့ မီးရောင်စုံတွေ ဖြာလက်လျက်။ ဒီဂျေသံက ဆူညံလျက်။ ခေးတို့အရွယ် ယောကျ်ားလေး မိန်းကလေးတွေက သွက်လက်စွာ အကွက်ကျကျ ကခုန်မြူးတူးလျက်ရှိလေသည်။

"ခေး ... လာ၊ ဝင်ကရအောင်"

"ဟယ် ... ငါမှ မကတတ်တာ ..."





"ကတတ်သလို ကလေဟာ၊ လာ ... လာ ..."

နိုင်းက ခေးကို လူအုပ်ကြားသို့ ဖွတ်ပင်ဆွဲခေါ်သွားသည်။ ပြီးတော့ ... စည်းချက်ညီညီ မြူးကြွစွာ ကခုန်နေလေသည်။

ခေးသည် ပထမတော့ ပခုံးလေးကြုံ့ကာ တောင်ကြည့်မြောက်ကြည့် အူကြောင်ကြောင် ရပ်နေသေးသည်။ နိုင်းကတော့ ကနေရင်းက ခေးကို ခေါင်းဆတ်ပြကာ ဝင်ကဖို့ခေါ်နေသည်။ ဘာရမလဲ ... နောက်ဆုံးတော့ ခေးသည် ခေးနားက လူတွေထက်သာအောင် အားရပါးရ ဝင်ကလေတော့သည်။

ခေး ကပုံမှာ လူတကာထက် မြူးကြွသည်မှန်သော်လည်း နတ်ကတာနှင့်တူနေတာကတော့ အဆိုးပါးဆုံးပင်တည်း။

ခေးသည် ကရင်း mood ဝင်နေကာ ဘာကိုမှလည်း မမြင်၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘဲ တစ်ခါတရံ မျက်စိ ကလေးပင် စုံမှိတ်၍ ခေါင်းကိုမော့ကာ လက်ကိုမြှောက်ကာ စိတ်ပါလက်ပါ ကလျက်ရှိလေသည်။

နိုင်းသည် ကိုယ့်ဘာသာ ကနေရင်းက ခေးကနေပုံကို ရယ်ချင်လာမိကာ အကရပ်ရင်း လက်ခုပ်လက်ဝါးတီးကာ ရယ်လိုက်မိ၏။ ခေးကတော့ သူ့ဘာသာ ဆူညံသော ဒီဂျေသံနှင့်အတူ ရှာန်ဝင်နေကာ နိုင်း ရယ်သံကိုမကြား ...။

ခေးနားမှာ ကနေကြကုန်သော ယောကျ်ား မိန်းမ အပေါင်းသည် ကားတွန်းရုပ်တွေပါသော ဘောင်းဘီတို ဒူးခေါင်းလောက်နှင့် ခေါင်းစွပ်ပါ ဂျာကင်ပွပွကြီးကို ဖြစ်သလိုဝတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နတ်ကသကဲ့သို့ အားရပါးရ ခုန်ခုန်ကနေသော ခေးကို တဖြည်းဖြည်း သတိပြုမိလာကာ အချင်းချင်း လက်တို့၍ပြုံးကြ၏။ ထို့နောက်မှာတော့ အားလုံး အကရပ်ကြကာ ခေးကို ဝိုင်းကြည့်ရင်း အံ့သြသူက အံ့သြ၊ ရယ်မောသူက ရယ်မောကုန်ကြသည်။

နိုင်းက ခေးကိုကြည့်ရင်း မဖြစ်ချေတော့ဘူးဟု တွေးကာ ခေးနားကပ်လာပြီး ...

"ဟဲ့ ... ခေး၊ တော်ပြီ ... တော်တော့"

"ဟယ် ... မတော်ချင်သေးဘူး၊ ကလို့ကောင်းတယ်ဟ၊ ချွေးထွက်ပြီး လူကပေါ့သွားတာပဲ၊ အာရုံနောက်တာတွေတောင် ပျောက်သွားတယ်"

ခေးက အကမရပ်ဘဲ နိုင်းကို လှမ်းပြောသည်။

နိုင်းက ခေးနားနားကပ်သွားပြီး ...

"နင်ကတာက နတ်ကသလိုကြီးဟ ..."

"ဟင် ... ဟုတ်လို့လား၊ နတ်ကတာနဲ့ တူနေလား"

ခေးက အကရပ်သွားပြီး နိုင်းကို ပြန်မေးလိုက်သည်။

"တူတယ်ဟ ...၊ သူများတွေတောင် နင့်ကို အထူးတဆန်း ဝိုင်းကြည့်နေကြပြီ ..."

"ဟင် ..."

ခေးသည် ခုမှ ပတ်ဝန်းကျင်ကို သတိထားမိသွားသည်။ ခေးက အားလုံးကို ခေါင်းချာလည်၍ ကြည့်မိတော့မှ သူတို့က ပြုံးစိစိနှင့် မျက်နှာလွှဲသွားကြလေသည်။





"နင်က စောစောကတော့ မပြောဘူး"

ခေးက ရှက်ရှက်နှင့် နိုင်းကိုအပြစ်တင်ကာ ခြေဆောင့်၍ ထွက်လာတော့ နိုင်းက နောက်မှလိုက်လာကာ ...

"ငါ နင့်ကြည့်ပြီး ရယ်နေတာတောင် နင်က မြင်မှမမြင်တာ၊ နင့်ဘာသာ တအား မူဝင်ပြီး အကြိတ်အနယ်ကနေတာကိုး၊ ရှက်မနေစမ်းပါနဲ့ဟာ ...၊ သူများတကာက အကတွေဘာတွေ သင်ထားလို့ ကတတ်တာ၊ နင်က မသင်ရဘဲ ကတတ်နေတာ၊ နင်ကတာက ပိုတောင်ပြောင်မြောက်နေသေးတာ၊ ကဲ ... လာ ... လာ ... အမောပြေ အအေးလေး ဘာလေး သောက်လိုက်ဦး"

နိုင်းက ခေးကို ရေကူးကန်နားက စားပွဲသို့ ခေါ်သွားပြီး စားပွဲထိုးကို လှမ်းခေါ်ကာ အအေးမှာပေးလိုက်သည်။ ပြီးတော့ ခေးရှေ့မှာ ဝင်ထိုင်ကာ ခေးကို ပြုံးစိစိကြည့်ရင်း ...

"နင့်ကို ပေးဖို့ နာမည်တစ်ခု ခုပဲ စဉ်းစားမိတယ်"

"ဘာလဲ ..."

"ဂျေဒိုးနပ်နဲ့ နည်းနည်းဆင်တူတဲ့ နာမည်တစ်ခုလို့ ဆိုရမှာပေါ့ဟာ ..."

နိုင်းက ဆက်မပြောဘဲ ပြုံးစိစိရယ်နှင့် ငြိမ်နေပြီးမှ

"အဲ့ဒီနာမည်က နင်နဲ့လည်း အရမ်းလိုက်ဖက်ပါတယ်"

"နိုင်း ... နင် ငါ့ကို မဟုတ်မဟပ် နာမည်တွေတော့ လာမပေးနဲ့နော် ..."

"နာမည်က ချစ်စရာလေးပါဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ..."

"ဒီဂျေနတ် ... တဲ့"

"ဘာ ..."

"စိတ်မဆိုးပါနဲ့ ဒီဂျေနတ်မ ရယ် ..."

"အရုတ်ပလုပ်ကောင်၊ နင် အဲ့ဒီနာမည် ခေါ်ရဲခေါ်ကြည့်"

ခေးက ကြိမ်းနေတုန်းမှာ အအေးခွက်တွေ လာချပေးတာမို့ ခေးက နိုင်းကို မျက်စောင်းထိုးလိုက်ပြီး အအေးခွက်ကို ယူကာ တစ်ခါတည်း မော့သောက်ပစ်လိုက်သည်။

နိုင်းကတော့ ခေးလို စတိုင်လ်ပဲ့ပဲ့ မဟုတ်တာမို့ အကျအန ခြေချိပ်ထိုင်ကာ အအေးကို တစ်ငုံလောက်ပဲ သောက်ပြီး ဖန်ခွက်ကို ခပ်ဖြည်းဖြည်း ပြန်ချထားလိုက်သည်။

ချွေး အနည်းငယ်စို့နေသော နိုင်းရဲ့ မျက်နှာက စိုပြေဝင်းပြောင်နေသည်။ ဒင်းက အလှကြိုက်သူမို့ အားရင် မျက်နှာပေါင်းတင်ပြီး ညအိပ်တိုင်း နှာခေါင်းထိပ်မှာ ဆားဝက်ခြံစုပ်သည့် ပလာစတာ ကပ်အိပ်သည်ဟု ဆို၏။ ဆံပင်ပုံစံကလည်း ဂျဲတွေလိမ်းကာ အချွန် အချွန်လေးတွေ ထောင်လျက်။ ဒါက လတ်တလော ဆံပင်ပုံစံဖြစ်ပြီး သူ့ဆံပင်ပုံစံကို နှစ်လ တစ်ခါ ပြောင်းပြောင်း ညှပ်တတ်သည့် နိုင်းဟာ မိန်းကလေးတွေ ပါးစပ်ဖျားမှာတော့ ရေပမ်းစားလှသူပင်။ သူ့ကိုယ်သူ အမြဲ သနေကာ ကိုရီးယားမင်းသားဆန်ဆန် ချောမောပြီး ကိုရီးယား မင်းသားတွေလို ဝတ်စားဆင်ယင်ထားတတ်သော နိုင်းကို တချို့ ကောင်မလေးတွေက နိုင်းဟုမခေါ်ဘဲ ရိန်းဟုတောင်





ခေါ်ကြသေးသည်။ ပညာရေးမှာ မကွဲလှပေမယ့် ပိုက်ဆံရှိပြီး ရုပ်ချောတော့လည်း မျက်နှာပွင့်သည်ပင် ...။

နိုင်းက ခေးကိုကြည့်နေရင်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"ခေးရယ် ... နင်ကတော့ အထက်မရောက် အောက်မရောက်နဲ့ ဝွကျနေတော့တာပဲ"

"ဘာလဲ ... နင့်စကားက ..."

"နင့်ပုံစံက မိန်းကလေးတွေနဲ့လည်း အံမဝင်ဘူးလေ၊ မိန်းကလေးဆိုတာ အလှပြင်မယ်၊ ပဲများမယ်၊ မာယာလေးတွေ လှလှပပထုတ်သုံးမယ်၊ နင်က ဒါမျိုးတွေ မတတ်တဲ့ ကပျစ်ကညစ် ပုံစံကြီးဆိုတော့ မိန်းကလေးတွေက နင့်ကို ဘယ်ပေါင်းချင်မလဲ၊ ငါတို့လို ယောကျ်ားအမျိုးအနွယ်တွေဆိုတာကလည်း မိန်းကလေးဆိုရင် လှလှပပ မွှေးမွှေးကြိုင်ကြိုင် ဆွဲဆောင်မှုရှိရှိလေးနဲ့မှ အပေါင်းအသင်း ဖြစ်ချင်တာ၊ နင့်လိုပုံစံကို ဘယ်သူမှ စိတ်မဝင်စားဘူး၊ ငါတောင်မှ ရယ်ရလို့သာ နင့်ကို အပေါင်းအသင်းလုပ်နေတာ၊ တကယ်ဆို ငါပေါင်းချင်တဲ့ ပုံစံက နင့်လိုပုံစံမျိုး မဟုတ်ဘူး၊ ငါ့ဘော်ဒါတွေထဲမှာလည်း နင့်လိုပုံမျိုး တစ်ယောက်မှမရှိဘူး၊ အနားကပ်လိုက်တာနဲ့ ရေမွှေးနံ့လေးတွေ တသင်းသင်းနဲ့ အာရုံကိုလန်းသွားစေတဲ့ သူတွေနဲ့ပဲ ပေါင်းတာ၊ နင့်နားကပ်လိုက်ရင်တော့ တစ်ခါတစ်ခါ ချွေးစော်ကနံ့သေး"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ကြည့်စမ်း ... ငါ့ကို နှိပ်ကွပ်ဖို့ စကားလုံးတွေ နင့်မှာ အဲ့ဒီလောက်များများရှိမှန်း ငါ ခုမှသိတယ်"

"ငါက အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတာပဲဟာ"

"နေစမ်းပါဦး ... ငါက ရယ်ရတယ်ဆိုတာ ဘာကရယ်ရလို့လဲ"

"ဥပမာဟာ ခုနကလို ရယ်စရာကောင်းအောင် ကချင်သလို ကတာမျိုးတို့ ...၊ အဝတ်အစားတွေကို ဖြစ်သလို ကိုးရိုးကားယား ဝတ်တာတို့၊ နင့်ဆံပင်ပုံစံက ဘယ်သူနဲ့မှ မတူတဲ့ ကော့ပျံနေတဲ့ ရယ်စရာ ဆံပင်ပုံမျိုး ဖြစ်နေတာတို့၊ စကားပြောရင် မျက်နှာကို မဲ့ရွဲ့ပြောတာတို့၊ စိတ်ရှုပ်ရင် ကြက်မွေးပျံ ဆံပင်တွေအားလုံး ပွထပြီး ငှက်သိုက်လို ရှုပ်ပွသွားအောင် ကုပ်ပစ်တာမျိုးတို့၊ သီချင်းသံကြားရင် သံသေးသံကြောင်နဲ့ လိုက်ဆိုတတ်တာတို့၊ ရယ်ရတာတွေကတော့ အများကြီးပဲဟာ၊ ဒါ့ထက်တောင် ပိုသေးတာ၊ ငါ အကုန် မစဉ်းစားမိသေးလို့သာ"

"တော်ပြီ ... ငါပြန်တော့မယ်"

ခေးက ဆတ်ခနဲ ထတော့ နိုင်းက ခေးလက်ကို ဆတ်ခနဲ ပြန်ဆောင့်ဆွဲလိုက်တာမို့ ဖတ်ခနဲ ပြန်ထိုင်ကျသွားသည်။

"ပြီးတော့ ... တစ်ခုရှိသေးတယ်၊ ငါ နင်နဲ့ပေါင်းတာကို အနည်းဆုံးတော့ ငါ့ကို စိတ်ဝင်စားတဲ့ ကောင်မလေး





တွေက အထင်မလွဲဘူးပေါ့ဟာ၊ ငါ့ရုပ်နဲ့ နင့်ရုပ်ဆိုတာ အထင်လွဲစရာမှ မဟုတ်တာ"

"နိုင်းစုတ် နိုင်းပုံ့ ငါ့ကို အလကားသက်သက် နှိပ်ကွပ်နေတယ်၊ တော်ပြီ ... ပြန်တော့မယ်၊ နင်နဲ့တွေ့မှ အာရုံကမလန်းတဲ့အပြင် ငွမ်းတောင်သွားသေးတယ်"

"ငါက နောက်တာပါဟာ ... "

"ခုမှ ဘွာတေးလာမလုပ်နဲ့၊ နင် အတည်ပြောတာ ငါ သိတယ်"

"မဟုတ်ပါဘူးဆိုမှဟာ ... "

"ဟုတ်ပါတယ်"

"ကဲ ... ကဲ ... ဆောရီးဟာ ... ဆောရီး၊ ကဲ ... စိတ်တို မနေပါနဲ့ ဒီရျေနတ်ရဲ့"

"နင်နော် ... "

"ယောင်လို့ပါ ... ယောင်လို့ပါ၊ ရော့ ... ရင်အေးသွားအောင် ရေလေးသောက်ပြီးမှ အိမ်မှာ ဘာတွေ အာရုံနောက်လာသလဲဆိုတာ ပြောပါဦး"

နိုင်းက ရေသန့်ဘူးဖောက်ကာ ခေး ဖန်ခွက်ထဲကို ငှဲ့ထည့်ပေးရင်း ချော့ချော့မော့မော့ ပြောလာသည်။ ခေးက နှုတ်ခမ်းကလေး စူထော်လာရင်း ...

"မာမီပေါ့ ...၊ ငါ့ကို စာသင်ဖို့ ဆရာခေါ်ပြန်ပြီလေ"

"အဲ့ဒါ ဘာဖြစ်လဲ ...၊ နင် အရင်လိုပဲ ပညာပြ ဆိုးသွမ်းပညာပြလိုက်ရင် ပြီးတာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ဆရာက ခေါင်းမာမယ့်ပုံဟ၊ ကြည့်ရတာ ငါ့ကို ပညာသားပါပါ ကိုင်တွယ်တော့မယ့် ပုံစံမျိုး၊ သူ့မျက်နှာထားကလည်း သူ့အသက်ထက် ဆယ်ဆလောက် ပိုပြီး ရင့်ကျက်တယ်"

"ဒါဆို ဆရာ့အသက်က ၄၀ ဆိုရင် သူ့မျက်နှာထားက အသက် ၄၀၀ အရွယ် မျက်နှာထားမျိုး ဖြစ်နေတာပေါ့၊ ဟားဟား ... အသက် ၄၀၀ အရွယ် မျက်နှာက ဘယ်လိုမျက်နှာမျိုးပါလိမ့် ..."

"ဒါကတော့ ဒီလိုပဲ ပိုကဲတင်စားပြောရတာပေါ့ဟဲ့ ...၊ ဆရာ့အသက်က ငါ့ထက် လေးငါးနှစ်လောက်ပဲ ကြီးမှာ"

"ဟင် ... ဒါဆို ငယ်ငယ်လေးပေါ့"

"မာမို့ တပည့် ဆေးကျောင်းသားတဲ့ဟဲ့"

"အေးလေ ... နင့်မာမီက ဦးနှောက်ကြီးပါတယ်၊ နင့်လိုပုံက ဘယ်ယောကျ်ားမှ မကြိုက်နိုင်မှန်းသိလို့ အသက်ငယ်ငယ် ဆရာနဲ့ စိတ်ချတာဖြစ်မှာပေါ့"

ခေးက နိုင်းကို မျက်စောင်းနာနာထိုးလိုက်ရင်း ...

"နင်ကတော့လေ ... ငါ့ကို နည်းနည်းပါးပါး နှစ်သိမ့်အားပေးမယ် မစဉ်းစားဘူး၊ ငါ့ဒေါသကို ဆွတဲ့ စကားချည်း ပြောနေ ..."

"ကဲ ... ကဲ ... ဒါဆိုလည်း နှစ်သိမ့်လိုက်မယ်၊ စိတ်မညစ်နဲ့၊ အဲ့ဒီ ဆရာလည်း အရင်ဆရာတွေလိုပဲ မကြာခင် နင့်ကြောင့် ရူးလုလုဖြစ်ပြီး အလုပ်ထွက်သွားမှာ သေချာ





တယ်၊ ဘယ်သူမဆို နင့် စာသင်ပေးရမယ့်အစား ကျားဖင်ပဲ ပြေးနှိုက်လိုက်ချင်မှာ ..."

"ဥပမာပေး ရိုင်းလှချည်လားဟဲ့"

"ဩော် ... ကွက်ကွက်ကွင်းကွင်း သဘောပေါက်အောင် ဥပမာပေးတာပဲဟာ ဘာဖြစ်လဲ"

"ကျားမြီး ပြေးဆွဲလိုက်ချင်မှာလို့ ပြောတော့ ဘာဖြစ်သွားမှာမို့လို့လဲ ငနိုင်းစုတ်ရဲ့ ..."

"အေးပါ ... အေးပါ ... နောက်တစ်ခါဆို အမြီးပဲ ပြေးဆွဲခိုင်းပါ့မယ်၊ ကဲ ... ပြောပါဦး၊ ဒီနေ့ နင် ဘယ်လိုတွေပညာပြခဲ့သလဲဆိုတာ ..."

ခေးက ညစ်တစ်တစ်လေး ပြုံးလိုက်ရင်း ...

"ဒီနေ့တော့ အသံမထွက်တဲ့နည်းနဲ့ ပညာပြခဲ့တယ်၊ မနက်ဖြန်ကျရင်တော့ ဒုတိယဗျူဟာတစ်မျိုးလာမယ်၊ အောင်မြင်စေရမယ်"

"အောင်မြင်ပါစေ ဖိုက်တီး ..."

နိုင်းက ခေးနှင့် ဖန်ခွက်ချင်းလာတိုက်လိုက်ရင်း ကိုရီးယား ကားတွေထဲကလို 'အားတင်းထား' ဟု ပြောလိုက်သည်။ ခေးကလည်း ဖိုက်တီးဟု ပြန်ပြောပြီး ...

"ငါအောင်မြင်ရင် နင့်ကို တစ်ပွဲကျွေးမယ် သိလား"

"အိုကေ ... ဒါဆို နင်အောင်မြင်ဖို့ နေ့တိုင်း ဆုတောင်းပေးမယ် ... အိုကေနော်"

"အိုကေ ..."



www.burmeseclassic.com

www.burmeseclassic.com



ခေးက ရေဖန်ခွက်ကို မော့သောက်လိုက်ပြီး နိုင်းနှင့်အတူ စိပ်မိစပ်ရာ စကားတွေလျှောက်ပြောရင်း ပေါ့ပါးလန်းဆန်း ပျော်ရွှင်လာသည်။ ခဏနေတော့ နိုင်းက မတ်တတ်ထရပ်လိုက်ပြီး ...”

“ခေး ... ထ ...”

“ဟင် ... ဘယ်သွားဦးမလို့လဲ၊ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်စကားပြောမယ်လေဟာ”

“ခဏထ၊ နင့်ကို အကသင်ပေးမလို့ ...”

“ဟင် ... သင်ချင်ပါဘူး”

“ထပါဆိုဟာ ...”

ခေးက စိတ်မပါစွာ ထရပ်လိုက်တော့ နိုင်းက ခေးလက်ကိုဆွဲကာ လူရှင်းသော မြက်ခင်းကလေးပေါ်သို့ ခေါ်သွားသည်။

“ဒီမှာကြည့် ... ဒီလိုကရတယ်”

နိုင်းက Dancer တွေ ကသလို အချိုးတကျ တွန့်လိမ်လှုပ်ယမ်း၍ ကကွက်တစ်ကွက် ကပြလိုက်သည်။ ကြည့်လို့တော့ ကောင်းသားပင်။

“ငါလုပ်သလို လိုက်လုပ်ကြည့် ...”

နိုင်းက နောက်တစ်ကြိမ် ကပြတော့ ခေးကမတတ်တတတ်နှင့် လိုက်လုပ်ကြည့်သည်။ ခေး ကပုံကိုကြည့်ရင်း နိုင်းက အော်ရယ်လေသည်။

“နင်က အဲ့ဒါတွေ ရယ်ရတာပဲ ခေးရဲ့ ...”





“ငါမှ မကတတ်တာကို၊ အကလည်း မသင်ချင်ပါဘူး၊ ကိုယ်ကတတ်သလို လွတ်လွတ်လပ်လပ် ကတာက ပို တောင်ပျော်စရာကောင်းသေးတာ၊ ဒီဂျေနတ်ပဲဖြစ်ဖြစ် ဂျေဒိုးနတ်ပဲဖြစ်ဖြစ် ငါကချင်သလို ကမှာပဲ ...”

နိုင်းက ရယ်လို့သာနေသည်။

ခေးက နာရီတစ်ချက် ငုံ့ကြည့်မိရင်း ...

“ဟယ် ၁၀ နာရီတောင် ထိုးတော့မယ်၊ ဒီအချိန်လောက်ဆို မာမီပြန်လာတော့မှာ၊ ငါပြန်မှဖြစ်မယ်”

“နင်က နင့်မာမီကိုတော့ ကြောက်ရှာသားပဲ”

“ကြောက်တော့ မကြောက်ပါဘူး၊ ငါလစ်ထွက်လာတာကိုသိပြီး လက်ချာ အပေးခံရရင်သာ နားပူမှာကြောက်တာ”

“နင်ကတော့နော် ... လောကမှာ ဘယ်သူ့မှမကြောက်သလို ပုံစံမျိုးနဲ့ နေနေတော့တာပဲ၊ တစ်နေ့ကျရင် နင်ကြောက်ရတဲ့သူ ပေါ်လာပါစေလို့ ငါ တကယ်ဆုတောင်းပါတယ်၊ အဲ့ဒါမှ နင်လည်း လိမ္မာသွားမှာ”

“ငါက အခုကော မိုက်နေလို့လား

“ခပ်မိုက်မိုက်လေးတော့ ဖြစ်နေတာပေါ့”

“မလိမ္မာတာပဲရှိတာ၊ မိုက်တော့ မမိုက်ပါဘူး”

“အေးပေါ့ ... ထားပါတော့၊ ဒီမှာ ခေး ... ငါထင်တာတော့ နင်က မချစ်တတ်သေးလို့ မကြောက်တတ်သေးတာပါ၊ နင် ချစ်တတ်လာတဲ့တစ်နေ့ကျရင်တော့ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ နင်ချစ်တဲ့သူ ငြိုငြင်မှာ၊ နင်ချစ်တဲ့သူနဲ့ ဝေးရမှာကိုတော့ ကြောက်တတ်လာမှာပါဟာ ...”

“ငါနဲ့ မသက်ဆိုင်တဲ့ ဘာသာစကားတွေ လာပြောမနေစမ်းပါနဲ့ ... အဲ့ဒါတွေ ငါ စိတ်မဝင်စားဘူး၊ အာရုံနောက်တယ်၊ ကဲ ... ပြန်မယ်ဟာ၊ ငါ့ကို လိုက်ပို့မယ်မဟုတ်လား”

“အေးပါ ... ပို့ပါ့မယ်၊ လာ ...”

နိုင်းက ခေးနှင့်အတူ ကားပါကင်ထိုးထားရာ ခြံထောင့်သို့ လျှောက်လာခဲ့သည်။

ခေးကို ပြန်ပို့ပေးပြီးတော့ နိုင်းက မပြန်သေးဘဲ မပြီးဆုံးသေးသော ပွဲကို နွှဲဖို့ စိုးသူရတို့ခြံသို့ ပြန်သွားခဲ့သည်။

ခေးကတော့ ပေါ့ပါးလန်းဆန်းသော ခြေလှမ်းများဖြင့် ခြံထဲသို့ ဝင်လာခဲ့ပါသည်။

✤ ✤ ✤

“သမီး ...”

အိမ်ဘက်သို့ သူ့ခိုးချောင်းလေး ချောင်းကာ ကုပ်ချောင်းချောင်း လှမ်းလာနေသော ခေးသည် ရုတ်တရက် ထင်ရှူးပင်အကွယ် မှောင်ရိပ်မှ ထွက်ပေါ်လာသော မာမီ့အသံကြောင့် လန့်သွားမိပါသည်။

မာမီက ခေးထံ လျှောက်လာရင်း ...





“ဒါ ... ဘယ်ကပြန်လာတာလဲ သမီး ...”

မာမီ လက်ချာပေးတော့မှာ သေချာတာမို့ ခေးက စိတ်ညစ်သွားမိသည်။ ခေးက အရွဲ့တိုက်ချင်လာကာ ...

“မာမီ ... ဒီနေ့ ပြန်လာတာ စောသားပဲ”

“မာမီက မစောပါဘူး၊ သမီးက နောက်ကျနေတာပါ”

“ခေးက တစ်ခါတလေမှ နောက်ကျတာပါ၊ မာမီက တစ်ခါတလေမှ စောတာမဟုတ်လား”

“တန်ဖိုးချင်း မတူတာကို မညှိပါနဲ့ သမီးရယ်၊ မာမီက လူနာတွေကြည့်ပေးနေရလို့ နောက်ကျတာလေ၊ မာမီ နောက်ကျတာက တင့်တယ်တယ်၊ သမီးက မိန်းမပျိုလေး တန်မဲ့ ဒီအချိန်ကြီး တစ်ယောက်တည်း အပြင်က ပြန်လာတော့ မတင့်တယ်ဘူးပေါ့”

“မာမီပြောသလိုဆို တစ်နိုင်ငံလုံး မိန်းကလေး ညမထွက်ရ အမိန့်ထုတ်ထားရမလိုဖြစ်နေပြီ၊ ညညဆို အပြင်မှာ မတင့်တယ်တဲ့ မိန်းကလေးတွေက အများကြီးဖြစ်နေတာ ...”

“သမီး ... မာမီမေးတာ ဖြေဦးလေ၊ သမီး အခု ဘယ်က ပြန်လာတာလဲ ...”

“သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပါတီ သွားတာ”

“မွေးနေ့ပါတီသွားတာ ဒီအဝတ်အစားနဲ့လား ...”

“အဝတ်အစားက အရေးမကြီးပါဘူး၊ ပျော်ရဖို့ပဲ အရေးကြီးတာ၊ သူငယ်ချင်းက ဖုန်းနဲ့လှမ်းခေါ်လို့ ထသွားလိုက်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘွားလေးကို မပြောဘဲနဲ့ပေါ့ ..."

"ဘွားလေးကို ပြောရင် လွှတ်မှာမှမဟုတ်တာ၊ လွှတ်လည်း ဆူပူပြီးမှလွှတ်မှာ၊ ခုလို ခိုးသွားလိုက်တာကမှ နားအေးပါးအေး ..."

"သမီး ဒီလိုမလုပ်သင့်ဘူးကွယ်၊ သမီး သွားချင်ရင် မာမီ့ကို ခွင့်တောင်းပေါ့ ...၊ မာမီက သမီးကို ဟိုမသွားရ၊ ဒီမသွားရ ဖွတ်ချုပ်ချယ်မယ့်သူမှ မဟုတ်တာ၊ သမီး သွားချင်ရင် လှလှပပ သပ်သပ်ရပ်ရပ်လေး ဝတ်စားပြီး ဣန္ဒြေရရ သွားပေါ့၊ ဒီလိုပုံစံမျိုးနဲ့ ခိုးထွက်သွားတော့ သမီးလည်း ဣန္ဒြေပျက်၊ မာမီတို့လည်း စိတ်ပူရတာပေါ့၊ သမီး ဘွားလေးကတော့ သမီးကို အခန်းထဲမှာပဲ မှတ်နေတာ၊ မာမီပြန်လာတော့မှ သမီးအခန်းကို ဖွင့်ကြည့်လို့ သမီးမရှိမှန်း သိရတာ ..."

ခေးက ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ မာမီ့ကိုတော့ ခေးစိတ်မှာ မကျေနပ်ပါ။ ဒက်ဒီနဲ့ကွဲတာ ...၊ သူ့အလုပ်ကိုပဲ ဦးစားပေးလွန်းတာ၊ ခေး မသင်ချင်တဲ့ စာကို ဖွတ် သင်ခိုင်းတာ၊ မကျေနပ်စရာတွေကတော့ အများကြီးပင်။

"ခြံထဲမှာ ခဏထိုင်ကြရအောင် သမီး ..."

"ဟင့်အင်း ... သမီး အိပ်ချင်ပြီ"

"ခဏပါ သမီး၊ မာမီ သမီးကို စကားနည်းနည်း ပြောချင်လို့ပါ"

မာမီက ခေးကိုပြောပြီး ခြံထောင့်က ကျောက်ခုံ





ဖြူဖြူလေးဆီ လျှောက်သွားနေပြီမို့ ခေးက ခြေကိုဆောင့်ကာ ဆောင့်ကာဖြင့် မာမီ့နောက်မှ စိတ်မပါလက်မပါ လျှောက်လိုက်သွားသည်။

မာမီက ခုံတစ်ဖက်စွန်းမှာဝင်ထိုင်တော့ ခေးလည်း တခြားတစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်ရသည်။

မာမီက ခေးကိုကြည့်ရင်း ...

"ခုန သမီးကို ကားနဲ့လိုက်ပို့ပေးသွားတာ ဘယ်သူလဲ သမီး ..."

"ခေး သူငယ်ချင်းပါ"

"နိုင်းလား ..."

"ဟုတ်ပါတယ်"

"နိုင်းက မာမီ့မျက်စိထဲမှာ သိပ်အဆင်မပြေလှဘူး သမီး၊ မိဘပိုက်ဆံ သုံးဖြုန်းပြီး ပေါ့ပေါ့တန်တန် နေနေတဲ့ ကလေးပဲမဟုတ်လား"

"မာမီ့ မျက်စိထဲမှာ အဆင်မပြေပေမယ့် ခေး မျက်စိထဲမှာတော့ အဆင်ပြေပါတယ်၊ ခေးအတွက် သူက စိတ်ရင်းကောင်းပြီး ပွင့်လင်းတဲ့ သူငယ်ချင်းကောင်းတစ်ယောက်ပါ၊ ခေး ကို အဖက်လုပ်ပေါင်းတဲ့ သူငယ်ချင်းဆိုလို့ သူပဲရှိတာ၊ သူနဲ့မပေါင်းဖို့တော့ မပိတ်ပင်ပါနဲ့ မာမီ ..."

"ကောင်းပြီလေ ... မာမီ မပိတ်ပင်ဘူး၊ ဒါပေမယ့် သမီး သူနဲ့ ညဘက်တော့ အတူမထွက်ရဘူး"

"တစ်ခါတလေမှပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ..."

မာမီက ခေးကို စိုက်ကြည့်ရင်း ...

"သမီးရဲ့ တစ်ဖွတ်ထိုးစိတ်တွေ၊ ဆင်ခြေတွေ၊ အရွဲ့တိုက်တာတွေကို ခဏရပ်ပြီး မာမီပြောတာ သေချာနားထောင်စမ်း သမီး"

မာမီက ခေးဘက်သို့ လှည့်စောင်း၍ ထိုင်လိုက်ပြီး ခေးလက်တွေကို ဆုပ်ကိုင်လိုက်ရင်း ...

"သမီး စကားကို သမီးမှတ်မိသေးလား ... သမီးက ပညာတတ်မိန်းမ မဖြစ်ချင်ဘူး၊ အချိန်တန်ရင် ယောကျ်ားလုပ်စာပဲ ထိုင်စားမယ်၊ ယောကျ်ားပြောသမျှ နားခံခေါင်းညိတ်ပြီး ယောကျ်ားနားမှာ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားမယ်ဆိုတာလေ ..."

ခေးက ပြန်မဖြေဘဲ ခေါင်းငုံ့နှုတ်ဆိတ်နေသည်။

"သမီး အဲ့ဒီလိုပဲ နေချင်တယ်ဆိုလည်း ခုလိုတော့ မနေသင့်ဘူး သမီး၊ သမီးရဲ့ အခု နေပုံထိုင်ပုံတွေ ဝတ်ပုံစားပုံတွေက အရမ်းကို ဖြစ်ကတတ်ဆန်းနိုင်လွန်းတယ်၊ ဒီလိုပုံစံနဲ့ဆိုရင် အိမ်ထောင်ဘက်ကောင်းကောင်းနဲ့ တွေ့နိုင်ပါဦးမလား၊ ခုလို ညဘက်ကြီး ယောကျ်ားလေးတစ်ယောက်နဲ့ ပါတီသွားတဲ့ မိန်းကလေးမျိုးမှန်းသိရင် သမီးကို ဘယ်ယောကျ်ားကောင်းက လိုချင်ဦးမလဲ၊ ပညာလည်း တတ်အောင် မသင်၊ ယောကျ်ားတစ်ယောက်ရဲ့





မြတ်နိုးချစ်စရာပုံလည်းမပေါက်ရင် သမီးဘဝကို ဘယ်လိုရှေ့ဆက်မှာလဲ ..."

မာမီက စိတ်လိုက်မာန်ပါ ပြောပြီးမှ သက်ပြင်းချလိုက်ရင်း ...

"ဘယ်မိန်းမ မဆို ကိုယ့်ယောကျ်ားနားမှာ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေချင်ကြတာပဲ သမီး၊ နေခွင့်ရမရဆိုတာက ကံတရားပေါ်လည်း အများကြီး မူတည်တယ်၊ ကောင်းမှန်းမသိ ဆိုးမှန်းမသိတဲ့ အိမ်ထောင်ရေးတစ်ခုတည်းမှာ ရည်ရွယ်ချက်ထားနေမယ့်အစား ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်အောင် ကြိုးစားတာက ပိုမကောင်းဘူးလား"

ခေးက မာမီ့ စကားကို ခေါင်းလည်းမညိတ်၊ ဆင်ခြေလည်း မပေးဘဲ ငြိမ်နေမိသည်။ ညည်းညူသလိုလေး ပြောနေသော မာမီ့ကို ခုလိုကျတော့လည်း ခေး သနားမိသလိုပင်။

"ဒါနဲ့ မောင်စွမ်းရည်အောင်နဲ့ စာသင်ရတာ အဆင်ပြေရဲ့လား သမီး"

မာမီ မေးခွန်းကြောင့် ခေးက 'အကွက်ဝင်ပြီ' ဟူသော အတွေးဖြင့် တက်ကြွလာကာ ...

"မပြေဘူး မာမီ ...၊ မပြေတာမှ တော်တော့်ကို မပြေတာ၊ ဆရာကြည့်ရတာ ပိုက်ဆံလိုလို့သာ ဒီအလုပ်ကို လက်ခံလိုက်တာဖြစ်မယ်၊ စာကျတော့ ကောင်းကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



မသင်တတ်တာ၊ တချို့ သချာပုစ္ဆာတွေဆို ခေးကတောင်မှ ဆရာ့အမှားကို ထောက်ထောက်ပြနေရတာ၊ ဆရာက ခေးကို သချာတွက်ခိုင်းပြီးရင် ခေးရှေ့မှာထိုင်ပြီး ငိုက်နေတော့တာပဲ၊ စာသင်ရင်လည်း တဝါးဝါးသမ်းချင်လာတယ်၊ သူ့ကြည့်နေရင်း ခေးပါ သမ်းချင်လာတယ်၊ ပြီးတော့ သူစာသင်ပြီဆို ခေးမှာ နှာခေါင်းတောင် ပိတ်ထားရတာ၊ အာပုပ်စော်ဆိုတာ နံမှနံ၊ ဒီကြားထဲ ချွေးစော်ပါ နံလိုက်သေး၊ တစ်ခါတစ်ခါ အသံမမြည်အောင်လည်း အီးခိုးခိုးပေါက်သေးတာ မာမိရဲ့ ... ၊ ဆရာက ခေးကို နှာ (၃) နှာနဲ့ သင်တာမှမဟုတ်တာ၊ နံ (၃) နံနဲ့သင်နေတာ၊ အာပုပ်စော်နံ၊ ချွေးစော်နံ၊ အီးစော်နံ၊ နံ (၃)နံပေါ့ မာမိရယ်၊ ခေးဖြင့် စိတ်ညစ်လိုက်တာ မပြောပါနဲ့တော့၊ ပြီးတော့ ... အင် ...”

ကိုယ့်အရှိန်နှင့်ကိုယ် ထင်ရာမြင်ရာ စွတ်ပြောနေသော ခေးမှာ ခေးကိုပြုံးကြည့်ရင်း ခေါင်းယမ်းနေသော မာမိ့ကြောင့် စကားကို ရှေ့မဆက်ရဲတော့ဘဲ ...

“မာမိက မယုံလို့လား”

မာမိက ဘာမှပြန်မပြော ...။ ပြုံးလျက်ပင် ခေး အနားမှ ထလိုက်ရင်း ...

“ကဲ ... မာမိလည်းနားတော့မယ်၊ သမီးလည်း နားတော့”

ဟု ပြောပြီး အိမ်ဘက်သို့ လျှောက်သွားနှင့်ပြီမို့ ခေးက ရှုပ်ပုပ် မျက်နှာဖြင့် ထရပ်လိုက်ရင်း ...





“မာမိ မယုံလည်းနေပေါ့ ... ၊ မာမိ အလုပ်မထုက်လည်း သူ့ဘာသာ စိတ်ညစ်ပြီးထွက်သွားအောင် ခေး လုပ်ပြမယ် ... ကြည့်နေ ...”

ဟု တီးတိုး စကားကြိမ်းဝါးရင်း မာမို့နောက်မှ လိုက်လာခဲ့ရလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟော … မောင်စွမ်းရည်တောင် လာပြီ၊ မင်း တပည့်မက ဒီနေ့တော့ တော်တော် ဝီရိယကောင်းနေတယ် မောင်စွမ်းရည်ရေ…၊ အစောကြီးကတည်းက စာကြည့်ခန်းထဲမှာ စောင့်နေလေရဲ့ …"

ဘွားလေးက ဝမ်းသာအားရ ဆီးကြိုပြောကာမှ စွမ်းရည် ရင်ထဲ ဒိန်းခနဲ တုန်သွားသလို ထင်မိသည်။ ဒါ … ပုံမှန်မှမဟုတ်ဘဲ …။ ဒီနေ့အဖို့ သူ့ကိုပညာပြဖို့ ဘာ အစီအစဉ်ရှိသလဲမှ မသိတာ။

စွမ်းရည်သည် ဘွားလေးကို မချိပြုံးလေး ယဲ့ယဲ့မျှသာ ပြုံးပြနှုတ်ဆက်နိုင်ပြီး စာကြည့်ခန်းဘက်သို့ ရင်ထိတ်စွာ လှမ်းလာခဲ့ရပါသည်။

ရွှေထိပ်ထားကို စာသင်ရတာဟာ သူကျော်ဖြတ်လာခဲ့ဖူးတဲ့ စာမေးပွဲပေါင်းများစွာကို ဖြေဆိုတုန်းကထက် အဆပေါင်းများစွာ စိတ်ဖိစီးရသည်လေ …။ သူ့စာသင်သက်တမ်း တစ်လျှောက်မှာ စာမသင်ချင်တဲ့ တပည့်များစွာနဲ့ တွေ့ခဲ့ဖူးပေ





မယ့် သူမလို နည်းလမ်းမျိုးစုံနဲ့ ပညာပြတာမျိုးတော့ မခံဖူးခဲ့ပါ။

စာကြည့်ခန်းဝမှာ ရပ်မိတော့ သူ့ခြေဖျားတွေတောင် အေးစက်လာသလား ထင်လိုက်ရသည်။

သူက စေ့ထားသည့် အခန်းတံခါးကို နှစ်ချက်ဆင့်ခေါက်လိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်နှင့် …

"မင်္ဂလာပါ ဆရာ …"

ဟူသော အာကျယ်ပါကျယ် နှုတ်ဆက်သံနှင့်အတူ ဝတ်ပုံထူးဆန်းလှပေသော ရွှေထိပ်ထားကို တွေ့လိုက်ရပါသည်။

ရှေးရှေးတုန်းက ဘရိုကိတ်လုံချည် နီညိုရင့်ရောင်ကို အထက်ဆင်အပြားကြီး ဖော်၍ ဝတ်ထားပြီး ပဒုမ္မာပိတ်ပါးစလား မှန်နိုင်လွန်လား ဘာလား မသိတဲ့ ရင်ဖုံးအင်္ကျီက လက်အိုးပွပွ၊ ကိုယ်ပွပွ၊ ရှေ့နောက်အလယ် ချုပ်ရိုးဖြင့် …။ ကြယ်သီးတံကလေးတွေလည်း ပါသေး …။ သူ့အဘွား အဝတ်အစားတွေ ယူဝတ်လာတာတော့ သေချာပါသည်။

သူမ၏ ကြက်မွေးပျံ့ ဆံပင်တွေကိုလည်း ဂျယ်လိမ်းကာ ပိပြားချပ်ရပ်နေအောင် နဖူးပြောင်သိမ်း၍ ဖြီးထားသဖြင့် ရုပ်က ပြောင်စပ်စပ်နိုင်လှ၏။

ဒါ … ငေါ့တာပဲပေါ့ …။

လုံချည် အင်္ကျီ ဝတ်ခဲ့ဖို့ ပြောတာကို တမင်ငေါ့၍ ဝတ်လာပုံကတော့ ဒီနေ့အဖို့ သူမ၏ သင်ခန်းစာ အမှတ်(၁) ဖြစ်မည်ထင်သည်။ ကိုယ့်သင်ခန်းစာမှ မစရသေးခင် သူ့



www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာက စလေပြီ။ သူက အလိုက်သင့်လေး ပြန်နှုတ်ဆက်လိုက်ရပြီး အခန်းထဲဝင်လာသောအခါ ...

"ဆရာ ... ပေး ... ပေး ... ဆရာ့စာအုပ်တွေ ပေး၊ ခေး သယ်ပေးပါ့မယ် ဆရာရဲ့ ..."

ဘုရား ... ဘုရား။ ကျားသားမိုးကြိုး ...။ သူမက သူ့ဆီ လှစ်ခနဲ ပြေးလာကာ သူ့လက်ထဲက စာအုပ်တွေကို ဖွတ်လုယူလိုက်ပြီး စားပွဲပေါ်သို့ တရိုတသေ တင်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှာ အသင့်တင်ထားသည့် ရေဖန်ခွက်ကို ပျာပျာသလဲ လှမ်းယူကာ သူ့ထံ တရိုတသေ ကမ်းပေးရင်း

"အမောပြေ ရေလေး သောက်ပါဦး ဆရာ"

"နေ ... နေပါစေ ... မသောက်သေးပါဘူး"

"သောက်ပါ ဆရာရဲ့၊ နေပူထဲကလာရင် ရေလေး တစ်ခွက်လောက်တော့ သောက်လိုက်ရမှ ခန္ဓာကိုယ်က အပူအအေး မျှတသွားတာ၊ ဒီနေ့ နေအရမ်းပူတယ်နော် ဆရာ၊ ဆရာက ခေးဆီကို ၅ နာရီအရောက် လာရတာ ဆိုတော့ ၄ နာရီခွဲလောက်ကတည်းက ကားစီးလာရမှာ ပေါ့နော်၊ ကျနေက အရမ်းပူတာ ဆရာရဲ့၊ အိမ်ထဲမှာ နေရတာတောင် အရမ်းပူတာ၊ အပြင်မှာဆိုရင် ပိုဆိုးတော့ မှာပေါ့ ...၊ ဘယ်ရာသီမှာပဲဖြစ်ဖြစ် ရေဆိုတာ ကျန်းမာရေးအတွက် ဆေးတစ်ပါးပဲ ဆရာရဲ့၊ ရေများများသောက်ပြီး Toilet ခဏခဏဝင်ရင် ကျောက်ကပ်ဆေးသလိုဖြစ်ပြီး ကျောက်ကပ်မှာလည်း အညစ်အကြေး ကင်းတာပေါ့





ဆရာရယ်၊ အဟင်း ... ဟင်း ... ခေးက ကျန်းမာရေး စာစောင်တွေအပတ်စဉ်ဖတ်တော့ ကျန်းမာရေး ဗဟုသုတ ကတော့ အပြည့်ပဲ၊ သောက်လိုက်နော် ဆရာ ... နော်၊ တကယ်တော့ ရေများများသောက်တဲ့ လူဟာ ..."

"အိုကေ ... အိုကေ ... ပေး ... ပေး ... သောက်လိုက်မယ်"

ဒီရေခွက်ကို ယူမသောက်သရွေ့ စကားကြောရှည်နေဦးမှာမို့ နားအေးပြီးရော အမြန်လှမ်းယူမော့သောက်လို့မှ တစ်ဝက်မရောက်သေးခင် ...

"ဆရာ ... ဆရာ၊ ဆရာ့ကို ခေး ပြောစရာလေး ရှိပါတယ် ဆရာ ..."

ဟူသော နောက်က ကျားလိုက်လာသည့်ပမာ အလျင်စလိုရှိလှစွာသော အသံကြောင့် သောက်လက်စ ရေကို လည်ချောင်းထဲမှာ ကွတ်ခနဲ ကွတ်ခနဲ မြည်အောင် ကမန်းကတန်း မော့သောက်လိုက်ရသဖြင့် အသက်ရှူတောင် မဝတော့ဘဲ ရေဖန်ခွက်ကို မောကြီးပမ်းကြီး ပြန်ချကာ ...

"ကဲ ... ပြော ... ပြော ... ဘာပြောမလို့လဲ ..."

"ခေး ပြောဖို့ သတိရလာတာလေးကို အခုမှ မပြောမိရင် မေ့သွားမှာစိုးလို့ပါ ဆရာရယ်"

"ဩော် ... ဟုတ်ပါပြီ ... ပြောပါ"

"ဆရာ ခေးကို ရှေ့ထိပ်ထား ရှေ့ထိပ်ထားနဲ့ ခေါ်ခေါ်ပြီး စာသင်နေရတာ မမောဘူးလား ဆရာရယ်၊ ခေးကို ခေးလို့ပဲ တစ်လုံးတည်း ခေါ်ရင် ဆရာလည်း လေကုန်



www.burmeseclassic.com

www.burmeseclassic.com



သက်သာတာပေါ့၊ ဆရာ့မှာ စာသင်ဖို့ လေကုန်ရတာက တစ်မျိုး၊ ခေး နာမည်ကို ခေါ်ခေါ်နေရတာက တစ်မျိုး ဆိုရင် နှစ်ခါတောင် လေကုန်ပင်ပန်း ...”

“ကောင်းပြီ ... ကောင်းပြီ၊ ခေးလို့ပဲ ခေါ်လိုက်ပါ့မယ်”

“ခေးက ခေးကိုယ်ခေး ခေးလို့ပဲ ပြောရတာ အရမ်းနှုတ်ကျိုးနေတော့ တချို့လူတွေကလည်း ခေးပဲလိုက်ခေါ်ကြတာ ဆရာရဲ့၊ ခေးဆိုတာက ‘ကလေး’ ကို မြန်မြန်ခေါ်ရင်းကနေ ကာလကြာလာတော့ ခေး ဖြစ်သွားတာလေ ...”

“ကောင်းပြီ၊ သဘောပေါက်ပြီ၊ စာသင်ကြရအောင် ...”

“အသင့်ပါပဲ ဆရာ၊ ခေးကိုယ်တိုင် ဂိုက်ဘုတ်ကို သေချာ ဖျက်ထားပေးပါတယ်၊ ခေး ဒီနေ့ ရေလည်းချိုးထားတယ် ဆရာ၊ ခေါင်းလည်း လျှော်ထားတယ်၊ ရေမွှေးလည်း ဆွတ်ထားတယ်၊ ဒီနေ့တော့ နံမှာမပူနဲ့တော့ ဆရာ၊ ခေး ဖုန်းကိုလည်း အခန်းထဲမှာ ထားခဲ့တယ်၊ ဆရာ့ကို လေးစားတဲ့အနေနဲ့ စာသင်ချိန်မှာ လုံးဝ ဂိမ်းမဆော့တော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါ ဆရာ ...”

“ဟုတ်ပြီ ... ဟုတ်ပြီ၊ ကဲ ... ဒီနေ့ အင်္ဂလိပ်စာထဲက အခန်း ...”

“ဆရာ ... အင်္ဂလိပ်စာဆိုလို့ ဆရာ့ကို ပြောရဦးမယ်၊ ခေးလေ ညက အင်္ဂလိပ်ကားတစ်ကား ကြည့်တာ အရမ်းကောင်းတာပဲ ဆရာရယ်၊ ဒါပေမယ့် အဲ့ဒီကားက မြန်မာ





စာတန်းထိုး မထွက်တဲ့ ကားဆိုတော့ အင်္ဂလိပ်စာတန်းတွေကို သိပ်မဖတ်တတ်ဘူး ဖြစ်နေတာ၊ အဲ့ဒါကြောင့် အင်္ဂလိပ်စာတန်းထိုး ကားတွေကို ရေရေလည်လည် ကြည့်ချင်လွန်းလို့ ခေး အင်္ဂလိပ်စာကို ကြိုးကြိုးစားစား သင်ယူတော့မယ်လို့ ဆုံးဖြတ်ထားပါတယ် ဆရာ ...”

“မရွှေထိပ်ထား ... မင်း လည်ချောင်းက အသံပြန်ထွက်တာ မြန်လှချည်လား၊ ထွက်မယ့် ထွက်တော့လည်း အဆက်ကိုမပြတ်တော့ပါလား ...”

ဆရာ့ရဲ့ စိတ်တိုသံကြီးကြောင့် ခေးက ဟီခနဲ စိတ်ထဲက ကျိတ်ရယ်လိုက်မိသည်။ ဒါက ခေးရဲ့ ဒုတိယမြောက် ဗျူဟာပေါ့ ဆရာရယ် ...။

မနေ့က နှုတ်ပိတ်နည်းနဲ့ ပညာပြခဲ့ပြီး ဒီနေ့တော့ နှုတ်ဖွင့်နည်းနဲ့ ပညာပြမှာဆိုတော့ ဆရာ့စကား မတိုးသာအောင် အဆက်မပြတ် ပါးစပ်သေနတ်ပစ်နေရတော့တာပေါ့။

ခေးက ရယ်ချင်သော်လည်း မျက်နှာတည်ကလေးဖြင့် ...

“မြန်ဆို ဆေးသောက်လိုက်တာကိုး ဆရာရယ်၊ ဆရာကလည်း ခေးလို့ပဲ ခေါ်မယ်လို့ ခုပဲပြောထားပြီးတော့ ...”

“ခေး ... ဆရာ စာသင်လို့ မရအောင် မင်းနှောင့်ယှက်နေတာ ဆရာ သိတယ်နော်၊ ရပ်တန်းက ရပ်ရင် ကောင်းမယ်၊ ကဲ ... လက်ချာလိုက်ဖို့ မင်းစာအုပ်ကို ဖွင့်လိုက်တော့လေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် …"

ခေးက စာအုပ်ကို စိတ်မပါစွာ ဖွင့်လိုက်သည်။

စွမ်းရည်က ခေးကို မျက်မှောင်ကြုတ်ကြုတ်နှင့် စောင့်ကြည့်နေတာမို့ ခေးက ဘောလ်ပဲန်တွေ ဘာတွေထုတ်၊ စာအုပ်တွေဖွင့်လှန် စသဖြင့် ပြင်ဆင်နေလိုက်တော့မှ ဗိုက်ဘုတ်ဘက်သို့ ပြန်လှည့်ကာ သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရေးလို့မှ မပြီးသေးခင် …

"ဆရာ …"

နောက်နားကပ်ရပ်က ပေါ်လာသော အသံကြောင့် စွမ်းရည်မှာ ကျောထဲက အေးခနဲဖြစ်သွားရသည်။ ချာခနဲလှည့်ကြည့်မိတော့ သူမက သူ့နောက်မှာ မတ်တတ်ရပ်၍ လက်တစ်ဖက်ကို ပိုက်ကာ ကျန်တစ်ဖက်က ကလေးအထာဖြင့် လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းကို ခပ်ချွဲချွဲလေးထောင်ပြနေသည်။ အဓိပ္ပာယ်က အိမ်သာသွားချင်တယ်ပေါ့ …။

အပေါ့တောင် မဟုတ်၊ အလေး သွားချင်တာပေါ့။

စွမ်းရည်က သူမကိုကြည့်ရင်း စိတ်ညစ်သွားရပါသည်။ တကယ်လား … ဟန်ဆောင်တာလား မသဲကွဲ၊ ဟန်ဆောင် ပညာပြနေတာဟု ယူဆပြီး သွားခွင့်မပေးမိရင် တကယ်သွားချင်တာဆိုလည်း ဒုက္ခ …၊ ဒီလိုကိစ္စမျိုးဆိုတာ ကာယကံရှင်က လွဲပြီး ဘယ်သူမှ အမှန်မသိနိုင်သော ကိစ္စမို့ ငြင်းခုန်လို့ကလည်း မကောင်း။





စွမ်းရည်က မျက်မှောင်ကြုတ်ကြုတ်နှင့် တွေဝေနေဆဲမှာ သူမက မျက်နှာကလေး ရှုံ့မဲ့လျက် …

"ညက ရှောက်သီးသုပ် အစားများသွားလို့ပါ ဆရာရယ်"

"ကဲ … သွား … သွား … မယ်မင်းကြီးမ"

ခွင့်မပြုလို့လည်း မကောင်းတာမို့ စွမ်းရည်က ခွင့်ပြုလိုက်ရသည်။

ခေးကတော့ ဒီနေ့အတွက် ဒုတိယမြောက် ဗျူဟာကို စ,တင်ပြီမို့ စာကြည့်ခန်းထဲက ခပ်မြန်မြန်လေးထွက်ကာ အိမ်သာဘက်သို့ သွက်သွက်လျှောက်လာခဲ့သည်။ အိမ်သာထဲရောက်တော့ ဘိုထိုင် ကမုတ်အဖုံးပေါ်မှာ ထိုင်ရင်း တဟိဟိရယ်မိသည်။ ဆယ်မိနစ်လောက်ကြာတော့မှ အိမ်သာထဲမှ ပြန်ထွက်လာခဲ့ပါသည်။

ခေး စာကြည့်ခန်းထဲဝင်လာတော့ စိတ်မရှည်သလို ပုံစံဖြင့် ထိုင်စောင့်နေသော သူက …

"ကဲ … ကဲ … ကိစ္စဝိစ္စရှင်းရင် စာသင်မယ်၊ တစ်နေ့မှ ၂ နာရီပဲ ရတဲ့အချိန်ကို အလဟဿအဖြစ်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ခေးလည်း အချိန်ကို တန်ဖိုးထား ပါတယ်၊ ခုဟာက အန္တရာယ် လွယ်မထားနိုင်တဲ့ကိစ္စမို့ လို့သာ …"

"ကဲ … ကဲ … တော်ပါပြီ၊ အပိုစကားတွေ ပြောမနေနဲ့တော့ …၊ ဆရာရှင်းပြတာကို သေချာအာရုံစိုက်ပြီး နားထောင် …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နားထောင်ပါမယ် ဆရာ ...၊ ဆရာက အသင်အပြကောင်းတော့ ခေးလည်း စာသင်ချင်စိတ်တွေ ဖြစ်လာရပါတယ်၊ ဆရာ့လို တော်ချင်တဲ့စိတ်တွေ အရမ်းဖြစ်လာပြီး ဆရာ့ကိုလည်း အားကျမိပါတယ်"

"ကဲ ..."

စွမ်းရည်က စကားရှည်နေသော ခေးကို မျက်နှာထားဖြင့် ပိတ်ပင်လိုက်သည်။ သို့သော် ခေးက ပါးစပ်ပိတ်မသွားဘဲ ...

"ခဏလေးပါ ဆရာ ... ခဏလေးပါနော်၊ စာမသင်ခင် ခေး အရမ်းသိချင်နေတာလေးတစ်ခုတော့ မေးခွင့်ပြုပါ၊ ဆရာ ဆယ်တန်းတုန်းက တစ်နိုင်ငံလုံး အဆင့် ၅ ဖြစ်အောင် ဘယ်လိုများ ဖြေခဲ့တာလဲဟင် ..."

"မင်း တကယ်သိချင်လို့ မေးတာလို့ ဆရာ မထင်ဘူး ခေး၊ ဆရာ့ အထင်မှားခဲ့ရင်လည်း နောက်နေ့ကျမှ စောစောကြိုလာပြီး ဘာတွေကို ဘယ်လိုဖြေခဲ့တယ်၊ ဘယ်လို စာကျက်ခဲ့တယ်ဆိုတာကို ကျကျနန အသေးစိတ် ရှင်းပြပေးမယ် ...၊ အခုတော့ အချိန်မရသေးဘူး၊ စာသင်ချိန် ၂ နာရီအတွင်းမှာ မင်းအတွက် ဘာပညာမှ မရဘူးဆိုရင် မင်းလည်း အကျိုးမရှိဘူး၊ ဆရာ့သင်ကြားမှုလည်း အလဟဿဖြစ်တယ်၊ ကဲ ... စမယ်၊ သေချာနားထောင်"

စွမ်းရည်က ခပ်ပြတ်ပြတ်ပြောပြီး စာစသင်လိုက်သည်။ ခေးက ခဏလောက်တော့ လိမ္မာရိုကျိုးပုံဖြင့် ငြိမ်နား





ထောင်နေသေးသည်။ မိနစ်နှစ်ဆယ်ခန့်အကြာမှာတော့ 'ဆရာ' ဟု အားပြတ်သော အသံဖြင့် ခေါ်ရင်း ရှုံ့ရှုံ့မဲ့မဲ့ မျက်နှာဖြင့် မတ်တတ်ထရပ်လျက် လက်ညှိုးနှစ်ချောင်း ထောင်ပြနေသည်။

စွမ်းရည်သည် ဒေါသထွက်လာကာ ...

"မင်း ... မဟုတ်တော့ဘူးနော် ခေး ..."

"တကယ်ပါ ဆရာရယ်၊ ခေး ဒီနေ့ ဝမ်းပျက်နေလို့ပါ၊ ဒါမျိုးကိစ္စဆိုတာ ညာစရာလား ဆရာရယ်၊ ခေးလည်း ဆရာ့ရှေ့မှာ အိမ်သာ ခဏခဏထသွားနေရတာ အရမ်းရှက်ပါတယ်၊ မတတ်သာလို့သာ ..."

"ကဲ ... သွား ... သွား၊ ဒါ နောက်ဆုံးဖြစ်ပစေ"

"ဟင် ... ဆရာကလည်း ဒါတော့ ဘယ်ပြောလို့ ရပါ့မလဲ ..."

"မြန်မြန်သွားတော်မူပါ ..."

ခေး ထွက်သွားတော့ စွမ်းရည်က သက်ပြင်းမောကို ချ၊ ဂိုက်ဘုတ်မာကာကိုလည်း ပစ်ချပြီး ထိုင်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

ဒေါသထွက် စိတ်အိုက်လာကာ ချွေးတွေပင် စိမ့်ထွက်လာတာမို့ ရှပ်အင်္ကျီ ရင်ဘတ်စကို ဆွဲကာ လေဝင်အောင် တစ်ချက် နှစ်ချက် လှုပ်လိုက်သည်။ ထို့နောက် ဘယ်လောက် စောင့်ရဦးမယ်မှန်း မသိတာမို့ အချိန်အလဟဿမဖြစ်အောင် ကိုယ့်ကျောင်းစာအုပ်လေးကို ထုတ်ဖတ်ရင်း စောင့်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်လောက်ကြာတော့ သူမက ပြန်ဝင်လာကာ…

"အံမယ် … ဒီဆရာက အချိန်ခိုးတယ်တော့ …"

ဟု အော်လိုက်တာမို့ သူက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ရင်း …

"ဘာပြောတာလဲ၊ အလန့်တကြား …"

"ဆရာက စာသင်ချိန်ကြီးမှာ ဆရာ့ကျောင်းစာတွေ ဖတ်နေတာ မဟုတ်လား၊ ဒါမျိုး မလုပ်သင့်ပါဘူး ဆရာ၊ ဒီ ၂ နာရီက ခေးအတွက်ပဲ ဖြစ်ရမှာ၊ ဆရာ့ကိုယ်ကျိုးအတွက် အသုံးမချသင့်ဘူးပေါ့၊ ဆရာ ဒီလို စည်းကမ်းပျက်ရင် မာမီနဲ့ တိုင်ပစ်လိုက်မှာ"

"အေး … တိုင်လေ … တိုင်လိုက်၊ ငါကလည်း မင်းလုပ်ရပ်တွေကို အသေးစိတ် ပြောပြလိုက်ရုံပဲ၊ တကယ်တမ်းက ကျုပ်က အချိန်ခိုးနေတာမဟုတ်ဘူး၊ မင်းကသာ အချိန်ခိုးနေတာ …"

"ခေး ဘယ်မှာ အချိန်ခိုးရလို့လဲ …"

"ဩော်ပေါ် … မခိုးဘူးပေါ့ … ဟုတ်စ"

"ဟုတ်ပ ဆရာရယ် …"

"ပထမနေ့က အ,သလိုလုပ်ပြီး အချိန်ကြန့်ကြာအောင်လုပ်နေတာ၊ ဒီနေ့ ငါ စာသင်လို့မရအောင် စကားတွေများနေတာ၊ အိမ်သာ ခဏခဏတက်နေတာက အချိန်ခိုးတာမဟုတ်လို့ ဘာလဲ …"





"ပထမနေ့က လည်ချောင်းနာနေလို့ဆိုတာ ဆရာ့ကို ရှင်းပြပြီးပြီ၊ ဒီနေ့က မနေ့တုန်းက ဘာမှမပြောခဲ့ရလို့ ဆရာနဲ့ တပည့်ကြားမှာ သိထားသင့်တာလေးတွေ၊ ရင်းနှီးနွေးထွေးမှုလေးတွေ၊ နားလည်မှုလေးတွေရှိအောင် ပြောသင့်လို့ပြောတာ၊ အိမ်သာ ခဏခဏတက်ရတာကလည်း ဝမ်းပျက်နေလို့ပါလို့ ပြောထားပြီးပြီပဲ ကိုယ့်ဆရာရယ်၊ ဒါအချိန်ခိုးတာမှ မဟုတ်တာပဲ …"

"ကဲ … ဒါဆို ငါကရော မင်း အိမ်သာတက်နေတဲ့အချိန်မှာ ငုတ်တုတ်ကြီး မလှုပ်မယှက် ဘာလုပ်နေရမှာလဲ၊ အလကားနေမယ့်အစား ငါ့စာ ငါကြည့်တာ ဘာဖြစ်လဲ"

"အလကား မနေချင်လည်း ခေးကို သင်ရမယ့် စာတွေကို ပြန်လေ့လာနေပါလား …"

"မင်းကို သင်ရမယ့် စာတွေက ငါ မျက်စိစုံမှိတ်ပြီး တစ်အုပ်လုံး အလွတ်ရွတ်ပြလို့တောင် ရတယ်၊ ဘာမှ ပြန်ကြည့်စရာ မလိုဘူး၊ အားလုံး ဖွတ်ဖွတ်ညက်ညက် ကြေပြီးသား"

"ဆရာ သိပ်တော်ကြောင်း ကြွားပြီး ခေးကို အားငယ်အောင်တော့ မလုပ်ပါနဲ့ ဆရာရယ်၊ ခေးလည်း တစ်နေ့ကျ ဆရာ့လို မဖြစ်ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ …"

စွမ်းရည်က စိတ်ထဲမှ 'ဒီအချိုးနဲ့ဖြစ်ပါလိမ့်ဦးမယ်' ဟု ပြောလိုက်ပြီး ဒေါသကို ချိုးနှိမ်ကာ စာဆက်သင်ရသည်။

သို့သော် … သူ ဘယ်လိုပဲသင်သင် သူမက နောက်



www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်အကြာမှာ အိမ်သာတက်ခွင့် တောင်းပြန်သည်။ ခွင့်ပြုရပြန်သည်။

ဒီလိုနှင့် စာသင်ချိန် ၂ နာရီအတွင်းမှာ သူ မူးနောက်ကာ ရူးချင်လာလေသည်။ စာသင်ချိန်သာ ကုန်ခါနီးရောဘာကိုမှလည်း ဟုတ်တိပတ်တိ သင်လို့မပြီးချေ ...။

စွမ်းရည်က ရသမျှ လက်ကျန်အချိန်လေးမှာ အင်တိုက်အားတိုက် သင်သေး၏။ သို့သော် ... နောက်လှည့်ကြည့်တော့ သူမက စားပွဲပေါ်မှောက်ကာ အင်တိုက်အားတိုက်ပင် အိပ်ပျော်နေလေသည်။

ထိုနေ့က ခေးတို့အိမ်က ပြန်လာတော့ စွမ်းရည်ခေါင်းတွေမူးနောက်နေကာ ချွေးတွေလည်း ရွှဲနစ်နေခဲ့ပါသည်။

✦ ✦ ✦



✤ ✤ ✤

စွမ်းရည်သည် ဘတ်စ်ကားပေါ်က ဆင်းပြီး ခင်သစ္စာတို့ လမ်းသွယ်လေးထဲသို့ လျှောက်ဝင်လာခဲ့ပါသည်။

စွမ်းရည်၏ သူငယ်ချင်း ဒေါက်တာခင်သစ္စာက ဒီလမ်းသွယ်လေးထဲမှာ ဆေးခန်းလေးဖွင့်ထားပါသည်။ စွမ်းရည် ၈ တန်းနှစ်မှာ ခင်သစ္စာက ဒီရပ်ကွက်လေးနားက ကျောင်းကို ပြောင်းရွှေ့လာခဲ့တာမို့ စွမ်းရည်နဲ့ စတင်ခင်မင်ခဲ့ရပါသည်။ သို့သော် စွမ်းရည်က ၉ တန်းမှာ နှစ်နှစ် ကျောင်း ထွက်ခဲ့ရတာမို့ ခင်သစ္စာက သူ့ထက်အတန်းကြီးပြီး ဆရာဝန်လည်း စောဖြစ်ခဲ့တာပင်။ ခင်သစ္စာက စွမ်းရည်ထက် အသက်လည်း တစ်နှစ်လောက် ပိုကြီးပါသည်။

ခင်သစ္စာရဲ့ မိဘများက သိပ်မချမ်းသာလှပေမယ့် စွမ်းရည်တို့ထက်တော့ ချောင်လည်သည်ဟု ဆိုရမှာပင်။ စွမ်းရည်တို့ မိသားစုကတော့ အဖေရှိစဉ်က ဆောက်ခဲ့တဲ့ တောင်ဥက္ကလာပ လမ်းသွယ်လေးထဲက သပ်သပ်ရပ်ရပ် တိုက်ခံအိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်လုံး ရှိနေလို့သာ အနေအစား မပျက်ခဲ့ပေမယ့် ငွေရေးကြေးရေးကတော့ သိပ်ပြေလည်လှတာ မဟုတ်ပါ။

စွမ်းရည်က ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာ၊ ညီမလေးနဲ့ အမေက အိမ်ရှေ့မှာ စတိုးဆိုင်ကလေးဖွင့်ထားလို့သာ ကြွေးမတင်ဘဲ နေနိုင်ခဲ့ကြတာပင် ...။

အဖေ ရှိစဉ်ကတော့ ငွေရေးကြေးရေးအတွက် သိပ်မပူပင်ခဲ့ရပါ ...။ အဖေ ကင်ဆာရောဂါဖြစ်တော့မှ ဆေးဖိုးဝါးခတွေ၊ ဆေးရုံစရိတ်တွေ တတိတတိ ဖိထောင်းခံခဲ့ရတာမို့ စွမ်းရည်က ခဏကျောင်းထွက်ကာ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ စားပွဲထိုး ဝင်လုပ်ခဲ့ရပါသည်။ အဲဒီအချိန်ကဆို အမေကလည်း စိတ်ထောင်းကိုယ်ကြေ ဘုန်းဘုန်းလဲကာ စိတ်ဝေဒနာသည်နီးနီး ဖြစ်သွားခဲ့တာပင်။ ပြောတာဆိုတာ မှုမမှန်ဘဲ ကြောင်ငေးငေး ဖြစ်နေတတ်သည့် အမေ့နားမှာ စွမ်းရည်နဲ့ ညီမလေး တစ်ယောက်မဟုတ် တစ်ယောက် ရှိနေရမှာဖြစ်သလို ဆေးရုံပေါ်က အဖေ့နားမှာလည်း တစ်ယောက်ရှိနေမှ ဖြစ်တာမို့ စွမ်းရည်က အလုပ်တစ်ဖက်နှင့် ဆေးရုံပြေးလိုက်၊ အိမ်ကအမေ့ကို ပြေးကြည့်လိုက်၊ ခေါင်ချာစိုင်း၍နေခဲ့တာပင်။ ညီမလေးကတော့ ငယ်သေးတာမို့ ဘာမှ သိပ်မသိလှ။ ညီမလေးလည်း တစ်နှစ်တော့ ကျောင်းထွက်ခဲ့ရသေးတာပင်။

အဖေဆုံးပြီး တစ်နှစ်ခွဲလောက်ကြာတော့မှ အမေက နာလန်ထူကာ ပုံမှန်လေးပြန်ဖြစ်လာသည်။ ခုတော့ ဈေးတွေဘာတွေ ရောင်းနေနိုင်ပြီ။ ညီမလေးလည်း ကျောင်းပြန်တက်





ကာ ခုတော့ ဆယ်တန်းအောင်ပြီး အဝေးသင်တက်ရင်း အမေ့ကို ကူပေးနေခဲ့သည်။

စွမ်းရည်တို့ အိမ်ရှိတဲ့ လမ်းက ခင်သန္တာတို့လမ်းရဲ့ နှစ်လမ်းကျော်မှာ ရှိတာမို့ ၁၅ မိနစ်လောက် လမ်းလျှောက်သွားလျှင် ရောက်သည်။

စွမ်းရည်က တစ်ပတ်မှာ တစ်ရက်နှစ်ရက်လောက်တော့ ဒေါက်တာခင်သန္တာရဲ့ ဆေးခန်းမှာ ဝင်ကူသည်။ အတွေ့အကြုံလည်း ယူရာရောက်၊ သူငယ်ချင်းကိုလည်း ကူရာရောက်တာမို့ နှစ်ဦးနှစ်ဖက် အဆင်ပြေသည်။

စွမ်းရည် သန္တာတို့ ဆေးခန်းရှေ့ရောက်တော့ ဆေးခန်းရှေ့မှာ လူတော်တော်များများ တန်းစီထိုင်နေကြတာ တွေ့သည်။

စွမ်းရည် ဆေးခန်းထဲဝင်လာတော့ ခင်သန္တာက လှမ်းကြည့်ရင်း ...

"စွမ်း ... လာ ... အတော်ပဲ၊ ဒီမှာ ခေါင်းကွဲသွားတာ ပြန်ချုပ်ပေးမလို့ ... လာကူပေးဦး"

စွမ်းရည်က စာအုပ်တွေ ထည့်ထားသည့် ကျောပိုးအိတ်လေးကို စားပွဲပေါ်မှာတင်ကာ ဇေစင်မှာ လက်သွားဆေးပြီး လူနာခုတင်ဘက်သို့ လျှောက်လာခဲ့သည်။

နံရံကပ် ဗီရိုထဲက လက်အိတ်တစ်စုံ ယူစွပ်လိုက်ပြီး သန္တာ ချုပ်နေတာကို အားကနေ ဝင်ကူညီပေးနေလိုက်သည်။

အားလုံး ပြီးသွားတော့ သန္တာက သူ့ကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"စွမ်း … နင် ဒီနေ့ ဘာဖြစ်လာလဲ …"

"ဘာဖြစ်လို့လဲ …"

"နင့်မျက်နှာက မှုန်တေတေနဲ့ အရမ်းလည်း နွမ်းနေတယ်"

"စိတ်ရှုပ်လာလို့ပါဟာ …"

"ဘာစိတ်ရှုပ်စရာ ရှိလို့လဲ …"

"လူနာကုန်မှ ပြောမယ်"

"ပြီးရော …"

စွမ်းရည်က ဆေးထိုး ဆေးပေးကအစ ကူညီရင်း သစ္စာနားမှာ ကူပေးနေလိုက်သည်။

ဆေးခန်းပိတ်တော့ ၉ နာရီတောင်ခွဲနေပြီ။

"ဟဲ့ … စွမ်း … နင် ထမင်းစားပြီးပြီလား"

"ညနေကတော့ မုန့်ဟင်းခါးတစ်ပွဲ ဝင်စားလာပါတယ်"

"ဟယ် … မုန့်ဟင်းခါး တစ်ပွဲတည်းနဲ့ နင့်ဗိုက်က ပြည့်ပါ့မလားဟဲ့၊ စောစောကပြောရင် မှာပေးမှာပေါ့ …"

"အားမှ မအားတာဟာ …"

"နင်က အဲ့ဒီလိုချည်းပဲ၊ အဲ့ဒီလို ကြပ်ကြပ်လုပ်၊ ကြာရင် ဂတ်စ်ထရစ်ဖြစ်ပြီး သူများရောဂါ မကုရခင် ကိုယ့်ရောဂါကိုယ် ကုနေရဦးမယ်၊ အိမရေ … လမ်းထိပ်က ကြေးအိုးတစ်ပွဲ သွားဝယ်ချေ၊ ကြက်သားနဲ့နော်၊ မြန်မြန်လေး သွား … ဆိုင်ပိတ်သွားဦးမယ်"





"ဟာ … နေပါစေဟာ၊ အိမ်ရောက်မှ ထမင်းစားပါတော့မယ်"

"သဒ္ဒါလို့ ကျွေးတာဟဲ့၊ မငြင်းကောင်းဘူး၊ ဒီနေ့ လူနာက အရမ်းများတာ နင်လာလို့အဆင်ပြေတာ၊ အိမ်က လက်တိုလက်တောင်း အိမကလ ဘာမှ ကူညီတတ်တာ မဟုတ်ဘူး၊ နှစ်ကလည်း ဒီနေ့ ခွင့်ယူထားတာ …"

"နင့် ဆေးခန်းလေးက ဆိုးတော့ မဆိုးဘူးနော်"

"ဟုတ်တယ်၊ ဆရာဝန် ပေါက်စနမလေးကို အားတော့ ကိုးကြရှာသားဟ၊ ပိုစတင်စောင့်ရင်း ဆေးခန်းလေး အောင်မြင်နေတော့လည်း စိတ်မလေတော့ဘူးပေါ့ …"

"ငါလည်း နင့်ကို နေ့တိုင်းတော့ ကူညီချင်ပါတယ်ဟာ၊ ဒါပေမယ့် ငါ့မှာကလည်း အလုပ်တစ်ဖက် ကျောင်းတစ်ဖက်နဲ့ဆိုတော့ …"

"ငါ နားလည်ပါတယ် စွမ်းရဲ့၊ အမြဲချည်းတော့ ဘယ်လာနိုင်ပါ့မလဲ၊ အားတဲ့အခါ ဝင်လာခဲ့ပေါ့၊ နင် အခု ညနေပိုင်း ကျူရှင်လည်းပြနေရသေးတာ မဟုတ်လား"

"အဲ့ဒီ ကျူရှင်ကိစ္စပေါ့ဟာ … ရူးတောင် ရူးချင်ပါရဲ့ …"

"ဘာဖြစ်လို့လဲ၊ စာသင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နင် တစ်ခါမှ ဒါမျိုးမညည်းဖူးပါဘူး"

"မကြုံစဖူး ထူးကဲတဲ့ တပည့်နဲ့တွေ့လို့ ညည်းနေရတာပေါ့ဟာ၊ ငါ အခု စာသင်ပေးနေရတာ တီချယ်ထား သမီးလေ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တီချယ် တင်ထားမေရဲ့ သမီးလား"

"ဟုတ်တယ် ..."

"သွားပြီ၊ နင်တော့ ဂေါက်ပြီ ..."

သစ္စာက သူ့နဖူးသူရိုက်ကာ ပြောလိုက်တာမို့ စွမ်းရည်က ရင်ထိတ်သွားမိကာ ...

"တီချယ်ထား သမီးကို နင်သိလို့လား ..."

"သိပါ့ ... ၊ လူချင်းတော့ သိတာမဟုတ်ဘူးပေါ့ဟာ၊ သတင်းကြားနဲ့ သိထားတာပါ၊ သူက နာမည်ကြီးဟ"

"ဘာတွေနာမည်ကြီးတာလဲ ..."

"သူနာမည်ကြီးရတဲ့အကြောင်းကို ငါမပြောခင် နင် စိတ်ရှုပ်လာတဲ့ အကြောင်းကို အရင်ပြောဦး"

"သူက တစ်နေ့တစ်မျိုး မရိုးရအောင် ငါ့ကို အမျိုးမျိုး နှောင့်ယှက် ပညာပြနေတယ်လေ ..."

သစ္စာက ရယ်လိုက်ရင်း ...

"သူနာမည်ကြီးတာလဲ အဲ့ဒါပဲလေ၊ သူ့ကို စာသင်ဖို့ လာတဲ့ ဘယ်ဆရာမဆို သူ့ဒဏ်မခံနိုင်လို့ ပြေးကြရတာပဲတဲ့ ... ၊ ပထမ ဆရာတွေတုန်းကတော့ သူက ဆရာ ဆရာမတွေအကြောင်း လုပ်ကြံလီဆယ်ပြီး သူ့အဘွားတို့ အမေတို့ကို တိုင်တာတဲ့၊ အစတုန်းကတော့ သူ့အိမ်က လူတွေက သူပြောတာယုံယုံပြီး ဆရာပြောင်းပေးတယ်တဲ့၊ နောက် ... ဆရာတွေကိုယ်တိုင်က လခဘယ်လောက်





ပိုပေးပေး မသင်တော့ဘဲ ထွက်ထွက်သွားတော့မှ သူ့အကြောင်း သိသွားတာတဲ့ ..."

"နင် ဒါတွေ ဘယ်ကသိလဲ ..."

"ငါ ဆယ်တန်းတုန်းက ကျူရှင်သင်ဖူးတဲ့ ဆရာက သူ့ကို သင်ခဲ့ဖူးတယ်လေ ... ၊ ဆရာနဲ့ ငါ ပြီးခဲ့တဲ့ လေးလလောက်က ပြန်ဆုံဖြစ်တော့ စကားစမြည်ပြောကြရင်းနဲ့ ဆရာ ပြောပြလို့သိတာ၊ ဆရာက ငါ့ကို တီချယ်ထား တပည့်မှန်းသိလို့ ပြောတာထင်ပါတယ်၊ ဆရာ ပြောပြတာကတော့ စုံလို့ပဲ၊ အဲ့ဒီတစ်ယောက် နာမည်က ဘာထိပ်ထားဆိုလား ..."

"ရွှေထိပ်ထား ..."

"အေး ... အဲ့ဒီ ရွှေထိပ်ထားက သရုပ်ဆောင်လည်း အရမ်းတော်တာတဲ့၊ ဖျားဟန်ဆောင်၊ ခေါင်းကိုက်ဟန်ဆောင်၊ ဗိုက်နာဟန်ဆောင် ... ၊ ပြီးတော့ ရှုံးချင်ယောင်တောင် ဆောင်တတ်တာတဲ့ ... ၊ ဆရာ စာသင်ရင် မျက်လုံးကြီး အပြူးသားနဲ့ စိုက်ကြည့်ပြီး ဘာမှမဆိုင်တဲ့ စကားတွေ ထထပြောလို့ ဆရာမှာ စိုးရိမ်ပြီး စိတ်ကျန်းမာရေး ဆရာဝန်နဲ့ ပြပေးဖို့ သူ့အမေကိုတောင် အကြံပေးမိသေးတာတဲ့ ..."

စွမ်းရည်က စိတ်ညစ်ညစ်နှင့်ပဲ ရယ်လိုက်မိပါသည်။ တတ်လည်း တတ်နိုင်တဲ့ မရွှေထားပင်။

"နင့်ကိုရော ဘာတွေ ပညာပြလိုက်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"စကား မပြောနိုင်တာတို့၊ ဝမ်းပျက်နေတာတို့၊ စကားတွေ ပတွတ်ပတွတ် လျှောက်ပြောတာတို့ပေါ့ဟာ"

"ဟား ... ဟား ... အဲ့ဒါ ပါးပါးလေးပဲ ရှိသေးတာ၊ နောက်ဆို ဒါ့ထက် ပညာသားပါတာတွေ လာဦးမှာ ..."

"ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက်တောင် ဆိုးနေရသလဲ မသိပါဘူးကွာ ...၊ တီချယ်ထား သမီးဆိုတော့လည်း ချက်ချင်းကြီး မသင်နိုင်တော့ဘူးလုပ်လို့ မဖြစ်ဘူးလေ ..."

"သူ့ အဲ့ဒီလိုလုပ်နေတာတွေကို တီချယ်ထားနဲ့ ပြန်တိုင်ပြောလိုက်ရင်ရော ..."

"အဲ့ဒီလို လုပ်ရင် သူနဲ့ ငါနဲ့ ဆက်ဆံရေးက ပိုဆိုးသွားမှာပေါ့၊ သူ့အဘွားလေးကိုတောင် ငါမတိုင်ပါဘူး၊ ထစ်ခနဲရှိ သူ့အုပ်ထိန်းသူတွေကို ပြေးပြေးတိုင်နေရင် ငါ့ကို လူကြီးမဆန်တဲ့သူ၊ ကလေးအထာနဲ့လူလို့ သူမြင်ပြီး အထင်သေးသွားမှာ၊ အဲ့ဒါဆို ရှေ့ဆက် ပြေပြေလည်လည် စာသင်နိုင်ဖို့ မလွယ်တော့ဘူးလေ၊ ငါ့ဘာသာပဲ သူ့အခြေအနေကို စောင့်ကြည့်ပြီး ကြည့်ကျက်ဖြေရှင်းသွားမယ် စိတ်ကူးတယ်"

"အေးလေ ... နင့်စိတ်ကူးလည်း မဆိုးပါဘူး"

"ဒီကလေးမလည်း ဘာ့ကြောင့် ဒီလောက် ဆိုးနေလဲ မသိပါဘူး သစ္စာရယ်၊ ဒီလောက်ပြည့်စုံနေတာတောင် ပညာကို အေးအေးချမ်းချမ်း မသင်ချင်ဘူး၊ ငါတို့မှာတော့





မပြည့်စုံတဲ့ကြားက စာသင်ခွင့်ရဖို့ ကျားကုတ်ကျားခဲ ကြိုးစားလိုက်ရတာ ..."

"ငါထင်တာတော့ သူဆိုးတာ သူ့မိဘတွေရဲ့ အိမ်ထောင်ရေးနဲ့ ဆိုင်မယ်ထင်တယ်၊ သူအရွယ်မရောက်တရောက်မှာ သူ့အမေနဲ့ အဖေ ကွဲကြတာတဲ့ ...၊ သူက သူ့အဖေကို သိပ်ချစ်တာတဲ့ဟ၊ အဖေက သူသာ အလုပ်မဟုတ်ပေမယ့် သူ့သမီးအတွက်တော့ အချိန်ပေးပြီး အလိုလိုက်တယ်တဲ့၊ တီချယ်ထားကတော့ အရမ်းအလုပ်များတော့ သူ့အဖေလောက်တော့ သူ့အတွက် အချိန်မပေးနိုင်ဘူးပေါ့၊ အဲ့ဒါကို သူက မကျေနပ်ဘူးလေ၊ တီချယ်ထားတို့ အိမ်ထောင်ကွဲတော့ သူ့အဖေက နိုင်ငံခြားကို ထွက်သွားတယ်၊ ရုတ်တရက်ကြီး သူချစ်တဲ့ အဖေနဲ့ ခွဲပြီးကျန်ရစ်ခဲ့ရကတည်းက တဖြည်းဖြည်း ကျောင်းစာလည်း ညံ့ညံ့လာပြီး အိမ်မှာလည်း သူထင်သလိုနေ၊ ထင်သလိုသွားပြီး ဗိုလ်ကျချင်တိုင်း ကျနေတာတဲ့၊ တီချယ်ထားတို့ မိသားစုနဲ့ အရမ်းရင်းနှီးတဲ့ တီချယ်တစ်ယောက် ပြောပြလို့ ငါလည်း သိရတာ စွမ်းရဲ့ ..."

စွမ်းရည်က သက်ပြင်းချမိသည်။ ဒီလိုတော့လည်း ရှေ့ထိပ်ထားကိုပဲ သနားရတော့မလိုပင် ...။

"တီချယ်ထားက သူ့အမျိုးသားနဲ့ ဘာလို့ကွဲတာလဲ၊ နင်သိလား သစ္စာ ..."

"သေချာတော့ မသိပေမယ့် တီချယ့်ဘက်က အမှား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်နိုင်ဘူးလို့ထင်တာပဲ၊ ဟိုက ဒီက ကြားရသလောက်ကတော့ တီချယ့်အမျိုးသားက တီချယ် ပညာတွေအရမ်းတော်ပြီး အလုပ်တွေ အရမ်းအောင်မြင်လာတာကို မနာလိုဖြစ်ပြီး အမျိုးမျိုးအပြစ်ရှာတာတဲ့၊ သူကိုယ်တိုင်က ဆေးတက္ကသိုလ် ပထမနှစ်မှာ စာမေးပွဲကျပြီး ကျောင်းထွက်လိုက်တာလို့ ပြောတယ်၊ မိန်းမကိစ္စ ပွေတာလေးတွေလည်း ရှိတယ်ကြားတာပဲ ...”

စွမ်းရည်က သစ္စာစကားတွေကို နားထောင်ရင်း သက်ပြင်းချမိသည်။ မိဘတွေရဲ့ အိမ်ထောင်ရေးကိစ္စတွေကပဲ သူမကို ဆိုးသွမ်းစေခဲ့သလား။ အကြောင်းကြောင့် အကျိုးဖြစ်ဆိုသလိုပဲ ရွှေထိပ်ထားလည်း သူ့အကြောင်းပြချက်နဲ့သူ ဆိုးနေတာဖြစ်လိမ့်မည်။

“ဟော ... ဟိုမှာ ကြေးအိုးလာပြီ၊ အိမရေ ... ပန်းကန်ထဲ သေချာပြင်ထည့်ခဲ့ ...”

ကြေးအိုးပန်းကန်ရောက်လာတော့ သူက ကြေးအိုးပူပူလေး သောက်ရင်း နောက်တစ်ပတ် စာသင်ချိန်မှာ ခေးကို ဘယ်လိုနည်းနဲ့ စာသင်ရင် ကောင်းမလဲဟု စဉ်းစားနေမိလေသည်။

✦ ✦ ✦



✤ ✤ ✤

“ဟော ... ကိုကို ပြန်လာပြီ၊ အမေရေ ... ကိုကိုပြန်လာပြီ”

စွမ်းရည် အိမ်ထဲဝင်လာတော့ ညီမလေး သဲစုအောင်က ဝမ်းသာအားရ ကြိုသည်။

“ပေး ... ကိုကို့အိတ် ...”

ညီမလေးက သူ့လက်ထဲက အိတ်ကို လှမ်းယူတာမို့ သူက ညီမလေး ခေါင်းကို တစ်ချက်လှမ်းပုတ်၍ ပြုံးလိုက်ရင်း ဧည့်ခန်းမှာ ထိုင်နေသည့် အမေ့နားမှာ ဝင်ထိုင်လိုက်သည်။

“အမေ ... နေကောင်းလား”

“ကောင်းပါတယ် သားရယ်၊ သား ထမင်းမစားရသေးဘူး မဟုတ်လား၊ ရေမိုးချိုးပြီး စားလိုက်တော့လေ”

“သား မစားတော့ဘူး အမေ၊ ကြေးအိုးသောက်လာခဲ့တယ်”

“ကိုကို ... ဒီနေ့ အိမ်ပြန်လည်း နောက်ကျ၊ ကြေးအိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း သောက်ခဲ့တယ်ဆိုတော့ ဧကန္တ မမသစ္စာ ဆေးခန်းကို ဝင်ခဲ့တယ်ထင်တယ်"

"အေး ... သူ့ဆေးခန်းကို ဝင်ကူပေးခဲ့သေးတယ်"

သဲစုက စွမ်းရည့်ဘေးက ခုံမှာ ဝင်ထိုင်လိုက်ရင်း မချိုမချဉ် မျက်နှာနှင့် ...

"သေချာ ဂရုစိုက်ပြီး ကူညီလိုက်ပါ ကိုကိုရယ်၊ နောက်လည်း ကိုယ့်ဆေးခန်းဖြစ်လာမှာပဲဟာ"

"သဲစု ... နင် စကားပြောတာ ဆင်ခြင်စမ်း ...၊ သစ္စာက ငါ့သူငယ်ချင်း၊ ကူညီရမယ့် ဝတ္တရားရှိလို့ ကူညီနေတာ"

စွမ်းရည်က ဆူသလို ပြောလိုက်တာမို့ သဲစုက ပခုံးလေး ကျုံ့လိုက်ရင်း ...

"သဲစုက ကိုကို့ကို မမသစ္စာနဲ့ သဘောတူလို့ ပြောမိတာပါ"

"သဘောတူရအောင် ငါတို့ချင်းက သမီးရည်းစားမို့လို့လား"

"အခု မဖြစ်သေးပေမယ့် နောက်ကျဖြစ်လာမှာပဲဟာ၊ မမသစ္စာက ကိုကို့ကိုဆို သိပ်ဂရုစိုက်တာ၊ ဒေါက်တာတောင်စွမ်းတဲ့ ...၊ ကြေးအိုးဆိုလည်း ကိုကိုကြိုက်မှန်းသိလို့ အမြဲ မှာကျွေးတာပဲ မဟုတ်လား၊ သဲစုကိုဆိုလည်း ညီမလေး ညီမလေးနဲ့ သိပ်ဂရုစိုက်တာပဲ၊ သဲစုကတော့ မမသစ္စာကလွဲရင် ဘယ်သူ့ကိုမှ ယောင်းမ မတော်နိုင်ဘူး"





"ဒီကောင်မလေးဟာ ပါးစပ် စည်းကမ်းမရှိဘူး၊ ပြောသင့်မှန်းမသိ မပြောသင့်မှန်းမသိ အဲ့ဒီလိုပဲ သားရေ၊ သူအဲဒီလို စိတ်ထဲရှိတိုင်း ပြောလွှန်းလို့ပဲ အနားပါးနီးဟိုလူနဲ့မတည့် ဒီလူနဲ့မတည့် ..."

"မမသစ္စာနဲ့တော့ တည့်သားပဲ"

"ဒီကောင်မလေးဟာ ပြောလေဆိုးလေ ..."

"အမေရော ကိုကို့ကို မမသစ္စာနဲ့ သဘောမတူလို့လား၊ မမသစ္စာက ရုပ်လည်းချော၊ သဘောလည်းကောင်း၊ ဆရာဝန်လည်း ဆရာဝန်၊ ဟိုတလောက အမေ နေမကောင်းလို့ သူ့ဆေးခန်းသွားပြတုန်းကတောင် ပိုက်ဆံတစ်ပြားမှမယူဘဲ ကုပေးလိုက်တာ၊ ဂရုစိုက်လိုက်တာမှအရမ်း၊ အဲ့ဒါ ကိုကို့မျက်နှာနဲ့မို့လို့ပေါ့"

"သူ့ဘာသာ ကောင်းတိုင်း တော်တိုင်း ဖူးစာဖက်ဖြစ်ရမှာလားအေ ...၊ ဖူးစာဆိုတာ ကြိုချိတ်ထားလို့ ရတဲ့အရာမျိုးမှ မဟုတ်တာ ...၊ သူ့ဘာသာ အချိန်တန်ရင် ပေါ်လာမယ့်ကိစ္စကို ညည်းက ကြိုစီမံနေလို့လည်း အလကားပဲ"

"ပြောလိုက်စမ်းပါ အမေရယ်၊ အဲ့ဒီကောင်မလေးသဘောပေါက်သွားအောင်"

"ဟွန်း ... မသိဘူး၊ မသိဘူး၊ သဲစုကတော့ မမသစ္စာကိုပဲ ယောင်းမ တော်နိုင်မယ်"

"ဒီကောင်မလေးဟာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



သဲစုက ရှုရှုပုပ်ပုပ် ဆောင့်ဆောင့်အောင့်အောင့် လုပ်ပြီး အိမ်ထဲ ဝင်သွားတာမို့ စွမ်းရည်က ရယ်လိုက်မိသည်။

စွမ်းရည်တို့ မောင်နှမက စရိုက်ချင်းတော့ ကွဲပြားကြသည်။ စွမ်းရည်က ဘာမဆို မျိုမျိုသိပ်သိပ်နှင့် အေးအေးချမ်းချမ်း နေတတ်ပေမယ့် သဲစုကတော့ ဟုတ်တာရော မဟုတ်တာရော ပြောနေရမှ နေပျော်သူ ...။ သူ့စိတ်ထဲ ရှိတာကို မဆင်မခြင် ပြောတတ်လွန်းလို့ အမေကပဲ လိုက်လိုက် ထိန်းပေးနေရတတ်သည်။ ပြီးတော့ သဲစုက စွမ်းရည်လောက်လည်း ဉာဏ်မကောင်း ...။ သဲစု ဆယ်တန်းတုန်းက စွမ်းရည်က ဘယ်လိုပင် ဂရုစိုက်သင်ကြားပေးပေမယ့် သူကိုယ်က စာတစ်ပုဒ်ကို တော်တော်နဲ့ မရနိုင်။ ရပြန်ရင်လည်း ခုရ ခုမေ့ ဆိုသလိုမို့ ဆယ်တန်းမှာ အမှတ် ၄၀ စီဖြင့် သိုးကာ သီကာ အောင်လာတာပင်။ အမှတ်က နည်းလွန်းတာမို့ မေဂျာ ကောင်းကောင်းလည်း မဝင်၊ သဲစုကိုယ်တိုင်ကလည်း နေ့တိုင်း ကျောင်းမတက်ချင်တာမို့ အဝေးသင်ပဲ ယူလိုက်ရတော့တာပင် ...။

ညီမလေးသဲစုဟာ ရပ်ကွက်ထဲက သူနဲ့ ရွယ်တူကောင်မလေးတွေနဲ့လည်း မတည့် ...။ စွမ်းရည်နဲ့ မတိမ်းမယိမ်း မိန်းမပျိုတွေကိုလည်း သိပ်မကြည်ချင်။ မိန်းကလေးတစ်ယောက်ယောက်ကများ သူ့အစ်ကိုကို ပြုံးပြ ရယ်ပြ စကားပြောလိုက်လျှင် အဲ့ဒါဟာ သူ့အစ်ကိုကို ကြိုက်နေလို့ပါဟု စွပ်စွဲထင်မြင်ကာ ထိုမိန်းကလေးရဲ့ ပြစ်ချက်တွေကို စုံစမ်းထောက်လှမ်းပြီး မဲ့ကာရွဲ့ကာ အတင်းက ပြောပြီ။ သူ့အစ်ကိုနဲ့





မတန်ဘူး၊ သဘောမတူဘူးလို့ ကြေညာပြီ ...။ အဲ့ဒါကြောင့် ဒီလမ်းထဲက မိန်းမပျိုတွေက သူ့ကို မျက်မုန်းကျိုးကာ စွမ်းရည်ကိုတော့ ခပ်တန်းတန်းသာ ဆက်ဆံကြသည်။

သဲစုကတော့ မမဒေါက်တာ ခင်သစ္စာတစ်ယောက်ကိုသာ ယောင်းမတော်ဖို့ မြင်ပါသည်။ ဒီအနီးအနားက သဲစုနဲ့ မတည့်တဲ့သူတွေကလည်း နေမကောင်းဖြစ်လျှင် မမသစ္စာဆေးခန်းကိုပဲ အားကိုးကြရတာပင်။ ကိုယ်က မမသစ္စာရဲ့ ယောင်းမသာဖြစ်လျှင် ဘယ်လောက်ဂုဏ်ယူစရာ ကောင်းမလဲ။ သူတို့တွေရှေ့မှာ လက်မထောင်နိုင်လိမ့်မည်ဟုလည်း ထင်သည်။

"မင်း ညီမကတော့ အဲ့ဒီလိုပဲ စိတ်ရှုးပေါက်တိုင်းလျှောက်ပြောနေတတ်တာ၊ အမေက သူ့လိုတော့ ဟိုလူ့ယူပါ၊ ဒီလူ့ယူပါ မပြောလိုပါဘူးကွယ်၊ သားကြိုက်ရင် ယူသာယူ၊ သား အိမ်ထောင်ရေးကို အမေ ဘာမှမစွက်ဖက်ဘူး၊ ရတဲ့ ချွေးမ တည့်အောင်ပေါင်းလိုက်မှာပဲ၊ အမေတို့ ပတ်ဝန်းကျင်က သေးသေးလေး၊ သားပတ်ဝန်းကျင်က အကျယ်ကြီး၊ သားက ပိုပြီး အမြင်ကျယ်မှာပါ၊ မင့်ညီမကတော့ ဒီပတ်ဝန်းကျင်လေးမှာပဲ နေတော့ ဒီနားကဟာပဲ မြင်တာပေါ့ကွယ်"

"သားလည်း ကျောင်းစာတစ်ဖက် အလုပ်တစ်ဖက်နဲ့ ဒီကိစ္စတွေ ခေါင်းထဲ မထည့်နိုင်ပါဘူး အမေရယ် ..."

အမေက ပြုံးရင်း ...

"ဒါကတော့ မင်းချစ်တဲ့သူ မတွေ့သေးလို့ပါ သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမ္မတလောက် အလုပ်ရှုပ်လည်း ချစ်တဲ့သူအတွက်တော့ အချိန်ဆိုတာ ရှိပါတယ်၊ မင်းပြောသလိုသာဆို လူတွေဟာ အားနေမှပဲ ချစ်စိတ်ဖြစ်ရတော့မှာလား"

"ကိုကိုရေ... မမသစ္စာကိုပဲ ချစ်နော် ..."

"ဟဲ့ ... ကောင်မလေး အသံပြဲနဲ့ အော်မနေနဲ့"

သဲစုက အိမ်နောက်ဖက်ကနေ လှမ်းအော်ပြောပြန်တာမို့ အမေက လှမ်းအော်ဆူလိုက်သည်။

အင်း ... သဲစုလည်း နည်းနည်းတော့ ဆိုးတာပါပဲ။ ဟိုကောင်မလေး ရှေ့ထိပ်ထား ဆိုးတာကိုတော့ မမီဘူးပေါ့ ...။ သဲစုနဲ့ ခေးက အရွယ်ချင်း မတိမ်းမယိမ်းလောက် ရှိမှာပဲ ...။ ခေးဟာ ကိုယ့်ညီမလေး အရွယ်ကလေးပဲပေါ့ ...။

စွမ်းရည်က သဲစုကိုလှမ်းကြည့်ရင်း ခေးအကြောင်း ဖျတ်ခနဲ တွေးလိုက်မိပါသည်။

✦ ✦ ✦



✤ ✤ ✤

ဒူးအထိ ချည်သားဘောင်းဘီ အဖြူရောင်ပွပွနှင့် အနက်ရောင် တီရှပ်လက်တိုကို တွဲဝတ်ကာ တီရှပ်ပေါ်က ရှပ်အင်္ကျီ အဖြူအမည်း အကွက်ကျဲ လက်ရှည်ပွပွကြီး တစ်ထည် ထပ်ဝတ်ထားသော ခေးရဲ့ မျက်နှာသည် ဘာမှ လိမ်းခြယ်မထားသဖြင့် ပြောင်တလင်းခါနေ၏။ ကြက်မွေးပျံ ဆံပင်ပေါ်မှာတော့ လျှာထိုးဦးထုပ် အနီရောင်တစ်လုံးကို ခပ်ငိုက်ငိုက်ဖိဆောင်းထားသည်။ ယောကျ်ားကိုင် ခေါက်ပိုက်ဆံအိတ်ပြားလေးကိုတော့ ဘောင်းဘီဖင်နားက အိတ်မှာ ထိုးထည့်ထားသည်။ လှချင်လှ မလှချင်နေ စီးရတာ သွက်လက်ပေါ့ပါးလို့သာ ဝယ်ထားသည့် ကြိုးပြားကြီးသည့် ယောကျ်ားဆန်ဆန် ကြိုးသိုင်း ဖိနပ်တစ်ရံကို အမြန်ဆွဲထုတ်စီးလိုက်ပြီးနောက် ခေးက ခပ်တည်တည် ဖရီးရိုက်ကာ အိမ်ထဲမှ ထွက်လာပါသည်။

"ဟဲ့ ... ဒါက ဘယ်လဲ"

ရုတ်တရက် ပေါ်ထွက်လာသော ဘွားလေးအသံကြောင့် ခေးက ရပ်တန့်၍ နောက်လှည့်ကြည့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားမလို့ပါ ဘွားလေး ..."
"ငါ့ကို ခွင့်မတောင်းဘဲနဲ့ပေါ့ ..."
"တောင်းမှာပါ၊ ဘွားလေး ခြံထဲရောက်နေတယ်မှတ်လို့ ခြံထဲမှာ ရှာပြီး ခွင့်တောင်းဖို့ ထွက်လာတာ ..."
"ဒါ ... ငါတွေ့သွားလို့ ပြောတဲ့ စကားပါ၊ ငါမတွေ့ရင် ညည်း ဒီအတိုင်း ထွက်သွားတော့မှာ ..."
"ဩော် ... ဘွားလေးကလည်း မယုံလည်းနေ"
"မယုံဘူးအေ ..."
"ဒါဆိုလည်း သွားတော့မယ်"
"ဘယ်ကိုလဲ ..."
"အပြင်ကိုလေ ..."
"ငါက ခွင့်ပေးသေးလို့လား"
"နေ့ခင်းဘက် မိန်းကလေးတစ်ယောက် အပြင်ထွက်တဲ့ ကိစ္စကို ပုံကြီး သိပ်မချဲ့ပါနဲ့လား ဘွားလေးရာ၊ ဘွားလေး စိတ်ပင်ပန်းနေမှာ စိုးလို့ပါ၊ ခေး သွားပါရစေတော့နော်၊ ရုပ်ရှင်မမီမှာ စိုးလို့ပါ"
"ညည်းက ရုပ်ရှင်သွားကြည့်မလို့လား"
"ဟုတ် ..."
"ဘယ်သူနဲ့လဲ ..."
"တစ်ယောက်တည်းပဲ ..."
"အမလေး ... ဘုရား ... ဘုရား ... မိန်းကလေးတန်မဲ့





တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ဖို့များ ညည်းမို့လို့ စိတ်ကူးရဲတယ်၊ အာဂ ကလေးမပါလား ..."
"ဒါဆိုလည်း အဖော် လှမ်းခေါ်လိုက်မယ်"
"ဘယ်သူ့ကိုလဲ ..."
"နိုင်း ကို ..."
"ညည်း ရူးသွားပြီလား ရွှေထိပ်ထားရယ်၊ ယောကျ်ားလေး သူငယ်ချင်းနဲ့ ရုပ်ရှင်အတူကြည့်စရာလား ..."
"ခေးမှာ မိန်းကလေးသူငယ်ချင်းမှ မရှိတာ ..."
"ညည်းကမှ မိန်းကလေးလိုမနေတာ သူငယ်ချင်းရှိမလား၊ မိန်းကလေးသူငယ်ချင်း မရှိတော့ရော ယောကျ်ားလေး သူငယ်ချင်းနဲ့ ကြည့်စရာလား"
"သူငယ်ချင်းနဲ့ မကြည့်ရဘူးဆိုလည်း ဆရာ့ပဲ ခေါ်ပြီး အတူသွားကြည့်လိုက်တော့မယ်"
"ဆရာ ! ဘယ်က ဆရာလဲ ..."
"ဆရာစွမ်းလေ ..."
"ရွှေထိပ်ထား ...၊ ညည်း ဒါ နောက်ပြောင်ရမယ့် ကိစ္စ မဟုတ်ဘူး ..."
"တစ်ယောက်တည်း မကြည့်ရဘူးဆိုလို့ လောလောဆယ် နီးစပ်ရာကိုပဲ စဉ်းစားမိလို့ပါ ဘွားလေးရဲ့"
"ညည်း အပြောအဆို အနေအထိုင် ဆင်ခြင်စမ်း ရွှေထိပ်ထား၊ ညည်းဘာသာ အနေအထိုင် မဆင်ခြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုက မောင်စွမ်းရည်ခမျာ အလကားသက်သက် အလုပ်ပြုတ်နေဦးမယ်"

ခေးက 'အလုပ်ပြုတ်' ဆိုသော စကားကို တော်တော် စိတ်ဝင်စားသွားမိကာ ...

"ဆရာက ဘာဖြစ်လို့ အလကားသက်သက် အလုပ်ပြုတ်ရမှာလဲ ဘွားလေးရဲ့"

"ညည်းနဲ့ မောင်စွမ်းရည်က ဆရာတပည့် ဆက်ဆံရေးထက်ပိုသွားရင် ညည်းအမေက မောင်စွမ်းရည်ကို အလုပ်ထုတ်ပစ်မှာအေ့ ..."

"ဟုတ်လား ..."

ခေးသည် ထိုအချက်ကိုတော့ အကြိုက်ဆုံးပင်တည်း။ ဒီတစ်ချက်ကို သိလိုက်ရသည့်အတွက် ခေးမှာ တော်တော် အကျိုးရှိသွားသည်။ ဒီတစ်ချက်ကို ကိုင်ထားရင် ခေး သူနဲ့ စာဆက်မသင်ရအောင် အမျိုးမျိုး ဉာဏ်ကွန့်မြူးလို့ ရပြီဖြစ်သည်။

"ဒီစကား ကြားတာနဲ့ပဲ ညည်းမျက်နှာကြီးက ဘာလို့ ဒီလောက် ဝင်းလက်တောက်ပသွားရတာလဲ ..."

"ဘာရယ်မဟုတ်ပါဘူး ဘွားလေးရယ်၊ ကဲ... ခေး ရုပ်ရှင်သွားကြည့်လိုက်ဦးမယ်နော်၊ ဘွားလေး စိတ်ချသာနေ၊ နိုင်းကိုလည်း မခေါ်ဘူး၊ ဆရာစွမ်းကိုလည်း လှမ်းမခေါ်ဘူး၊ ခေးဘာသာ တစ်ယောက်တည်း အေးဆေးသွားကြည့်မှာ၊ သုံးခုံစာ ဝယ်ပြီး အလယ်ခုံမှာ ထိုင်ကြည့်မှာ၊





အနားမှာ ဘယ်ယောကျ်ားမှ ထိုင်လို့မရဘူး၊ ဘွားလေး လျှောက်တွေးပြီး စိတ်ပူမနေနဲ့တော့၊ ရုပ်ရှင်ပြီးတာနဲ့ ပြန်လာခဲ့မယ်"

"ဟဲ့... နေဦးလေ၊ ငါက ခွင့်ပြုရသေးလို့လား၊ ငါ ခွင့်ပြုချက်လေးများ စောင့်ပါဦးတော့လား ဆိုးပေမရဲ့"

ခေးက ခြံထဲမှ ခပ်မြန်မြန်လေး ပြေးထွက်သွားပြီမို့ ဘွားလေးခမျာလည်း ပြေးမလိုက်နိုင်ရှာပေ ...။

ခေးသည် သမ္မတရုံမှာ တစ်ယောက်တည်း အေးအေးဆေးဆေး ရုပ်ရှင်ဝင်ကြည့်နေရင်း တစ်ချက်တစ်ချက် ဆရာစွမ်းကို သတိရကာ ပြုံးမိနေသည်။ မနေ့က ခေး ပညာပြနေတုန်းက သူ့ခမျာ ဖောချွေးတွေတောင် ပြန်လို့မဟုတ်လား။ ခေးသည် မနေ့ကအဖြစ်တွေကို ရုပ်ရှင်လို ပြန်မြင်ယောင်ရင်း အသံထွက်ကာ တဟီဟီ ရယ်မိတော့ ခေး အနီးတစ်ဝိုက်က လူတချို့က ခေးကို အထူးအဆန်းသဖွယ် လှမ်းကြည့်ကြသည်။

ရုပ်ရှင်က ဟာသကားမှ မဟုတ်ပေတာကိုး ...။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဆရာ ... ခေးအတွက် တစ်နေ့ နှင်းဆီတစ်ပွင့် ယူလာပေးရင် ခေး ကောင်းကောင်း စာသင်ခံမယ်"

စာကြည့်ခန်းထဲ ရောက်ရောက်ချင်း ခေး လှမ်းပြောလိုက်သော စကားကြောင့် စွမ်းရည်က မျက်ခုံးပင့်ကာ သူမကိုကြည့်မိသည်။ သူမ မျက်နှာက နောက်ပြောင်နေသော မျက်နှာမျိုးမဟုတ်ဘဲ တည်တည်ကြည်ကြည် ဖြစ်နေသည်။

စွမ်းရည်က စုတ်တစ်ချက်သပ်ကာ ခေါင်းယမ်းလိုက်ရင်း ...

"ကျွတ် ... အဓိပ္ပာယ်မရှိတာ၊ ဒီလိုကိစ္စမျိုး ဘယ်ဆရာ တပည့်ကြားမှာမှ မရှိဘူး"

"ခေး ကောင်းကောင်းမွန်မွန် ညှိနှိုင်းနေတာကို ဆရာက အဖက်လုပ် မစဉ်းစားဘူးဆိုလည်း ရပါတယ်၊ နောက်မှသာ နောင်တမရနဲ့"

"အောင်မာ ... တပည့်က ဆရာကိုများ ခြိမ်းလားခြောက်လားနဲ့ တော်တော် မခေတဲ့ ခေးပါလား"





"ခေး မခေတာကို ဆရာ ခုမှ သိတာလား"

"ခေး ... မင်း ဆရာ့ကို ဦးနှောက်ခြောက်အောင် လာပြောမနေနဲ့၊ ကျေးဇူးပြုပြီး ဒီနေ့တော့ စာကိုကောင်းကောင်းမွန်မွန် သင်ပါကွာ ..."

"ခေးက ညှိနေတာလေ ...၊ အပေးအယူလုပ်ဖို့ ညှိနှိုင်းနေတာ ..."

"မင်း အပေးအယူလုပ်တဲ့ ကိစ္စက အဓိပ္ပာယ်မှ မရှိတာ၊ ငါက မင်းကို စာသင်ခွင့်ရဖို့အရေး တစ်နေ့ နှင်းဆီတစ်ပွင့် ဆက်သနေရမှာလား၊ တစ်နေ့ အချဉ်ထုပ်တစ်ထုပ် ဝယ်ကျွေးပါဆိုရင်တောင် ငါက ဝယ်ကျွေးချင်ဦးမယ်၊ နှင်းဆီတစ်ပွင့် ကိုင်ကိုင်ပြီး ဒီအိမ်ထဲ နေ့တိုင်းဝင်လာရမှာ ဘယ်လောက်ရှက်စရာကောင်းလဲ၊ ဘွားလေးနဲ့ ဒီအိမ်ကလူတွေ မြင်သွားလို့ ဘာလုပ်ဖို့လဲမေးရင် ငါက ဘယ်လိုဖြေရမှာလဲ"

"ခေးဖို့လို့ ဖြေပေါ့ ..."

"အဲ့ဒီတော့ ငါ့သိက္ခာက ဘာဖြစ်သွားမလဲ ..."

"ဒါဆိုလည်း စာကြည့်ခန်းထဲက ပန်းအိုးမှာထိုးဖို့လို့ ပြောလိုက်ပေါ့ ..."

"တော်ပြီ ခေး၊ မင်းရဲ့ အပေးအယူကိစ္စကို ငါလက်မခံနိုင်ဘူး၊မင်းစားချင်ရင်တော့ မနက်ဖြန်ကစပြီး တစ်နေ့ ပီကေတစ်ခု ဝယ်လာပေးမယ်၊ မင်းပါးစပ်က ဆိတ်ပါးစပ်လို အမြဲ ပီကေဝါးနေရရင် အဆင်ပြေတယ်မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ခေး ကမ်းလှမ်းတာကို ဆရာ သဘောမတူရင် ခေး စာမသင်နိုင်ဘူး ..."

"ကျွတ် ... တော်တော် အပြောရခက်ပါလား"

ချက်ချင်းကြီး မျက်နှာစူပုပ်ကာ ချာခနဲ လှည့်၍ စွမ်းရည်ကို ကျောခိုင်းထိုင်နေသော ခေးကြောင့် စွမ်းရည် တော်တော် စိတ်ညစ်သွားရပါသည်။

ကိုင်း ... ဒီကိစ္စကို ဘယ်လိုရှင်းရမလဲ ... ။

နှင်းဆီပန်း တဲ့။ နှင်းဆီပန်း။ နှင်းဆီပန်း တစ်နေ့ တစ်ပွင့် ယူလာပေးရမတဲ့ ... ။ တော်တော် လှပပြီး ဝွကျတဲ့ တောင်းဆိုမှုပေပဲ ... ။

စွမ်းရည်က ခါးထောက်ကာ လေပူတစ်ချက် မှုတ်ထုတ်သည်။ ဘာလုပ်ရမှန်း မသိတာမို့ စာကြည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

ကိုယ်ဟာ ဘယ်လောက်ပဲ ရင့်ကျက်ပါတယ်ဆိုဆို တည်ငြိမ်ပါတယ်ပြောပြော သူမနဲ့တွေ့ခိုက်မှာ စိတ်နှလုံးတွေ လှုပ်ခတ်ရလွန်းလို့ နှလုံးရောဂါတောင် ရချင်ပါသည်။

စိတ်ကို ဘယ်လိုပင် ချုပ်တည်းသည်းခံနေပေမယ့် တစ်ခါတစ်ခါ သူမနဲ့ ရန်ဖက်ဖြစ်လိုက်ချင်သည်။ သူမခေါင်းကို စိတ်ရှိလက်ရှိ ပိတ်ခေါက်ပစ်လိုက်ချင်သည်။

ခေးကို စကားလုံးကြီးကြီးတွေ သုံးပြီး ဆုံးမရင် သူမက ဟားမှာသေချာသည်။ ခေးနှင့် စကားနိုင်လုပြန်ရင်လည်း လုံးဝနိုင်မှာမဟုတ်ပါ ... ။





တီချယ် ထားကို အားနာ ရှိသေရတာရယ်၊ ခေး ဘဝကို စာနာမိတာရယ်ကြောင့်သာ သူ ဒီလောက် သည်းခံပြီး ဦးနှောက်စားပေးနေရတာပင်။

စူပုပ်ပုပ် မျက်နှာထားဖြင့် တစ်ဖက်သို့ လှည့်သွားသော ခေးကတော့ ဆရာ့ကို ကျောခိုင်းမိသည်နှင့် ပြောင်စပ်စပ် ပြုံးစိစိဖြစ်သွားကာ ငြိမ်ပေ၍ ထိုင်နေသည်။

ဒီတောင်းဆိုမှုကို ဆရာ လက်ခံဖို့အရေးကြီးသည်။ ဒါမှသာ ဆရာ အလုပ်ထွက်အောင် ခေး ဆက်လက်ကြံစည်နိုင်မှာမို့ပင်။

စွမ်းရည်ကတော့ ခေး အကြံကို မသိရှာဘဲ ခါးထောက်ရပ်လျက် ခေးကို ကြည့်နေရာမှ လက်တစ်ဖက်ကို မြှောက်၍ သူမခေါင်းကို ခေါက်ဟန်ပြုလိုက်ပြီးမှ လက်ကိုပြန် ရုတ်ကာ ...

"ကဲ ... ကဲ ... ယူလာပေးမယ်၊ ဒီဘက်လှည့်ပော့၊ စာသင် ရအောင်၊ မင်း ကတိအတိုင်း ကောင်းကောင်း စာသင် ခံပေတော့ ..."

"ဟုတ်ကဲ့ပါ ဆရာ ..."

ခေးက သူ့ဘက်သို့ ချာခနဲ ပြန်လှည့်လာသည်။

ခေး၏ ပြောင်းလဲမှုက အံ့ဩဖွယ်ကောင်းလေစွာတည်း။ စွမ်းရည်ဆီက သူလိုချင်သည့် ကတိရသည်နှင့် ငြိမ်ဝပ်စွာ စာသင်ယူလေသည်။

ဒီလိုပြောင်းလဲသွားမယ်ဆိုရင်တော့လည်း တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းတစ်ပွင့် ယူလာပေးရတော့ရော ဘာအရေးလဲ ...။ နေ့တိုင်း ပညာပြခဲ့နေရတာထက်စာရင် သူရော ကိုယ်ပါ အများကြီး အဆင်ပြေသည်ဟုပင် စွမ်းရည်က ခပ်ရိုးရိုးတွေးခဲ့သည်။

ဒီကိစ္စသေးသေးလေးဟာ သူ တန်ဖိုးထားရတဲ့ သူ့အရှက်နဲ့ ဂုဏ်သိက္ခာကို ပွန်းပဲ့နာကျင်စေလိမ့်မည်ဆိုတာကို တော့ သူ မတွေးခဲ့မိတာ အမှန်ပင်ဖြစ်သည်။

ထိုနေ့က စာသင်ချိန်ပြီးလို့ သူ စာကြည့်ခန်းထဲက ထွက်လာတော့ ခေးက အိမ်တံခါးဝထိ လိုက်ပို့ရင်း ...

"အနီရောင်လေးနော် ဆရာ ..."

ဟု လှမ်းမှာနေသေးတာမို့ သူ ပြုံးလိုက်ရသေးသည်။

ဘယ်လိုစိတ်ကူးမျိုးနဲ့များ ဒီလို တောင်းဆိုရသလဲ ဆိုတာ သူ မှန်းဆတွေးလို့တောင် မရခဲ့ပါ။

✦ ✦ ✦



✤ ✤ ✤

"ဟယ် ... နှင်းဆီပန်းလေးက လှလိုက်တာ ဆရာရယ်"

ခေး၏အသံကား ချွဲပစ်လွန်းလှပေစွတည်း။

စွမ်းရည် ယူလာသည့် နှင်းဆီပန်းတစ်ပွင့်ကို အပြေးကလေး လှမ်းလာယူပုံကိုက ပုံမှန်မဟုတ်။ အမူပိုကဲလွန်းသည်ဟု ထင်မိသည်။

စွမ်းရည်က ခေးကို မျက်မှောင်ကြုတ်၍ လှမ်းကြည့်အကဲခတ်နေမိသည်။ ကြည့်ဦး ... မျက်စိစုံမှိတ်၍ ပန်းကလေးကို နမ်းရှိုက်လိုက်ပုံကလည်း အိုဗာဖြစ်လွန်းသည်။ ပြီးတော့ ထိုပန်းကို ရင်ခွင်မှာ ခဏအပ်လိုက်သေးသည်။ ပြီးမှ သူမရှေ့က စားပွဲပေါ်မှာ ရွရွလေး ချထားလိုက်သည်။

"ခေး ... ဒီပန်းကို ဒီလို အလကားထားမယ့်အစား ပန်းအိုးထဲမှာပဲဖြစ်ဖြစ် ထိုးထားလိုက်ပါလား"

"အဟင်းဟင်း ... ဆရာနဲ့ ခေးနဲ့ စိတ်ကူးတူတယ်၊ ခေးလည်း ပန်းအိုးထိုးမလို့ပါပဲ ဆရာရယ်၊ ဒါပေမယ့် ဒီ အခန်းထဲမှာတော့ မဟုတ်ဘူး၊ ခေးအခန်းထဲမှာ ထိုးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေး ... မင်းအသံက တဆိတ် ချွဲပျစ်လွန်းမနေဘူးလား"

"အွန် ... ဆရာကလည်း ယဉ်ယဉ်ကျေးကျေး ပြောပြန်တော့လည်း တစ်မျိုး ..."

"ယဉ်ကျေးတာနဲ့ တမင် ချွဲပျစ် အမူပိုပြီး ပြောတာနဲ့ မတူဘူးဆိုတာတော့ ငါသိတယ် ခေး၊ မင်း ပြောပုံက တမင်လုပ်ပြောနေမှန်း သိသာတယ်၊ ဘာသဘောနဲ့ ဒီလို ပြောနေရတာလဲ ..."

"ဆရာက နှင်းဆီပန်းလေး ယူလာပေးတော့ ခေးလည်း အရမ်းပျော်ပြီး စိတ်တွေ အရမ်း နူးညံ့ပျော့ပျောင်းလာလို့ ဒီအသံမျိုး ဖြစ်သွားတာပါ ဆရာရယ်"

"အေး ... ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ စာသင်ခန်းထဲမှာတော့ ဒီလိုအသံမျိုး မပြောမိစေနဲ့ ..."

"အပြင်မှာ ဆိုရင်ကော ..."

"ခေး ... မင်း ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲလို့ ..."

"ကြည့် ... ပြောနေရင်းက ပိုဆိုးလာပြန်ပြီ"

ခေးသည် ဆရာ ဒေါသထွက်နေပုံကိုကြည့်ရင်း ရယ်ချင်လာမိသည်။ ဆရာ ဒေါသထွက်အောင် ခေးက စချင်နေမိသည်။

ဒီနေ့အဖို့ နှင်းဆီတစ်ပွင့် ရပြီမို့ ခေးက စာကို ကောင်းစွာသင်ယူပါသည်။

စွမ်းရည်ကလည်း နှင်းဆီတစ်ပွင့် ယူလာပေးရုံနှင့်





အပြောင်းအလဲကြီး ပြောင်းလဲသွားသော ခေးကြောင့် စိတ်သက်သာရာရသည်။ ခေးက အဝတ်အစား ဝတ်တာကအစ အင်္ကျီ လုံချည်ကိုပဲ သပ်သပ်ရပ်ရပ်လေး ဝတ်ထားခဲ့သည်။ မျက်နှာကလည်း အရင်လို ပြောင်တလင်းခါမနေ၊ ဆံပင်ကိုလည်း သေချာဖြီးထားခဲ့ပုံပင်။

စာသင်ရင်း တစ်နာရီလောက် ကြာလာတော့ ...

"ဆရာ ... ဆရာ့ကို ခေး ခွင့်တောင်းစရာလေး ရှိလို့"

"ပြော ..."

"ဟိုလေ ... ဆရာ့ကို ဆရာလို့ မခေါ်ဘဲ ကိုစွမ်းလို့ ခေါ်ရင် ဖြစ်မလားလို့ ..."

"မဖြစ်ဘူး ..."

"ဆရာက တော်တော် ဆရာ အခေါ်ခံချင်တယ်ပေါ့လေ"

"ဆရာ အခေါ်ခံချင်လို့ မဟုတ်ဘူး၊ ကိုစွမ်းလို့ခေါ်တာ မကြိုက်လို့ ..."

"ကိုစွမ်းလို့ခေါ်တာ ဘာများ ထူးဆန်းလို့လဲ၊ ဥပမာ ကျော်ဟိန်းကို ကိုကျော်လို့ တစ်လုံးတည်း အဖျားဆွတ် ခေါ်ကြတာမျိုးတွေ ရှိတာပဲ၊ အရပ်ထဲမှာလည်း ကိုခင်မောင်ဇော်ဆိုရင် မောင်ဇော်တို့ ကိုဇော်တို့ ဦးဇော်တို့ အရွယ်သုံးပါးက ဒီလိုပဲ အဆင်ပြေလွယ်ကူသလို ခေါ်နေကြတာပဲဟာ၊ ပြီးတော့ ဆရာက ကျောင်းဆရာ အစစ်ကြီးလည်း မဟုတ်ဘူး၊ အသက်ကလည်း ခေးနဲ့ သိပ်မကွာဘူး၊ အဲ့ဒါကြောင့် ခေးက ကိုစွမ်းလို့ပဲ ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ချင်တယ်”

အင်း … ဖွတ်ပေပြီးငြင်းပြန်ရင်လည်း တော်တော်ဆရာအခေါ်ခံချင်တဲ့ သူလို့ အထင်ခံရပေဦးမည်။

စွမ်းရည်သည် ဒီလိုကိစ္စသေးသေးလေးလောက်နှင့်ကလေးကလား အငြင်းမပွားချင်တော့တာပဲ …

“ကဲ … ကဲ … ခေါ်ချင်သလိုသာ ခေါ်တော့နော် … ဟုတ်ပြီလား”

ဟု ခပ်ငေါ့ငေါ့ပြောတော့ ခေးက ပြုံးလိုက်ရင်း …

“ဟုတ်ကဲ့ ကိုစွမ်း …၊ ခုန ပုဏ္ဏာလေး နောက်တစ်ခေါက်လောက် ရှင်းပြပေးပါဦး၊ ခေး သိပ်နားမလည်သေးလို့”

ဟု လိမ်လိမ်မာမာ ရိုရိုသေသေလေး ပြောလိုက်လေရာ စွမ်းရည်က တစ်ဖက်လှည့်၍ ပို့က်ဘုတ်ပေါ်မှာ စာရေးရင်း ပြုံးလိုက်မိလေသည်။

✦ ✦ ✦



✤ ✤ ✤

“မမ … မမ … ဘွားလေး လာနေပြီ”

“အိုကေ … အိုကေ …”

ခေး အခန်းရှေ့မှာ တံမြက်စည်းလှည်းချင်ယောင်ဆောင်နေသော အိကျော့က ခေးကို သတင်းလှမ်းပေးလိုက်သည်နှင့် ခေးက ခုတင်ဘေး စားပွဲပုလေးပေါ်မှာ အသင့်တင်ထားသည့် နှင်းဆီပန်းလေးကို ကောက်ကိုင်ကာ အသင့်ပြင်ထားလိုက်သည်။ အခန်းတံခါးကိုတော့ ခပ်ဟဟလေး ဖွင့်ထားပေးပါသည်။

ဘွားလေး ခေးအခန်းဝနားကို ရောက်တဲ့အခါ ခေးက ကိုစွမ်း ပေးခဲ့သည့် နှင်းဆီပန်းကလေးကို နမ်းရှိုက်ရင်း feel တက်နေဟန် လုပ်ပြရမှာပင် …။ ဒီလို လုပ်ပြနိုင်ဖို့အတွက် မိကျော့ကို မုန့်ဖိုးပေး၍စည်းရုံးကာ ဘွားလေးလာရင် အကြောင်းကြားပေးဖို့ ပြောထားခဲ့ရခြင်း ဖြစ်ပါသည်။

ခေး တွက်ဆထားသလိုပင် ဘွားလေး ဒေါ်တင်အိသည် ဒီနေ့အဖို့ အခန်းထဲက မထွက်ဘဲ ငြိမ်ချက်သားကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ခေးကို စပ်စုစုံစမ်းဖို့ ခေး အခန်းရှိရာ အပေါ်ထပ်သို့ ဖြည်းဖြည်းချင်း တက်လာနေပါသည်။ အဘွားလေး အပေါ်ထပ် ရောက်တော့ တံမြက်လှည်းနေသော မိကျော့က ဘွားလေးကို ခေါင်းငုံ့ အရိုအသေပေးကာ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ဘွားလေးက ထုံးစံအတိုင်း အသံမပေးဘဲ ခေး အခန်းဘက်သို့ ခြေလှမ်းဖွဖွ လှမ်းလာခဲ့သည်။

အခန်းတံခါးက ခပ်ဟဟ ပွင့်နေသည်။

ဘွားလေးက တံခါးဝနားသို့ အသာကပ်သွားကာ အခန်းထဲသို့ ချောင်းကြည့်လိုက်မိပါသည်။

မြင်လိုက်ရသော မြင်ကွင်းက ထူးဆန်းနေတာမို့ မျက်မှန်ကို ချွတ်၊ ကိုယ့်မျက်စိကိုယ်ပြန်ပွတ်ပြီး ရှေ့နည်းနည်း တိုးကာ သေချာ ပြူးပြဲကြည့်ရသည်။

ရွှေထိပ်ထားက နှင်းဆီပန်းလေးတစ်ပွင့်ကို အသာ အယာ နမ်းမွှေးနေသည်။ ပြီးတော့ ... ထိုပန်းလေးကို ရင်ခွင်မှာ ကပ်ထားလိုက်ပြီး မျက်စိ စုံမှိတ်၍ ခပ်ပြုံးပြုံး ငြိမ်သက်နေသည်။

ဒါ ... ဘာသဘောနည်း။

ရည်းစား ရနေပြီဆိုသည့် သဘောပေလား ...။

ဒီပုံကိုကြည့်ရုံနှင့် တစ်စုံတစ်ယောက်ကို စိတ်ကူးယဉ်ကာ ဖီးလ်တွေတက်နေမှန်း သိသာတာပဲဟု ဘွားလေးက တွေးရင်း ရင်ထိတ်သွားမိပါသည်။





ခေးကို ဒီလိုပုံစံမျိုး တစ်ခါမှ မမြင်ဖူးခဲ့တာတော့ အမှန်ပင်။ ကပျစ်ကညစ် နေတတ်သော ခေးကို အမြဲဆူပူနေခဲ့ရပေမယ့် ရည်းစားသန်းကိစ္စကိုတော့ စိတ်မပူခဲ့ရဖူးပါ။ နိုင်းဆိုတဲ့ ကောင်လေးနဲ့ ခင်မင်နေတာကို သိပေမယ့်လည်း အဲ့ဒီကောင်လေးပုံစံက ခေးနဲ့ တခြားစီမို့ ခေးကိုကြိုက်မှာမဟုတ်ပါဘူးဟု ယုံထားခဲ့သည်။ ခေးကလည်း ရည်းစားသန်းကိစ္စကို စိတ်မဝင်စားဘူးဟုသာ ထင်ခဲ့သည်။

ခုတွေ့ရသည့် ပုံစံကတော့ အံ့ဖွယ်တစ်ပါးပေမို့ ဘွားလေး ဒေါ်တင်အိကဲ့ ဒီအတိုင်း ငြိမ်မနေနိုင်တော့ဘဲ အခန်း တံခါးကို တွန်းဖွင့်လိုက်ရင်း ...

"မရွှေထိပ်ထား ... ညည်း ဒါ ဘာဖြစ်နေတာတုန်း ..."

"ဟင် ... ဘွားလေး"

ခေးက အကယ်ဒမီရွှေဖြင့် လန့်ဖျပ်ပြကာ ပန်းကို ဖျတ်ခနဲ နောက်သို့ဝှက်လိုက်ရင်း ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ...

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး ဘွားရဲ့ ..."

"ဖွက်မနေနဲ့၊ ငါမြင်ပြီးသား၊ ညည်း ပန်းတစ်ပွင့်နဲ့ ဖီးလ်တက်နေတာကို ..."

"ဘွားလေးကလည်း ပန်းလေးက မွှေးလို့ နမ်းကြည့်နေတာပဲဟာ၊ ဘာဖြစ်လို့လဲ ..."

"အဲ့ဒါ ဘယ်သူပေးတဲ့ ပန်းလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ပေးရမှာလဲ၊ ခေး ဘာသာ လှလို့ ဝယ်လာတာ"

"ကဲ ... ဒါဆိုလည်း အဲ့ဒီပန်း ငါ့ကိုပေး၊ ငါ ချည့်ခန်းထဲက ပန်းအိုးမှာ ဖြည့်ထိုးလိုက်မယ်"

"ဟင် ... မလုပ်ပါနဲ့"

"ပေးဆို ပေးအေ ...၊ အဲ့ဒါထက် လှတဲ့ ပန်း ၁၀ ပွင့် ထပ်ဝယ်ပေးမယ်"

"ဟင့်အင်း ... ခေး ဒီပန်းပဲ ကြိုက်တယ်"

"အေး ... အဲ့ဒါပဲ၊ အဲ့ဒါ မူမမှန်တာပဲ ရွှေထိပ်ထားရဲ့၊ ညည်းကြည့်ရတာ ဒီ တစ်ရက် နှစ်ရက်အတွင်း ကစ်မျိုးဖြစ်လာတယ်၊ အမြဲ ဆူညံပူညံ လုပ်နေတတ်တဲ့သူက အသံကိုတိတ်လို့ ...၊ ဝတ်တာ စားတာကအစ သိပ်သပ်ရပ်နေတယ်၊ ညည်းမှာ ရည်းစားတွေ ဘာတွေ ရနေပြီလား ... မှန်မှန်ပြော"

"မရပါဘူး ..."

"ဒီနှင်းဆီပန်းက ညည်းကောင်လေး ပေးထားတာမဟုတ်လား"

"မဟုတ်ရပါဘူး ဘွားလေးရယ်၊ ကိုစွမ်း ပေးတာပါ"

"ကိုစွမ်း ! ဘယ်သူလဲ ကိုစွမ်းဆိုတာ ..."

"ဆရာ့ကို ပြောတာ ..."

ဘွားလေးက အံ့အားသင့် ရင်ထိတ်သွားကာ ...





"ဘုရားရေ ... ညည်းက မောင်စွမ်းရည်ကို ကိုစွမ်းလို့ ခေါ်တယ်၊ မောင်စွမ်းရည်က ညည်းကို နှင်းဆီပန်း လက်ဆောင်ပေးတယ်၊ ဟုတ်လား ... ရွှေထိပ်ထား"

"ဟုတ်တယ်လေ၊ ကိုစွမ်းက ပြောတယ်၊ သူနဲ့ ခေးနဲ့က အသက်ချင်း သိပ်မကွာဘူးတဲ့၊ သူက ကျောင်းဆရာအစစ်ကြီးလည်း မဟုတ်ဘူးတဲ့၊ ကျောင်းသားပဲ ရှိသေးတာတဲ့၊ အဲ့ဒါကြောင့် ကိုစွမ်းပဲခေါ်ဆိုလို့ ခေးလည်း သူခေါ်ခိုင်းသလိုပဲ ခေါ်လိုက်တာ ..."

ဘွားလေးက ခေးကိုအကဲခတ်ရင်း တွေဝေသွားရသည်။ မောင်စွမ်းရည်က ဒီလိုပဲ ပြောသလား ...။ အင်း ... ခုခေတ်လူငယ်တွေများ ...။

"နှင်းဆီပန်းကရော ..."

"ကိုစွမ်း တစ်နေ့ တစ်ပွင့် ယူလာပေးနေလို့ ခေး ယူထားလိုက်ရတာ ..."

"ညည်း ယူလာခိုင်းတာ မဟုတ်ဘူးလား"

"ဘွားလေးကလည်း ခေးက သူ့ကို အဲ့လိုသွားခိုင်းရဲ့ပါ့မလား၊ ခေး အဲ့လိုပြောရင် သူက ခေးကို တစ်မျိုးထင်သွားမှာပေါ့"

"သူကရော ဘာသဘောနဲ့ တစ်နေ့ နှင်းဆီတစ်ပွင့် ယူလာရတာလဲ ..."

"ဒါတော့ ခေးလည်း ဘယ်သိပါ့မလဲ၊ ပြော် ... သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာ တစ်ခုတော့ရှိတယ်၊ ခေး စာမေးပွဲ ဖြေပြီးတော့မှပဲ ပန်းပေးရတဲ့အကြောင်းကို ခေးကို ပြောပြမယ်တဲ့ ...”

ခေးက မျက်နှာသေကလေးဖြင့် အပြောကောင်းတာမို့ ဘွားလေး ဒေါ်တင်အိခများမှာ သံသယအလုံးကြီးကို ရင်ဝယ်ပိုက်မိသွားရပါသည်။

ခေးဟာ ဆိုးမယ့်သာ ဆိုးပေမယ့် ဒီလိုကိစ္စမျိုးတွေမှာ အတွေ့အကြုံ ရှိလှတာမဟုတ်ပါ။ ဟိုက ဆေးကျောင်းသား၊ ရုပ်ကလေးကလည်း သနားကမားဆိုတော့ မိန်းကလေးတွေကလည်း ကြိုက်ကြမှာပင်။ ဘယ်ယောက်ျားမဆို ကိုယ့်နားမှာ မိန်းကလေးတွေ ဝိုင်းနေရင် စိမ်းစိမ်းကားကား ငြင်းနိုင်ဖို့ အခက်သားကလား။ တစ်ချိန်မဟုတ် တစ်ချိန်တော့ ငြိတာ ချိပ်တာလေးတွေ ရှိခဲ့မှာပင်။ ဒီလို အတွေ့အကြုံရှိတဲ့ ယောက်ျားတစ်ယောက်က ခေးလို မနူးမနပ် အရိုင်းအစိုင်းကလေးကို ဆွဲဆောင်ဖို့ အင်မတန် လွယ်ကူမှာသေချာသည်။

ခေးဟာ သူ့အမေကို အရွဲ့တိုက်ချင်လို့သာ ပညာတတ် မဖြစ်ချင်ကြောင်း၊ ယောက်ျားကိုသာမှီခိုစားမယ့်အကြောင်းတွေ ပြောနေပေမယ့် အဲ့ဒီအချစ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စတွေကို သိပ်စိတ်ဝင်စားတာ မဟုတ်ပါ။ တကယ်ပဲ အိမ်ထောင်ပြုကာ ယောက်ျားကို မှီခိုချင်သည့်တိုင် စွမ်းရည်လို နွမ်းနွမ်းပါးပါး ယောက်ျားမျိုးကိုတော့ မှီခိုဖို့ ရွေးချယ်မှာမဟုတ်ပါ။





တင်ထားကိုက မှားတာပါ။ ဒီအရွယ်နဲ့ ဒီအရွယ်ကို စာသင်ခိုင်းစရာလား ...။ ခုတော့ သူတို့နှစ်ယောက် ငြိများငြိနေကြပြီလား။

ဘွားလေး ဒေါ်တင်အိမှာ မြေးစိတ်မွှန်ကာ သွေးပူနေတာမို့ တွေးရင်းတွေးရင်း စွမ်းရည်အပေါ်ကိုပဲ အပြစ်ပုံချမိနေပါသည်။

ခေးအခန်းက ပြန်ထွက်လာတော့လည်း ဘွားလေးမှာ နေမရ ထိုင်မရ ...။ ဦးနှောက်ခြောက်အောင် စဉ်းစားနေမိသည်။

ခုတလော စွမ်းရည် ရောက်လာချိန်များမှာ ဘွားလေးက အိမ်ရှေ့မှာ ရှိမနေတာမို့ စွမ်းရည် ပန်းယူလာ မယူလာကိုလည်း မသိခဲ့ရပါ။

“မိကျော့ရေ ... မိကျော့ ...”

“ရှင် ... ဘွားလေး”

“လာစမ်း ...၊ မြန်မြန်လာ ...”

မိကျော့က ထမင်းစားခန်းဘက်မှ အပြေးထွက်လာသည်။

“မနေ့က ဟိုဆရာလာတော့ ညည်း တံခါးဖွင့်ပေးတာလား”

“ဟုတ်ကဲ့ ...”

“သူ့လက်ထဲမှာ ဘာပါလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"သူ့လက်ထဲမှာ ဘာပါလဲလို့ ..."

"ဟို ... အိတ် ..."

"ပြီးတော့ရော ..."

"ဟို ... ပန်း ..."

"ပန်း၊ ဘာပန်းလဲ ..."

"နှင်းဆီပန်း တစ်ပွင့် ပါပါတယ် ဘွားလေး ..."

အင်း ... သေချာပါပြီ။ ခေး ညာတာတော့မဟုတ်။

ဒေါ်တင်အိမှာ ဒီကိစ္စကို တင်ထားကိုတော့ ပြောမပြချင်သေး။ တင်ထားက သူ့တပည့်ကို ယုံလွန်းသူဟု ထင်လို့ပင်။ ကိုယ့်ဘက်ကသေချာပြီဆိုမှပဲ ပြောတော့မည်ဟု စိတ်ကူးကာ ခေးကိုပဲ အကဲခတ်နေဖို့ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ နေ့လယ်လောက်မှာ ခေးအခန်းကို ဒေါ်တင်အိ တက်ချောင်းတော့ အခန်းထဲမှာ ခေး ဖုန်းပြောနေသံ သဲ့သဲ့ ကြားရသည်။ ဘွားလေး ဒေါ်တင်အိက တံခါးမှာ နားကပ်ကာ အသေအချာ နားထောင်မိတော့ ...

"နှင်းဆီပန်း ယူမလာပါနဲ့တော့ ကိုစွမ်း၊ စာမေးပွဲပြီးရင် ပြောမယ်ဆိုတဲ့ စကားကိုလည်း ခေး မကြားချင်တော့ဘူး"

ခေးရဲ့အသံ ခပ်ပြတ်ပြတ်ကြောင့် ဘွားလေးက ခေးအပြောကို သဘောကျသွားသည်။ ကြည့်ရတာ တစ်ဖက်က





ဖွတ်တိုးနေပုံပါပဲဟု ယုံကြည်သွားကာ ဟိုတစ်ဖက်ကိုသာ အပြစ်လုံးလုံး ပုံချလိုက်မိလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

နောက်တစ်နေ့ညနေ စာသင်ချိန်နီးလျှင် ဘွားလေးဒေါ်တင်အိသည် အိမ်တံခါးဝအနီးက ထိုင်ခုံတစ်ခုံမှာ ထိုင်လျက် စွမ်းရည်အလာကို စောင့်နေလိုက်ပါသည်။

စွမ်းရည်ကလည်း ကိုယ့်ကြမ္မာ ကိုယ် ကြိုမသိနိုင်သူမို့ အချိန်တန်တော့ ကျောပိုးအိတ်လေးကို လွယ်ကာ နှင်းဆီပန်းလေး တစ်ပွင့်ကို ကိုင်လျက် အိမ်တံခါးဝသို့ ရောက်လာပါသည်။

"ဩော် ... မောင်စွမ်းရည် လာပလား"

"ဟုတ်ကဲ့ ... ဘွားလေး"

"မင့်လက်ထဲက ပန်းက ဘယ်သူ့ဖို့တုန်းကွယ့် ..."

"ဟို ... အဲ့ဒါက ..."

စွမ်းရည်က ပြောရမှာ ခပ်ရှက်ရှက်ဖြစ်သွားသော်လည်း ရိုးရိုးသားသား အမှန်အတိုင်းပဲ ပြောဖို့ စိတ်ကူးကာ ...

"ခေးဖို့ပါ ဘွားလေး ..."

"ဩော် ... ဩော်"





စွမ်းရည်က အမှန်ကိုပြောသော်လည်း ဘွားလေးက 'မင်း ... တယ် ဖြောင်ကျသကွယ်' ဟုသာ တွေးပါသည်။

စာကြည့်ခန်းဘက်သို့ စွမ်းရည် လျှောက်သွားတော့ ဘွားလေးက အိမ်ဖုန်းထားသည့် ဧည့်ခန်းတစ်ဆစ်ချိုး အကွယ်လေးသို့ လျှောက်သွားပြီး တင်ထားဆီ ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ..."

"တင်ထား ... ဒေါ်လေးပါ"

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်လေး"

"အိမ်မှာ အရေးတကြီး ကိစ္စရှိလို့ ညည်း အခု ပြန်လာလို့ ဖြစ်မလား"

"ကိစ္စကို ပြောပါဦး ဒေါ်လေး ..."

"ကိစ္စကတော့ ညည်း အာမခံထားတဲ့ ညည်း တပည့် စွမ်းရည်ကိစ္စပဲ"

"စွမ်းရည် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ညည်း သမီးကို ဖြားယောင်းသွေးဆောင်နေတယ်လေ"

"ဒေါ်လေး ... တစ်ခုခုတော့ မှားနေပြီထင်တယ်၊ စွမ်းရည်က ဒီလို စာရိတ္တရှိတဲ့ ကလေးမျိုးတော့ မဟုတ်ဘူး"

"ဒေါ်လေး မမှားဘူး တင်ထား၊ ဒေါ်လေးလည်း သေချာစုံစမ်း အကဲခတ်ပြီးမှ ညည်းကိုပြောတာပါ၊ မသေချာဘဲလည်း မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကိစ္စမျိုးတွေ ရှိခဲ့လို့ ဖျားယောင်းတယ်လို့ ယူဆလိုက်တာလဲ ဒေါ်လေးရယ်၊ ထားကို သေချာပြောပြပါဦး"

"ဒင်းက ညည်းသမီးအတွက် တစ်နေ့ နှင်းဆီတစ်ပွင့် ယူလာပေးတယ်လေ၊ ပြီးတော့ စာမေးပွဲပြီးရင် ပန်းယူလာပေးရတဲ့ အဓိပ္ပာယ်ကို ပြောဦးမယ်ဆိုပဲ ..."

"သေချာလို့လား ဒေါ်လေး ...၊ စကားကို လုပ်ကြံလီဆယ်ပြီး ပြောတတ်တဲ့ ခေး အကြောင်းကိုလည်း ဒေါ်လေး သိသားပဲမဟုတ်လား၊ သူ စာမသင်ချင်လို့ တမင် ချောက်တွန်းတာရော မဖြစ်နိုင်ဘူးလား"

"ဒီကိစ္စကတော့ ညည်းသမီး ညာတာမဖြစ်နိုင်ပါဘူး၊ စွမ်းရည် ပန်းယူလာတာကို ဒေါ်လေး မျက်စိနဲ့ တပ်အပ်မြင်တယ်၊ အိမ်က မိကျော့လည်း မြင်တယ်၊ ပြီးတော့ ခေး စွမ်းရည်နဲ့ ဖုန်းပြောနေတာကိုလည်း ဒေါ်လေး ကြားတယ်၊ ခေါ်တာကိုက ကိုစွမ်းတဲ့အေ့ ..."

"ကဲ ... ကဲ ... ဒေါ်လေး အလျင်စလိုတော့ ဘာမှမလုပ်ပါနဲ့ဦး၊ တင်ထား ခုပဲ ပြန်လာခဲ့ပါ့မယ်၊ ပြီးမှပဲ ဆေးခန်းဆက်သွားတော့မယ်၊ တင်ထား မလာခင် စကားကိုလည်း လွန်လွန်ကျူးကျူး ပြောမထားလိုက်ပါနဲ့နော်၊ စွမ်းရည်မှာ အပြစ်မရှိဘဲ ပြောမိရင် သူ အရှမ်းရှက်သွားလိမ့်မယ်၊ တင်ထား ရောက်မှပဲ အားလုံး မျက်နှာစုံညီ စကားပြောလိုက်ကြရအောင်ပါ"





"ပြီးရော ... ပြီးရော ... ညည်းသာ မြန်မြန် ပြန်လာခဲ့၊ ဒေါ်လေးတော့ ဒေါသဖြစ်လွန်းလို့ ထူပူနေပြီ ..."

ဘွားလေး ဒေါ်တင်အိက ဖုန်းချလိုက်ပြီးနောက် ကိုယ့်ရင်ဘတ်လေးကို ကိုယ်မိကာ ဧည့်ခန်းဘက်သို့ ပြန်လျှောက်လာခဲ့ပြီး တင်ထား ပြန်အလာကို စိတ်လှုပ်ရှား ထူပူစွာဖြင့် ထိုင်စောင့်နေလိုက်ပါသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

စာသင်ချိန် ပြီးပြီဖြစ်၍ စာကြည့်ခန်းထဲက ထွက်လာခဲ့သော စွမ်းရည်သည် ဧည့်ခန်းမှာ ထိုင်နေကြသည့် တီချယ်ထားနှင့် ဘွားလေးကို လှမ်းအတွေ့မှာ 'ထူးဆန်းတယ်' ဟု ထင်လိုက်သည်။ သေချာကြည့်မိတော့ ဘွားလေး မျက်နှာထားက တင်းမာနေသည်။ တီချယ်ထားကတော့ မတင်းမာပေမယ့် စိတ်ရှုပ်ထွေးနေဟန် ရှိသည်။

ပုံမှန်အတိုင်းဆိုရင်တော့ ဒီအချိန်ဟာ တီချယ်ထား အိမ်မှာရှိတတ်သည့်အချိန် မဟုတ်ပါ။ စာသင်ချိန်ပြီးသည့် ည ၇ နာရီဆိုတာ တီချယ်ထား ဆေးခန်းထိုင်နေသည့်အချိန်ဟု စွမ်းရည် သိထားပါသည်။ ခုတော့ ခေးနဲ့ ပတ်သက်ပြီးတော့ပဲ စွမ်းရည်ကို ပြောစရာတစ်ခုခုရှိလို့ ထိုင်စောင့်နေတာလား။

စွမ်းရည် ဧည့်ခန်းဘက်သို့ လျှောက်လာတော့ တီချယ်ထားက စွမ်းရည်ကို လှမ်းကြည့်သည်။ စွမ်းရည်က တီချယ့်ကို ပြုံးပြပြီး ခါးညွှတ်ကာ အရိုအသေပေး၍ နှုတ်ဆက်လိုက်ရင်း ...





"တီချယ် ... ဒီနေ့ ဆေးခန်းမထိုင်ဘူးလား ခင်ဗျ"

"ဆေးခန်း တစ်ခုကနေ တစ်ခု မကူးခင် အိမ်ခဏပြန်လာတာပါကွယ်၊ လာ ... စွမ်းရည် ထိုင်ဦး၊ တီချယ်မင်းနဲ့ စကားပြောစရာလေး ရှိလို့ ..."

သူ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်သည်။ ဘွားလေးကို ကြည့်မိတော့ ဘွားလေးက မျက်နှာထားတင်းတင်းဖြင့် တစ်ဖက်သို့ လှည့်နေသည်။ သူ့စိတ်ထဲမှာ မူမမှန်သည့် အန္တရာယ်အငွေ့အသက် တစ်ခုခုရသလို ခံစားလိုက်ရသည်။

"ခေးရေ ... သမီး ... လာ ... သမီးလည်း ထိုင်ဦး"

တီချယ်ထားက စွမ်းရည်ရဲ့ နောက်ကျောဘက်သို့ လှမ်းကြည့်ရင်း ခေးကိုပါ ခေါ်လိုက်သည်။ စွမ်းရည်နောက်မှ လိုက်ထွက်လာပုံရသော ခေးက ဧည့်ခန်းထဲမှာ ဝင်ထိုင်လိုက်သည်။

ခေးသည် လူကြီးတွေရဲ့ မျက်နှာကိုကြည့်ရင်း ဘာများဖြစ်တော့မလဲဟု ရင်ထိတ်ခုန်လာသည်။ ခေးရဲ့ ကြံစည်မှုဟာ မြန်မြန်ဆန်ဆန်ပဲ အထမြောက် အောင်မြင်သွားတော့မှာလား၊ ဒါမှမဟုတ် ခေးရဲ့အကြံကို ရိပ်မိသွားကြလို့လား။ ကိုစွမ်းမျက်နှာကို ကြည့်မိတော့ ကိုစွမ်းက ဘာမှသိထားပုံမပေါ်ဘဲ လူကြီးတွေ ဘာပြောမလဲသာ သိချင်နေသည့်ပုံပင်။

ဒေါက်တာ တင်ထားမေကတော့ တည်ငြိမ်လေးနက်သော မျက်နှာဖြင့် စွမ်းရည်ကို ကြည့်ရင်း ...

"စွမ်းရည် ... တီချယ့်စိတ်ထဲမှာ မရှင်းတာလေးတွေရှိလို့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို မေးချင်တယ်၊ တီချယ့် မေးခွန်းတွေက မင်းရဲ့ ဂုဏ်သိက္ခာကို ထိပါးသလိုဖြစ်ခဲ့ရင် တီချယ့်ကို ခွင့်လွှတ်နားလည်ပေးပါလို့ ကြိုတောင်းပန်ထားချင်တယ်"

"အို ... ညည်းက ဆရာပဲ တင်ထားရယ်၊ ကိုယ့်တပည့်လက်သားကို ဒီလို အောက်ကျို့တောင်းပန်ဖို့ မလိုပါဘူး"

ဘွားလေးက ဝင်ပြောတာမို့ တီချယ်က ဘွားလေးကို ကြည့်ရင်း ...

"ဒါ အောက်ကျို့တာမဟုတ်ဘူး ဒေါ်လေး၊ တစ်ဖက်သားအပေါ် လေးစားတာပါ၊ အသက်ကြီးကြီး ငယ်ငယ် အပြန်အလှန် လေးစားမှုဆိုတာ ရှိရမှာပဲ ..."

"တီချယ်ထား မေးချင်တာသာ မေးပါခင်ဗျာ၊ ကျွန်တော့်ကို အားနာစရာမလိုပါဘူး၊ ကျွန်တော် အမှန်အတိုင်း ဖြေပေးပါ့မယ်"

"တီချယ်လည်း မတတ်သာလို့သာ မေးရမှာပါ၊ တီချယ့်သဘောထားက ပြဿနာတစ်ခုရှိလာရင် လိတ်ခဲတည်းလည်း ကျိတ်မြိုပြီး သံသယတွေ ဝင်မနေချင်ဘူး၊ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင်လည်း မဟုတ်ဘူး ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သိချင်တယ်"

"ကဲ ... မေးစရာရှိတာသာ မေးလိုက်စမ်းပါအေ၊ အစပျိုးနေတာနဲ့ပဲ မပြီးတော့ဘူး၊ ငါ စောင့်နားထောင်ရတာ စိတ်တောင်မရှည်တော့ဘူး"

တီချယ်ထားက သက်ပြင်းချရင်း ...





"မင်း ... ခေးအတွက် တစ်နေ့ကို နှင်းဆီတစ်ပွင့် ယူလာတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် တီချယ် ..."

"ဘာရည်ရွယ်ချက်နဲ့ ယူလာပေးတာလဲ ...၊ ဘာဖြစ်လို့ အဲ့ဒီလို ယူလာပေးရတာလဲ"

တီချယ်ထား မေးခွန်းက စွမ်းရည်ကို အဖြေရကြပ်စေပါသည်။ ခေးက ယူလာခိုင်းလို့လို့ အမှန်အတိုင်း ပြောလိုက်ရင် ခေးကို ထိခိုက်စေမလား ...။ 'ပန်းယူလာပေးမှ စာသင်မယ်' ဆိုတဲ့ ခေးရဲ့ တောင်းဆိုမှုကို တီချယ်ထားနဲ့ ဘွားလေး သိသွားရင် ခေးများ ရှက်သွားလေမလား။ တီချယ်ထားနဲ့ ဘွားလေးက ခေးကို ဆူကြ ပူကြလေမလား ... စသဖြင့် အတွေးမျိုးစုံတွေးရင်း အဖြေပေးဖို့ ဝန်လေး နှုတ်ဆွံ့နေမိသည်။ ခုလောလောဆယ်မှာ ခေးက လိမ်လိမ်မာမာ စာသင်နေတာမို့ ဒီအခြေအနေလေးကို ပျက်ပြားမသွားစေချင်။ သူ အမှန်အတိုင်း ပြောလိုက်လို့ ခေးက သူ့ကို စိတ်ကွက်ကာ အရင်လိုပဲ အမျိုးမျိုး ပညာပြနေဦးမယ်ဆိုရင် စွမ်းရည်ရဲ့ သင်ကြားမှုတွေအားလုံး အလဟဿ ဖြစ်ရလိမ့်ဦးမည်။

စွမ်းရည်က ထိုသို့ အကြပ်ရိုက်နေချိန်တွင် ခေးသည်လည်း ရင်တွေ ဆောင့်ခုန်ကာ ထူပူ စိတ်လှုပ်ရှားလျက် ရှိပါသည်။

မာမီ ခုလိုမျိုး မျက်နှာစုံညီရှေ့မှာ ပြောင်ဖွင့်မေးလိမ့်မည်ဟု ခေး မထင်ခဲ့မိပါ။ ခေး ဒီလိုတွေလုပ်ရင် မာမီ



www.burmeseclassic.com

www.burmeseclassic.com



ဘွားလေးက စွမ်းရည်ကို အထင်မှားပြီး အလုပ်ထုတ်လိုက်မှာပဲ၊ အဲ့ဒီလိုဆို ခေး စာမသင်ရတော့ဘူးဟုသာ ပေါ့တိမ်တိမ်လေး တွေးခဲ့မိတာပင် ...။

"စွမ်းရည် ... တီချယ်မေးနေတယ်လေ ..."

ဒေါက်တာ တင်ထားမေ၏ အသံက အနည်းငယ် မာဆတ်လာသည်။

စွမ်းရည်သည် ခေး ကြိုက်သလိုပဲ ဖြေပါစေတော့ ဟု ဆုံးဖြတ်လိုက်ရင်း ...

"အဲ့ဒါတော့ ... ခေးကိုပဲ မေးကြည့်လိုက်ပါ တီချယ်"

စွည်းရည် အပြောကြောင့် ခေး၏ ခန္ဓာကိုယ်လေး က ဆတ်ခနဲ ဖြစ်သွားသည်။ မာမိနဲ့ ဘွားလေးရဲ့ အကြည့်တွေ က ခေးထံသို့ စူးစိုက်ရောက်ရှိလာသည်။

"ကဲ ... ခေး သမီးကြားတဲ့အတိုင်းပဲ၊ မာမီ့ကို အမှန် အတိုင်း ဖြေပေးပါ"

"ဟို ... ဟိုလေ ... အဲ့ဒါက ..."

ခေးသည် ခေါင်းကုပ်သလို နားထင်ကုပ်သလို အီလည်လည်ပုံစံလေး ဖြစ်သွားပြီးမှ ...

"အဲ့ဒါ ... ကိုစွမ်းက ပန်းလေးလှလို့ ခေးဖို့ယူလာတာ ဆိုလို့ ခေးလည်း ယူလိုက်တာ ..."

ခေး အဖြေကြောင့် စွမ်းရည် ခန္ဓာကိုယ်တစ်ခုလုံး ဖျင်းခနဲဖြစ်သွားသလိုပင် ...။ ခေး ဘာ့ကြောင့် ညာတာလဲ။ ခေးအဖြေက သူ့ကိုအရှက်ရစေသည်။ သို့သော် ... သူက ခေး





စကားကို ဆန့်ကျင် ကန့်ကွက်ခြင်း မလုပ်ခဲ့ပါ။ အမှန်အတိုင်း အဖြေပေးဖို့ ခေးရှက်လို့၊ ဒါမှမဟုတ် လူကြီးတွေဆူမှာ ကြောက် လို့ သူ့အပြစ်မဖြစ်ရအောင် ဖြေမိဖြေရာ လိုးလွှဲဖြေလိုက်တာပဲ လေဟု ယူဆကာ ခွင့်လွှတ်ပေးလိုက်သည်။

ဘွားလေးက ဒေါက်တာတင်ထားမေကို 'ကဲ ... ငါမပြောဘူးလား' ဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက် သည်။

တီချယ်ထားက စွမ်းရည်ကို စိုက်ကြည့်ရင်း ...

"သမီးပြောတာ ဟုတ်သလား စွမ်းရည်"

သူက မဖြေပေ ...။ အံတင်းတင်းကြိတ်လျက် ရှက်စိတ်ကို ထိန်းချုပ်ရင်း ခေါင်းငုံ့ငြိမ်သက်နေမိသည်။

တီချယ်ထားက ခေါင်းတစ်ချက် ဆတ်လိုက်ရင်း

"ကောင်းပြီ၊ မင်း မဖြေချင်လည်း မဖြေပါနဲ့ ...၊ ဒီ မေးခွန်းကို ဒီအချိန်မှာ ဖြေဖို့ မင်းမှာ အခက်အခဲတစ်ခုခု ရှိနေလို့ပဲလို့ တီချယ် ယူဆလိုက်တော့မယ်"

တီချယ်ထားအသံက ပိုပြီး အေးစက်လာသည်။

မျက်နှာတစ်ခုလုံး တစ်စတစ်စနီရဲလာကာ အံတင်း တင်းကြိတ်၍ ခေါင်းငုံ့ငြိမ်သက်နေသော သူ့ကိုကြည့်ရင်း ခေး ငိုချင်လာသည်။ ခေး မှားသွားပြီထင်ပါရဲ့ ကိုစွမ်းရယ်။

"နောက်တစ်ခု မေးမယ် စွမ်းရည် ...၊ အဲ့ဒီ ပန်း ယူလာ ရခြင်းရဲ့ အဓိပ္ပာယ်ကို သမီး စာမေးပွဲပြီးရင် ပြောပြမယ် လို့များ မင်း ပြောထားခဲ့သလား"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်က ဆတ်ခနဲ ခေါင်းမော့လာကာ ...

"ဒီစကားကို ဘယ်သူပြောတာလဲ တီချယ် ..."

"သမီးပဲ ပြောပြတာလေ ..."

စွမ်းရည်သည် ဒီတစ်ကြိမ်မှာတော့ 'ဒါဟာ ခေးရဲ့ လုပ်ကြံမှုတစ်ခုပဲ' ဟု သဘောပေါက်သွားရလျက် ခေးမျက်နှာကို နာကျင်စွာဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိလေသည်။

ခေးက ခေါင်းငုံ့ မျက်နှာလွှဲ၍ နေခဲ့သည်။

ကလေးကြီးတစ်ယောက် ဆိုးသလို ဆိုးတတ်တဲ့ ခေးဟာ သူ့အပေါ် ဒီလောက်တောင် သိက္ခာကျအောင် လုပ်ကြံရက်သတဲ့လား။

စွမ်းရည်သည် အံ့သြ နာကျင်စွာဖြင့် ခေးကို စိုက်ကြည့်နေမိရင်း ...

"ခေး ... အဲဒီ စကားကို ဆရာ မင်းကိုပြောခဲ့သလား၊ ဆရာ့မျက်နှာကို ကြည့်ပြီး မင်း ဖြေစမ်းပါ ခေး ..."

ခေးက မဖြေချေ ...။ စွမ်းရည်ကိုလည်း မကြည့်ချေ။ ခေါင်းငိုက်စိုက်ကျလျက်သာ ငြိမ်သက်နေသည်။

"ဖြေလေ ... ခေး၊ မင်း ဒီစကားတွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောခဲ့တာလဲ၊ မင်း ဘာဖြစ်ချင်တာလဲ၊ ဆရာ့ကို အလုပ်ထွက်သွားစေချင်တာလား၊ ဆရာ့သိက္ခာကို ချပြီးမှ မင်းရဲ့ ပျော်ရွှင်လွတ်လပ်မှုကို ရမှာလား ...၊ မင်းကို စာသင်ပေးခဲ့တဲ့ ဒီရက်တွေမှာ ငါ့ဘက်က မှားတာ ဘာရှိခဲ့သလဲ၊ မင်းအပေါ် စည်းကျော်တဲ့ အပြုအမူ အပြော





အဆို ရှိခဲ့ဖူးသလား ...၊ ငါ့ဆရာမရဲ့ သမီးတစ်ယောက်၊ ငါစာသင်ပေးရတဲ့ မိန်းကလေးတစ်ယောက်အပေါ် ငါ့ဘက်က ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့ စည်းမကျော်ခဲ့ဖူးတာကိုတော့ ငါ သစ္စာဆိုရဲတယ် ... ခေး၊ မင်းကိုမှ မဟုတ်ဘူး၊ ငါ စာသင်ပေးရတဲ့ ဘယ်မိန်းကလေး တစ်ယောက်အပေါ်မှာမှ ငါ စည်းမကျော်ခဲ့ဖူးဘူး၊ ဘယ်တော့မှလည်း ကျော်မှာမဟုတ်ဘူး"

ခေးသည် စွမ်းရည်ရဲ့ စကားအဆုံးမှာ မျက်ရည်ပေါက်ပေါက် ကျလေသည်။ ခေါင်းကတော့ လုံးဝ မော့မလာ၊ အသံလည်း မထွက်ဘဲ မျက်ရည်တွေသာ စီးကျလာခဲ့သည်။ ဆရာ့ကို မျက်နှာချင်းဆိုင် ကြည့်ရဲသည့် သတ္တိလည်း ခေးမှာ မရှိတော့ချေ။

ဘွားလေးသည် ကိုယ့်မြေးမရဲ့ ဖြစ်ပုံကိုကြည့်ရင်း ရင်ဘတ်ကို အသာ ဖိမိကာ တင်ထားဘက်သို့ တိုးကပ်သွားမိလျက် တီးတိုးသံဖြင့် ...

"တင်ထားရေ ... ညည်းသမီးကို ယုံစားမိလို့ တို့တော့ မှားပြီထင်တယ်"

"အဲဒါကြောင့် တင်ထား မပြောဘူးလား ဒေါ်လေးရယ်၊ ခုတော့ စွမ်းရည်ကို အားနာ မျက်နှာပူစရာတွေ ဖြစ်ကုန်ပြီ"

ဒေါက်တာတင်ထားမေမှာ ကိုယ့်သမီးကိုပဲ ဒေါသဖြစ်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခေး ... ဒါတွေအားလုံး ညည်း စာမသင်ချင်လို့ လုပ်ကြံပြောခဲ့တာတွေ မဟုတ်လား၊ ညည်းအမှားကို ဝန်ခံစမ်း ခေး ..."

ခေးထံက ရှိုက်သံသဲ့သဲ့ ထွက်လာကာ ...

"ခေး ... ခေး စာမသင်ချင်လို့ ညာပြောမိပါတယ်"

"ညည်း လွယ်လွယ်လေး ညာလိုက်တဲ့ကိစ္စက စွမ်းရည်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်၊ မာမီတို့မှာလည်း စိတ်ဆင်းရဲရတယ်၊ ညည်း အခု စွမ်းရည်ကို တောင်းပန်လိုက်ပါ ခေး ..."

ခေးသည် ခပ်တိုးတိုးရှိုက်နေရင်းက ကိုစွမ်းမျက်နှာကို မရဲတရဲ မော့ကြည့်မိသည်။ ကြေကွဲ နာကျင်နေသော၊ စိမ်းကားအေးစက်သော သူ့မျက်ဝန်းတွေနှင့် ရင်ဆိုင်ရတော့မှ ခေးက ပို၍ဝမ်းနည်းလာကာ ရှိုက်ကြီးတငင်ငိုချလိုက်ရင်း ...

"အီး ... ဟီး ... ခေးမှားပါတယ်၊ ခေး မှားသွားပါတယ်၊ ခေး တောင်းပန်ပါတယ်၊ နောက်ကို ခေး ကောင်းကောင်းမွန်မွန် စာသင်ပါ့မယ်၊ ခေးကို ခွင့်လွှတ်ပါ ဆရာရယ်၊ အီး ... ဟီး ... ဟီး ..."

ခေးက ကလေးဆိုးကြီးလို အော်ကြီးဟစ်ကျယ် အော်ငိုရင်းက ပလုံးပထွေးပြောဆိုတောင်းပန်နေတာမို့ ဘွားလေးက ...

"ဟဲ့ ... အသံဗြဲကြီးနဲ့ အော်ငိုမနေစမ်းနဲ့၊ မကြီးမငယ်နဲ့





တဗြဲဗြဲ ငိုနေတာ မရှက်ဘူးလား၊ ငါ နားငြီးလာပြီ၊ မငိုဘဲ ကောင်းကောင်းမွန်မွန် တောင်းပန်လိုက်စမ်း ..."

"အီးဟီး ... စိတ်ထဲက ဝမ်းနည်းလို့ငိုတာ ရပ်လို့မှ မရတော့တာ၊ ဆရာ ခွင့်လွှတ်တယ်ပြောမှ ခေး ငိုတာကို ရပ်လို့ရမှာ ..."

"ဩော် ... ဒီ ဆိုးပေမနှယ် ... တောင်းပန်တာတောင်မှ အကြပ်ကိုင်ပြီး ဖွတ်ကို ခွင့်လွှတ်ခိုင်းနေတော့တာပဲကိုး၊ ညည်းကြောင့် ငါ့မှာ မောင်စွမ်းရည်ကို မျက်နှာပူတယ်ဟဲ့၊ တကတည်း ဂြိုလ်ကိုမွှေတယ်၊ သူ့ပဲ ဇာတ်လမ်း ဆင်ဆင်နိုင်လွန်းတယ်"

"အီးဟီး ... ခေး တောင်းပန်ပါတယ်၊ အားလုံးကို တောင်းပန်ပါတယ်"

"ဟဲ့ ... တိတ်တော့ဆို ..."

စွမ်းရည်က ခွင့်လွှတ်ပါတယ် မပြောမချင်း ခေးက အော်ငိုနေတော့မည့်ပုံမို့ စွမ်းရည်က ခေးပုံစံကို ရယ်လည်း ရယ်ချင်၊ စိတ်လည်းပျက်မိကာ ...

"ကဲ ... ကဲ ... တိတ်တော့ ခေး ..."

"အင် ... ဆရာ ခွင့်လွှတ်ပြီလား"

ခေးက တိခနဲ အငိုတိတ်သွားပြီး မေး၏။

"ခွင့်လွှတ်စေချင်ရင် ဆရာ့ကို မင်း ကတိတစ်ခုတော့ ပေးရလိမ့်မယ် ခေး"

"ဘာကတိလဲဟင် ဆရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဆရာနဲ့ပဲဖြစ်ဖြစ် စာကို ကြိုးကြိုးစားစား သင်ယူပြီး ဒီနှစ် ဆယ်တန်းကို အောင်အောင်ဖြေပါ့မယ်ဆိုတဲ့ ကတိ ..."

ခေးက တွေဝေငြိမ်သက်သွားကာ ...

"ဘယ်ဆရာနဲ့ပဲဖြစ်ဖြစ်ဆိုတော့ ဆရာက ခေးကို စာသင်မပေးတော့ဘူးဆိုတဲ့ သဘောလား"

စွမ်းရည်က သက်ပြင်းချမိရင်း ...

"တခြား တစ်ယောက်နဲ့ သင်တာက မင်းအတွက် ပိုပြီး သက်သောင့်သက်သာ ဖြစ်စေလိမ့်မယ်လို့ ဆရာထင်တယ် ခေး၊ ဒီနေ့ကိစ္စအတွက် မင်း ဆရာ့ကိုမြင်တိုင်း မျက်နှာပူ အားနာပြီး အပြစ်မကင်းသလို ဖြစ်နေမှာမျိုးတော့ မဖြစ်စေချင်ဘူး၊ မင်းသာ ကောင်းကောင်းမွန်မွန် သင်ယူမယ်ဆိုရင် မင်းကို သင်ချင်တဲ့ ဆရာတွေလည်း အများကြီးပဲ ရှိလာမှာပါ၊ ကိုယ့်ထက် အများကြီးတော်တဲ့ ဆရာမျိုးတွေကို ခေါ်သင်လိုက်ရင် မင်း ထူးထူးချွန်ချွန် အောင်သွားမှာပါ၊ မင်းက ဉာဏ်ထုံတဲ့သူမှ မဟုတ်တာ"

ခေးက စွမ်းရည်ကို ဘာမှ ပြန်မပြောတော့ဘဲ တွေတွေငေးငေးလေး ကြည့်နေသည်။

"ကောင်းကောင်းမွန်မွန် သင်ယူပါ့မယ်လို့ ကတိပေးနိုင်မလား ခေး ..."

ခေးက အေးစက်စက် မျက်နှာထားနှင့် ...

"ဟုတ်ကဲ့ ... ပေးပါတယ်"





ဟု ခပ်စိမ်းစိမ်းဖြေပြီး အိမ်ထဲသို့ လှည့်ဝင်သွားလေသည်။

တီချယ်ထားက သက်ပြင်းချလိုက်ရင်း ...

"တီချယ်တို့အပေါ်များ မင်း စိတ်ကွက်သွားလို့လား စွမ်းရည်ရယ် ...၊ သမီးကို မင်းပဲ ဆက်သင်ပေးလို့မရဘူးလား"

"တီချယ်တို့အပေါ် ကျွန်တော် စိတ်မကွက်ပါဘူး တီချယ်၊ သူ ကျွန်တော့်အပေါ် ရှက်တာ အားနာတာ ရှိန်တာတွေ ဖြစ်နေရင် ရှေ့ဆက်ပြီး အဆင်မပြေမှာစိုးလို့ပါ၊ သူ့ဘက်ကသာ ကောင်းကောင်းမွန်မွန် သင်ယူမယ်၊ ကြိုးစားမယ်ဆိုရင် ကျွန်တော့်ထက် ပိုပြီး သဘာရှိတဲ့ နာမည်ကြီး ဆရာ ဆရာမတွေနဲ့ သင်တာက ပိုပြီး ထိရောက်မယ်ထင်လို့ပါ"

"အေးလေ ... မင်း သဘောပါ စွမ်းရည်ရယ်"

"ဘွားလေးကတော့ မင်းကို သံသယဝင်မိတဲ့အတွက် အားနာမိတာတော့ အမှန်ပါပဲ မောင်စွမ်းရည်ရယ်"

"ရပါတယ် ဘွားလေးရယ်၊ ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး၊ အမှန်အတိုင်းပြောရရင် ခေးအပေါ်တော့ စိတ်တို ဒေါသထွက်ခဲ့မိပါတယ်"

"ဒါပေါ့ကွယ်၊ ဒါ ... ဖြစ်သင့်ပါတယ်၊ ခေးဘက်က တော်တော်လွန်ခဲ့တာကိုး ...၊ ဘွားလေးတို့လည်း ခေး ကိုယ်စား တောင်းပန်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး ဘွားလေးရယ် ..."

စွမ်းရည်က တီချယ်ထားတို့နှင့် စကားဆက်ပြောနေချိန်တွင် ခေးကတော့ ကိုယ့်အိပ်ခန်းကလေးထဲမှာ ငြိမ်သက်စွာ ထိုင်၍ ငိုင်နေခဲ့မိသည်။

ရင်ထဲမှာ နာကျင်လေးလံရသော ခံစားချက်အသစ်တစ်မျိုးဖြင့် လူက ထုံပေပေဖြစ်လို့နေသည်။

ငြိမ်ထိုင်နေသော ခေးသည် ခဏကြာတော့ အိမ်ရှေ့ဘက်သို့ လှမ်းမြင်နိုင်သည့် ဝရန်တာဘက်သို့ ပြေးထွက်သွားမိသည်။

ခြံထဲသို့ ငုံ့ကြည့်မိတော့ ခြံတံခါးဝဆီသို့ လှမ်းသွားနေပြီဖြစ်သော ကိုစွမ်းကို မြင်ရလေသည်။

ကျောပိုးအိတ်လေးကို တစောင်းလွယ်ကာ ခေးတို့ခြံထဲမှ ထွက်ခွာသွားသော သူ့ကို မျက်စိတဆုံး လှမ်းမျှော်ကြည့်ရင်း လပ်ဟာသွားသော ခံစားချက်တစ်မျိုးသည်လည်း ခေးစိတ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့တော့သည်။

✦ ✦ ✦



✤ ✤ ✤

"သား ... ခုတလော အိမ်ပြန်စောနေပါလား၊ ကျူရှင်သင်စရာ မရှိဘူးလား"

စွမ်းရည် အိမ်ကို စောစောပြန်ရောက်လာတတ်တာသုံးလေးရက် ဆက်တိုက်ရှိပြီမို့ အမေက သတိထားမိသွားကာ စွမ်းရည်ကို လှမ်းမေးသည်။

စွမ်းရည်က ကျောပိုးအိတ်လေးကို စားပွဲပေါ် လှမ်းတင်လိုက်ရင်း ...

"သင်လက်စ ကျူရှင်တစ်ခုက ဆက်မသင်ဖြစ်တော့လို့ပါ အမေ ..."

"ဘာဖြစ်လို့လဲ သားရဲ့ ..."

"အဆင်မပြေတာလေးတစ်ခု ရှိလို့ပါ"

"ဒါ့ကြောင့် သားကြည့်ရတာ ခုတလော မလန်းမဆန်းနဲ့ တစ်ခုခုကို စိတ်မကောင်းဖြစ်နေသလိုပုံမျိုး ပေါက်နေပါတယ်လို့ ...၊ အဆင်မပြေလည်း ဘာစိတ်ညစ်စရာရှိလဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားရဲ့၊ ငါ့သားက လူတော်ပဲဟာ၊ သားဆီမှာ သင်ချင်တဲ့ သူတွေမှ တစ်ပုံကြီးပဲဟာ၊ မနေ့ကတောင်မှ ဟိုဘက်လမ်း လုံးချင်းအိမ်ရာတွေကို ပြောင်းလာတဲ့ မိသားစုထဲမှာ ဆယ်တန်းဖြေမယ့် ကလေးနှစ်ယောက် ပါလာတာ သားသတင်းကို ကြားပြီး ဂိုက်လုပ်ပေးဖို့ လာပြောသေးတယ်၊ အမေက သားမှ အချိန်တွေ ပြည့်နေပြီလို့ ပြန်ပြောလိုက်ရတယ် ...”

အမေ ပြောနေတုန်း သဲစုကပါ အနားရောက်လာကာ ...

“ဟုတ်တယ် ကိုကိုရဲ့ ...၊ သူတို့ကြည့်ရတာ ကိုကို့ကို အရမ်း လိုလားနေတဲ့ ပုံပဲ၊ မနေ့က သဲစု ဈေးသွားတော့လည်း ဈေးထဲမှာ အဲ့ဒီအိမ်ရာဘက်က ဈေးလာဝယ်တဲ့ အန်တီကြီးတစ်ယောက်နဲ့ တွေ့တယ်၊ သူက သမီးက မောင်စွမ်းရည် ညီမလားတဲ့ ...၊ မောင်စွမ်းရည်က ၈ တန်း ကလေးတွေကိုရော ဂိုက်လုပ်ပေးနိုင်သလားတဲ့၊ အဲ့ဒါနဲ့ သဲစုက ကိုကိုက ဆယ်တန်းပဲ သင်တာ၊ သူ့ကျောင်းစာ တစ်ဖက်နဲ့မို့လို့ အချိန်လည်း သိပ်မပေးနိုင်ဘူးလို့ ပြန်ပြောခဲ့ရတယ်၊ ကိုကို ဟိုတစ်ဖက်နဲ့ အတန်းချိန် ဖျက်ထားရင် အစားထိုးပြီး သင်ပေးလိုက်ပါလား”

“ငါ စဉ်းစားပါရစေဦးဟာ ...၊ ငါ့ စာမေးပွဲကလည်း နီးပြီဆိုတော့ အတန်း ထပ်လက်မခံတော့ဘူးလားလို့ပါ”





စွမ်းရည်က ကိုယ့်စာမေးပွဲကို အကြောင်းပြပြီး ငြင်းရပေမယ့် တကယ်တမ်းက စာမေးပွဲကြောင့်ချည်းတော့ မဟုတ်ပါ။ အဲ့ဒီအတန်းချိန်တစ်ခုကို အစားထိုး မပစ်လိုက်ချင်သေးဘဲ လပ်ဟာထားချင်နေတာဟာ ဘာ့ကြောင့်လဲဆိုတာတော့ ကိုယ်တိုင်လည်း ရေရေရာရာ မသိလှပါ။

စွမ်းရည်စိတ်ထဲမှာ ငါ အလျင်စလို ဆုံးဖြတ်လိုက်မိတာ မှားများသွားပြီလားဟု အမြဲ မတင်မကျဖြစ်ကာ နောင်တပဲ ရသလိုလို စိတ်မကောင်းပဲ ဖြစ်သလိုလို ခံစားရသည်။ ထိုခံစားချက်ကြောင့်လားတော့ မသိ သူ့စိတ်တွေလည်း အလိုလိုထိုင်းမှိုင်းကာ မကြည်လင် ...။

ခုဆို ... စာမသင်ဖြစ်တာ နှစ်ပတ် ရှိခဲ့ပြီ ...။ ဒီအတောအတွင်း ခေး ဆရာကောင်းကောင်း တွေ့ရဲ့လား၊ စာကောင်းကောင်း သင်ရဲ့လား ... ဆိုသည့် အတွေးကို ခဏခဏ တွေးမိရင်း သူ စိတ်ပူ စိုးရိမ်မိပါသည်။

ခေးအတွက် သူပေးထားခဲ့တဲ့ စာသင်ချိန်ဟာ တစ်ပတ်မှာ လေးရက်၊ တစ်ရက်မှာ ၂ နာရီ၊ ခေးကို သူ စာသင်ပေးခဲ့ရတဲ့ စုစုပေါင်း အချိန်ဟာ နာရီ ၃၀ လောက်သာ ရှိခဲ့ပါလိမ့်မည်။ ဒီ နာရီ ၃၀ အတွင်းမှာ ခေးဟာ အမူအရာ အမျိုးမျိုး၊ စကားအမျိုးမျိုး၊ အကြံအစည်အမျိုးမျိုးဖြင့် သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် အမြဲလုပ်ဆောင်ခဲ့ပြီး နောက်ဆုံးမှာ သူ့ဂုဏ်သိက္ခာ ပျက်ပြားအောင်အထိ ကြံစည်ခဲ့ပေမယ့် ခေးကို သူ စိတ်ပျက်မိတာသာရှိလျက် မုန်းတော့ မမုန်းမိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ … ဆရာဆိုတာ တပည့် ဘယ်လောက်ဆိုးဆိုး မုန်းရိုးထုံးစံမှ မရှိတာ …။

"ကိုကို … သင်လက်စ ကျူရှင်က အဆင်မပြေဘူးဆိုတာ ဘာအဆင်မပြေတာလဲ၊ ကျောင်းသားက ဆိုးလို့လား၊ ထုံလို့လား၊ ကိုကို့ကို မထီမဲ့မြင်လုပ်လို့လား၊ မထီမဲ့မြင် မလေးမစားလုပ်လို့ကတော့ လုံးဝ မခံနဲ့နော် ကိုကို၊ သူတို့က ပိုက်ဆံရှိပေမယ့် ကိုကို့လောက် ပညာမရှိလို့ ကိုကို့ဆီမှာ တပည့်လာခံရတာ …"

"ဟဲ့ ကောင်မလေး စကားရှည်မနေစမ်းနဲ့၊ ညည်း အစ်ကိုမှာ ပင်ပန်းလာရတဲ့အထဲ ညည်း စကားများနေတာနဲ့ စိတ်ပိုရှုပ်သွားဦးမယ်၊ ထမင်းဆာရောပေါ့၊ သွား ထမင်းသွားခူးချေ …"

"ခူးပြီးပါပြီ အမေရဲ့ …၊ ကိုကို ထမင်းစားတော့မလား"

"ရေအရင်ချိုးလိုက်ဦးမယ် ညီမလေး"

"ကိုကို ဒီနေ့ အပြန်စောသားနဲ့ မမသစ္စာဆေးခန်းကို ဘာလို့ မဝင်တာလဲ …"

သဲစု မေးမှပဲ ခုတလော သစ္စာရဲ့ ဆေးခန်းကို မရောက်ဖြစ်တာ သတိရသည်။ သူ စိတ်တွေ လေနေသလား မသိပါ။

"ငါ နည်းနည်း ပင်ပန်းတာနဲ့ စောစော အိမ်ပြန်နားချင်လို့ပါဟာ"





"မနက်က သဲစုတောင် မမသစ္စာတို့ လမ်းဘက်ရောက်လို့ မမသစ္စာကို ဝင်နှုတ်ဆက်ခဲ့သေးတယ်၊ မမကတောင် မေးနေသေးတယ်၊ စွမ်းတစ်ယောက် အခုတလော ပျောက်နေပါလားတဲ့၊ ဆေးခန်းဘက်ကို ခြေဦးမလှည့်တာ ကြာပြီတဲ့ …"

"အေးပါ … နောက်နေ့ကျ ငါ သွားလိုက်ပါ့မယ်"

"ကိုကို … မမသစ္စာကို ပစ်ပစ်မထားနဲ့၊ တော်ကြာ သူများနောက် ပါသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ဟာ … ဒီကောင့်မလေး၊ နင့်မလည်း … ဘာပြောပြော နောက်ဆုံးကျ ဒီဘူတာပဲ ဆိုက်တော့တာပဲ၊ သွား … သွား ရှေ့မှာ ဈေးဝယ်သူလာနေပြီ၊ သွားရောင်းလိုက်ဦး၊ ငါ ရေသွားချိုးလိုက်ဦးမယ်"

စွမ်းရည်က အခန်းထဲဝင်လာကာ အဝတ်အစားလဲပြီး ရေချိုးဖို့ ပြင်ဆင်လိုက်ပါသည်။

ဒီနေ့အဖို့တော့ ဆေးခန်းကိုလည်း သွားမကူချင်။ ခေးနဲ့ ပြဿနာတွေဖြစ်ခဲ့ပြီး နှစ်ရက်လောက်အကြာတုန်းက သစ္စာဆီ သွားကူရင်း ဒီအကြောင်းတွေ ပြောပြဖြစ်ခဲ့ပါသေးသည်။ အဲ့ဒီနောက်ပိုင်း မရောက်ဖြစ်တာ တစ်ပတ်ကျော်ခဲ့ပြီပေါ့ …။

စွမ်းရည်က ရေခပ်မြန်မြန်ချိုးလိုက်ပြီး ထမင်းစားလိုက်သည်။ ထို့နောက် စာကြည့်စားပွဲမှာ ထိုင်မိတော့ ခေးရေး



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် စာမှကျက်နေပါ့မလားဟု ဖျတ်ခနဲ တွေးလိုက်မိသေးသည်။ ပြီးမှ ခေါင်းတစ်ချက်ယမ်းလိုက်ရင်း စာထဲကို စိတ်နှစ်ထားလိုက်ရပါသည်။

✦ ✦ ✦



BURMESE CLASSIC .com

✤ ✤ ✤

"စွမ်း ... နင့်မျက်နှာက ဟိုတလောက တွေ့ခဲ့တဲ့ မျက်နှာအတိုင်းပဲ၊ ခုထိကို လန်းမလာသေးဘူး၊ ရွှေထိပ်ထားကိစ္စကို ခေါင်းထဲက ထုတ်လို့မရသေးဘူးလား စွမ်း"

ဆေးခန်းပိတ်ချိန်ရောက်ပြီမို့ သစ္စာက စွမ်းရည်အတွက် ကော်ဖီတစ်ခွက် ဖျော်လာကာ ကော်ဖီမတ်ခွက်ကို စွမ်းရည်ရှေ့က စားပွဲပေါ်မှာ ချပေးလိုက်ရင်း ပြောလေသည်။

စွမ်းရည်က ကော်ဖီခွက်ကို ယူကာ တစ်ငုံသောက်လိုက်ရင်း ...

"ငါ အလောတကြီး ဆုံးဖြတ်လိုက်မိတာ မှားများသွားပြီလားလို့ပါဟာ"

"ငါကတော့ နင် သူ့ကို ဆက်သင်ပေးသင့်တယ်လို့ ထင်တယ်၊ ဘာပဲပြောပြော ခုအနေအထားက သူ့ဘက်က အမှားရှိသွားတာဆိုတော့ နင့်အပေါ် သူ အရင်ကထက် ပိုပြီး တလေးတစား ဆက်ဆံလာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်က သက်ပြင်းချရင်း ...

"သူလည်း ဘယ်သူနဲ့မဆို စကောင်းကောင်းသင်ပါ့မယ်လို့ ကတိပေးထားတာပဲဟာ၊ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ"

"နင် နောက်ဆန်တော့ ငင်တယ်မဟုတ်လား ..."

"နည်းနည်းပေါ့ ..."

"နည်းနည်း မကပါဘူး"

"မပြောတတ်တော့ဘူးဟာ၊ နောက်ဆန်ငင်တာတော့ အမှန်ပဲ"

"အဲ့ဒါဆိုလည်း တီချယ်ထားဆီ ဖုန်းဆက်ပြောပြီး သွားပြန်သင်လိုက်ပါလား"

"အဲ့ဒီလိုတော့လည်း ပြန်မသွားချင်တော့ဘူး၊ အဲဒီနေ့က ကိစ္စအတွက် ငါ နည်းနည်းတော့ နာကျင်မိသလိုပဲ ...၊ ကလေးဆိုးပဲလို့ ခွင့်လွှတ်သည်းခံနေမိတဲ့သူကို ကလိန်ကကျစ် လုပ်ရဲတာ လုပ်ရက်တာကိုလည်း ငါ အံ့ဩလို့ မဆုံးဘူး"

"နင့်ဟာက ဟိုသီချင်း ကျနေတာပဲ"

"ဘာလဲ ..."

"စိတ်နာနာနဲ့ ချစ်နေမိတယ် ... ဆိုတာလေ"

"အာ ... ဘာဆိုင်လဲဟ ...၊ ဟိုက အချစ်ကိစ္စ၊ ဒါက ဆရာတပည့်ကိစ္စပါ"





"တစ်ခါတစ်ခါကျတော့ ဟိုကိစ္စက သပ်သပ်၊ ဒီကိစ္စက သပ်သပ်လို့ ထင်တဲ့ကိစ္စတွေက တစ်ခုနဲ့တစ်ခု ရောထွေးငြိတွယ်ပြီး တစ်ကိစ္စတည်း ဖြစ်သွားတတ်ကြတယ်လေ"

"သစ္စာကလည်းဟာ ငါ့မှာ စိတ်ရှုပ်ပါတယ်ဆိုမှ နင်က ပိုရှုပ်လာအောင် လုပ်နေတယ်"

သစ္စာက စွမ်းရည်ကို အကဲခတ်သလိုလေး ငေးကြည့်ရင်း ကော်ဖီခွက်ကို လှမ်းယူသောက်လိုက်သည်။ ပြီးမှ ကော်ဖီခွက်ကို ပြန်ချထားလိုက်ရင်း ...

"မနေ့က နင့်ညီမလေးတောင် ငါ့ဆီလာသွားသေးတယ်"

"ဟုတ်လား ... ဘာလာလုပ်တာလဲ"

"နင့်အကြောင်း လာစပ်စုတာ ..."

"အံမယ် ... သူက ဘာစပ်စုစရာရှိလဲ"

"နင့်ကြည့်ရတာ အခုတလော တစ်မျိုးပဲတဲ့၊ ငိုင်တိုင်တိုင်နဲ့တဲ့၊ ဘာဖြစ်နေမှန်းမသိဘူးတဲ့၊ နင် သင်လက်စ ကျူရှင်တစ်ခုနဲ့ အဆင်မပြေလို့ အတန်းချိန်ဖျက်လိုက်ကတည်းက အဲ့ဒီလိုဖြစ်သွားတာတဲ့၊ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာ လေးရက် ညနေပိုင်း သင်ရတဲ့ တပည့်က မိန်းကလေးလား၊ ယောကျ်ားလေးလားတဲ့ ..."

"ဒီကောင်မလေးတော့ တော်တော် မလွယ်တာပါလား"

"ငါလည်း မိန်းကလေးလို့ ပြောလိုက်တယ်၊ ဒီလောက်ကလေးကတော့ ပြောလည်း ကိစ္စမရှိဘူးထင်လို့ ပြောလိုက်တာ၊ သူက ထပ်မေးသေးတယ်ဟာ၊ ဘယ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



လဲတဲ့…၊ ငါလည်း သဲစုနဲ့ မတိမ်းမယိမ်းပဲလို့ ပြောလိုက်တယ်၊ နင့် ညီမက နင့်ကို တော်တော် ထောက်လှမ်းနေတာပဲ"

"ကောင်မလေးတော့ ငါ အိမ်ရောက်မှ ခေါင်းခေါက်ပစ်လိုက်ဦးမယ်"

သစ္စာက ရယ်လိုက်ရင်း…

"နင့်ကိုက သိသိသာသာ မူပျက်နေလို့ သူက စပ်စုချင်လာတာ နေမှာပေါ့ စွမ်းရဲ…"

"နင်က တစ်မျိုး…"

သစ္စာက ရယ်နေတော့သည်။

✦ ✦ ✦



✤ ✤ ✤

နောက်တစ်နေ့ ညမှာ စွမ်းရည်က ဆိုင်မှာ အမေ့ကို ကူနေတုန်း ဖုန်းမြည်လာပါသည်။ ဆိုင်မှာထားသည့် ဖုန်းက အများသုံး အခကြေးငွေယူသည့် ဖုန်းမို့ အိမ်နားပါးနီးကို ခေါ်ပေးရသည့် ဖုန်းတွေပဲ ဝင်လာလေ့ရှိသည်။ တစ်ခါတစ်ရံမှသာ စွမ်းရည် ကျူရှင်ပြရသည့် အိမ်တွေက အတန်းချိန် ပြောင်းလိုက်တာ၊ ဖျက်လိုက်တာ စသည့် ကိစ္စတွေအတွက် ဖုန်းလှမ်းဆက်တတ်သည်။

"သဲစုရေ… ဖုန်းကိုင်လိုက်ပါဦး"

စွမ်းရည်က ဆိုင်ပိတ်ကာနီးပြီမို့ အမေ့ကို ကူညီကာ စာရင်းဝိုင်းတွက်နေရင်းက သဲစုကို လှမ်းအော်ခေါ်လိုက်သည်။

သဲစုက အပြေးအလွှား ဖုန်းလာကိုင်လိုက်သည်။

"ဟဲလို…"

"… …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"... ..."

"ဟုတ်ကဲ့ ... ဘယ်သူလို့ ပြောလိုက်ရမလဲရှင့် ..."

"... ..."

"ဪ ... ဟုတ်ကဲ့၊ ခဏကိုင်ထားပါရှင့်"

သဲစုက ဖုန်းပြောခွက်ကို လက်နှင့်အုပ်ထားလိုက်ရင်း ...

"ကိုကို ... ကိုကို့ဖုန်း၊ ရွှေထိပ်ထားရဲ့ ဘွားလေးတဲ့"

ဟု လှမ်းခေါ်တာမို့ စွမ်းရည်က ရင်ထိတ်သွားကာ ဖုန်းဆီသို့ သွက်သွက်လေး လှမ်းသွားလိုက်မိသည်။

စပ်စုချင်သော သဲစုကတော့ ကိုကို့ကို ဖုန်းလှမ်းပေးပြီးသော်လည်း ကိုကို့နားက ခွာမသွားဘဲ အနားမှာ မယောင်မလည်လုပ်ရင်း နားစွင့်နေလိုက်သည်။

"ဟဲလို ..."

ကိုကို့ ဟဲလိုသံက စိတ်လှုပ်ရှားလွန်းနေသည်ဟု သဲစုက ထင်သည်။

စွမ်းရည်ကတော့ ဘွားလေး ဘာပြောမလို့ပါလိမ့်ဟု ရင်ထိတ်နေသည်။

"မောင်စွမ်းရည်လား ... ဘွားလေးပါကွယ်"

"ဟုတ်ကဲ့ ... ပြောပါ ဘွားလေး"

"တော်ပါသေးရဲ့ ... မင်းရှိနေပေလို့၊ ဘွားလေးလည်း စိတ်တွေထူပူပြီး မင်းကိုပဲ အရင်ဆုံး သတိရတာနဲ့ ဆက်





လိုက်ရတာ၊ မင်းဆီ ဆက်သာဆက်ရတယ်၊ အားတော့ အနာသားကွယ်"

"အားမနာပါနဲ့ ဘွားလေး၊ ပြောပါ ... ရပါတယ်"

"ခေး ပျောက်နေလို့ကွယ့် ..."

"ဗျာ ..."

"ဒီကိစ္စက မင်းနဲ့ဆိုင်တယ်လို့လည်း ပြောလို့မရ၊ မဆိုင်ဘူးလို့လည်း ပြောလို့မရ ဆိုသလိုပေါ့ကွယ်၊ အဖြစ်အပျက်ကို ပြောရရင် ခေးက မင်း အတန်းလာမဝင်တော့ကတည်းက သူ့ဘာသာတော့ စာကြိုးစားရှာပါတယ်၊ စာသင်ချိန်ရောက်ရင် စာကြည့်ခန်းထဲ ဆင်းဆင်းလာပြီး သူတစ်ယောက်တည်းပဲ စာကျက်တယ်၊ သူ့ဘာသာ လေ့လာပြီး အောင်အောင်ဖြေမယ်ပြောတယ်၊ ဘယ်ဆရာနဲ့မှ မသင်တော့ဘူးတဲ့၊ အဲ့ဒါနဲ့ ဘွားလေးက သူ့ကို ဆူမိပူမိတယ်၊ သူ့အမေကလည်း မနက်ဖြန်ကို ဆရာတစ်ယောက် လာသင်ပေးဖို့ စီစဉ်ထားတယ်၊ အဲ့ဒါကိုသိတော့ ခေးက စိတ်ကောက်ပြီး အိမ်ကထွက်သွားတာ ညနေကတည်းကပဲ၊ အခု ၉ နာရီရှိနေပြီ၊ ပြန်မလာသေးဘူး၊ သူ့ဖုန်းကိုလည်း ပိတ်ထားတယ်၊ တင်ထားဆီဆက်တော့လည်း ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတယ်၊ သူ ညပိုင်းထိုင်တဲ့ ဆေးခန်းက ဖုန်းသိပ်မမိဘူးလေ၊ အဲ့ဒါနဲ့ ဘွားလေးလည်း ထူပူပြီး မင်းဆီပဲ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတာ၊ ကျေးဇူးပြုပြီး ခေးကို ရှာပေးပါဦး မောင်စွမ်းရည်ရယ်"

"သူ ဘယ်တွေ သွားတတ်လဲ ဘွားလေး သိလား ..."

"တစ်ခါတစ်ခါ သူ့သူငယ်ချင်း နိုင်း ဆိုတဲ့ ကောင်လေးနဲ့ (... ...) ဟိုတယ်က club မှာ အပျင်းပြေ သွားသွားထိုင်မှန်းတော့ သိတယ်"

"အဲ့ဒါဆို ကျွန်တော် အဲ့ဒီကိုပဲ အရင်သွားရှာလိုက်ပါ့မယ် ဘွားလေး"

"ကူညီပါဦး မောင်စွမ်းရည်ရယ်"

စွမ်းရည်ကဖုန်းချပြီး အိမ်ဘက်သို့ လှည့်အထွက် သဲစုက နောက်ကလိုက်လာကာ ...

"ကိုကို ... ညဘက်ကြီးကို ဘယ်သွားဦးမလို့လဲ ..."

"ကိုကို အရင် စာသင်ပေးဖူးတဲ့ တပည့်လေးတစ်ယောက် အိမ်ကထွက်သွားလို့တဲ့၊ အဲ့ဒါ သွားကူရှာပေးရမယ် ညီမလေး"

"ဟိုတစ်ခါ အဆင်မပြေလို့ အတန်းဖျက်လိုက်ရတဲ့ အိမ်ကလား"

"အေး ... ဟုတ်တယ်"

"ကောင်မလေး မဟုတ်လား"

"ဟုတ်တယ်ဟာ ..."

"သူက မိန်းကလေးတန်မဲ့ ဒီအချိန်ကြီး တစ်ယောက်





တည်း ထွက်သွားစရာလား၊ သူ့ဘာသာ ထွက်တော့ရော ကိုကိုက လိုက်ရှာပေးဖို့ လိုလို့လား"

"ဟာ ... သဲစု နှင် တော်တော် လျှာရှည်ပါလား၊ အမေရေ ... သား အရေးတကြီး ကိစ္စလေးရှိလို့ အပြင်ခဏ သွားလိုက်ဦးမယ်"

"အေး ... အေး ... သား၊ သိပ်တော့ ညဥ့်မနက်စေနဲ့"

"ဟုတ်ကဲ့ အမေ ..."

စွမ်းရည်က အိမ်နေရင်းဝတ်ထားသည့် တီရှပ် အနွမ်းလေးပေါ်မှာ ရှပ်အင်္ကျီတစ်ထည် ထပ်ဝတ်လိုက်ပြီး ပိုက်ဆံအိတ်ပြားလေးကို ဆွဲယူကာ အိမ်မှ ခပ်မြန်မြန် ထွက်လာခဲ့ပါသည်။

✤ ✤ ✤

မှိန်ပျပျ လင်းနေသော မီးရောင်အောက်မှာ လူငယ်အများအပြားကို တွေ့ရသည်။ ရွှေ့လျားကစားနေသော မီးရောင်စုံများအောက်မှာ တချို့က မြူးကြွစွာ ကခုန်နေကြသည်။ ဒီဂျေသံများက ဆူညံပွက်လောရိုက်နေသည်။

စွမ်းရည်သည် လူအများကြားသို့ ခပ်ဖြည်းဖြည်း လျှောက်ဝင်လာရင်း ခေးအရွယ် ကောင်မလေးတွေရဲ့ မျက်နှာတွေကို လိုက်လိုက်ကြည့်နေမိသည်။ အရောင်စုံ၊ ပုံစံအစုံ ဆံပင်၊ လူ့ရုပ်ကို ပြောင်းလောက်အောင် လိမ်းထားသော မိတ်ကပ်၊



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆန်လွန်းသော အဝတ်အစားများဖြင့် ကောင်မလေးတွေဟာ ပုံစံချင်း ခပ်ဆင်ဆင် ...။ သေချာကြည့်နိုင်မှ ဘယ်သူဘယ်ဝါ ကွဲပြားသည်။

ဒီလို နေရာမျိုးကို ခေး ရောက်နေခဲ့လျှင်ဟု တွေးမိရုံနှင့်ပင် စွမ်းရည်က နှမချင်းစာနာကာ စိတ်ပူရသည်။ ခေးဟာ ဆိုးတယ်ဆိုပေမယ့် ဒီလိုပုံစံ အလန်အပျံမှ မဟုတ်တာဲ။ မပြင်မဆင် ခပ်ရှင်းရှင်းပုံစံဖြင့် ကလေးဆိုး ဆိုးတတ်တဲ့ ခေးနဲ့ ဒီလိုနေရာမျိုးက လုံးဝ မအပ်စပ်ချေ ...။

စွမ်းရည်သည် ဟိုဟိုဒီဒီ လျှောက်ကြည့်ရှာဖွေမိနေဆဲမှာ ကပုံထူးခြားသော မိန်းကလေးတစ်ယောက်ကို လှမ်းမြင်ရလေသည်။

အဝေးက လှမ်းမြင်ရတာမို့ ဘယ်သူဘယ်ဝါ ဆိုတာတော့ သိပ်မသဲကွဲချေ။ ကောင်မလေးက ခေါင်းမှာ အဝါရောင် ခေါင်းစည်းပဝါကို နဖူးတစ်ဝက်ဖုံးအောင် ပတ်ချည်ထားကာ နားနှစ်ဖက်မှာ နားကွင်းကြီးကြီးကို ပန်ထားသည်။ သူများတကာက နိုင်ငံခြားသူတွေ ကသလို ပုံကျပန်းကျ တွန့်ခါကနေပေမယ့် သူမကတော့ လက်နှစ်ဖက်ကို မြှောက်၍ ခုန်ကာ ခုန်ကာ ကနေသည်။ သူမ ကပုံက နတ်ကတာနှင့် ခပ်ဆင်ဆင်ပင်။ အဆင်တပြေ ကနေကြသည့် လူအများအလယ်မှာ သူတစ်ယောက်တည်း ခုန်ခုန် ကနေပုံကြောင့် သူမကို စွမ်းရည်က သတိပြုမိသွားတာပင်။





စွမ်းရည် ကြည့်နေဆဲမှာပဲ သူမရဲ့ နဖူးတစ်ဝက်အုပ်အောင် ပတ်ချည်ထားသော ခေါင်းစည်းပဝါက ကျွတ်ထွက်သွားကာ ကြက်မွေးပျံ့ ဆံပင်တို့က ဖွားခနဲ ထွက်ကျလာလေသည်။

"ခေး ..."

စွမ်းရည်သည် တစ်ခဏမျှ အံ့အားသင့်နေမိပြီးမှ ဒေါသစိတ်ဖြင့် ထုပူသွားကာ လူတွေကြားထဲ အတင်းတိုးဝှေ့ပြီး သူမထံသို့ ခြေလှမ်းကျဲဖြင့် လှမ်းသွားလိုက်သည်။

"ခေး ... လာခဲ့"

စွမ်းရည်က ခေးလက်ကို လှမ်းဆွဲခေါ်လာတော့ ခေးက ငိုက်ခနဲ ပါလာသည်။

မျက်လုံးမှေးစင်းနေသော ခေးက သူ့ကို သေသေချာချာ မကြည့်ဘဲ ...

"ဟဲ့ ... နိုင်း ... လွှတ်စမ်း၊ ငါ ကချင်သေးတယ်၊ ငါ့ ဒီဂျေနတ်က မိုက်တယ်မဟုတ်လား"

"ခေး ..."

"ဟင် ..."

စွမ်းရည်က ခပ်ဆတ်ဆတ် အော်လိုက်တာမို့ ခေးမျက်လုံးတွေက ပြူးကျယ်လာကာ ...

"ကို ... ကိုစွမ်း ... ဘယ်က ဘယ်လို ..."

"ပြန်ကြရအောင် ခေး ...၊ ငါ မင်းကို အိမ်လိုက်ပို့ပေးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ခေးမှ မပြန်ချင်သေးတာ၊ ဒီလိုကတာ အရမ်းပျော်ဖို့ကောင်းတယ် ကိုစွမ်းရဲ့ ... ၊ ကိုစွမ်းလည်း ဝင်ကပါလားဟင်၊ မကတတ်ဘူးလို့ မပြောရဘူးနော်၊ ခေးလည်း မကတတ်ဘဲ ကနေတာ တွေ့တယ်မဟုတ်လား၊ ကိုစွမ်းလည်း ခေးလိုမျိုးပဲ ကပေါ့ ..."

မျက်လုံးတွေ မှေးစင်းကာ၊ အသံက လေးတွဲတွဲ၊ ခြေလှမ်းတွေက သိပ်မမှန်ချင်သော ခေးကို သူ့နမသာဆိုရင် နားရင်းကို ဖြတ်ရိုက်ပစ်လိုက်မိမည်ထင်သည်။

"ခေး ... မင်း စကားတစ်ခွန်းမှ မပြောနဲ့၊ ပါးစပ်ပိတ်ပြီး ငါနဲ့ ပြန်လိုက်ခဲ့"

စွမ်းရည်က ခေးလက်ကို ခပ်တင်းတင်း ဆောင့်ဆွဲကာ လူကြားထဲမှ တိုးထွက်လာသည်။

"ဟာ ... ဟော့ ... ဟော့လူ ခင်ဗျား ဘယ်သူလဲ၊ ခေးကို ဘယ်ခေါ်သွားမလို့လဲ ..."

နောက်ဘက်မှ လှမ်းအော်ပြောလိုက်သော အသံကြောင့် စွမ်းရည်က တုံ့ရပ်ကာ နောက်သို့လှည့်ကြည့်မိသည်။ ခေးအရွယ် အလန်းဒီဇိုင်းနှင့် ကောင်လေးတစ်ယောက်က အပြေးလိုက်လာကာ ...

"ခင်ဗျား ဒါဘာလုပ်တာလဲ ..."

"မင်းက ဘယ်သူလဲ၊ နိုင်း ဆိုတာလား ..."

"ဟုတ်တယ်၊ ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုသိသလဲ"

"ခေးရဲ့ ဘွားလေး ပြောလို့ သိတာ၊ ငါက ခေးရဲ့ဆရာ"





"ဟက် ... ဟက် ... ဒါဆို ခေး ပညာပေးလိုက်တဲ့ ဆရာပေါ့၊ ဟဲ့ ... ခေး နင်ပြောတဲ့ အသက်ထက် ဆယ်ဆလောက် ပိုရင့်ကျက်တဲ့ မျက်နှာထားပိုင်ရှင် ဆရာသမားက ဒီတစ်ယောက်လား၊ ဘယ်လိုလဲ ကိုယ့်ဆရာ၊ ခုထိ မဂေါက်သေးဘူးလား၊ ခေး ပညာပြတာ ခံရရင် ဘယ်သူမဆို ဂေါက်လုလုဖြစ်သွားကြတာပဲဗျ ..."

"ဟဲ့ ... နိုင်း ... နင် စကားပြောတာ ရိုင်းလှချည်လား၊ ငါ့ဆရာကို နင် ဒီလိုပြောစရာလား၊ ဆရာ့ကို ပြန်တောင်းပန်စမ်း၊ ငါတောင်မှ ဆရာ့ကို ပြစ်မှား စော်ကားမိလို့ ခုလို စိတ်တွေ ဆင်းရဲပြီး နောင်တ အလီလီရနေတာ၊ ဆရာ့ကို သတိရလွန်းလို့ သေချင်လောက်အောင် စိတ်ဆင်းရဲနေရတာ"

ခေးရဲ့ သတိလက်လွတ် စကားတွေကြောင့် သူ့ရင်ထဲ ဆတ်ခနဲ တုန်ခါ၍ပင် သွားရသည်။

"ကဲ ... ငါ့ညီ၊ မင်းလည်း မင်းဘာသာ အေးအေးဆေးဆေး ကနေခဲ့တော့ ... ၊ ခေးကိုတော့ ငါ ခေါ်သွားပြီး ပြန်ပို့မှဖြစ်မယ်၊ နောက်နေ့ကျမှ မင်း ခေးဆီဖုန်းခေါ်လိုက်တော့ပေါ့ ... ဟုတ်ပြီလား၊ ဒီမှာ ပြဿနာတက်လို့လည်း မကောင်းဘူး၊ အေးဆေးပေါ့ကွာ ဟုတ်ပြီလား"

စွမ်းရည်က နိုင်းရဲ့ ပခုံးကိုပုတ်ကာ ချော့ချော့မော့မော့ ပြောရသည်။ နိုင်းက ပခုံးတွန့်လိုက်ရင်း ...

"ခေးက ခင်ဗျားကြောင့် စိတ်ဆင်းရဲနေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး club ထဲကို ပြန်လှည့်ဝင်သွားလေသည်။

စွမ်းရည်က ခေးလက်ကို လွှတ်မပေးဘဲ အပြင်ဘက်သို့ ဆွဲခေါ်လာခဲ့တော့ ခေးက ပြန်ရုန်းရင်း ...

"ကိုစွမ်း ... ခေးလက်ကို လွှတ်၊ ခေး မပြန်သေးဘူး၊ ခေး ကဦးမှာ"

ဟု ပလုံးပထွေး ပြောလေသည်။ စွမ်းရည်က ခေးကို ဟိုတယ်ဝန်းထောင့်က ရေကူးကန်ဘက်သို့ ဆွဲခေါ်လာခဲ့ကာ ခေး သတိဝင်လာအောင် ခေးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းပစ်လိုက်သည်။

"ခေး ... မင်း သတိထားစမ်း၊ မင်းစိတ်ကို ထိန်းစမ်း"

"အင် ... ခေးက ဘာဖြစ်လို့လဲ၊ ခေး ဘာမှမဖြစ်ပါဘူး ဆရာရယ်၊ ဟင်း ... ဟင်း ... ဆရာက လာနှောက်နေပြန်ပါပြီ"

"ခေး ... မင်းကွာ ..."

စွမ်းရည်က ပြောရင်းက စိတ်တိုလာကာ ဆတ်ခနဲ ထိုင်ချလျက် ရေကူးကန်ထဲက ရေကို လက်ခုပ်နှစ်ဖက်ဖြင့် ခပ်ယူ၍ ပြန်ထရပ်လိုက်ပြီး ခေးမျက်နှာကို လက်ထဲက ရေဖြင့် ပက်ထည့်လိုက်ပါသည်။

"အား၊ ဖရူး ... ဖွီး၊ ဆရာ ... ဒါ ဘာလုပ်တာလဲ"

"ဘယ်လိုလဲ ... မင်းအသိအာရုံတွေ နိုးကြားလာပြီလား၊ မင်းမှာ အသိတရားရှိတယ်ဆိုရင် ဆရာက တပည့်မိုက်ကို





ရိုက်ဆုံးမချင်စိတ်ပေါက်မလာခင် မင်း အေးအေးဆေးဆေး ပြန်လိုက်ခဲ့ ..."

ခေးက မျက်နှာပေါ်က ရေတွေကို လက်ခုံဖြင့် ပွတ်ဆွဲ၍ သုတ်နေရင်းက သူ့မျက်နှာသူ လက်ဖဝါးနှစ်ဖက်ထဲ ငုံ့ဖွက်လိုက်ရင်း ရေကူးကန်ဘောင်မှာ ငုတ်တုတ်လေး ထိုင်ချလိုက်လေသည်။

"ခေး ... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ ..."

ခေးက မဖြေဘဲ ငြိမ်သက်နေသည်။ သေချာကြည့်မိတော့ ခေးရဲ့ကျောပြင်လေးက သိမ့်သိမ့်တုန်နေသည်။ ခုလိုကျတော့လည်း စွမ်းရည်ရဲ့ ဒေါသက နည်းနည်းပျော့လာရကာ ...

"ခေး ... မင်း ငိုနေတာလား၊ ထ ... ထ ... မငိုနဲ့တော့၊ သွားရအောင်၊ တော်ကြာ ဘွားလေး စိတ်ပူနေလိမ့်မယ်"

ခေးက ထမလာဘဲ အသံတိတ် ရှိုက်ငင်နေသည်။ ခဏကြာတော့မှ ခေးက သူ့ကို မော့ကြည့်လာသည်။ ခေး မျက်နှာပေါ်မှာ စီးလက်နေသော မျက်ရည်စတွေကို မြင်ရသည်။

"ကိုစွမ်း ခေးကို ရိုက်ချင် ရိုက်လိုက်ပါလား၊ ခေး အသားနာမှာ မကြောက်ပါဘူး၊ ရင်နာရမှာပဲ ကြောက်တာ၊ ခေးအနားက လူတွေက ခေးကို အသားနာအောင် ဘယ်သူမှမလုပ်ကြဘူး၊ ခေး ရင်နာအောင်ပဲ လုပ်သွားကြတာ၊ အဲ့ဒါကို ခေး မကြိုက်ဘူး၊ မာမိနဲ့ ဒက်ဒီလည်း ခေးကို အသားနာအောင် ဘယ်တုန်းကမှ မရိုက်ခဲ့ဘူး၊ ရင်နာရအောင်ပဲ လုပ်ခဲ့ကြတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ခေးရဲ့တိုးတိတ်စွာသော ရှိုက်ငင်သံကလေးကြောင့် စွမ်းရည်က သက်ပြင်းချကာ ခေးအနားမှာ ခေးလိုပဲ ငုတ်တုတ် ထိုင်ချလိုက်မိရင်း ခေး ခေါင်းလေးကို ဖွဖွ ပုတ်ပေးလိုက်မိ သည်။

"ခေး ... မင်း မိဘတွေအတွက် မင်း ဘယ်လိုရင်နာခဲ့ ရတယ်ဆိုတာ ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် ..."

"ဟင့်အင်း ... ဆရာ နားမလည်ပါဘူး၊ နားမလည်လို့ သာ ဒက်ဒီ့လိုလုပ်ခဲ့တာ၊ ဒက်ဒီလည်း ဆရာ့လိုပဲ ခေး ဆိုးသမျှ သည်းခံ၊ ခေးကို အလိုလိုက်ပြီး နေလာခဲ့ပြီးမှ ခေးကိုထားပြီး ထွက်သွားတယ်၊ ဆရာလည်း ဒက်ဒီ့လိုပဲ မဟုတ်လား၊ ခေးကို သည်းခံအလိုလိုက်ပြီးမှ ခေးကို ထားခဲ့တယ်၊ အဲ့ဒီလိုလုပ်မယ့်အစား ခေး ဆိုးမိ တာကို ဒဏ်ခတ်တဲ့အနေနဲ့ ရိုက်ဆုံးမလိုက်တာကမှ တော်ဦးမယ်၊ တကယ်တမ်းကျတော့ ဆရာ ခေးကို ခွင့်လွှတ်တယ်ဆို တာ အလကား ညာတာ၊ ခွင့်မလွှတ်နိုင်လို့သာ ခေးဆီက နေ ထွက်သွားတာ ..."

ငိုသံအက်အက်ကလေးနှင့် ပြောနေသော ခေးကို ငဲ့ကြည့်ရင်း သနားကြင်နာစိတ်က သူ့ရဲ့ နာကျင်မှုတွေအားလုံး ကို ဖယ်ရှားပေးလိုက်သည်။

"ကိုယ် ... မင်းကို ခွင့်လွှတ်ခဲ့ပါတယ် ခေးရယ်"

"တကယ် ခွင့်လွှတ်ရင် စာလာသင်ပေးရမှာပေါ့"

"ကိုယ် ... ပြန်လာသင်ပေးပါ့မယ်"





"တကယ်နော် ..."

သူ ခေါင်းညိတ်ပြမိသည်။

"ကတိနော် ..."

သူ နောက်တစ်ကြိမ် ခေါင်းထပ်ညိတ်ရပြန်ပါ သည်။

ခေးရဲ့ မျက်လုံးလေးတွေကတော့ ချက်ချင်းပင် တောက်ပလာကြလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

"အမလေး ... လက်ညောင်းလိုက်တာနော်၊ လက်ညောင်းလိုက်တာ ..."

စာကို သေချာ အာရုံစိုက်၍ရေးနေရင်းက ခဏ ရပ်ကာ မျက်နှာလေး ရှုံ့မဲ့လျက် ဘောလ်ပဲန်ကိုင်သည့် လက်ကလေးကို လှုပ်ခါ အညောင်းဖြေလိုက်သော ခေးကို လှမ်းကြည့်ရင်း စွမ်းရည်က ပြုံးလိုက်မိပါသည်။

ခုလိုတော့လည်း ခေးကို စာသင်ရတာ စိတ်ချမ်းသာစရာ ကောင်းလှပါသည်။ တစ်လ တစ်ကြိမ် စာမေးပွဲလေးတွေ စစ်ပေးတိုင်းလည်း ကြိုးကြိုးစားစား ဖြေဆိုရှာပါသည်။ ဒီနေ့လည်း သူ ထုတ်ပေးထားသည့် မေးခွန်းတွေကို ခေးက ဖြေဆိုနေခြင်းပင် ...။ စာရေးနေရင်းက လက်ညောင်းလို့ဆိုပြီး လက်ကိုခါလိုက်၊ ပြန်ရေးလိုက်လုပ်နေသော ခေးပုံစံလေးက အပြစ်ကင်းစင်သည့် ကလေးလေးတစ်ယောက်လိုပင်။ ဟိုအရင်က စွမ်းရည်ကို ရန်လိုသည့် အကြည့်မျိုးဖြင့် ဂျစ်ကန်ကန်





ပေကပ်ကပ်ကြည့်ခဲ့ဖူးသည့် မျက်လုံးလေးတွေသည် ခုနောက်ပိုင်းမှာတော့ ကြည်လဲ့ရွှန်းရီနေတတ်ခဲ့သည်။

လိမ်လိမ်မာမာလေး ဖြစ်နေတတ်သော ခေးက သူ့ကို ကိုစွမ်းဟု ဆက်ခေါ်နေတာကိုတော့ သူက ခွင့်ပြုထားခဲ့ရပါသည်။ ကိုယ့်ဘက်က ဒီလောက်လေးကို ခွင့်မပြုဘဲ ပိတ်ပင်မိတော့မှ ခေးက အံရွဲ့တိုက်ပြီး ပြန်ဆိုးလာမှာကိုလည်း ကြောက်ရသေးသည်။ တီချယ်ထားနှင့် ဘွားလေးတို့ကလည်း ခေး လိမ္မာနေတာကိုကြည့်ပြီး ဝမ်းသာနေခဲ့ကြသည်။ လူကြီးတွေ မျက်စိထဲမှာတော့ စွမ်းရည်ဟာ မြင်းရိုင်းတစ်ကောင်ကို ယဉ်ပါးအောင် ကိုင်တွယ်မောင်းနှင်နိုင်သည့်သူလို သူ့ရဲကောင်းကြီး ဖြစ်လို့နေသည်။

"ကိုစွမ်း ... ဒီမှာ ပြီးပြီ ..."

ခေးက ဖြေပြီးတာနှင့် အဖြေလွှာစာရွက်ကလေးကို ကောက်ယူကာ လက်နှစ်ဖက်ကို ဆတ်ခနဲ ဆန့်တန်း၍ စွမ်းရည်ထံ လှမ်းပေးလိုက်သည်။

စွမ်းရည်က စာရွက်ကို လှမ်းမယူသေးဘဲ ...

"ပြီးတာ မြန်လှချည်လား၊ အပုဒ်စေ့ရော ဖြေရဲ့လား"

"အံမယ် ... ကိုစွမ်းနော် ... လူကို မယုံသင်္ကာနဲ့၊ စာရွက်ကိုပဲ ကြည့်လိုက်ပါဦး၊ ဖြေထားတာမှ အပြည့် ... အပြည့်"

စွမ်းရည်က အဖြေလွှာ စာရွက်တွေကို လှန်လျှော ကြည့်ရင်း ...

"မြန်မြန်ပြီးချင်စောနဲ့ ဖြေတော့ လက်ရေးက ကြောင်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ထားတဲ့ အတိုင်းပဲ၊ စိတ်လောပြီးရေးတော့ ခဏခဏ ပြန်ဖျက်ရတယ် မဟုတ်လား၊ အဖြေလွှာတစ်ခုလုံးလည်း ဖျက်ရာတွေနဲ့ ညစ်ပတ်နေတော့တာပဲ၊ ခေါင်းအေးအေးနဲ့ ဖြည်းဖြည်းမှန်မှန် ဖြေတော့ အမှားလည်း ကင်းတယ်၊ လက်ရေးလက်သားနဲ့ သတ်ပုံကအစ သပ်သပ်ရပ်ရပ်လေး ဖြစ်မှာပေါ့၊ မြန်မြန်ပြီးပေမယ့် အမှားများရင် အလကားပဲ မဟုတ်လား”

“ကိုစွမ်းကလည်း မြန်မာစာပဲဟာ ဘာထွေထွေထူးထူး အမှားများစရာရှိလို့လဲ၊ ခေးက မြန်မာစာဆို ကိုယ့်ဘာသာကျက်ပြီး မျက်စိမှိတ်ဖြေလို့တောင်ရတယ်၊ ကိုယ့် မြန်မာစာက ဘာများအရေးကြီးလို့လဲ၊ နောက်တစ်ခါ ခေးကို စာမေးပွဲစစ်ရင် မြန်မာစာ ထည့်မစစ်နဲ့၊ ခေး လက်ညှောင်းတယ်”

“မြန်မာစာကို ဒီလို လွယ်လွယ်ပေါ့ပေါ့လေး မပြောနဲ့ ခေး”

“တကယ်လည်း လွယ်သားပဲဟာ၊ စာမေးပွဲမှာ မြန်မာစာ ကျတဲ့သူများ လက်ချိုးရေလို့တောင် ရတယ်”

“ခေး ... ညည်း အလွယ်ဆုံးလို့ထင်နေတဲ့ မြန်မာစာမှာ ညည်းအညံ့ဆုံးဖြစ်နေတာ ကိုယ့်ကိုယ်ကိုရော သိရဲ့လား၊ စာရေးရင် လက်ရေးက ညံ့ရတဲ့အထဲ ပုဒ်ဖြတ်ကို မှန်မှန်ကန်ကန် မထည့်တော့ စာကြောင်းတွေက အဓိပ္ပာယ်တွေ ရောနှောရှုပ်ထွေးကုန်ရော၊ မင်းစာရေးရင် ဘာလို့ပုဒ်ဖြတ်





ထည့်တဲ့အကျင့် မရှိတာလဲ၊ ပုဒ်တစ်ချောင်း ဖြတ်သင့်တဲ့ နေရာဖြတ်၊ နှစ်ချောင်းဖြတ်သင့်တဲ့နေရာ ဖြတ်ရမှာပေါ့”

“ခေးက စိတ်လောလောနဲ့ အမြဲရေးတတ်တော့ ပုဒ်ဖြတ်ဖို့ သတိမရတော့ဘူး ကိုစွမ်းရဲ့”

“အဲ့ဒါကို သတိထားပြီး ပုဒ်ဖြတ်ထည့်ပေါ့”

“ဟုတ်၊ နောက် ထည့်ပါ့မယ်”

“နောက်တစ်ခု၊ လက်ရေးက မလှရင် နေပါစေ၊ အဆင့်အတန်းတော့ ရှိပစေ ...”

“ရှင် ...၊ လက်ရေးက ဘယ်လိုမျိုး အဆင့်အတန်း ရှိရမှာလဲ”

“လက်ရေး မလှတာနဲ့ လက်ရေးအဆင့်အတန်း မရှိတာနဲ့ မတူဘူး ခေး၊ လက်ရေးအဆင့်အတန်း ရှိတယ်ဆိုတာ ဝိုင်းစက်ညီညာလှပနေမှ မဟုတ်ဘူး၊ ဘွဲ့ရပညာတတ် ဖြစ်လည်း ၂ တန်း ၃ တန်း ကလေးက ရေးသလို လက်ရေးမျိုး စာလုံးပေါင်းမျိုးနဲ့ ရေးတာမျိုးတော့ မဖြစ်စေချင်ဘူး၊ ကျောင်းစာပဲရေးရေး၊ သူငယ်ချင်း မိတ်ဆွေဆီကိုပဲ စာရေးရေး အဆင့်အတန်းရှိတဲ့ မြန်မာစာ အရေးအသားမျိုး ရေးတတ်အောင် မြန်မာစာကို အခြေခံကောင်းအောင် ကိုယ်သင်ပေးချင်တာပါ ခေး၊ မြန်မာစာကိုပဲ တစ်ဖက်သားစိတ်ကို ဆွဲဆောင်နိုင်အောင် ရေးနိုင်တာလည်း အရည်အချင်းတစ်ခုပဲ ...”

“ဟုတ်၊ ခေး မြန်မာစာကိုလည်း ဂရုစိုက်သင်ပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ရှိသေးတယ်၊ ခေး ခုနပြောလိုက်တာ မြန်မာစာကို ကိုယ့်ဘာသာ ကျက်ပြီး ဖြေမယ်တဲ့၊ မြန်မာစာကို ကျက်ဖြေတယ်ဆိုရင် အဲ့ဒါ မြန်မာစာ ညံ့လို့ပဲ၊ မြန်မာစာဆိုတာ သေချာနားလည်အောင်ဖတ်ပြီး ကိုယ်နားလည်သလို ကိုယ့်အရေးအသားနဲ့ ကိုယ် ပြန်ရေးလို့ရတာပဲ"

"ခေးက အဲ့လိုမှ ပြန်မရေးတတ်တော့ အလွတ်ပဲ ကျက်ရတာပေါ့ ကိုစွမ်းရဲ့ ..."

"စာစီစာကုံးကိုလည်း အလွတ်ကျက်တာပဲလား"

"ဟုတ် ..."

"အဲ့ဒါ တော်တော် ရယ်ရတဲ့ ကိစ္စပဲ ..."

"ဘာလို့လဲ ..."

"ဘာမေးမှန်းမသိတဲ့ စာစီစာကုံးကို အလွတ်ကျက်တာ အရူးလား"

"အလွတ်မကျက်တော့ ဘယ်လိုဖြေရမလဲ"

"စာဖတ်ပေါ့၊ အပြင်စာများများ ဖတ်ပေါ့၊ ဗဟုသုတဖြစ်မယ့် စာတွေ၊ ရသစာတွေ ဖတ်ပေါ့၊ ကိုယ်က စာများများ ဖတ်ထားရင် ဘာလာလာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြေတတ်တာပေါ့၊ အဲ့ဒီလိုမှ မဖြေတတ်ဘူးဆိုလည်း စာစီစာကုံး အဟောင်းတွေ ရှာဖတ်ပြီး လေ့လာပေါ့၊ အလွတ်ကျက်ဖို့တော့ မလိုပါဘူး ခေးရဲ့ ..."

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ ခေး ကြိုးစားကြည့်ပါ့မယ် ဆရာစွမ်းရယ်"





ခေးက တစ်ခါတစ်ခါ ရွဲ့ချင်လျှင် သူ့ကို ဆရာစွမ်းဟု ခေါ်တတ်သေးသည်။

"ကဲ ... မနက်ဖြန်ကျရင်တော့ သင်ထားပြီးသမျှ အင်္ဂလိပ်စာတွေ ပြန်နွှေးပေးမယ်၊ သန်ဘက်ခါကျရင် စာမေးပွဲဖြေရမယ်"

"အာ ... ဒုက္ခပါပဲ၊ ကိုစွမ်း ... ခဏ ... ခဏ ... ဒီနားလေးကို ဖိကြည့်စမ်း"

ခေးက ရုတ်တရက် ဖက်ကိုပုလျက် ခေါင်းထိပ်ကို လက်ဖဝါးတစ်ဖက်ဖြင့် ဖိအုပ်ကိုင်ထားရင်း ပြောလိုက်တာမို့ စွမ်းရည်က မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဘာလဲ ... ခေး၊ ဘာဖြစ်တာလဲ"

"ဒီနား ဒီနားလေးကို ကိုင်ကြည့်ပါဦး ကိုစွမ်းရဲ့"

ခေးက သူ့ငယ်ထိပ်ကို သူ ပုတ်ပြနေသည်။

စွမ်းရည်က လက်မရဲဘဲ ...

"ဟာ ... ဘာလို့ကိုင်ရမှာလဲ၊ ဘာဖြစ်တာလဲသာ ပြော"

"ပြောရင် သိမှာမဟုတ်ဘူး ကိုစွမ်းရဲ့၊ ကိုင်ကြည့်မှ သိမှာ၊ ကိုင်ကြည့်ပါဆိုတာကို ..."

"အာ ... ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ဘာဖြစ်သလဲဆိုတာ ပြော၊ မပြောရင်လည်း စာဆက်သင်တော့မယ် ..."

"ဆရာကလည်း ... ခုမှ အထာကိုင်နေလိုက်တာ၊ ဟိုညတုန်းကတော့ ..."

"ဘာလဲ၊ ဘာပေါက်ကရ ပြောဦးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကိုပဲ ပြောမှာပါ၊ ဆရာက ခုမှသာ ခေး ခေါင်းကို ကိုင်ရမှာ ဝန်လေးနေတာ၊ ခေးကို လာရှာတဲ့ ဟိုညတုန်းကတော့ ခေးလည်း မကိုင်ခိုင်းဘဲနဲ့ ခေးခေါင်းကိုတောင် ပုတ်ပေးလိုက်သေးတာ"

"ဟင် … ဘယ်တုန်းကလဲ"

ရုတ်တရက်မို့ စွမ်းရည်က ကြောင်အမ်းအမ်းဖြစ်ကာ ပြန်မေးမိသည်။ ပြီးမှ ခေးကို သွားရှာသည့်ညက ရေကူးကန်နားမှာ ခေးငိုနေတုန်း ချော့မော့နှစ်သိမ့်ပေးခဲ့ရသည်ကို သတိရသွားကာ …

"အာ … တာတေမ … မင်း တော်တော်ဆိုးပါလား၊ ဒီလောက် ဝမ်းပမ်းတနည်း ငိုနေတဲ့ကြားကတောင် ဒါကို မှတ်ထားနိုင်သေးတယ်ပေါ့၊ အဲ့ဒီတုန်းက မင်း အရမ်းဝမ်းနည်းနေလို့ မင်းကို နှစ်သိမ့်တဲ့အနေနဲ့ အမှတ်တမဲ့ ပုတ်ပေးလိုက်မိတာပါ"

"အင်းပါ … အင်းပါ … ခေး နားလည်ပါတယ်၊ ခုလည်း ခေးခေါင်းကို ကိုင်ဖို့ ဘာမှဝန်လေးမနေပါနဲ့တော့၊ ဒီနားလေးကိုပဲ စမ်းကြည့်လိုက်ရင် ခေး အခြေအနေကို ကိုစွမ်း သဘောပေါက်သွားမယ်"

ခေးက သူမခေါင်းကို သူ့ရှေ့သို့ ထိုးပေးနေတာမို့ သူက မြန်မြန်ပြီးအေးရော သဘောထားကာ သူမ၏ ငယ်ထိပ်ကို လက်ဖဝါးဖြင့် အုပ်ကိုင်လိုက်သည်။ ခေးက …

"တွေ့လား ကိုစွမ်း"





"ဘာကို တွေ့ရမှာလဲ …"

"ခေး ခေါင်းတွေ အရမ်းပူနေတာလေ"

"အရမ်းမပူပါဘူး၊ ပုံမှန်ပါပဲ"

"ပူပါတယ် ကိုစွမ်းရဲ့၊ ပူတာမှ ခေါင်းမီးတောင် ထတောက်တော့မလိုပဲ၊ ခေးမှာ တစ်နေ့ တစ်နေ့ စာတွေ သင်ရ၊ ကျက်ရမှတ်ရ စာမေးပွဲတွေ ဖြေရလွန်းလို့ ခေါင်းတွေတောင် ပူပြီး ပွင့်ထွက်တော့မလို ဖြစ်နေတာ၊ ခေး အဲ့ဒီလိုမဖြစ်ဖို့ ကိုစွမ်းမှာ တာဝန်ရှိတယ်"

ခေး အပြောကြောင့် စွမ်းရည်က ခေးရဲ့ ဆိုလိုရင်းကို သဘောပေါက်ကာ လက်ကို ပြန်ရုပ်လိုက်ရင်း …

"စာမေးပွဲ မဖြေချင်တိုင်း ပါးစပ်ထဲ တွေ့ရာ ဘာညာသာရကာတွေ လာပြောမနေနဲ့ မရှေ့ထိပ်ထား၊ စာမေးပွဲ ဖြေကြည့်မှ မင်းရဲ့ အရည်အချင်းကို မှန်းဆလို့ရမှာပေါ့၊ အားနည်းချက်ရှိရင် သေချာသတိထားမိမှာပေါ့၊ ကိုယ် ဘယ်နေရာမှာ လိုအပ်နေတယ်ဆိုတာ သိမှ ဖြည့်ဆည်းနိုင်မှာပေါ့"

"စာမေးပွဲတွေ မဖြေချင်ဘူး မပြောပါဘူး၊ ဖြေတော့ ဖြေမှာပါ၊ ဒါပေမယ့် ကိုစွမ်းနဲ့ ခေးနဲ့ အပေးအယူတစ်ခုတော့ လုပ်မှဖြစ်မယ်"

"အံမယ် … ကြီးကြီးကျယ်ကျယ်ပါလားဗျာ၊ ဘာများတုန်း၊ ပြောပါဦး …"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနှောက်ဆေးတဲ့အနေနဲ့ တစ်ရက်လောက်ခေး လျှောက်လည်ချင်တယ်"

စွမ်းရည်က ခဏ စဉ်းစားလိုက်ပြီး ...

"အိုကေလေ ... ဒီလောက်ကတော့ ခွင့်ပြုရမှာပေါ့၊ မင်း ဘွားလေး ခွင့်ပြုရင် သွားပေါ့"

"ဘွားလေး ခွင့်ပြုလို့မရဘူး၊ ကိုစွမ်း ခွင့်ပြုမှရမှာ"

"မင်း အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်က ပိုအရေးကြီးတာပေါ့ ခေး၊ ဘွားလေးနဲ့ တီချယ်ထား မသိအောင်တော့ မသွားရဘူး"

ခေးက စွမ်းရည်ကို စူပုပ်ပုပ်လေး ကြည့်နေလိုက်ပြီးမှ ...

"ကိုစွမ်းနဲ့ လျှောက်လည်မှာဆိုတော့ ကိုစွမ်း ခွင့်ပြုချက်က ပိုအရေးကြီးတာပေါ့ ..."

"ကိုယ်က ဘာလို့ မင်းနဲ့ လျှောက်လည်ရမှာလဲ၊ ကလေးကလား ..."

"အတူလျှောက်မလည်နဲ့ပေါ့၊ ခေး သွားချင်တဲ့ နေရာတွေကိုပဲ လိုက်ပို့ပေါ့"

"ဘာထူးလို့လဲ၊ သဘောတရားချင်းက အတူတူပဲ"

"ဒါဆို ကိုစွမ်းက ခေးကို လိုက်မပို့ဘူးပေါ့"

"မပို့ဘူး ..."

"ပြီးရော၊ အဲ့ဒါဆို ခေးလည်း စာမေးပွဲ မဖြေတော့ဘူး"





"မဂျစ်နဲ့ ခေး၊ စာမေးပွဲ ဖြေပါ့မယ်လို့ မင်း ကိုယ့်ကို ကတိပေးထားတာ မေ့ပြီလား"

"အဲ့ဒါ စာမေးပွဲအစစ်ကြီးကို ပြောတာ၊ စာမေးပွဲကြီးကတော့ ဖြေမှာပါ၊ ဒါပေမယ့် စာမေးပွဲ သေးသေးလေးတွေကိုတော့ ခဏခဏ မဖြေချင်တော့ဘူး၊ လက်ညောင်းတယ်"

"ကိုယ် လိုက်ပို့မယ်ဆိုရင်တော့ ဖြေမယ်ပေါ့"

"အင်းပေါ့ ..."

"စကားပြောတာက မရိုမသေနဲ့၊ ဘာအင်းပေါ့လဲ ..."

"ဟုတ်ကဲ့ပေါ့ ..."

ခေး စကားကို ရယ်ချင်ပေမယ့် စွမ်းရည်က မရယ်မိအောင် ထိန်းရပါသည်။ ခုချိန်မှာ ကိုယ့်ဘက်ကသာ သဘောကောင်းပြကြည့်၊ ခေးက ရောင့်တက်မှာ အသေအချာပင်။

စွမ်းရည်က ခေးကိုကြည့်နေရင်းက ခေါင်းတညိတ်ညိတ် လုပ်လိုက်ရင်း ...

"ခေး ... ခေး တော်တော်လာတဲ့ ခေး၊ ငါ အခု သဘောပေါက်ပြီ၊ မင်း ငါ့ကို နောက်တစ်ခါ ပြဿနာတက်အောင် လုပ်ကြံမလို့မဟုတ်လား၊ ငါက မင်းနဲ့ လျှောက်လည်ရင် မင်းအိမ်က ငါ့ကို အထင်မှားမယ်၊ ငါ့အလုပ်ပြုတ်မယ်၊ မင်းလည်း စာမသင်ရတော့ဘူး၊ အဲ့ဒီလိုမျိုးလား"

"စဉ်းစဉ်းစားစားလည်း ပြောပါ ကိုယ့်ဆရာရယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့ သင်ချင်လွန်းလို့ တခြား ဘယ်သူနဲ့မှမသင်ဘဲ နေခဲ့တဲ့ ခေးက ကိုယ့်ဆရာကို အလုပ်ပြုတ်အောင် လုပ်ပါ့မလား"

ခေးရဲ့ ငေါ့တော့တော့အပြောလေးကြောင့် စွမ်းရည်ရဲ့ တင်းထားသောစိတ်တို့ ပျော့ပျောင်းလာရပါသည်။ သူ့ကိုဆို 'ကိုစွမ်း' ဟုခေါ်နေရင်းက 'ဆရာစွမ်း' ခေါ်လိုက်၊ 'ကိုယ့်ဆရာ' ခေါ်လိုက်နှင့် တရင်းတနှီး စကားပြောတတ်သော ခေးကို သူ မရင်းနှီး မခင်တွယ်ချင်လို့လည်း မရချေ ...။ ကလေးဆန်ကာ စကားလည်း တတ်လှတဲ့ ခေးရဲ့အပြော၊ ခေးရဲ့ အပြုအမူလေးတွေထဲမှာ သူ အမြဲ နစ်မျောလိုက်လျောမိရမြဲပင် ...။

ခေးဟာ အပြင်ပန်းကြည့်ရင်သာ ခပ်ပေါ့ပေါ့နေတတ်သူ၊ ဘယ်အရာကိုမှ အလေးမထားသူဟု ထင်ရပေမယ့် ခေးရင်ထဲမှာတော့ သိဝှက်မျိုသိပ်ထားရသော ခံစားချက်တွေ ရှိနေခဲ့တာကို ခေးကို လိုက်ခေါ်ခဲ့သော ညက သူသိခဲ့ရပါသည်။ အဲ့ဒီအချိန်က စလို့ ခေးအပေါ်မှာ ကရုဏာတစ်မျိုး တိုးကာ ခေးဘာလုပ်လုပ် ဘာပြောပြော မလိမ်မိုးမလိမ်မာ အမိုက်အမဲလေးရယ်လို့ ခွင့်လွှတ်ပေးနေခဲ့မိတာပင်။

တစ်ခါတစ်ခါ ခေးဘက်က ရင်းနှီးမှု လွန်ကဲလာတာတွေ၊ ဆိုးနွဲ့ဂျီကျလာတာတွေ ရှိတတ်တဲ့အခါတွေမှာတော့ သူက သံယောဇဉ်နယ် မကျွံစေရအောင် စည်းတစ်ခုခြားကာ ဆက်ဆံခဲ့ရပါသည်။

"ကိုစွမ်း ... ခေးကို လိုက်ပို့ပေးမယ် မဟုတ်လား"





ခေးက မေးခွန်းထုတ်လိုက်ပြန်သည်။

"မပို့ဘူးဆိုရင်ကော ..."

"ဒါဆိုလည်း ပြီးတာပါပဲလေ ..."

"ကိုယ် မပို့ရင် မင်းက စာမေးပွဲ အစမ်းတွေ မဖြေတော့ဘူးလို့ ဆုံးဖြတ်လိုက်တာလား ..."

စွမ်းရည်က မေးတော့ ခေးက မျက်နှာငယ်လေးဖြင့် ...

"အဲ့ဒီလိုတော့ မလုပ်ဝံ့ပါဘူး ကိုစွမ်းရယ်၊ ကိုစွမ်း မပို့လည်း နေရမှာပါပဲ၊ ခေးဘဝနဲ့ ခေးအကြောင်းပဲ ရှိပါစေတော့၊ ခေး နားလည်ထားတာကတော့ ဘယ်အလုပ်မဆို မြတ်စွာဘုရားရဲ့ မဇ္ဈိမပဋိပဒါ ဆိုတဲ့ အလယ်အလတ်ကျင့်စဉ်အတိုင်း ကျင့်တာ အကောင်းဆုံးတဲ့၊ ဘာမဆို အစွန်းရောက်ရင်မကောင်းမှန်း ကိုစွမ်းက ပိုသိမှာပါ၊ ကျောင်းသားဆိုတာလည်း စာကြိုးစားရမှာ မှန်ပေမယ့် အိပ်ချိန်အိပ်၊ လည်ပတ်ချင်တဲ့အခါ လည်ပတ်ပျော်ပါး၊ သူ့အချိန်လေးနဲ့သူ မျှမျှတတ နေခွင့်ရမှ ဦးနှောက်ကြည်လင် ဉာဏ်လည်း ရွှင်တော့မပေါ့၊ အမြဲ စာ စာ စာချည်း လုပ်နေရရင် ရှိရင်းစွဲ ဉာဏ်လေးတောင်မှ ထိုင်းသွားမှာ စိုးရတယ်လေ၊ ကိုစွမ်းက ဆရာဆိုတော့ ကျောင်းသားတွေရဲ့ 'ဆိုက်ကို' ကို ပိုနားလည်ပြီး ကိုယ့်တပည့်မလေး ပျော်အောင် အလိုလိုက် ဖြည့်ဆည်းပေးလေမလားလို့ တောင်းဆိုမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူလည်မ ..."

မျက်နှာငယ်လေးဖြင့် အတည်ပေါက်ပုံဖမ်းကာ ပြောနေသော ခေး ပုံစံကြောင့် စွမ်းရည်က ရယ်လိုက်မိပါတော့သည်။

"ကဲ ... ကဲ ... အရှုံးပေးပါတယ် မရွှေခေးရယ်၊ လိုက်ပို့ပေးပါ့မယ်၊ ဒါပေမယ့် တီချယ်ထားနဲ့ ဘွားလေးဆီက တော့ ခွင့်ပြုချက်တောင်းမှ ဖြစ်မယ်"

"ခေးပြောရင်တော့ ခွင့်ပြုမှာမဟုတ်ဘူး"

"ကိုယ် ပြောလိုက်ပါ့မယ်"

"အိုးခေ ..."

ခေးက လက်မလေးတစ်ချောင်း ဆတ်ခနဲ မြှောက်ထောင်ရင်း အော်လိုက်သည်။

"တစ်ရက်လည်ရင် နှစ်ဆ ပိုကြိုးစားပါ့မယ်လို့တော့ ကတိပေးရမယ်၊ ပေးမယ်မဟုတ်လား"

"ပေးပါ့မယ် ကိုယ့်ဆရာရယ် ..."

ပျော်ရွှင်မြူးကြွနေသော ခေးကိုကြည့်ရင်း စွမ်းရည် ထံသို့ပါ အပျော်ကူးစက်ကာ စိတ်လက်ပေါ့ပါးလာခဲ့ပါသည်။

မင်းကိုတော့ ကိုယ် တကယ့်ကိုမနိုင်ပါလား ခေးရယ် ...။

✦ ✦ ✦



✤ ✤ ✤

စွမ်းရည်သည် ခေးတို့ လမ်းထိပ်က အအေးဆိုင်ထဲမှာ ခေးနှင့်အတူ အအေးထိုင်သောက်ရင်း ခေးကို ဘယ်လိုက်ပို့ရရင် ကောင်းမလဲဟု ခေါင်းပူအောင် စဉ်းစားနေရပါသည်။

ခေးနဲ့ သူ အတူသွားလို့ လူမြင်မတင့်တယ်သည့် နေရာမျိုးကိုတော့ အထူးသဖြင့် ရှောင်ကြဉ်ရပါမည်။ ဥပမာ ပန်းခြံ၊ အင်းလျားကန်ပေါင် စသဖြင့်ပေါ့ ...။ ထိုနေရာမျိုးဟာ အများသွားလာနေကျ လူစည်ကားရာနေရာမျိုးဟု ဆိုနိုင်ပေမယ့် ထိုနေရာတွေမှာ အတွဲအတော်များများကို တွေ့ရတတ်သဖြင့် ရှောင်ရှားရမည့် စာရင်းဝင်သည်။

တီချယ်ထားကလည်း ...

"အတွဲတွေ သွားတတ်တဲ့၊ လူရှင်းတဲ့ နေရာမျိုးကို လိုက်ပို့ဖို့ မပူဆာရဘူးနော် သမီး ..."

ဟု စွမ်းရည်ရှေ့မှာပင် ခေးကို မှာလိုက်သည်။

တီချယ်ထားက စွမ်းရည်ကို ယုံကြည်သူမို့သာ ခုလို သူ့သမီးပျိုနှင့် နှစ်ယောက်တည်း လည်ပတ်တာကို ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာပင် ...။ တီချယ်ထားရဲ့ ယုံကြည်မှုကို အလွဲသုံးစား လုပ်ရာရောက်မည့် ကိစ္စတိုင်းကို စွမ်းရည်က သတိထား၍ ရှောင်ရှားရမှာပင်။

ခေးတို့အိမ်က ထွက်လာတော့ စွမ်းရည်က ဘယ်ကိုပို့ရမလဲဆိုတာ သေချာ မစဉ်းစားရသေးတာမို့ လမ်းထိပ် အအေးဆိုင်မှာ ခဏထိုင်ကြရအောင်ဟု ပြောပြီး အအေးမှာ သောက်နေခဲ့ရသည်။

ခေးတို့အိမ်မှာက ခေး မာမီကိုယ်တိုင် မောင်းယူသွားသည့် ကားတစ်စီးသာ ရှိသည်။ ဘွားလေးက သွားစရာရှိလျှင် ကားငှားသည့် ကုမ္ပဏီကို ဖုန်းဆက်ခေါ်၍ ကားသုံးသည်။ ခေးကတော့ လမ်းထိပ်ကို လမ်းလျှောက်ထွက်ပြီး သူ့ဘာသာ တက္ကဆီတား၍ သွားတတ်သူဖြစ်သည်။ ဒီနေ့လည်း တက္ကဆီပဲ ငှားသွားရမှာမို့ လမ်းထိပ်အထိ နှစ်ယောက်အတူ လမ်းလျှောက်ထွက်ခဲ့ကြတာပင် ...။

"ကိုစွမ်း ... ခေးကို ဘယ်ကိုအရင်ပို့မလဲ ... ပြော"

ခေး မေးတော့မှ စွမ်းရည်က လူအများ စည်ကားမည့် နေရာကို သတိရကာ ...

"ရွှေပြင်းစင်တာ သွားမလား၊ ဒဂုံစင်တာဆို သိပ်လည်း မဝေးဘူးလေ"

"နိုးပဲ ဆရာ ...၊ အဲ့ဒီလိုနေရာတွေက သွားလွန်းလို့ ရိုးနေပြီ"





"ဒါဆို ... ကြက်ကြော်ဆိုင်မှာ ကြက်ကြော် သွားစားမလား၊ ကြက်ကြော်ဖိုး ကိုယ်ရှင်းမယ်လေ ..."

"ကြက်ကြော်ကလည်း စားရလွန်းလို့ လူလည်း ကြက်တောင်ဖြစ် ... အဲ ... အဟိ ...၊ စားရလွန်းလို့ လုံးဝကို မစားချင်တော့တာပါ"

ခေး အလွယ်ပြောလိုက်တဲ့ စကားက တစ်မျိုးအဓိပ္ပာယ်ဆောင်သလို ဖြစ်သွားတာမို့ သူ့နှုတ်ခမ်းလေး သူဖိကိုက်ကာ ဟီခနဲရယ်၍ ဘရိတ်အုပ်လိုက်ပုံက ပီဘိကလေးငယ်သဖွယ်ပင်။

"ဒါဆိုလည်း မင်းသွားချင်တဲ့ နေရာရှိရင် ပြော၊ သွားဖို့သင့်တော်တဲ့ နေရာဆိုရင် လိုက်ပို့ပေးမယ်"

ခေးက မျက်လုံးကို အပေါ်လှန်ကာ စဉ်းစားလိုက်ပြီးမှ လက်ညှိုးတစ်ချောင်း ထောင်လိုက်ရင်း ...

"အင်းလျားကန်ပေါင်မှာ ဘူးသီးကြော် သွားစားမယ်"

"နိုး ..."

"ဟင် ... ဘာလို့လဲ"

"တီချယ်ထားက မှာလိုက်တယ်လေ၊ အတွဲတွေ သွားတတ်တဲ့နေရာကို မသွားရဘူးတဲ့"

"ကန်ပေါင်ကို အတွဲမဟုတ်လည်း သွားတာပါပဲ ကိုစွမ်းရာ၊ မိသားစုလိုက်လာတာ မမြင်ဖူးဘူးလား၊ သူငယ်ချင်းတွေလည်း လာကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကန်ပေါင်ပေါ်ကနေ အောက်ဘက်ဆင်ခြေလျှောဘက်ကို ငုံ့ကြည့်မလား၊ ကန်ပေါင်ပေါ်က ခုံတန်းတွေပေါ်ကို ကြည့်မလား၊ မဖွယ်မရာပုံစံနဲ့ အတွဲတွေက လက်ညှိုးထိုးမလွဲဘူး မဟုတ်လား"

"ဒါဆိုလည်း ပန်းခြံပဲလိုက်ပို့ပေတော့ ..."

"ပန်းခြံက ပိုဆိုးသေး ..."

"ဒါဆို ခေးက ဘယ်ကိုသွားရတော့မလဲ၊ အတွဲတွေဆိုတာက နေရာတကာ သွားနေကြတာပဲ၊ သူတို့သွားတတ်တဲ့ နေရာကိုသာ ရှောင်ရမယ်ဆိုရင် သွားစရာတောင် ရှိမှာမဟုတ်တော့ဘူး"

"ကစားကွင်း သွားမလား"

"မသွားဘူး၊ အဲ့ဒီမှာလည်း အတွဲတွေ လာကစားကြတာပဲ"

"ဒါဆို ဘယ်သွားချင်လဲ"

"ခေး သွားချင်တော့ရော ကိုစွမ်းက ပို့မှာမို့လို့လား၊ တော်ပြီ ... ဘယ်မှ မသွားတော့ဘူး၊ အိမ်ပဲပြန်တော့မယ်"

ခေးက သူ့ကြိုးရှည်ရှည် အိတ်လေးကို စလွယ်သိုင်း၍ ကောက်လွယ်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထကာ ဆိုင်ထဲက ထွက်သွားတာမို့ စွမ်းရည်က ကမန်းကတန်း ထလိုက်လာရသည်။





"ခေး ... ကျေးဇူးပြုပြီး လူရှေ့မှာ စိတ်ကောက်သလိုပုံစံမျိုးတွေ မလုပ်ပါနဲ့ကွာ၊ ကိုယ် တကယ်ရှက်လွန်းလို့ပါ၊ ဆိုင်ထဲက လူတွေလည်း ကိုယ်တို့နှစ်ယောက်ကို လှမ်းကြည့်နေကြတယ်၊ တော်ကြာ ကိုယ်တို့ကို အတွဲလို့ ထင်နေပါဦးမယ်"

"နာအုံ့ထင်တယ်ပေါ့၊ ဒီမှာကြည့် ... ဒီလိုလုပ်ရင် ပိုထင်ကြလိမ့်မယ်"

ခေးက ဆိုင်နဲ့ မလှမ်းမကမ်းမှာ ခြေစုံရပ်ပစ်လိုက်ပြီး တမင်ပင် ခြေဆောင့်ပြလျက် စိတ်ကောက်သည့် အမူအရာမျိုး လုပ်ပြလိုက်လေသည်။ စွမ်းရည်သည် ခေး အမူအရာကို ကြောင်ကြည့်နေရင်းက ဘာလုပ်ရမှန်းမသိအောင် ထူပူသွားသည်။ ပြီးမှ သတိဝင်လာကာ ဆိုင်ရှေ့မှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ခေးကတော့ ပြုံးစိစိဖြင့် စွမ်းရည်နောက်မှလျှောက်လိုက်လာခဲ့သည်။

ခပ်ဝေးဝေးရောက်မှ စွမ်းရည်က ခေးကို ရပ်စောင့်နေလိုက်သည်။ ခေးက ပြုံးစိစိ မျက်နှာထားဖြင့် ပီကေဝါးရင်း ခပ်ဖြည်းဖြည်း လျှောက်လာနေသည်။

"ကဲ ... ကဲ ... မရွှေခေး၊ လိပ်ခြေလှမ်းနဲ့ လျှောက်မနေနဲ့၊ မြန်မြန်လာ ..."

စွမ်းရည်က လှမ်းခေါ်တော့ ခေးက ခပ်နှေးနှေး လျှောက်နေရာက စွမ်းရည်ထံသို့ လှစ်ခနဲ ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်သည် ဖြုန်းစားကြီး ကိုယ့်ဆီ ဦးတည်ပြေးလာနေသော ခေးကြောင့် အံ့ဩလန့်ဖျပ်သွားရချိန်မှာ အရှိန်နှင့်ပြေးလာသော ခေးက စွမ်းရည်ရှေ့မှာ ကပ်၍ ရပ်တန့်ပစ်လိုက်တာမို့ သူ ယောင်ရမ်းကာ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

"လန့်သွားလား၊ မလန့်ပါနဲ့ ကိုစွမ်းရယ်၊ တိုက်မိအောင်တော့ ခေး မလုပ်ဝံ့ပါဘူး"

"ခေး ... မင်း ကိုယ့်ကို နောက်မနေနဲ့၊ ဘယ်သွားမလဲပဲပြော ..."

"ဒီအတိုင်း ခြေဦးတည့်ရာပဲ လမ်းလျှောက်သွားကြတာပေါ့၊ ခေးက ဟိုဒီငေးရင်း လမ်းလျှောက်ရတာကို ပျော်တယ်၊ လာ ... လျှောက်ရအောင်၊ လာပါ ... ကိုစွမ်းရဲ့၊ ဘာလဲ ... ခေးနဲ့ အတူတွဲမလျှောက်ချင်လို့လား ..."

ခေးက စွမ်းရည် လွယ်ထားသည့် ကျောပိုးအိတ်လေးကို လှမ်းဆွဲခေါ်လိုက်တာမို့ စွမ်းရည်က သက်ပြင်းချကာ ခေးနှင့်အတူ လျှောက်လိုက်လာရသည်။

စွမ်းရည်သည် ခေးနှင့်အတူ လျှောက်လာရင်း ခေးပုံစံလေးကို မသိမသာ ငုံ့ငုံ့ကြည့်နေမိပါသည်။ ခေးပုံစံလေးက ခါတိုင်းနေ့တွေထက် သွက်လက်မြူးရွှင်နေသည်။ ခြေသလုံးတစ်ဝက် ဘောင်းဘီက ခရမ်းရောင်၊ တီရှပ် အနီ၊ စလွယ်သိုင်းလွယ်ထားသည့် အိတ်က အဝါ။ လျှာထိုးဦးထုပ်က အပြာ။ ကြိုးသိုင်းဖိနပ်က အစိမ်း။ လက်မှာပတ်ထားသည့် ဖန်စီပုံစံနာရီကြီးရဲ့ ကြိုးက ပန်းရောင်။ သူတစ်ကိုယ်လုံးမှာ အရောင်





မျိုးစုံ ရှုပ်ယှက်ခတ်နေကာ တစ်ရောင်နဲ့တစ်ရောင်ကလည်း အဆက်အစပ်မရှိ။ ဖက်ရှင်အမြင်တွေ ဘာတွေလည်း ရှိပုံမရတဲ့ ခေးဟာ သူများအမြင်လှရေး မလှရေးထက် သူ့စိတ်မှာ ပေါ့ပါးချောင်ချိမယ်ထင်တဲ့ အဝတ်အစားကိုသာ ဝတ်တတ်သူပင် ...။

အဆီအငေါ် မတည့်သည့် ခေးပုံစံကို တချို့က သတိထား၍ကြည့်သွားကြသည်။ ခေးဘေးနားက စွမ်းရည်ကိုလည်း ရူးစမ်းသလို ကြည့်ကြသည်။ သူ့ပုံစံကတော့ ခေးနဲ့ ဆန့်ကျင်စွာ ပုဆိုးကွက်စိပ် နက်ပြာရောင် မှောင်မှောင်လေးနှင့် ရှပ်အင်္ကျီ လက်ရှည်အပြာစင်းကလေးကို လက်ကြယ်သီး တပ်၍ ဝတ်ထားခဲ့တာမို့ပင် ...။

ခေးကိုကြည့်ရတာတော့ သူသာ ဘာမှမပြောဘဲ လွှတ်ထားလိုက်လျှင် အဆုံးမရှိ လျှောက်သွားနေမလား မပြောတတ်ပါ။ တကယ်ပဲ လမ်းလျှောက်ရတာကို ပျော်နေပုံပင် ...။ ပါးစပ်ကလည်း ပီကေကို အဆက်မပြတ် ဝါးလာသည်။

ပလက်ဖောင်းပေါ်မှာ ထိုင်ရောင်းနေသည့် ဗယာကြော်သည်ကြီးကို တွေ့တော့ ခေးက ခြေလှမ်းတွေကို ရပ်လိုက်ရင်း ...

"ကိုစွမ်း ခေး ဗယာကြော် စားချင်လို့ ဝယ်လိုက်ဦးမယ်၊ ကိုစွမ်းရော စားဦးမလား၊ စားမယ်ဆို ပိုဝယ်လိုက်မယ်"

"မစားဘူး ..."

"ဒါဆိုလည်း ခေးဖို့ပဲ ဝယ်လိုက်တော့မယ်၊ ပြီးမှ ခေးဆီက လာကပ်မစားနဲ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ချ၊ မစားဘူး”

“ပြီးရော ...”

ခေးက ဗယာကြော် ၅၀၀ ဖိုး ဝယ်လိုက်ပြီးမှ ...

“အာ ... ဗယာကြော် စားချင်ပါတယ်ဆိုမှ ပီကေကလည်း မကုန်သေးဘူး၊ ကိုစွမ်း ... အင့် ... ဗယာကြော်ထုပ် ခဏ ကိုင်ထားပေး ...”

ခေးက ဘာလုပ်မလို့လဲတော့ မသိ၊ သူ့ကို ဗယာကြော်ထုပ် လှမ်းပေးတာမို့ သူ လှမ်းယူထားလိုက်ရသည်။

ခေးက နောက်ဘက်သို့ ပို့ထားသည့် သူ့အိတ်ကို ရှေ့သို့ ဘတ်ခနဲ ဆွဲယူကာ အိတ်ဇစ်ကို ဆွဲဖွင့်သည်။ အိတ်ထဲကို လက်နှိုက်၍ မွှေနှောက်ရှာဖွေသည်။ ထို့နောက် ပလတ်စတစ် အိတ်လေး တစ်အိတ်ကို ဆွဲထုတ်ယူလာသည်။ သူကတော့ ဗယာကြော်အိတ်ကလေးကို ကိုင်ထားရင်း ခေး ဘာလုပ်မလို့ ပါလိမ့်ဟု စူးစူးစမ်းစမ်း လိုက်ကြည့်နေဆဲမှာ ခေးက သူ့ပါးစပ် ထဲက ဝါးလက်စ ပီကေအလုံးလေးကို ထုတ်ကာ ပလတ်စတစ် အိတ်လေးထဲကို ထည့်လိုက်ပြီး ထိုအိတ်ကို သူလွယ်ထားသည့် အိတ်ရဲ့ အပြင်အိတ်အသေးလေးထဲ ထည့်ထားလိုက်သည်။ ပြီးတော့မှ စွမ်းရည်လက်ထဲက ဗယာကြော်ထုပ်ကို ပြန်ယူကာ လမ်းဆက်လျှောက်ရင်း နှိုက်စားလာသည်။

စွမ်းရည်က လမ်းဆက်လျှောက်လာရင်း ဟို ပီကေ လုံးကို ခေး ဘာလို့လွှင့်မပစ်ပါလိမ့်ဟု စဉ်းစားလာသည်။





စွမ်းရည် စဉ်းစားနေဆဲမှာပဲ ခေးလက်ထဲက ဗယာကြော်က ကုန်သွားသဖြင့် ခေးက အိတ်ခွံကို လွှင့်ပစ်လိုက်ပြီး ဆီပေလက် ကို တစ်ရှူးဖြင့် သုတ်လိုက်သည်။ ထို့နောက် ခုန ပီကေလုံးထည့် ထားသည့် စလွယ်အိတ်ကို ဖွင့်၊ ပီကေထုပ်ကိုထုတ်ကာ ပလတ် စတစ် အိတ်လေးထဲက ပီကေလုံးကို သူ့ပါးစပ်ထဲ ပြန်ထည့် လိုက်ပြီး ခပ်တည်တည် ဆက်ဝါးနေလေသည်။

ခေးကိုကြည့်နေမိသော စွမ်းရည်မျက်နှာက ရှုံ့မဲ့ သွားရပါသည်။ သူမို့လို့ မရွံတာဗျာ ...။ အေးလေ ... သူ့ ပါးစပ်ထဲက ထုတ်ပြီး သူ့ပါးစပ်ထဲပဲ ပြန်ထည့်တာဆိုတော့ လည်း ဘယ်ရွံပါ့မလဲ။ ဒါပေမယ့်လည်း ကိုယ်ဆိုရင်တော့ အဲ့ဒီလို မလုပ်ဖြစ်မှာ သေချာသည်။ ထားပါတော့ ခေးက ခေး၊ ကိုယ်က ကိုယ်ပဲလေ။ အမြင်မတော်လို့ ပြောမိရင်လည်း သူမ မှာ ပြန်ပေးစရာ ဆင်ခြေတွေက အသင့်ရှိနေမယ့်အတူတူ ပါးစပ် အညောင်းခံပြီး မပြောလိုတော့ပါဘူး။

နည်းနည်း ဆက်လျှောက်လာမိတော့ စွမ်းရည်က စိတ်ကူးတစ်ခုရကာ ...

“ခေး ... ခုလို လမ်းလျှောက်ရတာကို ကြိုက်တယ်မဟုတ် လား”

“ကြိုက်တယ် ...”

“ဒါဆို မြို့ထဲ တရုတ်တန်းဘက် သွားမလား၊ အဲ့ဒီမှာ ဆို ဈေးသည်တွေ အစုံပဲ၊ လျှောက်ကြည့်လို့ရတယ်၊ ကြိုက်တာ ဝယ်စားလို့ရတယ်၊ မြို့ထဲက ပန်းဆိုးတန်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တန်းဘက်ကိုသွားရင်လည်း စာအုပ်အဟောင်းရော အသစ်ရော ဝယ်လို့ရတယ်၊ ခေး ဖတ်သင့်တဲ့ စာအုပ်တွေ ကိုယ်ရွေးပေးမယ်”

“အင်း … ကောင်းသားပဲ၊ အဲ့ဒါဆို အဲ့ဒီကိုပဲ သွားလိုက်မယ်လေ”

“ဒါဆို … တက္ကဆီ ငှားလိုက်မယ်”

“ဟင့်အင်း … မငှားနဲ့၊ ခေး ဘတ်စ်ကား မစီးဖူးဘူး၊ ဘတ်စ်ကားပဲ စီးမယ်”

“လူကြပ်တယ်နော်၊ ခေး စီးနိုင်လို့လား”

“စီးနိုင်ပါတယ်”

“ကဲ … ဒါဆိုလည်း လမ်းဖြတ်ကူးမယ် လာ၊ ဘတ်စ်ကားမှတ်တိုင်က ဟိုဘက်မှာ …”

စွမ်းရည်က ရှေ့ကဦးဆောင်ပြီး လမ်းဖြတ်ကူးလာတော့ ခေးက စွမ်းရည်ရဲ့ ကျောပိုးအိတ်ကို လှမ်းဆွဲကိုင်ရင်း နောက်မှလိုက်လာပါသည်။ ဘတ်စ်ကားပေါ်ကို တိုးဝှေ့တက်ရတော့လည်း ခေးက စွမ်းရည်၏အိတ်ကို မလွှတ် …။ ခေးက ပျော်ရွှင်နေပုံဖြင့် ဘတ်စ်ကားထဲက လူတွေကို စူးစူးစမ်းစမ်း လိုက်ကြည့်နေသည်။

မြို့ထဲရောက်လို့ ဘတ်စ်ကားပေါ်က ဆင်းတော့ ခေးက သူ့ကို ဆွဲကိုင်လိုက်မနေတော့ဘဲ ကားပေါ်မှ ရဲရဲတင်းတင်း ခုန်ဆင်းလိုက်သည်။





အဲ့ဒီနေ့က ပျော်နေသော ခေးရဲ့ပုံစံလေးက ချစ်စရာကောင်းလွန်းတာကိုတော့ သူ ခေးကို အမြင်ကတ်ရင်းနဲ့ပဲ ဝန်ခံရမည်ဖြစ်သည်။

ခေးသည်လည်း ခေးဘဝမှာ ခုလို ကိုစွမ်းနဲ့အတူ သွားရသည့်အတွက် အလွန်ပင် ပျော်ရွှင်ကြည်နူးမိကြောင်း ဝန်ခံရမည်ဖြစ်သည်။ သူ ခေးနားမှာ ရှိနေတိုင်း ခေးရဲ့စိတ်တွေ လုံခြုံသည်။ အေးချမ်းသည်။ ဒါဟာ ဘာ့ကြောင့်လဲဆိုတာကိုတော့ ခေး သေချာ ခွဲခြမ်းစိပ်ဖြာ မစဉ်းစားရသေးချေ။

စွမ်းရည်သည် ကိုယ့်ကို ဆိုးနွဲ့ချင်သလိုပုံဖြင့် တရင်းတနှီး ဆက်ဆံတတ်သော ခေးကို ပထမတော့ ခပ်စိမ်းစိမ်း ခပ်ခွာခွာလေး ပြန်ဆက်ဆံခဲ့မိပေမယ့် နောက်တော့လည်း ခေးရဲ့ ရင်းနှီးတွယ်တာမှုတွေထဲက ရုန်းမရ ပြုမရ ချည်နှောင်မိခဲ့သည်။ ထိုချည်နှောင်ခဲ့သော ကြိုးကလေးဟာ အဖြူရောင်ကြိုးကလေးသာ ဖြစ်ပါသည်။

ထိုနေ့က မြို့ထဲ စာအုပ်တန်းတွေဘက်မှာ အချိန်ကုန်ခဲ့ပြီး စွမ်းရည်က ပြန်ဖို့ပြောတော့ ခေးက ပြန်ချင်ပုံမရသေးဘဲ …

“ကိုစွမ်း … တခြား လူရှုပ်တဲ့နေရာ ဘယ်နေရာရှိသေးလဲ၊ ခေး သွားချင်သေးတယ်”

“လှည်းတန်းဘက်မှာတော့ လူရှုပ်တယ်”

“ဒါဆို အဲ့ဒီကိုဝင်ပြီးမှ အိမ်ပြန်ကြမယ်လေနော် ကိုစွမ်း”



www.burmeseclassic.com

www.burmeseclassic.com



ခေးရဲ့ အားတက်သရော ပြောပုံလေးကြောင့် သူ မငြင်းရက်တော့ဘဲ ခေါင်းညိတ်လိုက်ရသည်။

လှည်းတန်းရောက်တော့ ခေးက လမ်းဘေး ဈေးသည်တွေကို လျှောက်ကြည့်ရင်း ...

"ကိုစွမ်း ... ဗိုက်ဆာလား"

"အင်း ... ဆာတယ်"

"ခေးလည်း ဆာတယ်၊ တစ်ခုခု စားရအောင်"

"ငါးကင် စားမလား ..."

"စားမယ်လေ ..."

ခေးနဲ့သူ လမ်းဘေးမှာ ခုံပုလေးတွေ ချခင်းထားသည့် ငါးကင်ဆိုင်လေးမှာ ထိုင်မိကြသည်။ ခေးက ငါးကင်နေသည့် မီးဖိုဘက်ကို လှမ်းကြည့်ရင်း ...

"အနံ့လေးက မွှေးနေတာပဲ၊ ကိုစွမ်း ... ခေး နှစ်ကောင် စားမှာနော်"

"တော်ရုံလုပ်ပါ ခေးရာ၊ နှစ်ကောင်တောင်ကုန်ပါ့မလား"

"သုံးကောင်တောင် စားနိုင်သေး ..."

စွမ်းရည်က ခေးအတွက် ငါးကင်နှစ်ကောင်၊ သူ့အတွက် တစ်ကောင် မှာလိုက်သည်။

ခဏကြာတော့ ငါးကင်ပွဲတွေ ရောက်လာသည်။

ခေးက ငါးကင်တွေကို ငုံ့ကြည့်ရင်း ...

"ဟင် ... အခြစ်တွေနဲ့ ..."





"ဒီမှာကတော့ ဒီလိုအကင်တွေပဲ ရောင်းတာ ခေးရဲ့၊ အပေါ်ယံ ခြစ်နေတာလေးတွေ ဖယ်စားပေါ့"

"ခေး စားဖူးတဲ့ ငါးကင်နဲ့ မတူဘူးနော်၊ ခေး စားဖူးတဲ့ ငါးကင်က မခြစ်ဘူး"

"ဆိုင်ကြီးတွေမှာက ခဲပတ်နဲ့ ကင်တာကိုး၊ ဒီမှာကတော့ ဈေးလည်းသက်သာတော့ ဒါမျိုးပဲရမှာ"

ခေးက ချက်ချင်း မစားသေးဘဲ ငါးကင်ကို ငုံ့ကြည့်နေရင်းက ...

"ကိုစွမ်း ... အခြစ်တွေ ဖယ်ပေး"

"ဟင် ..."

"အခြစ်လေ၊ ငါးကင်ပေါ်က အခြစ်တွေ ဖယ်ပေး"

ခေးက ငါးကင်ပန်းကန်ကို မေးငေါ့ရင်း ပြောလိုက်သည်။

စွမ်းရည်က ခေးရဲ့ ပန်းကန်ကို လှမ်းဆွဲယူကာ ငါးကင်ရဲ့ အပေါ်ယံအခြစ်တွေကို သေချာခြစ်ခွာပေးလိုက်သည်။

ခေးက ကိုစွမ်း အဲ့ဒီလိုလေး လုပ်ပေးနေတာကို ငေးကြည့်ရင်း ရင်ထဲမှာ အနွေးစီးကြောင်းလေးတစ်ခု ဖြတ်စီးသွားသလို နွေးထွေးသွားခဲ့ရသည်။

အခြစ်တွေကုန်တော့ စွမ်းရည်က ငါးကင်ပန်းကန်ကို ခေးဘက်သို့ ပြန်တွန်းရွှေ့ပေးလိုက်ရင်း ...

"ကဲ ... သုံးဆောင်တော်မူပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးအများကြီး တင်ပါတယ်"

"ကျေးဇူးတင်ရင် စာကြိုးစား"

"ဟုတ်ကဲ့ပါ ..."

ခေးက ပြုံးတုံ့တုံ့လေး ပြန်ပြောပြီး ဖြူဖွေးနေသော ငါးကင်အသားတွေကို တူနှင့် ညှပ်ခွာကာ အားရပါးရ စားလိုက်လေသည်။

✦ ✦ ✦



✤ ✤ ✤

တစ်နေကုန် ပျော်ရွှင်နေခဲ့သော ခေးမျက်နှာသည် မြင်ကွင်းတစ်ခုကြောင့် ပျက်ယွင်းညှိုးငယ်သွားရတာကို ဇွမ်းရည်က သတိထားလိုက်မိလေသည်။

လှည်းတန်းက အပြန်မှာ ခေးက အအေးသောက်ချင်သေးတယ်ဟု ပူဆာပြန်တာကြောင့် လူရှင်းသည့် အအေးဆိုင်လေးထဲမှာ ဝင်ထိုင်ရင်း ထိုမြင်ကွင်းကို ခေး မြင်ခဲ့ရတာ ဖြစ်သည်။

အအေးသောက်ရင်း ပေါ့ပေါ့ပါးပါး စကားတွေ ပြောနေခဲ့သော ခေးက ဆိုင်ထဲသို့ ပျော်ပျော်ရွှင်ရွှင် လှမ်းဝင်လာသော မိသားစုကို မြင်နိုက်မှာ ပြောလက်စ စကားကိုရပ်ပစ်လိုက်ပြီး ထိုမိသားစုလေးကို သတိလက်လွတ် ငေးနေခဲ့သည်။

အဖေက အပျိုပေါက်အရွယ် သမီးငယ်ရဲ့ ပခုံးကို ဖက်ထားပြီး အမေဖြစ်ဟန်တူသူ အမျိုးသမီးရဲ့ လက်တစ်ဖက်ကို ဆွဲကာ ပြုံးရယ်စကားဆိုရင်း လျှောက်လာနေသည့် ပုံကို ခေးက မျက်စိတဆုံး လိုက်ငေးကာ ငြိမ်သက်သွားခဲ့ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုစွမ်း ... ခေးဘဝမှာ မဖြစ်ချင်ဆုံးက ဘာလဲ သိလား"

ခေးအသံက အေးစက်သော်လည်း အနည်းငယ် တုန်ရီနေသည်။

"ခေးဘဝမှာ မဖြစ်ချင်ဆုံးက ပညာတတ် မိန်းမပဲ"

"ပညာတတ် မိန်းမ ဖြစ်ရတာ ဘာမကောင်းလို့လဲ ခေး"

"ကောင်းမကောင်းဆိုတာ မာမီ့ကို နမူနာထားပြီး ကြည့်လို့ရတာပဲလေ၊ ပညာတွေ အများကြီးတတ်ပြီး အလုပ်တွေ အများကြီးလုပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ အိမ်ထောင်ရေးက အောင်မှ မအောင်မြင်ခဲ့တာ ..."

ခေးက ဖခင်ရဲ့ ပြစ်ချက်တွေကို သိထားခဲ့သူ မဟုတ်တာမို့ သူ့မိခင်အပေါ်မှာပဲ အပြစ်တိမ်းစောင်းနေခဲ့ပုံ ရသည်။

စွမ်းရည်က ခေးကို သနားကြင်နာစွာ ကြည့်မိရင်း

"အိမ်ထောင်ရေး အောင်မြင်ဖို့ဆိုတာ မိန်းမတစ်ယောက်တည်း အပေါ်မှာ မူတည်တာမှ မဟုတ်တာ၊ ကိုယ့်အိမ်ထောင်ဖက်က နားလည်ပေးလို့ အလုပ်တွေကို အောင်အောင်မြင်မြင် လုပ်နေနိုင်တဲ့ ပညာတတ် မိန်းမတွေမှ အများကြီးပါ ခေး ..."

"ဒါဆို ... ကိုစွမ်း ဆိုလိုချင်တာက ဒက်ဒီက နားလည်မပေးခဲ့လို့ မာမီနဲ့ ကွဲတာလို့ ပြောချင်တာလား"

"ကိုယ် အတွင်းကျကျ မသိနိုင်တဲ့ အိမ်ထောင်ရေးတစ်ခုကို ဘယ်သူမှန်တယ် ဘယ်သူမှားတယ်လို့ မဝေဖန်ချင်





ပါဘူး ခေး၊ ခေးရော ခေးမိဘတွေရဲ့ အိမ်ထောင်ရေးကို အတွင်းကျကျ သိခဲ့လို့လား၊ ခေး မသိနိုင်တဲ့ မသိအပ်တဲ့ အကြောင်းအရာတွေလည်း ခေးမိဘတွေကြားမှာ ရှိချင်ရှိမှာပဲ ...၊

"သားသမီးကို ချစ်တဲ့ မိဘတွေမှာလည်း သူတို့ ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင် ခံစားချက်၊ ကိုယ်ပိုင် ရည်မှန်းချက်တွေ ရှိကြတယ် ခေး၊ သားသမီးကို ချစ်ပေမယ့် ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ အခြေအနေကြောင့် လမ်းခွဲကြရတဲ့ မိဘတွေလည်း ရှိတယ်၊ အဲဒီလို လမ်းခွဲလိုက်ကြတဲ့ မိဘတိုင်းကို သားသမီးကို မငဲ့လို့၊ မချစ်လို့လို့ စွဲချက်တင်လို့ မရဘူး၊ ဒီအတွက် သားသမီးတွေကလည်း နာကြည်းမနေသင့်ဘူး၊ မိဘဆိုတာ သားသမီးကို အမြဲ နားလည်ပေးရမယ့်သူလို့ သတ်မှတ်ထားကြပေမယ့် သားသမီးက မိဘကို ပြန်ပြီး နားလည်ပေးရတာတွေလည်း ရှိတယ် ခေး၊ ခေး သေချာမသိတဲ့ ခေး မာမီရဲ့ အိမ်ထောင်ရေးကိစ္စကြောင့် ခေးက ပညာတတ်မိန်းမ မဖြစ်ချင်တော့ဘူးဆိုတာ သဘာဝကျရဲ့လား"

စွမ်းရည် စကားကြောင့် ခေးက ငိုင်သွားသည်။ ခဏကြာတော့မှ ငိုသံအက်အက်ကလေးဖြင့် ...

"ဒက်ဒီကလည်း ကတိမတည်ဘူး၊ ခေးကို ပြန်လာခေါ်မယ်လို့ ပြောပြီး နိုင်ငံခြားထွက်သွားကတည်းက ခေးဆီ ပြန်မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ခေး ဒက်ဒီမှာလည်း အခက်အခဲတစ်ခုခု ရှိလို့နေမှာပေါ့ ခေးရယ်၊ ခေးကပဲ နားလည်ပေးလိုက်ပါ၊ ခေး ဒက်ဒီ အနားမှာမရှိပေမယ့် ခေး အနားမှာရှိတဲ့ မာမီ့ကိုပဲ တန်ဖိုးထားပြီး မာမီ စိတ်ချမ်းသာအောင် နေပေးလိုက်ပေါ့၊ ခေး တစ်ခုနားလည်ထားဖို့က ခေးမာမီက ပညာတတ် မိန်းမဖြစ်လို့ အိမ်ထောင်ရေး မအောင်မြင်တာ မဟုတ်ဘူး၊ ခေး မာမီကို အပြစ်မတင်ရဘူး၊ ခေး မာမီ ပညာတတ်လို့ အလုပ်မှာ အောင်မြင်လို့ အိမ်ထောင်ကွဲခဲ့ပေမယ့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်တာလေ၊ ခေးကို ပြည့်ပြည့်စုံစုံထားပေးနိုင်တာလေ၊ ခေးမာမီသာ ခပ်ညံ့ညံ့ မိန်းမဖြစ်ခဲ့ရင် ယောကျ်ားမရှိတော့တဲ့ အချိန်မှာ ဘဝကို တည်တည်ငြိမ်ငြိမ် တည်ဆောက်သွားဖို့ မလွယ်ဘူး ခေး၊ အဲ့ဒီတော့ ပညာတတ်မိန်းမဖြစ်ရတာ ဘာများမကောင်းစရာရှိလဲ ...”

ခေးက စကားပြန်မပြောတော့ဘဲ မျက်ရည်လည်သော မျက်ဝန်းကလေးဖြင့် စွမ်းရည်ကို ကြည့်နေသည်။ စွမ်းရည်က ခေးကို အာရုံပြောင်းပေးလိုတာမို့ ...

“ကဲ ... ကဲ ... အဲ့ဒီကိစ္စကို ထားလိုက်တော့၊ အရေးကြီးတာ တစ်ခုပြောမယ်၊ နားထောင် ...”

စွမ်းရည်က ခေးကို ပြုံးတုံ့တုံ့ ကြည့်လိုက်ရင်း

“ခေးမှာ လိုအပ်နေတာတစ်ခု ရှိတယ်လို့ ကိုယ်မြင်တယ်၊ ကိုယ် ပြောပြရမလား”

“ပြောပေါ့ ...”





ခေးက သွက်သွက်လေး ပြန်ဖြစ်လာသည်။

“ခေးမှာ ဖက်ရှင်အမြင် ရှိဖို့လိုတယ်”

“ခေးက မော်ဒယ်လ်လုပ်မယ့်သူမှ မဟုတ်တာ”

“မော်ဒယ်လ်မှ မဟုတ်ဘူး၊ သာမန်လူတွေလည်း နေ့စဉ်ဘဝမှာ သွားလာ လှုပ်ရှားနေကြရတာဆိုတော့ အများအမြင် တင့်တယ်ဖို့နဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိဖို့အတွက် ဖက်ရှင်ကျကျလေး ဝတ်စားဆင်ယင်တတ်ဖို့ လိုတယ် မဟုတ်လား၊ ခေး အခုဝတ်လာတဲ့ အရောင်တွေက တစ်ရောင်နဲ့ တစ်ရောင် ဘာမှလည်း မဆိုင်၊ အရောင်မျိုးစုံ ရှုပ်ယှက်ခတ်ပြီး မျက်စိထဲမှာ ကိုးလိုးကန့်လန့် ဖြစ်နေတယ်”

“အဲ့ဒီတော့ ခေးက လှပတပလေး ဝတ်စားဆင်ယင်သင့်တယ် ဆိုပါတော့ ...”

“မလှရင်တောင် အများအမြင်မှာ ကိုးလိုးကန့်လန့်တော့ မဖြစ်စေနဲ့ပေါ့ ...”

“မာမီစွမ်းက ဖက်ရှင်အမြင်တော့ ရှိပုံရတယ်နော်”

“တာတေမ ...”

ခေးက စွမ်းရည်ကို နောက်ရင်း ရယ်မောနေတော့မှ သူ စိတ်သက်သာရာ ရကာ သက်ပြင်းချမိသည်။ မင်း ခုလိုလေး ရယ်နေတာကိုပဲ ကိုယ်မြင်ချင်တာပါ ခေး ...။

“ကဲ ... ဘွားလေး မျှော်နေတော့မယ်၊ ပြန်ကြရအောင် ခေး ...”



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည် စကားကြောင့် ကြည်လင်နေသော ခေး မျက်နှာလေးက ညှိုးသွားကာ ...

"နောက်တစ်ပတ်ကျရင်လည်း ခုလို လျှောက်သွားမယ် နော် ကိုစွမ်း ..."

"ဟာ ... တစ်ပတ်တစ်ခါ ထွက်လည်လို့တော့ ဘယ်ဖြစ်မလဲ ခေးရဲ့၊ ခေး မာမီလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ အခွင့်အရေးဆိုတာ တော်ရုံပဲ ယူတာကောင်းတယ်"

"ဟင့်အင်း ... ခေးကတော့ တစ်ပတ်တစ်ခါ လည်ရမှ စာကောင်းကောင်းသင်မှာ ..."

"ဒီလိုတော့ မဆိုးနဲ့လေ ခေး ..."

သူက ခပ်ဆတ်ဆတ်လေး ပြောတော့ ခေးက ခေါင်းငုံ့ငြိမ်သွားသည်။ ထို့နောက် မျက်ရည်လည်သော မျက်လုံးများဖြင့် သူ့ကို မော့ကြည့်လာရင်း ...

"ဒီနေ့ ပျော်ရသလိုမျိုး ခေး တစ်ခါမှ မပျော်ဖူးလို့ပါ ကိုစွမ်းရယ်"

စွမ်းရည်သည် တုန်ခိုက်ကွဲအက်နေသော ထိုအသံကလေးနှင့် အသနားခံသော မျက်ဝန်းကလေးတို့ရဲ့ ညှို့ငင်မှုအောက်မှာ ခဏငြိမ်သက် မိန်းမောသွားရပြီးမှ သက်ပြင်းချမိရင်း ...

"တစ်လ တစ်ခါတော့ လိုက်ပို့ပေးပါ့မယ်ကွာ၊ နောက်တစ်ခါဆိုရင်တော့ လူကြီးတွေကို ပြောလို့ မကောင်းတော့ဘူး၊ လူကြီးတွေမသိအောင် ထွက်ဖို့ပဲ ရှိတော့တယ်၊





အဲဒီအတွက် ခေးက စာကို လိမ်လိမ်မာမာ ကြိုးစားသင်ရမယ်၊ ပညာတတ်မိန်းမ မဖြစ်ချင်ဘူးဆိုတဲ့ အတွေးအခေါ်ကို စွန့်ပစ်ရမယ်၊ ဘယ်လိုလဲ ... သဘောတူတယ် မဟုတ်လား"

"အင်း ..."

"ဘာအင်းလဲ ..."

"အင်းပေါ့ ..."

"ဘာအင်းပေါ့လဲ ..."

"ဟုတ်ကဲ့ပေါ့ ..."

"ဒီကောင်မလေး ..."

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ဒေါက်တာ တင်ထားမေသည် ခြံထဲသို့ လှမ်းမြင်နိုင်သည့် ဧည့်ခန်းအနီးက ပြတင်းပေါက်မှာ ရပ်တန့်ရင်း ခြံရှေ့ပိုင်း မြက်ခင်းပြင်ပေါ်က ကျောက်ခုံစားပွဲလေးမှာ ထိုင်၍ စာသင်နေကြသော ခေးနှင့် စွမ်းရည်ကို လှမ်းမျှော်ကြည့်နေမိပါသည်။

ရာသီဥတု သာယာသည့် ခုလို ညနေပိုင်းအချိန်တွေမှာ သမီးက ခြံထဲမှာ ထွက်ထိုင်ချင်တာမို့ ခြံထဲက စားပွဲလေးမှာပဲ စွမ်းရည်က စာသင်ပေးရသည်။ တစ်ခါတစ်ခါ သမီးက မြက်ခင်းပေါ်မှာ လမ်းလျှောက်ရင်း စာကျက်နေတတ်သည်။ ပြောင်းလဲလာသည့် သမီးပုံစံလေးကို မြင်ရတိုင်း ဒေါက်တာတင်ထားမေက စိတ်ချမ်းသာရသလို စွမ်းရည်ကိုလည်း ကျေးဇူးတင်ရပါသည်။

အပွင့်နုပ်နုပ် ချည်ထည်လုံချည်လေးနှင့် ရင်ဘတ်နားမှာ အတွန့်ကလေးတွေပါသည့် ချည်သား အင်္ကျီအဖြူပွပွလေးကို ဝတ်ထားသော သမီးပုံစံလေးက သပ်ရပ်ရှင်းသန့်ကြည်လင်နေသည်။ ရှည်လာသည့် ဆံပင်ကော့ကော့တွေကို ခေါင်း





စည်းကြိုးလေးဖြင့် မြောက်မြောက်လေးပင့်စည်းထားသဖြင့် ရှည်လျားသွယ်လျသော လည်တိုင်စင်းစင်းလေးက ထင်းထင်းပေါ်နေသည်။ တကယ်တော့လည်း သမီးက မိန်းမချောလေးပါပဲ။ ပြုံးလိုက်တိုင်း ကော့ညွတ်သွားတတ်သော နှုတ်ခမ်းလေး၊ အဖျားလေး မသိမသာ ကော့နေသည့် နှာတံနှင့် မေးနှစ်ခွလေးက သမီးမျက်နှာပေါ်မှာ ထူးခြားထင်ရှားစွာ ဆွဲဆောင်မှုရှိသည်။ ပိန်သွယ်ရှင်းကျော့သော ခန္ဓာကိုယ်က ကြည့်ကောင်းလှပေမယ့် သမီးက သူ့အလှကို ထင်ရှားအောင် မဝတ်ဆင်တတ်။ ဖြစ်သလိုဝတ်စားကာ ကလေးအထာ စတိုင်လ်နှင့်မို့ သမီးက အပျိုပြီပီပုံစံလည်း မပေါက်ခဲ့ပါ။

ခုတော့ ... သမီးရဲ့ ပြောင်းလဲသွားပုံက မယုံနိုင်စရာ ...။ လူပုံစံ ပြောင်းလဲရုံသာမက အမေဖြစ်သူကိုပါ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံလာတာမို့ ဒေါက်တာတင်ထားမေရော ခေးရဲ့ဘွားလေး ဒေါ်တင်အိပါ အံ့သြဝမ်းသာ ဖြစ်ခဲ့ကြရသည်ပင်။

“တင်ထား ... ဆေးခန်းထိုင်ရမယ့်အချိန် နီးနေပြီလေ၊ မသွားသေးဘူးလား”

ဒေါ်လေးက အနားမှာ လာရပ်ရင်း မေးလိုက်တာမို့ ဒေါက်တာတင်ထားမေက နာရီတစ်ချက်ကြည့်ရင်း ...

“သမီး စာသင်ချိန် ပြီးတော့မှပဲ ထမင်းအတူစားပြီး သွားတော့မယ် ဒေါ်လေး ...”



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းထိုင်ဖို့ သိပ်နောက်ကျမနေဘူးလား၊ ခါတိုင်း ဒီအချိန်ဆို သွားပြီလေ ..."

"ထား ... ဆေးခန်း ထိုင်ချိန် နည်းနည်းနောက်ဆုတ်ထားတယ် ဒေါ်လေး ..."

"အလိုတော် ... အထူးအဆန်းပါလား၊ ဒါ့ကြောင့် ခုတလော ဆေးရုံကနေ အိမ်ကို ပြန်ပြန်လာနေတာကိုး"

"သမီးအတွက် အချိန်လေး ပေးချင်လို့ပါ ဒေါ်လေးရယ်၊ ခုတလော သမီးက ထားအပေါ် ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံလာတယ်လေ၊ သမီး လိမ္မာသိတတ်တာလေးတွေ ကြည့်ရင်း ထားဘက်က သူ့အပေါ် ပျက်ကွက်တာလေးတွေရှိရင် ကြိုးစားဖြည့်ဆည်းပေးချင်လာလို့ပါ"

"ညည်းသမီးက ညည်းအပေါ်မှာမှ မဟုတ်ဘူး၊ ဒေါ်လေးအပေါ်လည်း အရင်လောက် မဆိုးတော့ဘူး ထားရဲ့"

"စွမ်းရည် ကျေးဇူးပဲ ဒေါ်လေးရယ်၊ သူ ခေးကို ချော့ချော့မော့မော့ ဖျောင်းဖျောင်းဖျဖျနဲ့ သွန်သင်ဆုံးမပုံရတယ်"

"အေး ... အဲ့ဒါ ရိုးရိုးပဲဆိုရင်တော့ ကောင်းပါလေ့တော်"

"ဒေါ်လေးကလည်း ဒီလို မပြောပါနဲ့"

"ဒီလို ပုံစံ၊ ဒီလို ဇာတ်လမ်းတွေက အများသားမဟုတ်လား၊ စာမေးပွဲလည်း ပြီးရော ခိုးရာလည်း လိုက်ရော ဆိုတဲ့ ဇာတ်လမ်းမျိုးတော့ မဖြစ်ရအောင် ဂရုစိုက်မှ ဖြစ်မယ် တင်ထား ..."





"စွမ်းရည်က ဒီလိုဖြစ်အောင်လုပ်မယ့် ကလေးမျိုး မဟုတ်ပါဘူး"

"ညည်း သမီးက ဒီလိုအဖြစ်ခံမယ့် မိန်းကလေး ဖြစ်နေရင်ကော"

"စွမ်းရည်က စောင့်ထိန်းမှာပါ၊ သူ့စိတ်တွေ တိမ်းညွှတ်သွားရင်တောင် ထားကို လေးစားရိုသေတဲ့ စိတ်နဲ့ ထိန်းနိုင်အောင် ထား ကိုင်တွယ်တတ်ပါတယ် ဒေါ်လေးရယ်၊ မပူပါနဲ့ ..."

"ခေးနဲ့ မောင်စွမ်းရည်ကို နှစ်ယောက်တည်း လျှောက်လည်ဖို့ လွှတ်ပေးတာတော့ ညည်းလွန်တယ်လို့ ဒေါ်လေး ထင်တယ် ထား"

ဘွားလေး စကားကြောင့် ဒေါက်တာတင်ထားမေက ပြုံးလိုက်ရင်း ...

"ထားက ခွင့်မပြုရင် သမီးက စွမ်းရည်ကို ဖွတ်ပူဆာမယ်လေ၊ ပူဆာလို့မရရင် စွမ်းရည်ကို အမျိုးမျိုး ဆန္ဒပြမယ်၊ စာမသင်ဘဲနေမယ်၊ အဲ့ဒါဆို ပိုမဆိုးဘူးလား၊ စွမ်းရည်မှာ အခက်မတွေ့ပေဘူးလား၊ စွမ်းရည်က ရိုးရိုးသားသား ဖွင့်ပြောခွင့်တောင်းတာကိုပဲ ကျေးဇူးတင်ရဦးမယ်၊ စွမ်းရည်နဲ့ သွားတာက နိုင်းဆိုတဲ့ ကောင်လေးနဲ့ သွားတာထက်တော့ ပိုစိတ်ချရသေးတာပဲ ဒေါ်လေး၊ ဒေါ်လေးနဲ့ ထား မသိဘဲ နိုင်းနဲ့သမီးနဲ့ အပြင်မှာ တတွဲတွဲ သွားလာတွေ့ဆုံနေခဲ့တာပဲ မဟုတ်လား၊ ခုတလော



www.burmeseclassic.com

www.burmeseclassic.com



မှ စာဘက်ကို စိတ်ရောက်ပြီး ခေးက အပြင် ခဏခဏ မထွက်တော့တာလေ ...”

“အေးလေ ... ဒါတော့ ဟုတ်ပါတယ်၊ ဟော ... ဟိုမှာ ညည်း သမီး လာနေပါပြီ”

ဘွားလေးက အိမ်ပြင်ဘက်သို့ မေးငေါ့ပြပြီး မီးဖိုချောင်ဘက်သို့ ပြန်ဝင်သွားသည်။

စွမ်းရည်က အရင် အိမ်ထဲဝင်လာတာမို့ ဒေါက်တာတင်ထားမေက ပြုံးပြုံးနှုတ်ဆက်ရင်း ...

“သင်လို့ပြီးပြီလား စွမ်းရည်”

“ဟုတ်ကဲ့ ... ပြီးပါပြီ တီချယ်”

“ဒီကလေးမ စာကိုရော ကြိုးကြိုးစားစား သင်ယူရဲ့လား”

“မာမီနော် ... ခေးကို မယုံလို့ ကိုစွမ်းကို အစ်ကြည့်နေတာလား၊ ခေး ဘယ်လောက် ကြိုးစားတယ်ဆိုတာ ပြောပြလိုက်ပါဦး ကိုစွမ်းရယ်”

ခေးက တင်ထား စကားကို ကြားကာ စွမ်းရည်ကို လှမ်းပြောတော့ စွမ်းရည်က ရယ်လိုက်ရင်း ...

“ကြိုးစားတာက နည်းနည်း၊ ကြွားချင်တာက အရင်ပဲ”

“အံမယ် ... ခေး မကြွားပါဘူး၊ အရှိကို အရှိအတိုင်းပဲ ပြောတာ”

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ပြောပြပေးပါ့မယ်”

စွမ်းရည်က ခေးကို လက်ကာပြလိုက်ပြီး ထားဘက်သို့ လှည့်လာကာ ...





“ခေးက ခုနောက်ပိုင်း စာကို သေချာ ဂရုတစိုက် သင်ပါတယ် တီချယ်၊ စာမေးပွဲလေးတွေ စစ်ပြီး သူ့အရည်အချင်းကိုကြည့်တော့ တော်တော် တိုးတက်လာပါတယ်၊ ခေးက ဉာဏ်လည်းကောင်းတော့ သူ့မှာ သင်ယူချင်စိတ်ရှိရင် အတတ်မြန်တာပါပဲ”

“ကဲ ... ယုံပြီလား မာမီ”

“အေးပါ ... ယုံပါပြီ သမီးရယ်”

“ဟင် ... ဒါနဲ့ မာမီ ဆေးခန်း မသွားသေးဘူးလား”

“မာမီ ဆေးခန်းထိုင်ချိန် နောက်ဆုတ်ထားတယ်၊ သမီးနဲ့အတူ ထမင်းစားပြီးမှပဲ သွားတော့မယ်”

“ဟယ် ... တကယ်၊ မာမီက ချစ်ဖို့ကောင်းလိုက်တာ”

ခေးက ပြောပြောဆိုဆို မာမီ့ခါးကို ပြေးဖက်ပြီး ရှုတ်ခနဲ နမ်းပြီးမှ ...

“ခေး ... ထမင်းပွဲ အသင့်ပြင်လိုက်တော့မယ်နော် မာမီ၊ မာမီ့အကြိုက် မြင်းခွာရွက်သုပ်ကို ခေးကိုယ်တိုင် သုပ်ပေးမယ်၊ ကိုစွမ်းရေ စားသွားပါဦးလား”

“မစားတော့ပါဘူး ခေး”

ခေးက ထမင်းစားခန်းဘက်သို့ အပြေးတစ်ပိုင်း ထွက်သွားသည်။ ဒေါက်တာတင်ထားမေက သမီးဖြစ်သူကို ခပ်ပြုံးပြုံး လိုက်ကြည့်နေပြီးမှ စွမ်းရည်ဘက်သို့ ပြန်လှည့်လာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ခုနောက်ပိုင်းမှ တီချယ့်ကို ချစ်ချစ်ခင်ခင် ဆက်ဆံလာတာ၊ ကေန္တ မင်းအဆုံးအမ ကောင်းလို့ ထင်ပါရဲ့"

စွမ်းရည်က ဘာမှပြန်မဖြေဘဲ ပြုံးတုံ့ငြိမ်သက်နေသည်။

"တီချယ်ကတော့ သမီး ပြောင်းလဲလာတာ မင်းကျေးဇူးလို့ပဲ ယူဆတယ်ကွယ်၊ မင်းမှာ ကျောင်းစာနဲ့ပတ်သက်ပြီး မေးချင်တာရှိရင်လည်း တီချယ့်ဆီ အချိန်မရွေး လာမေးနော်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် တီချယ်"

"သမီးဘက်က မှားယွင်းတာရှိခဲ့ရင်လည်း မင်းကပဲ တည့်မတ်ပေးစေချင်တယ် စွမ်းရည်"

"ဟုတ်ကဲ့ ..."

ထားးက စကားမဆက်တော့တာမို့ စွမ်းရည်က ခဏငြိမ်၍ ရပ်နေပြီးမှ ...

"ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျ"

"အေး ... အေး ... မင်းလည်း အမြဲ မိုးချုပ်မှ အိမ်ပြန်ရတာ၊ အိမ်ရောက်ရင် စာကြည့်ချိန်ရော ရသေးရဲ့လား"

"ရပါတယ် တီချယ်၊ ဆယ်တန်းအောင်ပြီးကတည်းက ဒီလိုပဲ ကျူရှင်လိုက်သင်ရင်း စာကျက်လာတာ အကျင့်ဖြစ်နေပါပြီ"

"ကဲ ... ကဲ ... သွားတော့ စွမ်းရည်"





စွမ်းရည်က ခေါင်းငုံ့လျက် ထားးရှေ့မှ လှည့်ထွက်သွားသည်။ စွမ်းရည် အိမ်တံခါးဝနား ရောက်တော့မှ ...

"စွမ်းရည် ..."

ထားး ခေါ်သံကြောင့် စွမ်းရည်က ပြန်လှည့်ကြည့်လာသည်။

ထားးက စွမ်းရည်ရဲ့ မျက်လုံးတွေကို လေးလေးနက်နက် စိုက်ကြည့်လိုက်ရင်း ...

"ခေးကို ခုလို ဖြူဖြူစင်စင် စောင့်ရှောက်ပေးတဲ့အတွက် မင်းကို တီချယ် အမြဲ ကျေးဇူးတင်နေမှာပါ စွမ်းရည်"

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

"အံ့မယ် ... တယ်လှနေပါလား"

နိုင်းက ခေးကို မြင်မြင်ချင်း အံ့ဩစွာ ရေရွတ်လိုက်တာမို့ ခေးက ရှက်ရှက်နှင့် ပြုံးလိုက်မိပါသည်။ ပြုံးလိုက်မိကာမှ ပိုဆိုးသွားကာ နိုင်းအသံက ပို၍ကျယ်လာသည်။

"ဟာ ... ပြုံးတယ် ... ပြုံးတယ် ... လှလှလေး ပြုံးလိုက်တယ် ခင်ဗျ၊ ဟား ... ဟား ... ခေး နင်ဘာဖြစ်နေတာလဲ၊ ရုပ်ရှင်ရိုက်ဖို့ လေ့ကျင့်နေတာလား"

"ဟဲ့ ... တိုးတိုး ပြောပါဟဲ့၊ နင့်အသံကျယ်ကြီးနဲ့ ဟိုမှာ သူများတွေ ကြည့်ကုန်ဦးမယ်"

"ခေး ... နင် အတိတ်မေ့နေတာလား၊ အရင်တုန်းကဆို နင့်အသံက ငါ့အသံထက်တောင် ကျယ်သေးတယ်လေ၊ ဘယ်သူကြည့်ကြည့် နင်က ဂရုမစိုက်တတ်ဘူးလေ"

နိုင်းက ခေးရှေ့က ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်သည်။ နိုင်းနဲ့ ခေး မတွေ့ဖြစ်တာ တော်တော်ကြာခဲ့ပြီပင်။ ခေးကလည်း ကိုယ့်ကျောင်းစာနှင့် ကိုယ်။ နိုင်းကလည်း သူ့





အပျော်အပါးကိစ္စတွေနဲ့သူ အချိန်မရနိုင်ကြတာမို့ မတွေ့ဖြစ်ကြ။ ဒီကြားထဲမှာ နိုင်းက သူငယ်ချင်းတွေနှင့်အတူ နိုင်ငံခြားခရီး ပါသွားခဲ့သေးသည်။ ရံဖန်ရံခါလောက်သာ အလွှာပသလွှာပ ဖုန်းပြောဖြစ်ကြတာမို့ နိုင်းက ခေးရဲ့ အပြောင်းအလဲကို သိမထားခဲ့ဘဲ ခုတွေ့ဖြစ်ကြတော့မှ အံ့ဩလို့မဆုံးနိုင်အောင် ဖြစ်နေတော့တာပင်။

"ခေး ... နင် ငါနဲ့မတွေ့ဖြစ်တဲ့ အချိန်တွေမှာ ခေါင်းထိခံထားရလား"

နိုင်းက သူ့နားထင်စပ်ကို လက်ညှိုးနှင့်ထောက်ပြရင်း မေးခွန်းထုတ်ပြန်သည်။

"စကားအကောင်းပြောစမ်းပါ နိုင်းရယ်"

"အံ့မယ် ... လေသံကလည်း ပျော့ပျောင်းယဉ်ကျေးနေလိုက်တာ၊ သေချာတယ် ... နင် ခုတင်ပေါ်က ပြုတ်ကျထားတာပဲ ဖြစ်မယ်"

"စကားကို အတည်ပြောစမ်းပါဟယ်"

"ငါ အတည်ပြောတာ၊ နင်က အိပ်ပုပ်ကြီးတော့ အိပ်နေတုန်း ခုတင်ပေါ်က ပြုတ်ကျပြီး ခေါင်းနဲ့ ခုတင်နဲ့ ဆောင့်မိတာတောင် ဆက်အိပ်နေလိုက်လို့ နင့်ခေါင်းထိပြီး အတိတ်မေ့နေတာတောင် နင်မသိတာပေါ့"

နိုင်းအပြောကြောင့် ခေးက ရယ်လိုက်မိပါသည်။

နိုင်းက စားပွဲပေါ် လက်ထောက်လျက် ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းကာ ခေးကို စိုက်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ခေး ... နင် ဆရာ့ကို ကြိုက်နေတယ် မဟုတ်လား”

“မဟုတ်တာတွေ လာမပြောနေနဲ့ ...”

“ဆရာငယ်ငယ်လေး တစ်ယောက်နဲ့ စာသင်နေတဲ့ မိန်းကလေးတွေ အပိုးကျိုး အလုကြိုက်သွားရင် ဖြစ်နိုင်တာက အဲ့ဒီတစ်ချက်တည်းပဲ ရှိတယ်လေ၊ နင့်ကို နင့်မာမီနဲ့ ဘွားလေးလည်း နိုင်မှမနိုင်တာ၊ ငါပြောတာ မှန်တယ် မဟုတ်လား”

“မသိဘူး ...”

“ဘာမသိဘူးလဲ ...”

“ငါ့ကိုယ်ငါလည်း မသိဘူးလို့ ပြောတာ ...”

ခေးက နိုင်းကို အမှန်အတိုင်းပဲ ပြောမိပါသည်။ ခေး ဘာ့ကြောင့် ကိုစွမ်းစကားကို နားထောင်ချင်တာလဲဆိုတာ ခေးလည်း တကယ် မသိပါ။ ခုတလောမှာ အဝတ်အစားကို လိုက်ဖက်ညီညီ သပ်သပ်ရပ်ရပ်လေး ဝတ်ဖြစ်နေတာတော့ အမှန်ပင်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တာဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိစေတယ်ဆိုတဲ့ ကိုစွမ်း စကား မှန်ကန်ကြောင်းကိုလည်း ခေး သိလာရပါသည်။

ကိုစွမ်းနဲ့ စကားပြောနေရတဲ့ အချိန်တိုင်းမှာ ခေး စိတ်တွေ ပေါ့ပါးကြည်လင်သည်။ ကိုစွမ်းနဲ့ စာသင်နေရတဲ့ အချိန်တိုင်းမှာ ပုံမှန်ထက်ပိုပြီး ဉာဏ်ကောင်းနေသည်ဟု ထင်မိသည်။ ကိုစွမ်းနဲ့ အတူလျှောက်လည်ရတဲ့ နေ့တွေမှာတော့ ခေးဘဝမှာ မပျော်ဖူးသော အပျော်မျိုးကို ခံစားရလေသည်။





ဟိုအရင်က နိုင်းနဲ့အတူ သွားလာခဲ့၊ ကခုန်ခဲ့၊ ပျော်ရွှင်ခဲ့ဖူးပေမယ့် အဲ့ဒီတုန်းက ပျော်တဲ့ အပျော်ရဲ့ နောက်ကွယ်မှာ မာမီကို အရွဲ့တိုက်လိုခြင်း၊ ကိုယ့်ဘဝ ကိုယ် နာကြည်းခြင်း စတဲ့ ခံစားချက်တွေ ရှိနေခဲ့တာမို့ ပျော်ရင်းနဲ့ပဲ ဝမ်းနည်းနေခဲ့ရဖူးသည်။ အစွမ်းကုန် ပျော်မြူးခဲ့ပြီးတာနှင့် ကိုယ့်အိပ်ရာလေးထဲမှာ တိတ်တိတ်ဆိတ်ဆိတ် ခွေလှဲရင်း အထီးကျန်စွာ ကြေကွဲနာကျင်နေခဲ့ဖူးသည်။

ခုချိန်မှာတော့ ခေးရင်ထဲမှာ နာကျင် ကြေကွဲမှုတွေလည်း မရှိတော့ဘဲ ကိုစွမ်းနဲ့တွေ့တိုင်း အပြည့်အဝ ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါသည်။

ကိုယ်တိုင်က ဘဝလမ်းကြောင်း တည့်မတ်ဖြောင့်ဖြူးလာချိန်မှာ ခင်မင်သံယောဇဉ်ရှိရပါသော နိုင်းကိုလည်း ကိုယ့်လိုပဲ ပညာရေးဘက်ကို စိတ်ဝင်စားစေချင်သည့် စေတနာ ဖြစ်လာပါသည်။ အလုပ်လည်းမလုပ်၊ စာလည်းမသင်၊ မိဘကိုလည်း မကူညီဘဲ ပါတီတကာ စတိတ်ရှိုးတကာ သွားနေတတ်သော၊ ဘာလေးလုပ်ရင် ငွေကုန်ပါ့မလဲဟု အမြဲ မိဘပိုက်ဆံကို သုံးဖြုန်းဖို့ စိတ်ကူးနေတတ်သော နိုင်းရဲ့ အကျင့်တွေကိုလည်း ပြုပြင်စေလိုတာမို့ နားချဖို့ ကြံရွယ်မိကာ ...

“နိုင်း နင် ဒီလိုပဲ နေတော့မှာလား”

“ဒီလိုမနေလို့ ဒီလိုနေရမှာလား ...”

နိုင်းက ပြုံးပြလိုက်ပြီးမှ တစ်ခါ ပြန်မဲ့ပြ၍ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အကောင်းပြောတာ နိုင်း၊ နင် စာပြန်သင်ပါလား ဟယ်၊ ငါတို့ အတူတူ စာမေးပွဲ ပြန်ဖြေရအောင်လေ"

"နီးပဲ ခေး၊ နင်နဲ့ ငါက အမြဲ ပေါ်လစီ အတူတူပဲလေ၊ ခုမှ နင့်ပေါ်လစီ ပြောင်းသွားတာနဲ့ပဲ ငါ့ပေါ်လစီကိုပါ ပြောင်းဖို့ လာမပြောနဲ့ ..."

"ဒါဆို နင်က အမြဲ ဒီလိုပဲ နေတော့မှာလား"

"ဆရာမတစ်ယောက်ကို ငါ ကြိုက်သွားခဲ့မိရင်တော့ တစ်မျိုးပေါ့"

"နိုင်း ... နင် ငါ့ကို မငေါ့နဲ့"

"သြော် ... ဖြစ်နိုင်ချေရှိတာကို ပြောပြတာပါ"

"စကား အကောင်းပြောရအောင်ပါ နိုင်းရယ်"

"ငါလည်း အကောင်းပဲပြောတာပါ ခေး၊ နင်နဲ့ငါက အစကတည်းက 'ကျီး' ချင်း အတူတူပါ၊ ခုမှ နင် 'ဒေါင်း' ဖြစ်ချင်တိုင်း ငါ့ကို ဒေါင်းဖြစ်ချင်အောင် လာ ပြောမနေနဲ့၊ အရမ်း အမြင်ကတ်ဖို့ကောင်းတယ်၊ ကဲ ... ငါသွားတော့မယ်"

"ဟဲ့ ... နေဦးလေ၊ နင်ပဲ တစ်ခုခုစားရင်း လေပေါက်ကြရအောင်ဆို ..."

"အခု ... ငါ့မှာ နင့်အတွက် ပေါစရာ လေများများမရှိတော့ဘူး၊ လေကုန်နေပြီ"

နိုင်းက မတ်တတ်ထရပ်လျက် ခေးကို ကျောခိုင်း





လိုက်ပြီးမှ ခေးဘက်ကို ပြန်လှည့်လာကာ စားပွဲပေါ် လက်ထောက်၍ ခေးကို ငုံ့ကြည့်လိုက်ရင်း ...

"နင် ... အခု အရမ်းလှလာတယ် ခေး၊ နင် ဒီလိုပုံစံနဲ့ နေရင် မကြာခင် နင့်ကို ချစ်ခင်တဲ့ ယောကျ်ားလေးတွေ အများကြီး နင့်နားမှာ ဝိုင်းဝိုင်းလည်လာလိမ့်မယ်၊ အဲ့ဒီ အခါကျရင်သာ နင့်ပုံစံက ကပျစ်ကညစ်ကြီးကို ခင်ခင် မင်မင် ပေါင်းခဲ့ဖူးတဲ့ ငါ့ကို မေ့မသွားနဲ့ပေါ့ဟာ"

"နင်ပြောတော့ နင် ငါ့ကို ပေါင်းတာ၊ ငါက ရယ်ရလို့ ဆို ..."

"အေး ... အရင်တုန်းက နင့်ပုံက ရယ်ရတယ်၊ ဒါပေမယ့် အခုပုံကိုတွေ့ရတာတော့ ငါဝမ်းနည်းတယ် ခေး"

ခေးက ဘာပြန်ပြောရမှန်းမသိဘဲ နိုင်းကို ငေး ကြည့်နေဆဲမှာ နိုင်းက ခေးရှေ့က လှည့်ထွက်သွားလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟဲ့ … ဟဲ့ … သဲစု … ဟိုဟာ နင့်အစ်ကိုမဟုတ်လား"

အတူပါလာသည့် သူငယ်ချင်းက သဲစုကို လက်ကုပ်၍ လမ်းတစ်ဖက်ခြမ်းကို မေးငေါ့ပြလိုက်တာမို့ သဲစုက လမ်းတစ်ဖက်ကို လှမ်းမျှော်ကြည့်လိုက်ရင်း …

"ဟယ် … ဟုတ်တယ်"

"ဟဲ့ … ဘေးမှာ … ဘေးမှာ အတွဲနဲ့ဟဲ့ …"

"ကိုကို့မှာ ရည်းစား မရှိပါဘူးဟဲ့ …"

"နင်မသိလို့ နေမှာပေါ့၊ ဟိုမှာ မတွေ့ဘူးလား"

တရုတ်တန်း သစ်သီးဆိုင်တွေရှိရာ ပလက်ဖောင်းပေါ်မှာ လူတွေရှုပ်ထွေးနေတာမို့ သဲစုက ကိုကို့ဘေးက မိန်းကလေးကို မမြင်ဘဲ မျက်စိလျှမ်းနေခဲ့တာပင်။

သေသေချာချာ ကြည့်မိတော့မှ ထိုမိန်းကလေးကို သဲစုက သတိပြုမိသွားသည်။ သူမက လိမ္မော်သီးတစ်လုံးကို လက်က ကိုင်ထားပြီး ကျန်တစ်ဖက်က လိမ္မော်သီးစိတ်တွေကို လမ်းလျှောက်ရင်း ဖဲ့ဖဲ့စားလာသည်။ ပြီးတော့ ကိုကို့ကို မော့





ကြည့် မော့ကြည့်နှင့် စကားလှမ်းပြောလိုက်၊ ခေါင်းမော့ ရယ်မောလိုက်ဖြင့် လန်းဆန်း ပျော်မြူးနေမှန်း အဝေးက လှမ်းကြည့်ရုံနှင့်ပင် သိသာသည်။ ကိုကို့လက်ထဲမှာလည်း လိမ္မော်သီးတွေထည့်ထားသည့် ကြွပ်ကြွပ်အိတ် တစ်အိတ်ကို ကိုင်ထားသည်။ သဲစု ကြည့်နေဆဲမှာပဲ သူမက ကိုကို့အိတ်ထဲက လိမ္မော်သီးတစ်လုံးကို ငုံ့နှိုက်ယူလိုက်ပြန်သည်။

သဲစုသည် ထိုမြင်ကွင်းကို ကြည့်ရင်း ကြည့်ရင်း ဒေါသထွက်လာပါသည်။ ဒီလို ပျာကလက်စိန်မနဲ့ ကိုကိုက ဘာလို့တွဲရတာလဲ။ မမသစ္စာလို ဣန္ဒြေရှင်မနဲ့သာ ကိုကိုနဲ့ လိုက်ဖက်ညီတာ မဟုတ်လား။

"သဲစု … တွေ့လား"

"အေး … တွေ့တယ်၊ နင် ဒီကပဲ ခဏစောင့်၊ ငါ ဟိုဘက်ခြမ်း ကူးလိုက်ဦးမယ်"

သဲစုက ပြောပြောဆိုဆို လမ်းတစ်ဖက်ခြမ်းသို့ အလျင်စလို အပြေးတစ်ပိုင်း ဖြတ်ကူးသွားသည်။

"ကိုကို …"

ရှေ့မှ ဖြန်းခနဲ ပိတ်ရပ်ရင်း ခေါ်လိုက်သော သဲစုကြောင့် စွမ်းရည်က အံ့ဩသွားမိကာ …

"ညီမလေး … နင် ဘယ်လာတာလဲ"

"သိမ်ကြီးဈေးမှာ ကုန်လာဝယ်ရင်း ဒီဘက်ကို လျှောက်ကြည့်နေတာ၊ ကိုကိုကရော ဒီကိုဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို လိုက်ပို့တာ၊ ဒါ ... ငါ စာသင်နေတဲ့ တပည့်မလေး၊ ရွှေထိပ်ထားတဲ့ ..."

သဲစုက ရွှေထိပ်ထားကို ဇွေကြည့်လိုက်ရင်း နှုတ်ခမ်းကို မဲ့ကာ ...

"တပည့်မက စာမသင်ဘဲ ဆရာနဲ့ လျှောက်လည်နေရတယ်လို့၊ အံ့ရော ..."

"ညီမလေး ... နင် စကားပြောတာ ဆင်ခြင်မှပေါ့၊ သူက ငါ့ဆရာမရဲ့ သမီးမို့လို့ ငါက ကူညီနေတာပါ ..."

"သူ့နာမည်က ရွှေထိပ်ထား ဟုတ်လား၊ အာ ... သိပြီ၊ ဟိုတစ်ခါ အိမ်ကထွက်ပြေးလို့ ကိုကို လိုက်ရှာပေးရတဲ့ တစ်ယောက် မဟုတ်လား"

"သဲစု ... တော်စမ်းပါ"

"သူပြောချင်တာ ပြောပါစေ ကိုစွမ်းရဲ့ ..."

ငြိမ်နားထောင်နေသော ခေးက မခံချင်ဖြစ်လာကာ ဝင်ပြောလိုက်ပြီး မထိတရီ မျက်နှာကလေးဖြင့် သဲစုကို ကြည့်နေလိုက်ပါသည်။

သဲစုကတော့ ခပ်ချွဲချွဲ အသံဖြင့် ပြောလိုက်သော ရွှေထိပ်ထားကြောင့် ပိုအသည်းယားသွားကာ ...

"အံမယ် ... ဆရာကို ခေါ်ပုံက ကိုစွမ်း တဲ့၊ ကိုကို ... ကိုကိုကလည်း အခေါ်ခံတာပဲလား"

"သဲစု ... တော်ဆိုပါ၊ နင့်လမ်း နင်သွားတော့ ..."

"သဲစု ဘာလို့ ဒီလောက် ဆတ်ဆတ်ခါနေလဲဆိုတာ





တို့တော့ နားမလည်နိုင်တော့ဘူး၊ ဆရာစွမ်းရည်ကို ကိုစွမ်းလို့ခေါ်တာ ဘာများထူးဆန်းနေလို့လဲ၊ မောင်လို့ ခေါ်မိတာမှ မဟုတ်ဘဲ ..."

"ဘာ ... ဘာ ... အမလေး ကိုကို့ တပည့်မက စကားပြော ရဲလှချည်လား၊ အေးလေ ... အိမ်ကနေတောင် ထွက်ပြေးရဲတဲ့သူဆိုတော့ ဒီလောက်ကတော့ မိုင်နာပဲ ထင်ပါတယ်"

"တို့ အိမ်ကထွက်ပြေးတာက ကိုစွမ်း စာလာမသင်တော့လို့ ဆန္ဒပြတဲ့အနေနဲ့ ထွက်ပြေးတာလေ၊ ကိုစွမ်းကလွဲရင် တခြား ဘယ်သူနဲ့မှ မသင်ချင်လို့ ထွက်ပြေးတာ၊ ကိုစွမ်းက လာချော့ခေါ်တော့ တို့ အေးအေးဆေးဆေး ပြန်လိုက်လာသားပဲ ..."

ခေးသည် အကဲပိုလှသော ကိုစွမ်းညီမကို တမင်ပင် အရွဲ့တိုက်ကာ ပြောလိုက်ပါသည်။

ခေးကိုကြည့်နေသော သဲစုရဲ့ မျက်လုံးတွေက အစွမ်းကုန် ပြူးဝိုင်းလာကာ ...

"ကြည့်စမ်း ... ကြည့်စမ်း ... ပြောရဲလိုက်တာ"

"သဲစု ... သွား ... သွား ... နင့်လမ်း နင်သွားတော့၊ ခေးလာ ... သွားကြရအောင်"

"ခေးဆိုတာ ဘာအဓိပ္ပာယ်လဲ ကိုကို၊ သူ့ကို ဘာလို့ ခေးလို့ခေါ်တာလဲ"

သဲစုက ချက်ချင်း ထွက်မသွားသေးဘဲ ထပ်မေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်တာမို့ ခေးက အမြင်ကတ်ကတ်နှင့်ပင် သဲစုကို ပြုံးပြလိုက်ရင်း ...

"ခေးဆိုတာ ကလေးရဲ့ အတိုကောက်လေ ..."

ဟု တမင်ပြောပစ်လိုက်ပြီး ကိုစွမ်းနောက်သို့ လိုက်လာခဲ့သည်။ ကဲ ... အဲ့ဒီမှာ ဆွေ့ဆွေ့ခုန်ပြီးတော့သာ ကျန်ရစ်ခဲ့ပေတော့ ... ။

သဲစုက တကယ်ပဲ ဆွေ့ဆွေ့ခုန်မတတ် ကျန်ရစ်သည်။ စွမ်းရည်ကတော့ မျက်နှာညိုကာ မျက်ခုံးတွေ ကျုံ့နေရပါသည်။ သဲစုကလည်း သဲစု၊ ခေးကလည်း ခေးမို့ သူ့မှာ ကြားထဲက ဘယ်လိုဖြန်ဖြေရမှန်း မသိဘဲ ချွေးတွေသာ ပြန်နေခဲ့ရတာပင်။

ခေးက ကိုစွမ်း မျက်နှာပျက်နေတာကို ရိပ်မိတာမို့ ...

"ကိုစွမ်း ဟိုရှေ့က ကော်ဖီဆိုင်လေးမှာ ခဏထိုင်ရအောင်နော်"

ဟု ပြောပြီး မှန်အလုံပိတ် ကော်ဖီဆိုင်လေးထဲသို့ ဦးဆောင်၍ ဝင်လာခဲ့ပါသည်။ စွမ်းရည်ကလည်း ဘာမှပြန်မပြောတော့ဘဲ မှုန်ကုပ်ကုပ် မျက်နှာထားနှင့် လိုက်လာပါသည်။

ခေးက ကော်ဖီနှစ်ခွက် မှာလိုက်ပြီးနောက် ကိုစွမ်းမျက်နှာကို မရဲတရဲ ကြည့်မိရင်း ...

"ကိုစွမ်း ... ခေးကို စိတ်ဆိုးနေလားဟင်၊ ကိုစွမ်းညီမက ခေးကို ဘလိုင်းကြီး လာနှိပ်ကွပ်နေလို့ ခေးက မခံချင်





စိတ်နဲ့ အရွဲ့တိုက်ပြောလိုက်မိတာပါ၊ ခေး စကားတွေလွန်သွားရင် တောင်းပန်ပါတယ်နော်"

စွမ်းရည်က သက်ပြင်းချမိရင်း ...

"ကိုယ့်ညီမလေးအတွက်လည်း ကိုယ် တောင်းပန်ပါတယ် ခေး၊ ညီမလေးက စကားပြော သိပ်မဆင်ခြင်တတ်တော့ သူ့စကားတွေက ခေးကို စော်ကားသလို ဖြစ်သွားခဲ့ရတယ်"

ခေးကို ဖျောင်းဖျ တောင်းပန်သလိုလေး အလေးအနက် ပြောနေသော စွမ်းရည်ရဲ့ နဖူးပေါ်မှာ ချွေးတွေ စို့သီးနေပါသည်။ ရာသီဥတုလည်း အိုက်၊ စိတ်လည်းအိုက်တာမို့ စွမ်းရည် တစ်ကိုယ်လုံး ချွေးတွေနစ်နေအောင် ထွက်နေခဲ့တာပင်။

"ကိုစွမ်း ... အရမ်းအိုက်နေတယ် ထင်တယ်၊ အင်္ကျီလက်ရှည်ကြီးနဲ့ဆိုတော့ ပိုအိုက်မှာပေါ့၊ အင်္ကျီလက်ကို ခေါက်ထားမှ အအိုက်သက်သာမှာပေါ့ ..."

ခေးက စွမ်းရည်ကို ကြည့်နေရင်းက ပြောပြောဆိုဆိုပင် စားပွဲပေါ်တင်ထားသည့် စွမ်းရည်ရဲ့ လက်ဆီသို့ လက်လှမ်းလာပြီး လက်ကောက်ဝတ်နားက ရှပ်အင်္ကျီလက်ရှည်ရဲ့ လက်ကြယ်သီးကို အသာအယာ လှမ်းဖြုတ်လိုက်လေသည်။

စွမ်းရည်သည် ထင်မှတ်မထားသော ခေး၏အပြုအမူကြောင့် လက်ကို ရုန်းဖို့ သတိမရဘဲ ခေးရဲ့ လက်တွေကို ငေးကြည့်နေမိသည်။ ခေးက ကြယ်သီးဖြုတ်ပေးပြီးတာနှင့် ရှပ်အင်္ကျီလက်ကို သုံးခေါက်ခေါက်၍ ပင့်တင်ပေးလိုက်သည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပြီးတော့ တခြားတစ်ဖက်ကို လှမ်းဆွဲယူပြီး လက်ဖျားစကို ညီညီညာညာ ပင့်ခေါက်ပေးလိုက်ပြန်သည်။ ပြီးမှ ရှေ့သို့ကိုင်းထားရသော သူမ၏ ခန္ဓာကိုယ်ကို ပြန်မတ်လိုက်ရင်း ...

“ကဲ ... အဲ့ဒီလိုလေး ခေါက်တင်ထားတော့ အအိုက်မသက်သာပေဘူးလား”

ဟု မျက်စကလေးပစ်၍ ပြောလိုက်လေသည်။

စွမ်းရည်မှာတော့ လူကသာ မလှုပ်မယှက် ငြိမ်သက်နေရပေမယ့် ရင်ထဲမှာတော့ ငလျင်လှုပ်သွားခဲ့ရသလိုပင်။ လူက တစ်ခဏချင်းမှာ ထုံအသွားကာ မပြောတတ် မဆိုတတ် မလှုပ်မရှားတတ်တော့သလို ငူငူကြီး ဖြစ်သွားခဲ့ရသည်။ ခေးဟာ သူ့ကို စိတ်ယောက်ယက်ခတ်ပြီး ရူးသွားစေလောက်သည့် ပညာပြမှုတွေကို လုပ်ခဲ့ရုံမက ခုလို ငုတ်တုတ်မေ့ပြီး ငြိမ်နေအောင်လည်း စွမ်းဆောင်နိုင်သူတည်း။

✦ ✦ ✦



✤ ✤ ✤

“ဟဲလို ... ရွှေထိပ်ထားလား”

“ဟုတ်ပါတယ် ...”

“တို့က သဲစုအောင်ပါ”

“ဪ ...”

ထိုနေ့က သဲစုဆီက ဖုန်းဝင်လာတော့ ခေးက အံ့ဩသွားမိပါသည်။ ပြီးတော့ မကျေနပ်စိတ်အခံနှင့် ဒေါသမီးပွားလေးက လိုက်ထလာကာ ...

“တို့ ဖုန်းနံပါတ်ကို ဘယ်ကရသလဲ သဲစု ...”

“ကိုကို့မှတ်စုထဲက ရှာထားတာပေါ့ ...”

“စည်းမရှိလိုက်တာ ...”

“စာသင်ပေးတဲ့ ဆရာနဲ့ လျှောက်လည်တဲ့ နင်ကမှ ပိုပြီး စည်းမရှိတာပါ ရွှေထိပ်ထားရဲ့ ...”

သဲစုဘက်က ‘နင်’ လုံးရိုက်ကာ ခတ်ဆတ်ဆတ် ပြောလာတာမို့ ခေးရင်ထဲမှာ မခံချင်စိတ်နှင့် ဒေါသက လိုက်တက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ဆီဖုန်းဆက်စရာ ဘာအကြောင်းမှမရှိဘူး ထင်တယ်"

"အကြောင်းရှိလို့ ဆက်တာပေါ့၊ နင့်ကို သတိပေးစရာရှိလို့ ဆက်လိုက်တာ၊ ငါ့ကိုကို ကို ပတ်ချွဲနပ်ချွဲနဲ့ အရောဝင်ပြီး အခွင့်အရေးတွေ မဟားတရားယူနေတဲ့ နင့်လုပ်ရပ်ကို ရပ်တန်းက ရပ်လိုက်ပါ၊ ငါ့ကိုကိုမှာ သူနဲ့ ထိုက်တန်တဲ့သူ ရှိပြီးသား ..."

"ဟုတ်လား၊ အဲ့ဒါ ဘာဖြစ်လဲ ...၊ ငါနဲ့ ဘာဆိုင်လဲ"

"နင့်ဘက်က သိပ်အကဲပိုနေရင် ကိုကို့ဘဝအတွက် အနှောင့်အယှက် ဖြစ်နိုင်တယ်ဆိုတာ နင့်ခေါင်းထဲမှာ ထည့်ထားပါ ရွှေထိပ်ထား ..."

သဲစု စကားတွေက လွန်သထက်လွန်လာပါသည်။ သဲစုနဲ့ ခေးဟာ အရွယ်ချင်းမတိမ်းမယိမ်း။ သဲစုမှာလည်း ထင်ရာပြောတတ်သည့် စရိုက်ရှိသလို ခေးမှာကလည်း ဆတ်ဆတ်ကြဲ၊ မိုက်မိုက်မဲမဲ စရိုက်အခံလေးက ရှိပြီးသားမို့ သဲစု စကားတွေက အိပ်ပျော်နေသည့် ကာလနဂါးကို လှုပ်နှိုးလိုက်သလို ဖြစ်သွားရပါသည်။

ခေးရဲ့ ညစ်ကျယ်ကျယ် စိတ်ကလေးက ထကြွလာခဲ့ရကာ ...

"နင့်အစ်ကိုကို ငါချစ်တော့ ဘာဖြစ်လဲ သဲစု ..."

"နင့်ဘာသာ သေအောင်ချစ်လည်း ငါ့အစ်ကိုက နင့်လို





ဗိုင်းမကောင်း ကျောက်မဖိ ပုံစံမျိုးကို လုံးဝ စိတ်ကူးထဲတောင် မထည့်ဘူးဆိုတာ မြဲမြဲမှတ်ထား ရွှေထိပ်ထား"

သဲစုက စကားဆုံးတာနှင့် ဂွပ်ဆို ဖုန်းချသွားသည်။

ခေးကတော့ တနံ့နံ့ ဒေါသထွက်၍ ကျန်ခဲ့ရလေသည်။

ခေးသည် သဲစုရဲ့ ဘလိုင်းကြီး ဝင်ချသည့် ကိစ္စကို မေ့လို့ကိုမရ။ ဒေါသကလည်း မပြေနိုင်ဘဲ သဲစု စိတ်ကသိကအောက်ဖြစ်အောင် ဘာပြန်လုပ်ရင် ကောင်းမလဲဟု ကြံစည်စိတ်ကူးနေသည်။ ကိုယ့်ကို ဒီလိုလာလုပ်မှတော့ ခေးက ပညာပြန်မပြဘဲနေလို့ မဖြစ်ပါ။

နောက်ဆုံးတော့ ခေးက သဲစု မခံချိမခံသာဖြစ်အောင် ကိုစွမ်းနှင့်အတူ အိမ်လိုက်လည်ပြလိုက်ဦးမည်ဟု အကြံရကာ ကိုစွမ်း စာလာသင်သောနေ့မှာ ပူဆာလိုက်ပါသည်။

"ကိုစွမ်း ... ခေး ကိုစွမ်းတို့အိမ်ကို တစ်ရက်လောက်လိုက်လည်ချင်တယ်"

ခေး စကားကြောင့် ကိုစွမ်းက ခဏငြိမ်တွေသွားပြီးမှ ...

"ကိုယ်တို့အိမ်က ခေးတို့လို တိတ်ဆိတ်သန့်ရှင်းတဲ့ နေရာမျိုးမှာ မဟုတ်ဘူး၊ လူရှုပ်၊ ဆိုက်ကားရှုပ်တဲ့ သာမန်ရပ်ကွက်မျိုးမှာ နေတာဆိုတော့ ခေး အိမ်လိုက်လည်လည်း ပျော်စရာ ဘာမှမရှိပါဘူး"

"မရောက်ဖူးတဲ့ နေရာကို ရောက်ဖူးရတာ ပျော်စရာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုစွမ်းရဲ့၊ ခေးတို့နဲ့ နေထိုင်ပုံချင်း မတူပေမယ့် သူ့ဟာနဲ့သူ ပျော်စရာတော့ ရှိမှာပါ၊ ခေး လိုက်လည်မယ်လေ၊ ခေးကို ထမင်းတစ်နပ်တော့ ကျွေးပေါ့၊ ဘာလဲ ကိုစွမ်းက ခေး အစားပုပ်မှန်းသိလို့ ထမင်း မကျွေးချင်လို့လား”

“ထမင်းတစ်နပ်လောက်ကတော့ ကျွေးနိုင်ပါတယ် ခေးရယ်၊ နောက်တစ်ခု ကိုယ် စိုးရိမ်တာက သဲစုနဲ့ ခေးက စကားပြော သိပ်မတည့်ကြတော့ ပြဿနာဖြစ်မှာလည်း စိုးတယ်”

“ခေး လိုက်လည်တော့ ခေးတို့ချင်း ရင်းနှီးမှုရပြီး အဆင်ပြေချင် ပြေသွားမှာပေါ့ ...”

“ကဲ ... ကဲ ... သဘောပဲ၊ လိုက်ချင်လည်း လိုက်ခဲ့ ...”

ကိုစွမ်း ခွင့်ပြုလိုက်တော့ ခေးက ကျိတ်၍ပြုံးမိသည်။ ခေးလိုက်လည်တာမြင်ပြီး မခံချိမခံသာဖြစ်သွားမည့် သဲစုပုံစံကို ခေး ကြည့်ချင်သည်။ ခေးက ဒီလောက်ပဲ ရည်ရွယ်သည်။

သို့သော် ... မီးပွားအမှုန်အစလေးလောက်သာရှိသည့် ပြဿနာသေးသေးလေး တစ်ခုကို မီးတောက်မီးလျှံကြီးဖြစ်အောင် တို့မီး ရှို့မီးလုပ်ခဲ့သူက သဲစုပင် ဖြစ်လေသည်။

✦ ✦ ✦



✤ ✤ ✤

“သမီးရေ ... သမီး လာလည်မယ်ဆိုလို့ ဖွယ်ဖွယ်ရာရာလေးတွေတော့ ချက်ထားတယ်၊ သမီး ကြိုက်ပါ့မလားတောင် မသိပါဘူးကွယ် ...”

“ကြိုက်လွန်းလို့ ဟင်းပွဲမြင်တာနဲ့တောင် သွားရည်ယိုချင်လာပြီ အန်တီရဲ့ ...၊ ခေးက ခုလို ဟင်းမျိုးစုံ ပလုံစီနေတာကို ကြိုက်တာ၊ အသုပ်လေးတွေ၊ ငါးပိကြော်လေးတွေ၊ တို့စရာ အပြုတ်လေးတွေ ဟိုဟာနည်းနည်း ဒီဟာနည်းနည်း စားရတာကိုပျော်တာ၊ အိမ်မှာဆို အသားဆီပြန်ဟင်းရယ်၊ အရွက်ကြော်ရယ်၊ ဟင်းချိုရယ်နဲ့ပဲ စားရတာ၊ တခြား ဘာမှ ထွေလီကာလီမပါဘူး၊ အိမ်ကအိမ်အကူတွေကလည်း ဟင်းချက်က ကောင်းတာမဟုတ်ဘူး၊ အရင်မြည်းကြည့်လိုက်မယ်နော် အဟိ ...”

ခေးက သူ့ဘာသာပြော၊ သူ့ဘာသာ သဘောကျကာ ပြောင်းဖူးကြော် တစ်ဖွန်း ခပ်စားလိုက်ပြီး လက်မထောင်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



“အား ... အမိုက်စားပဲ၊ လျှာထဲစိမ့်သွားတာပဲ၊ အန်တီက ဟင်းချက်အရမ်းကောင်းတာပဲ ...”

“ပြောင်းဖူးက သူ့ဘာသာ ချိုဆိမ့်ပြီးသားမို့လို့ပါ သမီးရယ်၊ အန်တီက အထွေအထူး ကောင်းအောင်ချက်တတ်တာတော့ မဟုတ်ပါဘူး”

“အမေက ခေး လာလည်မယ်ဆိုလို့ သူကိုယ်တိုင် ဈေးသွားပြီး ချက်ထားတာ ခေးရဲ့၊ အမေက ဧည့်သည်လာရင် အရမ်းပျော်တာ၊ ကိုယ့်သူငယ်ချင်းတွေ အိမ်မှာ ထမင်းလိုက်စားရင်လည်း ပျော်နေတာပဲ”

“နောက်လည်း လာလည်ဦးနော် သမီး၊ သမီး စားချင်တဲ့ ဟင်းရှိရင်လည်း သားကိုပြောလိုက်၊ အန်တီ ချက်ပြီး သားနဲ့ ထည့်ပေးလိုက်မယ်”

“သွား အစမလုပ်ပါနဲ့ အမေရယ်၊ တော်ကြာ တဂျီဂျီမှာရင် သားပဲ ထမင်းချိုင့်တစ်ဖက် ယူနေရပါဦးမယ်၊ ခေးက အရမ်း အစားပုပ်တာ အမေရဲ့ ...၊ အမေ ဒီလိုသာ ပြောထားလို့ကတော့ သူက အားနာမှာကို မဟုတ်တော့ဘူး”

“အဲ့ဒီလိုတော့ စိတ်မပုပ်ပါနဲ့ ကိုစွမ်းရယ်၊ ချက်တဲ့သူက ချက်ပေးတာတောင် ကိုစွမ်းက ယူလာပေးဖော်မရရင် နောက်ဘဝကျ ကိုစွမ်းပဲ ပြိတ္တာဖြစ်မှာ”

“ဘာဆိုင်လဲ ...”





“သူများစားတာကို ပိတ်ပင်ရင် ကိုယ် ပြိတ္တာဖြစ်တတ်တယ်လေ၊ ပြိတ္တာဆိုတာ ပါးစပ်လေးက ကျဉ်းကျဉ်းလေးတဲ့ ကိုစွမ်းရဲ့၊ ဘယ်လောက်တောင် ကျဉ်းသလဲဆို ထမင်းလုံးလေး တစ်လုံးဝင်သာရုံလောက်ပဲ ရှိတာတဲ့၊ အဲ့ဒါကြောင့် ကိုယ့်ရှေ့မှာ စားကောင်းသောက်ဖွယ်တွေ ဘယ်လောက်ရှိရှိ စားချင်တိုင်း မစားရဘူးတဲ့၊ ပါးစပ်ကျဉ်းကျဉ်းလေးထဲကို ထမင်းလုံးလေး တစ်လုံးစီ တစ်လုံးစီ ခွေ့ထည့်ပြီး စားရတာတဲ့၊ ကဲ ... ဘယ်လောက်အဖြစ်ဆိုးလဲ၊ အဲ့ဒီလို ပြိတ္တာမျိုး မဖြစ်ချင်ရင် ခေး စားတာကို မပိတ်ပင်နဲ့”

“သမီးက တော်တော့်ကို ကြံကြံဖန်ဖန် ပြောတတ်တာပဲကိုး”

စွမ်းရည်အမေက ရယ်မောလိုက်တာမို့ စွမ်းရည်က ခေးခေါင်းကို ယပ်တောင်လေးဖြင့် လှမ်းပုတ်လိုက်ရင်း ...

“ကဲ ... စကားချည်း များမနေနဲ့၊ စားမှာဖြင့် စား”

“စားမှာ ... စားမှာ”

ခေးက ဇက်လေးပုကာ ပြုံးစိစိ မျက်နှာလေးဖြင့် ပြန်ပြောရင်း မလှမ်းမကမ်းမှာ စာရင်းထိုင်တွက်နေသော သဲစုကို စွေကြည့်လိုက်မိပါသည်။ သဲစုတော့ ခုလောက်ဆို ဒေါသတွေထွက်ပြီး အသည်းတယားယား ဖြစ်နေပြီလားလို့ပင် ...။

ခေးမှာ သဲစုကို ကလိချင်သည့် ရယ်ရွယ်ချက်ရှိပေမယ့် ကိုစွမ်းအိမ်ကိုရောက်လာတော့ တကယ်ပဲ ပျော်ရွှ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မိပါသည်။ သဘောကောင်း ရိုးသားလှတဲ့ ကိုစွမ်းအမေက စေတနာကောင်းစွာ ဟင်းတွေ အများကြီးချက်ထားသဖြင့် ပို၍ ပျော်ရသည်။ ပြီးတော့ ... ဒါဟာ ကိုစွမ်းနေတဲ့ အိမ်ကလေးပါ လားဟူသော အသိက ခေးရဲ့စိတ်ကို နွေးထွေးစေသည်။ ခုချိန် မှာ သဲစုနဲ့ ရန်ဖြစ်လိုသည့် ဆန္ဒလည်း ခေးမှာရှိမနေပါ။ သူ့ ဘက်ကသာ ရန်မစလျှင် ခေးကလည်း ပြေလည်ချင်သူပင်။

"ပုံလာလာပြောတိုင်း ယုံမနေနဲ့ဦး အမေရေ၊ သူတို့လို ပိုက်ဆံပေါတဲ့ လူတွေက အိမ်မှာ ထမင်းစားမကောင်း လည်း နိုင်ငံတကာ အဆင့်မီ ဟိုတယ်တွေမှာ သွားဝယ် စားလို့ ရသားပဲ၊ အမေ ချက်ပို့ပေးလည်း အလကားပဲ ဖြစ်မှာ"

"ဟဲ့ ... သဲစု ကိုယ့်အိမ်လာလည်တဲ့ ဧည့်သည်ကို နင် ဒီလိုပြောစရာလား"

သဲစုက ငေါ်တော့တော့ လေသံဖြင့် လှမ်းပြောတာ မို့ သူ့အမေက မာန်မဲလိုက်ပြီး ခေးဘက်သို့ လှည့်ကာ ...

"သဲစုက စကား အပြောမတတ်ဘူး သမီးရယ်၊ စိတ် မဆိုးပါနဲ့နော်"

"ကိစ္စမရှိပါဘူး အန်တီရဲ့ ...၊ ခေးက စိတ်ကောက်နေရင် တောင် အစားကောင်းကောင်း စားရရင် စိတ်ကပြန် ဖြောင့်သွားရော ..."

ခေးစကားကြောင့် သဲစုက မဲ့ကာ တစ်ဖက်သို့ လှည့်သွားသည်။ ထိုအချိန်မှာ ခေးက သဲစုကို ရယ်ချင်နေတာပဲ





သိသည်။ ဒီလို စကားလောက်ကိုတော့ ဖွေယူစရာလို့လည်း မထင်မိတာကြောင့်ပင်။ ကိုစွမ်း နေသည့် အိမ်ကလေးထဲမှာ ကိုစွမ်း အမေ ချက်ကျွေးသည့် ထမင်းပွဲကို စားရတော့မှာမို့ အလိုလိုပျော်ရွှင်နွေးထွေးကာ ရန်လိုသည့် စိတ်မျိုးလည်း ဖြစ် ပေါ်မလာတော့ပါ။

ခေးက အပြုံးမပျက်ပင် သဲစုကို လှမ်းကြည့်မိတော့ ထူးဆန်းစွာပင် သဲစုက ခေးကို ပြုံးကြည့်နေတာကို တွေ့ရသည်။ သူ့အပြုံးက သန့်စင်သောအပြုံးမျိုးမဟုတ်။ တစ်ခုခု အကောက် ကြံထားသူ၏ ညစ်ကျယ်ကျယ် အပြုံးမျိုး။

ထိုအပြုံးကြောင့် ခေးစိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွား မိသော်လည်း ခေးက သဲစုထံမှ မျက်နှာလွှဲလိုက်ပြီး ဇွန်းခက်ရင်း ကို ကောက်ကိုင်လိုက်သည်။

ထိုအချိန်မှာပင် ...

"စွမ်းရေ ... စွမ်း၊ သဲစုရေ ..."

"ဟော ... မမသစ္စာ လာပြီ၊ လာ ... လာ ... မမသစ္စာ"

အိမ်ရှေ့ဆီက ဒေါက်တာခင်သစ္စာ၏ ခေါ်သံ၊ သဲစုက ဝမ်းသာအားရ ထ၍ ကြိုဆိုဟန်ကြောင့် စွမ်းရည်သည် ပင် အံ့ဩသွားရပါသည်။

သဲစုက သစ္စာကို လက်ဆွဲ၍ အိမ်ထဲသို့ ခေါ်လာ ရင်း ...

"အမေ ဒီမှာ မမသစ္စာ လာပြီ၊ ကိုကို သဲစုကလေ မမ သစ္စာကို အိမ်မှာ ထမင်းလာစားဖို့ မနည်းဖိတ်ထားရတာ၊



www.burmeseclassic.com

www.burmeseclassic.com



မမသစ္စာက သူများတကာလို အားအားလျားလျားမဟုတ်တော့ ဒီမှာ ထမင်းလာစားဖို့ကို တောင်းတောင်းပန်ပန်ဖိတ်ထားလို့သာ လာရတာ၊ ခုလို မအားတဲ့ကြားက သဲစုတို့ဆီ လာပေးတာ ကျေးဇူးပါပဲ မမသစ္စာရယ် ...”

“စွမ်းရေ ... နင့်ညီမက ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ မနေ့က တစ်နေ့လုံး ငါ့ဆီလာပြီး သူ့အိမ်မှာ ထမင်းလိုက်စားဖို့ ဂျီကျနေတာနဲ့ ငါ့မှာ အချိန်လုပြီး ပြေးလာရတာ ...”

စွမ်းရည်က ဒါဟာ သဲစုစနက်ဆိုတာ သိလိုက်ပါသည်။

ခေးကတော့ ကိုစွမ်းကို စွမ်းလို့ တရင်းတနှီးခေါ်လိုက်သည့် ထိုအမျိုးသမီးကို စူးစူးစမ်းစမ်းလေး လိုက်ကြည့်နေမိသည်။ မမသစ္စာဆိုတဲ့ ဒီတစ်ယောက်ကို ထမင်းစားဖိတ်သူဟာ ကိုစွမ်းတော့ ဟုတ်ပုံမရ။ ကိုစွမ်း အမေကလည်း ဘာမှသိမထားသလို ပုံစံမျိုးဖြင့် လှမ်းကြည့်နေသည်။ ဒါဆို သဲစုက ဘာသဘောနဲ့ ခေးကို မမသစ္စာနဲ့ တွေ့ဆုံမိအောင် စီစဉ်ခဲ့တာလဲ။

ကိုစွမ်းမှာ မမသစ္စာ ရှိပြီးသားလို့ ပြောချင်တာလား။ ဒီလို အကြံအစည်ရှိနေလို့သာ သဲစုက ခေးကို ညစ်ကျယ်ကျယ် အပြုံးကလေးနှင့် လိုက်လိုက်ကြည့်နေခဲ့တာပေါ့။

“ထမင်းပွဲကတော့ အသင့်ပဲ မမသစ္စာ၊ လာ ... လာ ... ဒီမှာထိုင်”





သဲစုက မမသစ္စာကို ခေးနှင့် စွမ်းရည်ကြားမှာ နေရာချပေးလိုက်ရင်း ...

“မမသစ္စာ ထိုင်လို့ အဆင်ပြေရဲ့လား၊ ရွှေထိပ်ထားဟိုဘက်နည်းနည်း တိုးလိုက်ပါလား၊ ဒီမှာ မမသစ္စာထိုင်ရတာ ကြပ်နေပြီ”

ခေးက တစ်ဖက်သို့ တိုးရွှေ့ထိုင်ပေးလိုက်ပါသည်။

မမသစ္စာက ခေးကို လှည့်ကြည့်ရင်း ...

“စွမ်း ...၊ သူက နင် စာသင်ပေးနေရတဲ့ တီချယ်ထားသမီးလေးလား”

“ဟုတ်တယ် သစ္စာ ...”

“တီချယ်ထားနဲ့ အရမ်းတူတာပဲနော်၊ သူ့မြင်လိုက်တာနဲ့ တီချယ်ထား သမီးမှန်း တန်းသိတာပဲ၊ သူ့ကိုပါ ဖိတ်ထားတယ်ဆိုလည်း ပြောရောပေါ့ သဲစုရယ်၊ ဒီလိုမှန်းသိရင် အိမ်ကနေ စားစရာတစ်ခုခု ထပ်စီစဉ်လာခဲ့ပါတယ်”

ခေးသည် ကိုစွမ်းတို့ မိသားစုအပေါ်မှာ ရင်းနှီးပိုင်နိုင်ဟန် အပြည့်ရှိသော မမသစ္စာကို ကြည့်ရင်း တစ်ခါမှ မခံစားဖူးသော ခံစားချက်တစ်ခုက ခေးရင်ကို တိုးဝှေ့လာရပါသည်။ အဲ့ဒီခံစားချက်ဟာ ဘယ်လိုမှန်းလည်း မသိ၊ ဝမ်းနည်းတာလား၊ ဒေါသထွက်တာလား၊ အားငယ်တာလား၊ မမသစ္စာကို မျက်မုန်းကျိုးချင်သလို ဖြစ်ရတာလား။ ဘာမှန်းမရေရာဘဲ အားလုံး ရှုပ်ထွေးကာ စိတ်တွင်းမှာ မွှန်းကြပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မက စွမ်း သူငယ်ချင်းလေ၊ သူက ၉ တန်းတုန်းက ကျောင်း ခဏထွက်လိုက်ရတော့ မက သူ့ထက်အတန်း ပိုကြီးပြီး ကျောင်းစောပြီးသွားတာ၊ မတို့တုန်းကလည်း တီချယ်ထားနဲ့ စာသင်ခဲ့ရဖူးတယ်လေ ..."

"ဪ ... ဟုတ်ကဲ့"

"မမသစ္စာက စာအရမ်းတော်တာ၊ ဆယ်တန်းတုန်းက ဆို ဂုဏ်ထူး ငါးဘာသာနဲ့ နှစ်ချင်းပေါက် အောင်ခဲ့တာ၊ သူများတကာလို ဆယ်တန်းမှာ တဘုန်းဘုန်းကျကျနေတဲ့ ငထုံငထိုင်းမျိုး မဟုတ်ဘူး"

သဲစုက ခေးကို တည့်တည့်ပင် ကြည့်၍ပြောလိုက်တာပင်။ မမသစ္စာရှေ့မှာ ကိုယ့်ကို ချိုးနှိမ်ပြောခြင်း ခံလိုက်ရတာမို့ ခေးက ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ကာ ...

"ငါက ငထုံ အေမဟုတ်ဘူး သဲစု၊ ငါမသင်ချင်လို့ကို မသင်တာ၊ ငါသင်ယူချင်စိတ်ရှိရင် ဆယ်တန်းလောက်ကတော့ မျက်စိမှိတ်ဖြေလို့တောင် ရတယ် ..."

"နင်က သင်ယူချင်စိတ် မရှိလို့ စာမသင်ဘဲ စာသင်ပေးတဲ့ ဆရာနဲ့ အပြင်ထွက်လည်နေတာပေါ့နော်"

"သဲစု ... တော်စမ်း"

"သမီး ... နင် တော်တော် ရိုင်းနေပါလား"

ကိုစွမ်းတို့ သားအမိက တားမြစ်သော်လည်း သဲစုက မနာခံဘဲ မမသစ္စာဘက်သို့ လှည့်ကာ ...

"တချို့ ကိုကို့ တပည့်တွေက မလွယ်ဘူး မမသစ္စာရေ၊





ကိုကိုက ရုပ်လေးလည်း ချော၊ ပညာလည်းတတ်တော့ ကိုကို့ကိုဆို အိစိကလီ လုပ်ချင်ကြတာ၊ စာသင်ချင်တာက နည်းနည်း၊ ဆရာကို အီချင်တာက များများပါ၊ သဲစုက တော့ အဲဒီလို မိန်းကလေးတွေ လက်ထဲကို ကိုကို့ကို အပါမခံနိုင်လို့ ဗိုင်းကောင်းကျောက်ဖိ၊ ပညာတတ်၊ ယဉ်ကျေးပြီး ဣန္ဒြေရတဲ့ မမသစ္စာနဲ့ပဲ ကိုကို့ကို သဘောတူနေရတာ၊ မမသစ္စာနဲ့ ကိုကိုနဲ့က ငယ်ကတည်းက သံယောဇဉ် ကြီးခဲ့ကြတာဆိုတော့လေ ... ဟင်း ဟင်း ဟင်း"

ခေးသည် သဲစုကို လုံးဝ သည်းမခံနိုင်တော့တာမို့ ဝုန်းခနဲ မတ်တတ်ထရပ်လိုက်မိပြီး ထိုင်နေသည့် သဲစုမျက်နှာတည့်တည့်ကို ငုံ့ကြည့်ကာ ...

"သဲစု ... နင်မသိတာ ရှိသေးတယ်၊ ကိုစွမ်းနဲ့ ငါနဲ့က နင်နဲ့တွေ့ခဲ့တဲ့ တစ်ခေါက်ပဲ လျှောက်လည်ကြတာမဟုတ်ဘူး၊ ဦးနှောက်ဆေးတဲ့အနေနဲ့ တစ်လတစ်ခါ လျှောက်လည်ကြတာ၊ ပထမတစ်ခေါက်တုန်းကတော့ ငါ့အိမ်ကို ပြောပြီး ခွင့်တောင်းရတာပေါ့၊ နောက်အခေါက်တွေကျတော့ အိမ်ကမသိအောင် ခိုးထွက်ရတာပေါ့၊ အရမ်းပျော်စရာ ကောင်းတယ် သိလား၊ ကိုစွမ်းက ငါ့ကို အရမ်းအလိုလိုက်တယ်၊ ငါတို့ မုန့်အတူတူစားကြတယ်၊ ငါသွားချင်တဲ့နေရာကို ကိုစွမ်းက လိုက်ပို့ပေးတယ်၊ အိမ်မှာ စာသင်ရင်လည်း စာကြည့်ခန်းထဲမှာ နှစ်ယောက်တည်း သင်ရတာ ..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ဆိုသလို အဆက်မပြတ် ပြောချလိုက်သည့် ခေးကို အားလုံးက ပါးစပ်အဟောင်းသားဖြင့် မော့ကြည့်နေကြလေသည်။

ခေးသည် ပြောမိပြီးမှ ကိုယ့်စကား ကိုယ်ပြန်ရှက်မိသော်လည်း အားတင်းကာ ကိုစွမ်း အမေကို လှည့်ကြည့်ရင်း

"အန်တီ ... ဒီဟင်းတွေက ခေး လာလည်မယ်ဆိုလို့ အန်တီကိုယ်တိုင် ချက်ထားရတာ မဟုတ်လား၊ အန်တီ့ စေတနာ အလကားမဖြစ်ရအောင် ခေး ဒီဟင်းတွေ အိမ်ကိုထည့်ယူသွားမယ်"

"ဩော် ... အေး ... အေး ... ယူလေ၊ အန်တီ ထည့်ပေးပါ့မယ်"

ကိုစွမ်း အမေက စားပွဲနောက် ဗီရိုထဲက ထမင်းချိုင့် ငါးဆင့်ချိုင့်ကို လှမ်းယူလိုက်တော့ ခေးက ထိုချိုင့်ကို အမြန်လှမ်းယူပြီး ဖွင့်ချလိုက်သည်။ ထို့နောက် စားပွဲပေါ်က ဟင်းပန်းကန်တွေကို လှမ်းလှမ်းယူကာ ချိုင့်ထဲသို့ သွန်၍ သွန်၍ ထည့်လိုက်လေသည်။

ခေး ခပ်သွက်သွက် လုပ်ကိုင်နေပုံကို အားလုံး ကြောင်ကြည့်နေဆဲမှာ ခေးက ချိုင့်တွေကို ပြန်ဆင့်ပိတ်လိုက်ပြီး ထိုချိုင့်ကိုဆွဲကာ အားလုံး၏အနီးမှ လှမ်းထွက်လိုက်ရင်း သဲစုကို ဆောင့်တွန်းပစ်ခဲ့သည်။

သဲစုက မမသစ္စာဘက်သို့ ငိုက်ခနဲ ယိမ်းယိုင်ကျ





သွားစဉ်မှာ တစ်ချိန်လုံး မျက်နှာနီရဲ ထူပူကာ ငုတ်တုတ်မေ့နေခဲ့သော စွမ်းရည်က ခေးနောက်သို့ ထလိုက်လာခဲ့ရပါသည်။

"ခေး ..."

ခေးက စွမ်းရည်ကို လှည့်မကြည့်ဘဲ ထမင်းချိုင့်ကို ဆွဲကာ အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားသည်။

စွမ်းရည်သည် သဲစုကို ဒေါသထွက်၊ သစ္စာကို ရှက်ရသည့်အထဲ ခေးလုပ်ပုံ၊ ခေးစကားတွေကြောင့် ပို၍ ဒေါသထွက်လာရသည်။

ခေးကတော့ စွမ်းရည်ကို လှည့်မကြည့်ဘဲ ရှေ့က နေ ဆတ်တောက် ဆတ်တောက် လျှောက်သွားနေသည်။ ဒီအတိုင်း လွှတ်ပေးထားလိုက်လျှင် ခြေဦးတည့်ရာ လျှောက်နေတော့မှာ သေချာသည်။

"ခေး ..."

စွမ်းရည်က ခေးကို မီအောင် လျှောက်လိုက်ပြီး ခေးလက်တစ်ဖက်ကို တင်းတင်း လှမ်းဆွဲထားကာ တက္ကဆိ တားလိုက်ပါသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"မင်းကို အောက်တန်းကျတဲ့ မိန်းကလေးမျိုး မဖြစ်စေချင်ဘူး ခေး ..."

ကိုစွမ်း စကားကြောင့် ငုံ့နေသော ခေးခေါင်းက ဆတ်ခနဲ မော့လာသည်။

"ခေးက အခု အောက်တန်းကျနေလို့လား"

သူ့ကိုကြည့်နေမိသည့် ခေး မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာပါသည်။ ခေး ဝမ်းနည်းသည်။ နာကျင်သည်။ ရင်ထဲမှာ ဆောက်တည်ရာမရချင်။ ပြီးတော့ ယဉ်ကျေး ရည်မွန်ပုံရသည့် ဒေါက်တာခင်သစ္စာကို တစ်ချိန်လုံး မြင်ယောင်ကာ ရှူးချင်နေသည်။

"အခု အောက်တန်းမကျသေးရင်တောင် မိန်းကလေးဖြစ်ပြီး ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိရင် တဖြည်းဖြည်း ဣန္ဒြေမဲ့ပြီး အောက်တန်းကျတဲ့ သူတစ်ယောက်ဖြစ်လာလိမ့်မယ် ခေး၊ သဲစုကို အမေလည်း ဆုံးမမှာပါ၊ ကိုယ်လည်း ဆုံးမပါ့မယ်၊ ခေးကိုလည်း ဆုံးမရမယ့် ဝတ္တရား





ကိုယ့်မှာရှိတယ်၊ လူတိုင်းမှာ ခံစားချက်ဆိုတာ ရှိတာပဲ ခေး၊ ချစ်တာ၊ မုန်းတာ၊ နာကြည်းတာ၊ ဒေါသထွက်တာ၊ ကျေနပ်တာ၊ ပျော်ရွှင်တာ၊ ဒါတွေကို လူတိုင်း ခံစားရတာပဲ၊ ဒါပေမယ့် ခံစားရတိုင်း ဖော်ဖွင့်ပြလို့ရတာမှ မဟုတ်တာ၊ အခြေအနေ အကြောင်းကြောင်းကြောင့် ကိုယ့်မှာ ခံစားရပေမယ့် သို့ဝှက်မျိုသိပ်ထားသင့်တဲ့ ကိစ္စတွေမှ အများကြီးပဲ ...၊

"လူတစ်ယောက်ကို ချစ်သင့်သင့် မသင့်သင့် ချစ်လို့ ချစ်တဲ့အကြောင်း ပြောပစ်လိုက်မယ်၊ မုန်းတဲ့သူကို မုန်းလွန်းလို့ ပြေးဆွဲကုပ်ပစ်လိုက်မယ်၊ ပျော်လွန်းလို့ ထ,ကပစ်လိုက်မယ်ဆိုတာမျိုး အချိန်တိုင်း နေရာတိုင်းမှာ လုပ်ပစ်လို့မရဘူး၊ စိတ်ထဲရှိရင် ရှိတဲ့အတိုင်း လုပ်ပစ်တတ်တဲ့ လူစား နှစ်မျိုးပဲရှိတယ်၊ အဲ့ဒါ အောက်တန်းကျလွန်းတဲ့ လူနဲ့၊ စိတ်ကို မထိန်းချုပ်နိုင်လို့ စိတ်လွတ်နေတဲ့ အရူးတွေပဲ၊ လူယဉ်ကျေးတွေက ထိန်းချုပ်သင့်တဲ့ ခံစားချက်ကို ထိန်းချုပ်တတ်ကြတယ်၊ ခေးက အောက်တန်းစားလား၊ အရူးလား ..."

ခေးက ခပ်ဖြည်းဖြည်း ခေါင်းခါပြမိသည်။

"ဒါဆို နောက်ကို ဘယ်အရာကိုမှ စိတ်လွတ်ကိုယ်လွတ် မပြုမူမိအောင် ဆင်ခြင်ပါ ခေး ..."

ခေးက ကိုစွမ်းကို ငေးကြည့်နေမိရင်း ...

"ကိုစွမ်းကရော လူယဉ်ကျေးလား ..."



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်က ခေးမေးတာကို မဖြေဘဲ ခေးကိုစိုက်ကြည့်နေခဲ့သည်။

"ခေး မေးတာ ဖြေပါဦး ကိုစွမ်း၊ ကိုစွမ်းကရော ခံစားချက်တိုင်းကို အမြဲတမ်း ထိန်းချုပ် သိုဝှက်တတ်တဲ့ လူယဉ်ကျေးမျိုးလား"

စွမ်းရည်က ခေးထံမှ အကြည့်လွှဲလိုက်ရင်း ...

"ခံစားချက်တိုင်းကိုတော့ မဟုတ်ပေမယ့် ထိန်းချုပ်သင့်တယ်လို့ ယူဆတဲ့ ခံစားချက်မျိုးကို ထိန်းချုပ်တတ်တဲ့ လူမျိုးလို့ ပြောရင်တော့ ရပါတယ်"

ခေးက မျက်ရည်ဝဲလျက်ပင် ယဲ့ယဲ့လေး ပြုံးမိရင်း

"ခေးကတော့ လူယဉ်ကျေးအမည်ခံပြီး အမြဲတမ်း ခံစားချက်တွေကို ထိန်းချုပ်ပြီး မနေနိုင်ဘူး ကိုစွမ်း၊ ရိုင်းစိုင်းအောက်တန်းကျတဲ့ ပေါက်ကွဲမှုမျိုး မဖြစ်အောင်သာ ဆင်ခြင်လို့ရပေမယ့် နူးညံ့တဲ့ ခံစားချက်တွေကိုတော့ ဖုံးကွယ်မထားချင်ပါဘူး"

"ထောက်ထား ငဲ့ညှာရမှာတွေ၊ စောင့်ထိန်းရမယ့် စည်းမျဉ်းတွေ ရှိနေခဲ့ရင်တော့ နူးညံ့တဲ့ ခံစားချက်ဆိုလည်း ထိန်းချုပ်သင့်ရင် ထိန်းချုပ်ရမှာပဲ ခေး"

ကိုစွမ်း အသံက စိမ်းဆတ်လွန်းသည်ဟု ထင်ရသည်။ ရီဝေငြိမ်သက်နေရာမှ ချက်ချင်း အရောင်ပြောင်းကာ မျက်မှောင်ကြုတ်ကြုတ်နှင့်ပင် ခေးကို စူးရှရှ စိုက်ကြည့်လိုက်ရင်း ...





"ခေး ... မင်း ကိုယ့်အိမ်မှာ မဆင်မခြင် ပြောခဲ့တဲ့ စကားတွေက အရမ်းဆိုးလွန်းတယ်၊ မင်းသိက္ခာကိုရော ကိုယ့်သိက္ခာကိုပါ ထိခိုက်စေမယ့် စကားမျိုးကို မင်း မဆင်မခြင် ပြောခဲ့တာပဲ၊ မင်းနဲ့ ကိုယ်က သူများ အထင်အမြင်မှားရမယ့် အနေအထားမျိုးလည်း မဟုတ်ဘူး၊ သူများအထင်အမြင်မမှားအောင်လည်း ဆင်ခြင်ရမှာပဲ မဟုတ်လား၊ စာမေးပွဲလည်း နီးပြီဆိုတော့ အပြင်ထွက်လည်တဲ့ကိစ္စတွေကို ရပ်တန်းက ရပ်လိုက်ရအောင်"

အစကတည်းကမှ ဝမ်းနည်းဆို့နင့်နေသော ခေးသည် သူ့စကားကြောင့် ရင်ဝကို ဖနောင့်နှင့် ဆီးအပေါက်ခံလိုက်ရသလို ခံစားချက်ဖြင့် အင့်ခနဲ နင့်သွားရကာ မျက်ရည်ပေါက် တချို့ လိမ့်စီးလာပါသည်။

ခေးက အံကြိတ်ရင်း စီးကျလာသည့် မျက်ရည်ကို လက်ခုံဖြင့် ဆီးခံ၍ ပွတ်သုတ်ပစ်လိုက်ပြီး ...

"ကောင်းပါပြီ ကိုစွမ်း၊ ကိုစွမ်းက ရပ်စေချင်ရင် ရပ်လိုက်ပါ့မယ်၊ ဒါပေမယ့် ခေးဘက်ကလည်း တောင်းဆိုစရာ တစ်ခုရှိတယ်"

"... ..."

"ခေး စာဖြောင့်ဖြောင့် ကျက်လို့ရအောင် ကိုစွမ်းဘက်က တစ်ခုပဲ လိုက်လျောပေးပါ၊ ခေး စာမေးပွဲ နောက်ဆုံးနေ့အထိ ကိုစွမ်း မမသစ္စာနဲ့ မတွေ့ဘဲ နေပေးပါ၊ အဲ့ဒါဆိုခေး စာမေးပွဲကို အောင်အောင်ဖြေမယ်၊ စာမေးပွဲ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေ့က စပြီး ခေးက ကိုစွမ်းနဲ့ မတွေ့တော့ဘူးဆိုတော့ ခေးအတွက် အဖိုးတန်တဲ့ အချိန်တိုလေးမှာ ဒီတစ်ခု လောက်ကို ကိုစွမ်းဘက်က လိုက်လျှောပေးလို့ရမယ် ထင်ပါတယ်၊ ဒီအတောအတွင်းမှာ ကိုစွမ်း ခေးကိုဂရုစိုက် ပြီး စိတ်ချမ်းသာအောင်ထားပေးမယ်ဆိုရင် ခေး စာမေးပွဲ အောင်ဖို့အတွက် အထောက်အကူ ဖြစ်လိမ့်မယ်လို့ ထင် ပါတယ်”

ခေးက ပြောပြီးတာနှင့် အဖြေကို မစောင့်တော့ဘဲ စွမ်းရည်ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားလေသည်။

စွမ်းရည်သည် မောလှိုက်လာသော ခံစားချက်ဖြင့် အနားက ခုံတန်းကလေးပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက် မိသည်။

ကန်တော်ကြီး တစ်ဝိုက်မှာ လူသူရှုပ်ထွေးနေသော် လည်း သူ သေချာမမြင်ရ၊ သူ့မျက်စိထဲမှာ အရာအားလုံး ဝါးတားတား ဖြစ်နေသည်။

ခေးရယ် ...၊ မင်း ရင်ထဲကို ဟင်းလင်းမြင်လိုက် ရပေမယ့် ကိုယ်ကတော့ အကန်းတစ်ယောက်လို နေရတော့မှာ ပါပဲ။

✦ ✦ ✦



✤ ✤ ✤

“ချစ်တယ်”

ခေးသည် စာကျက်ဖို့ ကြိုးစားသော်လည်း ကျက် မရဘဲ ထိုစာလုံးလေး နှစ်လုံးကိုသာ ဗလာစာရွက်ပေါ်မှာ ချရေး လိုက်မိပြီး စာလုံးလေးကို ခပ်ငိုင်ငိုင်ကြည့်နေမိသည်။ ကြည့် သော်လည်း ခေးမျက်လုံးထဲမှာ ဘာမှမမြင်ဘဲ မှုန်ဝါးဝေသီနေ သည်။ ခေးရဲ့ အတွေးတွေလည်း ဝေဝါးနေရပါသည်။

အချစ်ဆိုတာ လူကို ထုံထိုင်းလေးလံစေတတ် သလား၊ တွေးလိုက်တိုင်း ရီဝေ မှေးမှူး ထုံထိုင်း လေးလံသလို ခံစားရရင် အချစ်လို့ ဆိုနိုင်သလား ...။

ဒါဆို ... ရည်းစားလေးတွေ ကိုယ်စီနဲ့ ဖလန်း ဖလန်း ထနေတဲ့ ကောင်မလေးတွေကျတော့ ဘာဖြစ်လို့ အချစ် ကြောင့် ထုံထိုင်းလေးလံ မနေကြတာလဲ။

ခေးသည် စဉ်းစားရင်း ဦးနှောက်ခြောက်လာကာ မျက်မှောင်လေး တွန့်ရှုံ့ထားရင်း ခေါင်းကို ဆတ်ခနဲ တစ်ချက် ခါလိုက်မိသည်။ ထို့နောက် မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်လုံးတွေကို ပြူးထားကာ စာရွက်တွေကို တဖျပ်ဖျပ် လှန်၍ ကျက်ရမည့် စာပုဒ်ကို ရှာလိုက်သည်။ သို့သော် ... စာရွက်ပေါ်မှာ စာကိုမမြင်ဘဲ ကိုစွမ်းကိုသာ မြင်လေသည်။

ခေးသည် သက်ပြင်းချလိုက်ရင်း စားပွဲပေါ်မှာ မျက်နှာမှောက်အပ်လိုက်မိသည်။ ပြီးတော့ အသက်ပြင်းပြင်း ရှူကာ ခေးစိတ်ကို ကြိုးစားထိန်းချုပ်နေလေသည်။

ကိုစွမ်းက ခေးကို ပြောထားခဲ့တာပဲ။ လူတိုင်းမှာ ခံစားချက်ဆိုတာ ရှိတာပဲတဲ့။ ခံစားရတိုင်း ဖော်ပြလို့ရတာ မဟုတ်ဘူးတဲ့။ သိဝှက်မျိုသိပ်ထားသင့်တဲ့ ကိစ္စတွေမှ အများကြီးတဲ့ ...။ ကိုစွမ်းက မျိုသိပ်စေချင်ရင် ခေး မျိုသိပ်လိုက်ပါ့မယ် ကိုစွမ်းရယ် ...။

ခေးသည် အချိန်တန်တဲ့အခါ ကိုစွမ်းနှင့် ခွဲခွာရတော့မည်ဆိုတာကို သိသော်လည်း ငြိတွယ်နေခဲ့မိပြီ။ သူ ခေးကို ချစ်ခဲ့ရင်တောင်မှ ဘယ်တော့မှ သူ့အချစ်ကို ဖွင့်ဟပြသလိမ့်မည် မဟုတ်တာကိုလည်း ခေး နားလည်ခဲ့ပြီးပြီ။ ခေးသည် သူ့ကို တိတ်တခိုး ချစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်ချေ ...။

ခုချိန်မှာတော့ ခေးသည် သူပြန်သွားမည့် အချိန်တွေကို ကြောက်ရွံ့မိသဖြင့် သူ ခေးအနားမှာရှိနေသည့် အချိန်တွေမှာ နာရီတွေကို ရပ်တန့်ထားချင်မိလောက်အောင်ပင် သူ့ကို အရူးအမူး ချစ်ခဲ့မိလေသည်။

သူ ခေးကို မချစ်ရင်နေပါစေ ... ခေးအပြင် တခြားတစ်ယောက်ကိုတော့ မချစ်စေလိုပေ ...။ သူ့အနားမှာ တခြား





မိန်းကလေးတစ်ယောက် ရှိနေခဲ့ရင်ဟု တွေးမိရုံလေးနဲ့တောင် ခေးက ရှူးမတတ် သဝန်တိုမိလေသည်။

ခေးသည် စားပွဲပေါ်၌ မျက်နှာမှောက်အပ်လျက်ပင် စိတ်ကို ငြိမ်အောင် ထိန်းနေခဲ့ရသည်။ ခေး ခုလို စာမကျက်နိုင်ဘဲ တွေဝေထုံထိုင်းနေလို့တော့ မဖြစ်ချေ ...။ ကိုစွမ်းကို ခေး ကတိပေးထားခဲ့ပြီးပြီမို့ ခေး ကတိကို တည်ချင်သည်။ ဒီနှစ် စာမေးပွဲကို ထူးထူးချွန်ချွန် အောင်ချင်သည်။

ခေးက ကိုယ့်ကိုယ်ကို သတိပေးရင်း ခေါင်းပြန်မော့လာကာ စာအုပ်တွေကို ပြန်ဆွဲယူ၍ ဖတ်နေဆဲမှာ တံခါးခေါက်သံ နှစ်ချက် ကြားရပြီး ကိုစွမ်းက ခေးရှိနေသည့် စာကြည့်ခန်းထဲသို့ ဝင်လာပါသည်။

"ခေး ... စာဖတ်နေတာလား"

"ဟုတ်ကဲ့ ..."

"တွက်ခိုင်းထားတဲ့ သင်္ချာတွေရော ..."

"တွက်ပြီးပါပြီ ..."

"ခေးက ဝီရိယ ကောင်းသားပဲ"

စွမ်းရည်အောင်သည် မှိုင်ငိုင်ငိုင်လေး ဖြစ်နေသော ခေးပုံစံကို သတိထားမိသော်လည်း တမင် မသိချင်ယောင်ဆောင်ကာ ခေးရှေ့မှာ ဝင်ထိုင်ပြီး စားပွဲပေါ်က ခေးရဲ့ လေ့ကျင့်ခန်းစာအုပ်ကို လှမ်းဆွဲယူပြီး လှန်လျှောလိုက်တော့ စာအုပ်နောက်ကျောမှာ 'ချစ်တယ်' ဆိုသည့် စာလုံးလေးတွေ ပြည့်နှက်ရှုပ်ထွေးနေတာကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်က ရင်ထဲ လုပ်ခနဲ ဖြစ်သွားသော်လည်း မမြင်ချင်ယောင်ဆောင်ကာ စာရွက်တွေကို အမြန် ပြန်လှန်ပြီး သချ်ာပုစ္ဆာကို မှန်မမှန် စစ်ဆေးနေလိုက်ပါသည်။

ပုစ္ဆာတွေကိုစစ်ရင်း သူ့စိတ်တွေလည်း မတည်မငြိမ် ပျံ့လွင့်နေခဲ့သည်။ သူ့နားထဲမှာတော့ တီချယ်ထားရဲ့ 'ခေးကို ဖြူဖြူစင်စင် စောင့်ရှောက်ပေးတဲ့အတွက် မင်းကို တီချယ် အမြဲ ကျေးဇူးတင်နေမှာပါ' ဟူသော စကားလုံးတွေက သံမဏိကြိုးတစ်ချောင်းလို သူ့နှလုံးသားကို မလှုပ်သာအောင် ချုပ်နှောင်ထားသည်။ ပြီးတော့ သူ့မာန၊ သိက္ခာနှင့် အသိစိတ်က ကြိုးတုပ်ခံထားရသော နှလုံးသားကို သေတ္တာတစ်ခုခုထဲသို့ ထည့်၍ သော့ခတ်သိမ်းဆည်းပြန်သည်။

စွမ်းရည်သည် စာအုပ်ကို ငုံ့ကြည့်နေရင်းကပင် ခေးကို ဥပေက္ခာမပြုနိုင်တော့တာမို့ ညှိုးလှသည့် ခေးမျက်နှာကလေးကို ခိုးကာ ခိုးကာ ကြည့်၍ သက်ပြင်း အခါခါချရလေသည်။

"ခေး ..."

"ဟုတ်ကဲ့ ..."

"နေကောင်းရဲ့လား ..."

"ကောင်းပါတယ် ကိုစွမ်း"

"ခေးကို ကြည့်ရတာ စိတ်ကို စုစည်းလို့မရနိုင်တဲ့ပုံမျိုး ဖြစ်နေတယ် ခေး၊ ခေး ခုတလော စာတွေလည်း သိပ်





မလိုက်နိုင်ဘူး၊ စာမေးပွဲက အရမ်းနီးနေပြီ၊ ခေး စိတ်တွေ လွင့်နေလို့ မဖြစ်တော့ဘူး ခေး၊ ခေးမှာ စိတ်ညစ်စရာ တစ်ခုခုရှိလို့ စာထဲမှာ စိတ်မရောက်နိုင်တာလည်း ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမယ့် စာကျက်တဲ့အချိန်မှာ စိတ်ခံစားချက်တွေကို ဥပေက္ခာပြုထားနိုင်ရမယ်၊ စိတ်ညစ်လို့ စာ မကျက်ရင် စိတ်ညစ်တဲ့အတွက်က တစ်ခါ၊ စာမရတာ အတွက်က တစ်ခါ၊ နှစ်ခါ နစ်နာတယ်၊ လူတွေဟာ စိတ်ညစ်စရာ အမျိုးမျိုးတွေ ရှိတဲ့ကြားကပဲ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကို အားတင်းပြီး လုပ်ကြရတာပဲ မဟုတ်လား ခေး ..."

ခေးက ကိုစွမ်းကို ငေးကြည့်နေရင်းက နာကျင်ခံခက်သော အပြုံးမျိုးကလေး ပြုံးလိုက်ရင်း ...

"စိတ်ချပါ ကိုစွမ်း၊ ခေး ဒီစာမေးပွဲကို အောင်အောင် ဖြေပါ့မယ်လို့ ကိုစွမ်းကို ကတိပေးထားသားပဲ၊ ကတိ မတည်ရင် ခေး သိက္ခာကျမှာပေါ့"

"ဒီလိုမှပေါ့ ခေးရဲ့၊ အားတင်းထားစမ်းပါ၊ ဪ ... ဒီမှာ ခေးအတွက် ..."

ကိုစွမ်းက ခုမှ သတိရသွားပုံဖြင့် သူ့ကျောပိုးအိတ်ကလေးကို ဖစ်ဖွင့်ကာ ပလတ်စတစ်အိတ်ဖြင့် သေချာပိတ်ချည်ထားသော ပလတ်စတစ်ဘူး တစ်ဘူးကို ထုတ်ယူလိုက်ပြီး ခေးရှေ့ စားပွဲပေါ်သို့ ချပေးလိုက်သည်။

"ဒါက ဘာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းဖူးကြော်လေ၊ ခေး ကြိုက်မှန်းသိလို့ အမေ့ကို ကြော်ပေးခိုင်းပြီး ယူလာတာ ..."

ဒီတစ်ခါတော့ ခေးက ကြည်နူးသွားရတာမို့ ကြည်ကြည်လင်လင်လေး ပြုံးလိုက်ရင်း ...

"ခေး စာကြိုးစားအောင် လာဘ်ထိုးနေတာလား ဆရာစွမ်း ..."

ဟု ခပ်ငေါ့ငေါ့ လေသံလေးဖြင့်မေးလိုက်ပါသည်။

စွမ်းရည်က ကြည်လင် လန်းဆန်းလာသော ခေး မျက်နှာကလေးကို ကြည့်ရင်း အတိုင်းမသိ စိတ်ချမ်းသာသွားရကာ ...

"ဒါပေါ့ဗျာ ... ခေး စာမေးပွဲအောင်ဖို့ အထောက်အကူလေးများ ဖြစ်မလားလို့ ခေး စိတ်ချမ်းသာအောင် ဂရုစိုက်ပေးနေရတာပါ"

"စေတနာအစစ်တော့ မပါဘူးပေါ့ ..."

"စေတနာမပါဘဲ အိတ်ကို ဆီစွန်းခံပြီး ထည့်ယူလာပါ့မလား၊ ဒီမှာကြည့်ဦး ... အထပ်ထပ်ထုပ်လာတဲ့ ကြားက ဆီက စွန်းဖြစ်အောင် စွန်းသွားရသေးတယ်"

"အယ် ... ဟုတ်ပါရဲ့ နမြောပါတယ်၊ ပေး ... ပေး ... ခေး လျှော်ထားပေးမယ်"

"ကျားသားမိုးကြိုး၊ ခေးက လျှော်တတ်လို့လား၊ ခေး အဝတ်ကိုတောင် အိမ်က ကောင်မလေးတွေ လျှော်ပေးတာ မဟုတ်လား"





"အင်းလေ ... ခုလည်း အိမ်က မိကျော့ကိုပဲ လျှော်ခိုင်းမှာပါ"

စွမ်းရည်က ရယ်လိုက်မိရင်း ...

"နေပါစေတော့ကွာ ... ကိုယ့်ဘာသာ အိမ်ကျမှပဲ လျှော်ခိုင်းပါတော့မယ်"

"ဆီတွေ ဒီလောက်စွန်းနေတာကို ပြန်လွယ်သွားရင် အင်္ကျီတွေပါ စွန်းကုန်လိမ့်မယ် ကိုစွမ်းရဲ့၊ ထားခဲ့ပါ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

ခေးသည် ကိုစွမ်းနှင့် ခဏတွေ့ရခိုက်မှာတော့ ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်လာသည်။ စာမေးပွဲပြီးရင် ခွဲရမယ်ဆိုတာကိုလည်း ခဏတော့ မေ့ထားနိုင်သည်။

ခေးသည် ပြောင်းဖူးကြော် နည်းနည်းနှိုက်၍ မြည်းရင်း ...

"ကိုစွမ်း ..."

"အင်ဟင် ..."

"အထက်တန်းတုန်းက ကိုစွမ်း ကျောင်း ခဏထွက်ရတယ်ဆိုတာ ဘာဖြစ်လို့လဲဟင် ..."

"အဖေ့ကျန်းမာရေးနဲ့ အိမ်ရဲ့ စီးပွားရေးအတွက်ပါ ခေး၊ အဲ့ဒီအချိန်တုန်းကဆို အဖြူ အစိမ်းဝတ်ပြီး ကျောင်းတက်ဖို့ သွားတဲ့ ကျောင်းသားတွေကိုမြင်တိုင်း ကိုယ် မျက်ရည်ဝဲရတယ်၊ အရမ်း ကျောင်းတက်ချင်ပေမယ့် မတက်နိုင်ခဲ့ဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



“ခေးမှာက ပြည့်စုံတဲ့ အခြေအနေအရပ်ရပ် ရှိရက်နဲ့ ပညာတတ်မဖြစ်ချင်လို့ ငြင်းဆန်နေတဲ့အချိန်မှာ ကျောင်းတက်ချင်ပေမယ့် အခြေအနေအရပ်ရပ်ကြောင့် မတက် နိုင်တဲ့သူတွေ အများကြီးရှိတယ် ခေးရဲ့၊ ခေး စာမကြိုးစားရင် အဲ့ဒီလိုလူတွေကို အားနာဖို့တောင်ကောင်းသေးတယ်၊ ပြီးတော့ ကိုယ့်ကိုရော အားမနာဘူးလား၊ ကိုယ်ဆို ခေးတို့လို ကျောင်းသားတွေကို စာသင်ပေးလို့ ရတဲ့ လခနဲ့ ကျောင်းတက်နေရတာ”

ခေးက ကိုစွမ်းကို ငေးကြည့်ရင်း ရင်ထဲမှာ ထိထိ ခိုက်ခိုက် ခံစားရပါသည်။

စွမ်းရည်က ခေး မျက်ဝန်းတွေကို ပြန်ငေးလိုက်မိပြီးမှ ဆတ်ခနဲ သတိဝင်လာကာ ...

“ကဲ ... စာကျက်ရအောင်နော် ခေး၊ ကိုယ်လည်း ကူကျက်ပေးမယ်”

ဟု ပြောရင်း စာအုပ်ကို ဆွဲယူလှန်လှောလိုက်ပါသည်။

✦ ✦ ✦



✤ ✤ ✤

ည ...။

ဒီနေ့ညဟာ ခေးတို့ နှစ်ယောက်ရဲ့ နောက်ဆုံးည ပေါ့ ...။

ခေးသည် မှန်ပြတင်းရဲ့ အပြင်ဘက်ဆီက လကွေးကွေးကို ငေးကြည့်ရင်း စိတ်တွေ ဆောက်တည်ရာ မရချင်။

ခေး မရောက်ချင်ဆုံးသော စာမေးပွဲ နောက်ဆုံးနေ့ မတိုင်မီ ညကို ရောက်လာတာ မြန်လိုက်တာဟု မချင့်မရဲ နှမြောတသစွာ တွေးမိသည်။

အထပ်ထပ် ဖတ်မှတ် ကျက်ခဲ့ပြီးပြီမို့ စာကိုလည်း သိပ်ကျက်စရာ မလိုတော့ချိန်မှာ ခေးစိတ်တွေက လွင့်ချင်တိုင်း လွင့်နေသည်။

စာမေးပွဲ ညနေတွေမှာ ကိုစွမ်းက ခေးတို့အိမ်က နေ ၉ နာရီခွဲလောက်မှ ပြန်ရသည်။ သင်ထားပြီးသမျှ စာတွေကို ပြန်နွှေးပေး၊ ပြန်လေ့ကျင့်ပေးဖို့ မာမိက ခေါ်ထားခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ညညဆို ညှော်ခန်းကျယ်ကြီးထဲမှာ ခေးတို့ စာသင်ကြရသည်။ အနားမှာ မိကျော့က ထိုင်စောင့်နေပြီး အဝင်းက ကော်ဖီ၊ မုန့်၊ လက်ဖက်သုပ်၊ အသီးအနှံတို့ကို တစ်မျိုးပြီး တစ်မျိုး လာလာချပေးနေတတ်သည်။ ဘွားလေးကလည်း မလှမ်းမကမ်းမှာ ပုတီးစိပ်ရင်း ခေးတို့ကို လှမ်းလှမ်းကြည့်သည်။ မာမီကလည်း ခေး စာမေးပွဲရက်တွေမှာ အိမ်ကို စောပြန်လာတတ်ပါသည်။

ခေးသည် လကျွေးကျွေးကို ငေးမော့နေရာမှ ကိုစွမ်းဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်မိတော့ ခေးကို ငေးနေသော ကိုစွမ်းက သူခိုးလူမိသည့်နှယ် အလန့်တကြား မျက်နှာလွဲသွားသည်။

ခေးက ခေးရဲ့ အနီးအနားပတ်ပတ်လည်က လူတွေကို တစ်ဦးချင်းစီ လိုက်ကြည့်လိုက်မိသည်။ မိကျော့က ငိုက်၊ အဝင်းက ပန်းသီးန္ဒာ၊ ဘွားလေးက ပုတီးစိပ်၊ မာမီက စာဖတ် ... ။

အားလုံးက ကိုယ့်အာရုံနှင့် ကိုယ် ... ။

ခေးသည် အားလုံးရဲ့ အလယ်မှာ မွန်းကြပ်သလိုဖြစ်နေရာမှ သတ္တိမွေးကာ အသံကျယ်ကျယ်ဖြင့် ...

"ခေး ဗိုက်ဆာတယ်"

ဟု ထအော်လိုက်တော့ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ဘွားလေးက ပုတီးကို ချလျက် ...





"ဟဲ့ ... အဝင်း နင် ဘာလုပ်နေလို့ ခေးက ဗိုက်ဆာရတာလဲ၊ စားစရာတွေ တစ်ခုပြီးတစ်ခု ချပေးဖို့ ငါသေချာမှာထားတယ် မဟုတ်လား၊ သမီး ဘာစားချင်လဲပြော၊ အဝင်းကို ဘွားလေး လုပ်ခိုင်းလိုက်မယ်"

"အဝင်း လုပ်တာတွေ ခေး မစားချင်ဘူး"

"ဒါဆို ဘွားလေး ကိုယ်တိုင် လုပ်ပေးရမလား ..."

"ဟင့်အင်း ... အိမ်ကဟာတွေ မစားချင်ဘူး"

"ဒါဆို လမ်းထိပ်မှာ ထွက်ဝယ်ခိုင်းလိုက်ရမလား"

"ခေးက ငါးကင် စားချင်တာ"

"ငါးကင်တဲ့ဟော့ ... ငါးကင်၊ ငါးကင် ဘယ်မှာရမလဲ၊ အဝင်းရေ ... ငါးကင် ဘယ်မှာ ရမလဲဟော့ ..."

အဝင်းက ဘွားလေးနားသို့ ပြေးလာကာ ...

"ဒီနားမှာတော့ မရဘူး ဘွားလေး ..."

"လှည်းတန်းမှာ ရတယ် ဘွားလေး၊ ခေး လှည်းတန်းသွားပြီး ငါးကင်စားမယ်၊ ကိုစွမ်း လိုက်ပို့ ..."

ခေးက ကိုစွမ်းဘက်ကိုပါ လှမ်းကြည့်ရင်း ပြောလိုက်တော့ ကိုစွမ်းက ဘာမှပြန်မပြော၊ ဘွားလေးက မာမီ့ကို လှမ်းကြည့်သည်။ တစ်ချိန်လုံး ဘာမှ ဝင်မပြောဘဲ လှမ်းကြည့်နေသော မာမီက ခေးနားသို့ လျှောက်လာကာ ...

"သမီး ... မနက်ဖြန် စာမေးပွဲနောက်ဆုံးနေ့လေ၊ ဒီအချိန်က အိမ်မှာ စာကျက်နေရမယ့် အချိန်ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



“ခေး စာတွေ အကုန်ရနေပြီ မာမီ၊ ခေး ဦးနှောက်တွေ အရမ်းပူနေလို့ပါ၊ အပြင် ခဏထွက်ပြီး ငါးကင်စားပြီးရင် ပြန်လာမှာပါ၊ ခဏလေးပါပဲ၊ ခေးကို ခွင့်ပြုပေးပါနော် ...”

ခေးသည် ပြောရင်း အသံလေး မသိမသာ တုန်လာသည်။ မျက်လုံးထဲမှာလည်း မျက်ရည်ကြည်လေးတွေ ဝေ့လာပါသည်။ ဒီည နောက်ဆုံးပါပဲ မာမီရယ် ...။ ဒီတစ်ညတော့ ခေးကို အခွင့်အရေး ပေးပါဟု မာမီကို အသံတိတ်တောင်းပန်နေမိသည်။

မာမီက ခေးကို စိုက်ကြည့်နေရာက ကိုစွမ်းဘက်သို့ လှည့်ကြည့်ရင်း ...

“ခေး စာတွေ အကုန်ရပြီဆိုတာ ဟုတ်သလား စွမ်းရည်”

“ဟုတ်ပါတယ် တီချယ်”

“အပြင်ခဏထွက်ပြီး အချိန်ဖြုန်းတဲ့အတွက် စာမေးပွဲ မကျဘူးဆိုတာ အာမခံတယ်ပေါ့”

“ဟုတ်ကဲ့ ... အာမခံပါတယ်”

“ဒါဆို မင်းကို တီချယ် ယုံတယ် စွမ်းရည်၊ သမီးနဲ့ မုန့်ထွက်စားလိုက်ပါ၊ မိကျော့ကို အဖော်ခေါ်သွား၊ ကားလည်း ယူသွား၊ မင်း ကားမောင်းတတ်တယ် မဟုတ်လား”

“ဟုတ်ကဲ့ ...”





“လှည်းတန်းထိပဲဆိုတော့ နီးပါတယ်၊ လမ်းကလည်း တဖြောင့်တည်းပဲဟာ၊ တစ်နာရီအတွင်း အိမ်ကို ရောက်အောင် ပြန်ခဲ့ကြနော် ...”

“ဟုတ်ကဲ့ပါ ... တီချယ်”

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

စားပွဲပေါ်မှာ လာချပေးသည့် ငါးကင်ပန်းကန်တွေက အေးစက်စ ပြုနေပြီ။ ခေးတို့နှစ်ယောက်လုံးက ငါးကင်တွေကို ရှေ့မှာထားကာ ခပ်ငိုင်ငိုင် ထိုင်နေရင်း စားဖို့မေ့နေသည်။

ငါးကင်ဆိုင်လေးရှေ့မှာ ရပ်ထားသည့် ကားပေါ်မှာတော့ မိကျော့က ငိုက်မြည်းနေလေသည်။

ရင်ထဲမှာ မွန်းလွန်းတာမို့ ခေးက စိတ်သက်သာလို သက်သာငြား ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

"ကိုစွမ်း ... ခေး တစ်ခု စဉ်းစားမိတယ် သိလား"

"အင်း ..."

"အာလူးစားသူများ ဆိုတဲ့ ကမ္ဘာကျော် ပန်းချီကားနာမည်ကို ကိုစွမ်း ကြားဖူးတယ် မဟုတ်လား"

"အင်း ..."

"ဒီနားက ငါးကင်ဆိုင်တွေမှာ ငါးကင် လာစားကြတဲ့သူတွေကို ကြည့်ပြီး 'ငါးကင်စားသူများ' ဆိုတဲ့ ပန်းချီ





ကားကို ဆွဲလိုက်ရင်လည်း ကမ္ဘာမကျော်ဘူးလို့ မပြောနိုင်ဘူးနော်"

"အင်း ... အဟင်း"

"အဟင်း ... ဟက်ဟက် ..."

နှစ်ယောက်စလုံးက ရယ်စရာမဟုတ်တာကို ရယ်စရာ လုပ်၍ အသက်မပါစွာ ရယ်လိုက်ကြပြီး ကိုယ့်ရယ်သံကိုယ် ပြန်ကြားကာ စိတ်ဆင်းရဲသွားပါသည်။

ဒီအချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် ဘာပြောရမှန်းမသိအောင်ပင် ရင့်နင့်နာကျင်နေကြရပေမယ့် အပြင်မှာတော့ ပေါ့ပေါ့ပါးပါး ဟန်ဆောင်နေကြပါသည်။

ထို့နောက် အသက်မပါသောရယ်သံများက တိခနဲ တိတ်ဆိတ်သွားကာ နှစ်ယောက်လုံး ငိုင်သွားကြပြန်သည်။

ငါးကင်ပန်းကန်တွေက အေးသထက် အေးစက်လာကြသည်။ လှည်းတန်းညက တဖြည်းဖြည်း လူသူကျဲပါးစပြုလာသည်။ ငါးကင်စားသူများ တဖြည်းဖြည်း နည်းသွားသည်။ ငါးကင်နံ့ကတော့ မွှေးပျံ့နေဆဲပင်။

ငါးကင်၏ မွှေးရနံ့ကြောင့် ကားတွင်းမှ မိကျော့သည်ပင် ငိုက်မြည်းရာမှ နိုးကြားလာကာ အနံ့ရှူရင်း ဟိုဟိုဒီဒီ ကြည့်မိတော့ ဘယ်သူမှ မရှိတော့သည့် ငါးကင်ဆိုင်မှာ ငါးကင်နှစ်ပန်းကန်ကို ရှေ့ချ၍ ငိုင်နေကြသော ခေးနှင့် ဆရာစွမ်းရည်ကို အားမရဖွယ် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိကျော့ အသက်က ၁၆ နှစ် ပြည့်ခဲ့ပြီမို့ ခေးနဲ့ ဆရာစွမ်းရည်တို့ရဲ့ အခြေအနေကို ပါးပါးလေး သဘောပေါက်နေသည်။ ဘွားလေး၏ တာဝန်ပေးချက်အရ မမခေး စာသင်သည့် စာကြည့်ခန်းနားကို မကြာမကြာ ယောင်ချာချာ သွားလုပ်ရသူမို့ မမခေး ဂျစ်တိုက်တာလေးတွေ၊ ဆရာစွမ်းရည် သည်းခံတာလေးတွေကို မြင်ရ ကြားရပြီး မမခေးကို ဆရာစွမ်းရည်နှင့် သဘောတူထားမိသည်။ သူတို့ အပြင်ထွက်တာကို မိကျော့ကိုပါ အဖော်ထည့်ပေးလိုက်သဖြင့် ရုပ်ရှင်တွေထဲကလို အတူလျှောက်လည်ရင်း ချစ်သွားကြသည့် ချစ်ခန်း ကြိုက်ခန်း လှလှပပလေးကို ကိုယ်တိုင်ကိုယ်ကျ မြင်ရရင် ပျော်စရာပဲဟု တွေးထားသည်။ သူတို့ ဘာလုပ်လုပ် အိမ်ကို ပြန်မတိုင်ဘူးဟုလည်း ဆုံးဖြတ်ထားသည်။ သို့သော် ခုတော့ သူတို့ကြည့်ရတာ အေးစက်စက်နဲ့ အားမရစရာ ...။

"ခေး ..."

"အင် ..."

တိတ်ဆိတ်နေသော အခြေအနေကို ပြောင်းလဲလိုသဖြင့် စွမ်းရည်က ခေးကို ခေါ်တော့ ခေးက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ စွမ်းရည်ကတော့ ခေါ်သာခေါ်လိုက်မိပေမယ့် ဘာပြောလို့ ပြောရမှန်း မသိဘဲ ...

"ခေး ... ဟိုလေ ... ခေး ပျင်းနေသလားလို့၊ ဟာသပြောမလို့၊ ရှေးရှေးတုန်းက ဦးပေါ်ဦး သတိကောင်းကြောင်း ရေးထားတာ ဖတ်ဖူးတယ်၊ ဘုရင်ကြီးက ဦးပေါ်ဦးကို





မေးတာလေ၊ ဥတွေထဲမှာ ဘာဥ စားကောင်းလဲဆိုတော့ ဦးပေါ်ဦးက လိပ်ဥလို့ ပြောလိုက်တာ၊ ဘုရင်ကြီးက ဦးပေါ်ဦး သတိကောင်း မကောင်း စမ်းချင်တာနဲ့ နောက်တော်တော်ကြာမှ အဆက် အစပ်မရှိ ဟဲ့ ... ပေါ်ဦး 'ဘာနဲ့တုန်း' လို့ မေးတော့ ဦးပေါ်ဦးကလည်း ဘာရမလဲ ... ချက်ချင်းပဲ ဆားနဲ့ပါ ဘုရားလို့ ပြောလိုက်ရောတဲ့"

"ဟုတ်လား ...၊ ရယ်ရတယ်နော် ... ဟင်း ဟင်း"

"ဟုတ်တယ် ... ဟင်း ဟင်း"

"ခေးသာဆို ဒီနေ့ ငါးကင်စားကောင်းတယ်လို့ ပြောထားမိရင် နောက်နေ့ကျ 'ဘာနဲ့လဲ'လို့ ခေးကို လာမေးကြည့်၊ အချဉ်နဲ့ပါ ဘုရားလို့ ဖြေတတ်မှာမဟုတ်ဘူး ... အဟင်း ဟင်း ..."

"ဟင်း ... ဟင်း ... ခေးကလည်း ဟာသပြောတတ်သားပဲ"

ဟာသလား 'မဟာသ'လား ဘာမှ ခွဲခြားနိုင်စွမ်း မရှိတော့ဘဲ နှစ်ယောက်လုံး စိတ်တွေ ထွေနေကာ ပြောမိပြောရာ ပြောပြီး အသံခြောက်ကပ်ကပ်ဖြင့် ဖျစ်ညှစ်ရယ်ရင်း မျက်ရည် စို့လာသော်လည်း ရယ်လွန်းလို့ မျက်ရည်ထွက်လာသယောင် ဟန်ဆောင်ထားကြပြန်သည်။

ခဏကြာတော့မှ ခေးက သက်ပြင်းချရင်း ...

"ဒီနှစ် မြန်မာစာကို ခေး ကောင်းကောင်း ဖြေနိုင်ခဲ့တယ် ကိုစွမ်းရဲ့၊ ဂုဏ်ထူးမှတ် ရဖို့ နည်းနည်းပဲလိုမှာ၊ ဒါတော့



www.burmeseclassic.com

www.burmeseclassic.com



ခေး စာစီစာကုံးကို သိပ်အများကြီး မဖြေဖြစ်ခဲ့ဘူး၊ စာစီစာကုံး ခေါင်းစဉ်ကို 'စောင့်စည်းကြသူများ' လို့ ပေးခဲ့ရင်တော့ ခေး ကောင်းကောင်းကြီး ဖွဲ့နွဲ့တတ်မှာ သေချာတယ် ..."

ဟု ခပ်တိုးတိုးပြောရင်း အသက်မပါစွာ ရယ်လိုက်သည်။ ဒီတစ်ခါတော့ ကိုစွမ်းက ခေးနှင့်အတူ လိုက်မရယ်ဘဲ သက်ပြင်းချသည်။ ထို့နောက် ခေးရှေ့က ငါးကင်ပန်းကန်ကို လှမ်းယူလိုက်သည်။ ခေးက ပန်းကန်ကို ပြန်ဆွဲယူရင်း ...

"ကိုစွမ်း ဘာလုပ်မလို့လဲ"

"ခေး စားလို့ရအောင် အခြစ်တွေ ဖယ်ပေးမယ်လေ"

"အခြစ်တွေ မဖယ်ပါနဲ့တော့ ကိုစွမ်းရယ်"

ခေးက ခပ်တိုးတိုးပြောရင်း လကွေးကွေးကို မော့ကြည့်နေလေသည်။

✦ ✦ ✦



✤ ✤ ✤

"အချိန်စေ့ဖို့ ၁၅ မိနစ်လိုသေးတယ်၊ ကားခဏရပ်ရအောင်"

ခေး ပြောတော့ စွမ်းရည်က ကားကို အင်းလျားကန်ပေါင်ဘေးက ပြည်လမ်းမကြီးပေါ်မှာ လမ်းဘေးကပ်၍ ရပ်လိုက်ပါသည်။

ထို့နောက် နှစ်ယောက်သား ကားပေါ်က ဆင်းကာ ကားကို မှီ၍ ခပ်ခွာခွာ ဘေးချင်းယှဉ်ရပ်ရင်း ကောင်းကင်ကြီးကို မော့ငေးနေမိကြသည်။

ကန်ဘက်မှ ဝှေ့တိုက်လာသော လေက အေးနေသည်။ ကောင်းကင်ပေါ်မှာတော့ လကွေးကလေးနှင့် ကြယ်လေးတချို့ ရှိသည်။ ခေးနှင့် စွမ်းရည်က ကားကိုမှီကာ လက်ပိုက်၍ ရပ်နေကြရင်း မလှုပ်မယှက်ပင် ကောင်းကင်ကို မော့ကြည့်နေခဲ့ကြသည်။

"ကိုစွမ်း ..."

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com

"လကွေးလေး တွေ့လား ..."

"တွေ့တယ် ..."

"ဘာနဲ့တူလဲ ..."

"ခေးရဲ့ မျက်ခုံးထူထူကွေးကွေးလေးနဲ့ တူတယ်"

"ကြယ်ကလေးတွေကရော ..."

"ခေး မျက်လုံးလေးတွေရဲ့ အရောင်နဲ့ တူတယ်"

"ဒါဆို...ကောင်းကင်ကြီးက ဘယ်သူနဲ့တူသလဲသိလား"

"မသိဘူးလေ ..."

"ကိုစွမ်းနဲ့ တူတယ်"

"ဘယ်နေရာက တူလို့လဲ"

"ကောင်းကင်မရှိရင် လကွေးကလေးကိုရော ကြယ်တွေကိုရော မမြင်ရဘူးလေ၊ ကောင်းကင်ဆိုတာ ကြယ်တွေ လတွေအတွက် မရှိလို့မှ မဖြစ်တာ ..."

တိတ်ဆိတ်သွားပြန်သည်။

ခဏကြာတော့ နှစ်ယောက်လုံး ကားပေါ်ပြန်တက်လာကာ စွမ်းရည်က ခေးတို့အိမ်သို့ ဦးတည်၍ မောင်းလာခဲ့သည်။

အိမ်ရောက်သည့်အထိ စကား တစ်ခွန်းမှ မဆိုဖြစ်ကြတော့ချေ။

✦ ✦ ✦



နောက် ၂ လခန့် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ခေးရယ် … ငါ့ကို ပြန်ချစ်ပါတော့ကွာ … "

ခေးသည် ခေးနှင့်တွေ့တိုင်း ကလေးတွေ အရုပ်ပူဆာသလို တဂျီဂျီ ပူဆာနေတတ်သော နိုင်းကို ကြည့်ရင်း ထုံးစံအတိုင်း ကိုစွမ်းကို သတိရလာပြန်သည်။

နိုင်းက ခေးကို ချစ်တယ်လို့ပြောတိုင်း ကိုစွမ်းကို ပြေးသတိရတတ်သည့် ခေးကိုယ်ခေးလည်း စိတ်ဆိုးလှချေပြီ။

တကယ်ဆို … ခေး သူ့ကို မေ့ပစ်ချင်နေပြီ … ။ ခေးရဲ့အချစ်ကို မသိချင်ယောင်ဆောင်ကာ နေစိမ့်လှပေသော ကိုစွမ်းနေရာမှာ နိုင်းကို အစားထိုးလိုက်ချင်လေပြီ။

စာမေးပွဲပြီးကတည်းက ခေးက ကိုယ့်စိတ်ကိုကိုယ် အားတင်းကာ သင်တန်းတွေ တက်နေခဲ့သည်။ ကိုစွမ်းကို ဆက်သွယ်ဖို့လည်း မကြိုးစားခဲ့၊ ကိုစွမ်းကလည်း ခေးကို ဆက်သွယ်မလာတော့ပါ။

လွမ်းစိတ်က ခေးကို ဖိစီးလှသော်လည်း ခေးက မှိုင်တွေမနေဘဲ ခေးဘဝကို ပြုပြင်ပြောင်းလဲပစ်ခဲ့သည်။ ခေးက



www.burmeseclassic.com

www.burmeseclassic.com



လှပသပ်ရပ်စွာ ဝတ်စားဆင်ယင်လျက် စမတ်တကျလေး နေခဲ့သည်။ ကလေးဆန်သော ခေးရဲ့ ဟန်ပန်တွေ၊ ဗရွတ်ရွတ်တပြောတတ်တာတွေ၊ ကသီးကရွဲ နေတတ်တာတွေ အားလုံးကို ကြိုးစားပြုပြင်ခဲ့သည်။ ပင်ကိုလှသော ခေးက လှပသိမ်မွေ့စွာ နေလိုက်သောအခါ ခေး ပတ်ဝန်းကျင်က လူတွေရဲ့ သဘောထားတွေအားလုံး ပြောင်းလဲသွားခဲ့ရသည်။

ဟိုအရင်က ခေးရဲ့ ဆံပင်တွေဟာ ရှေ့ဘက်က နဖူးတစ်ဝက်မှာ တုံးတိတိ၊ နောက်ဘက်က တိုနံ့နံ့ဆံပင်က ကြက်မွေးပျံလို ကောပျံသည့်ပုံမျိုး ဖြစ်ပေမယ့် ခုအခါမှာတော့ ခေးဟာ ဆံပင်ဖြောင့်စင်းကလေး၊ အင်္ကျီကိုယ်ကျပ်ကလေး၊ ပုံကျကျ ဘောင်းဘီရှည်အကျပ်ကလေး၊ ကြိုးသိုင်းဒေါက်ဖိနပ်ကလေးဖြင့် အပျိုကလေး ပီသစွာ ဆွဲဆောင်မှုရှိစွာ လှပနေခဲ့သည်။ မာမိက ခေးအတွက် ကားတစ်စီး ဝယ်ပေးတာမို့ ခေးက ကားကို ကိုယ်တိုင်မောင်းကာ သွားလာနေသည်။

ခေးအနားမှာ ခေးကို ချစ်မက်မြတ်နိုးပါသည်ဆိုသော သူတွေလည်း တဖြည်းဖြည်း များလာခဲ့သည်။ သို့သော် ခေးက ဘယ်သူနဲ့မှ အရောမဝင်ဘဲ ခေး မလှမပ ဗရုတ်သုကွပုံစံဖြင့် နေခဲ့စဉ်ကတည်းက ခေးကို အဖက်လုပ် ဂရုစိုက်ဖော်ရသော နိုင်းနှင့်သာ တွဲခဲ့သည်။

ခေး ကိုယ်တိုင်က ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲလျက် ခေးကိုယ်ပိုင်ဘဝကို လေးလေးနက်နက် တန်ဖိုးထားစွာ ရှင်သန်နေထိုင်လာချိန်မှာ နိုင်းကတော့ ခပ်ပေါ့ပေါ့ နေတတ်





သော သူ့စရိုက်အတိုင်း ပိုက်ဆံသုံးဖြုန်း ပျော်ပါးကာနေဆဲ။ ဆယ်တန်းကို ပြန်ဖြေဖို့ ခေး အကြိမ်ကြိမ် တိုက်တွန်းသော်လည်း နိုင်းက 'လုံးဝ စိတ်မဝင်စားဘူးကွာ' ဟု ငြင်းဆန်မြဲပင်။ ခေးသည် နိုင်းရဲ့ နေထိုင်ပုံ စရိုက်ကို မကြိုက်သော်လည်း တဖြည်းဖြည်း ပြုပြင်နားချကြည့်မည်ဟု စိတ်ကူးထားခဲ့သည်။ နိုင်းဟာ သူ့ဘာသာ ဘယ်လိုပဲနေနေ ခေးအပေါ်တော့ စစ်မှန်သည်ဟု ခေး ယူဆထားခဲ့လို့ပင် ... ။

ခေး အမှန်တကယ် ချစ်မိသူက ကိုစွမ်းဖြစ်ခဲ့လျှင် ခေး ချစ်သင့်သူက နိုင်းပဲ ဖြစ်မည်ထင်သည်။ သို့သော် နိုင်းနဲ့တွေ့တိုင်း နိုင်းအကြောင်းကို တွေးမိတိုင်း ခေးရဲ့ ရင်ခုန်သံက ဆိတ်ငြိမ်လွန်းခဲ့သည်။ သူ့အတွက် ခေးရင်ထဲမှာ အချစ်ဆိုတာပေါ်ထွန်းလာပါဦးမလားဟု ခေးက သံသယ ဝင်မိရသည်။

"ခေး ..."

"အင်ဟင် ..."

"နင် ဘာတွေ တွေးပြီး ငြိမ်နေတာလဲ"

"ဒီလိုပါပဲ ... ဟိုဟိုဒီဒီ ရောက်တတ်ရာရာပေါ့ ..."

"ဟိုဆရာ့အကြောင်း တွေးနေတာတော့ မဟုတ်ပါဘူးနော်"

ခေးက မဖြေဘဲ ငြိမ်နေတာမို့ နိုင်းက မျက်နှာပုပ်သိုးလာကာ ...

"နင် အဲ့ဒီလူအကြောင်း မတွေးရဘူးကွာ"

ခေးက ရယ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော် … ခက်ပါလား၊ အတွေးဆိုတာ လိုက်ပိတ်ပင်လို့ ရတဲ့အရာမှ မဟုတ်တာ"

"ရရ မရရကွာ၊ မတွေးနဲ့ဆို မတွေးနဲ့၊ ငါ့အကြောင်းပဲ တွေး၊ ငါ့ကိုပဲချစ်၊ ချစ်ပါတော့ကွာ … ခေးရာ နော်၊ ငါ့ကိုပဲ ချစ်လိုက်ပါတော့ဟာ …"

"အချစ်ဆိုတာ ချစ်ပါ ချစ်ပါလို့ ပူဆာတိုင်း ပြန်ချစ်လို့ ရတာမှ မဟုတ်တာ၊ ဈေးရောင်းတဲ့သူတွေက ဝယ်ပါ ဝယ်ပါနဲ့ ဖွတ်အတင်းရောင်းလို့ ဝယ်လိုက်ရတာမျိုးသာ ရှိရင်ရှိမယ်၊ ချစ်ပါ ချစ်ပါပြောတိုင်း ချစ်လိုက်လို့ ရတာမှ မဟုတ်ပဲ နိုင်းရယ်၊ အချစ်ဆိုတဲ့ ခံစားချက်က သူ့အလိုလို ဖြစ်လာတတ်တာမျိုးပါ၊ သူ့အလိုလို ဖြစ်လာမယ့် အချိန်ကို နင်စောင့်နိုင်ရင်လည်း စောင့်၊ မစောင့် နိုင်ရင်လည်း ငါ နင့်အပေါ် ဘယ်လိုမှ သဘောမထားပါဘူး၊ ငါတို့တွေ သူငယ်ချင်းအဖြစ်နဲ့ ဆက်ခင်သွားလို့ ရတာပဲ …"

"ငါ နင့်ကို စောင့်မှာပါ၊ ငါ့အတွက် မျှော်လင့်ချက်ဆို တာ မရှိနိုင်တော့ဘူးလား ခေး …"

ခေးက ခေါင်းကို အသာယမ်းရင်း …

"မသေချာဘူး နိုင်း၊ ငါကလေ … မနက် မိုးလင်းလာတိုင်း ငါချစ်တဲ့သူအကြောင်းကို အရင်ဆုံး တွေးမိချင်တာ၊ ညဘက်တွေမှာလည်း သူ့အကြောင်းတွေးရင်း အိပ်ပျော်သွားချင်တာ၊ နင်နဲ့ပတ်သက်ပြီး အဲ့ဒီလို မခံစား ရသေးလို့ပါ နိုင်းရယ်"





"ဒါဆို ဘယ်သူနဲ့ ပတ်သက်ပြီး အဲ့ဒီလိုမျိုး ခံစားဖူးခဲ့ ပြီလဲ"

ခေးက မဖြေဘဲ ပြုံးသည်ဆိုရုံလေး ပြုံးနေသည်။

"ဟာကွာ … ခေးကကွာ … ငါ တကယ် အသည်းယား လာပြီ၊ တောင်လိုလို မြောက်လိုလို မလုပ်စမ်းပါနဲ့ကွာ၊ ဟိုငနဲကို မေ့ထားလိုက်ပြီး ငါ့ကိုသာ ပြန်ချစ်စမ်းပါ၊ ငါ နင့်ကို နင် အံ့သြသွားရလောက်အောင် ပြောင်ပြောင် မြောက်မြောက် ချစ်ပြမှာပါ"

"ချစ်ပြတာနဲ့ ချစ်တာနဲ့ မတူဘူး နိုင်းရဲ့ … ၊ ချစ်ပြ တယ်ဆိုတာက အပေါ်ယံဆန်တယ်၊ ချစ်တယ်ဆိုတာက မှ စိတ်ထဲကို အလိုလို ရောက်လာတဲ့ ကိစ္စ၊ ဘယ်သူ့ ကိုမှ မပြဘဲ သိမ်းထားရင်လည်း အဲ့ဒါ အချစ်ပဲ၊ သူများ သိအောင် ချစ်ပြနေမှ အချစ်မဟုတ်ဘူး"

နိုင်းက သူ့ဆံပင်တွေကို ကုပ်ဖွပစ်လိုက်ရင်း …

"အား … အာရုံတွေ နောက်လာပြီကွာ၊ နင့်စကားတွေက အမြင့်ကြီးပဲ၊ ငါ နားမလည်ဘူး၊ ငါကတော့ ဟိုသီချင်း ပဲ ကြိုက်တယ်"

"ဘယ်သီချင်းလဲ …"

"ချစ်ရင် ချစ်တယ်၊ မုန်းရင် မုန်းတယ်၊ ချုပ်ထိန်းရတာ ငုပ်တယ် ငုပ်တယ် … ၊ အဲ့ဒါလေ မကြားဖူးဘူးလား၊ စိုင်းစိုင်းသီချင်း … ၊ ငါ့စိတ်နဲ့ လုံးဝကွက်တိပဲ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်းက Hip Hop စတိုင်လ်ကို အတုခိုးကာ သီချင်းဆိုပြလိုက်တာမို့ ခေးက နိုင်းကို ပြုံးကြည့်နေရင်း …

“နင်ကတော့ အမြဲ ပေါ့ပါး လန်းဆန်းနေတာပဲ နော်”

“အဲ့ဒါ မကောင်းလို့လား”

“ပေါ့ပါးလန်းဆန်းတာ ကောင်းပေမယ့် ခပ်ပေါ့ပေါ့နေတာတော့ မကောင်းဘူးပေါ့ဟာ၊ နင် စာမေးပွဲ ပြန်ဖြေဖို့ နည်းနည်းလေးမှ စိတ်မကူးတော့ဘူးလားဟင် …”

“နီး၊ ငါမှ ပညာရေးကို ဝါသနာမပါတာ၊ ခေးနော် နင် စာမေးပွဲဖြေနိုင်တိုင်း ငါ့ကို ဆရာကြီး လာမလုပ်နဲ့”

“စာမေးပွဲ မဖြေလည်း အလုပ်တစ်ခုခု လုပ်ပါလား နိုင်းရဲ့၊ နင့် မိဘ ကုမ္ပဏီမှာ ဝင်လုပ်ရင်လည်း ရတာပဲ၊ ဒါမှမဟုတ် နင့်ဘာသာ အလုပ်တစ်ခုခုလုပ်မယ်ဆိုလည်း နင့်မိဘက အရင်းအနှီး ထုတ်ပေးနိုင်သားပဲ”

“အေးဆေးပေါ့ဟာ၊ အလုပ်က ဘယ်တော့လုပ်လုပ် ရတာပဲ၊ လူငယ်ဘဝလေးမှာ ပျော်ပျော်ပါးပါး နေပါရစေဦး၊ ငယ်ရွယ်မှုဆိုတာ ပြန်လိုချင်လို့ရတဲ့အရာမျိုး မဟုတ်ဘူးလေ၊ အသက်ကြီးတော့မှ ငါ လူငယ်ဘဝတုန်းက အားရအောင် မပျော်ခဲ့ရပါလားလို့ တွေးပြီး နောင်တရမနေချင်လို့ပါ”

“ကောင်းလိုက်တဲ့ အတွေးအခေါ်ပါလားဟယ်”

“ဒါနဲ့ ခေး … နင် အခုတလော ငါ ဖုန်းဆက်ရင် ဖုန်းမကိုင်ဘဲ ဘာလုပ်နေတာလဲ …”





“ငါ သင်တန်းတွေ တက်နေတာလေ၊ သင်တန်းချိန်ဆို ငါ့ဖုန်းကို အသံပိတ်ထားပြီး သင်တန်းချိန်ပြီးမှ missed call တွေ ရှာပြီး ပြန်ဆက်ရတာ …”

“ဘာသင်တန်းတွေ တက်နေတာလဲ …”

“အစုံပဲ …၊ အဓိကကတော့ အင်္ဂလိပ်စာပေါ့ …”

“တက်မနေပါနဲ့ဟာ … အပိုတွေပါ”

“နင် ဘာလို့ ဒီလိုပြောရတာလဲ …”

“သင်တန်းတက်ပြီး နင်က ဘာတွေလုပ်ဦးမှာလဲ၊ ငါ့အချစ်ကို အေးအေးဆေးဆေး ခံယူ၊ ငါနဲ့ လက်ထပ်ပြီး အေးအေးဆေးဆေး နေလိုက်ရင် ပြီးတာပဲ”

“ငါက ဒက်ဒီ့ဆီမှာ ခဏသွားနေဦးမှာ …”

နိုင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ …

“ဟင် … ဒါဆို နင် စင်ကာပူ ထွက်မှာပေါ့၊ ဟာ … ပြဿနာပဲ၊ မသွားပါနဲ့ဟာ၊ ငါ လွမ်းလို့သေကျန်ခဲ့မှာဟ …”

“ငါ ဆုံးဖြတ်ပြီးပြီ …”

“မသွားလို့ မရဘူးလား ခေး”

“မရဘူး …”

“ဘယ်လောက်ကြာမှာလဲ၊ လပိုင်းလား၊ နှစ်နဲ့ချီပြီး ကြာမှာလား”

“နှစ်နဲ့ချီပြီး ကြာနိုင်တယ်၊ ဘယ်နနှစ်လဲဆိုတာတော့ မပြောနိုင်သေးဘူး၊ အခြေအနေအရပဲ၊ ငါ ဟိုမှာ အနေ



www.burmeseclassic.com

www.burmeseclassic.com



ကြာဖို့ မကြာဖို့ဆိုတာ ဒက်ဒီ့ အခြေအနေပေါ်မှာလည်း အများကြီး မူတည်တယ်"

နိုင်းက သူ့ဆံပင်တွေထဲ လက်ထိုးသွင်းလိုက်ပြီး ခေါင်းငုံ့ကာ ငြိမ်သက်သွားပါသည်။

သူ တကယ် ခံစားသွားရတာကို ခေးက နားလည်မိတာမို့ သူ့ကို စိတ်မကောင်းစွာ ငေးကြည့်နေမိသည်။ သူက ခဏကြာမှ ခေါင်းမော့လာကာ ခေးကို ရီဝေဝေ ကြည့်ရင်း ...

"နင် ဘယ်တော့ သွားမှာလဲ ..."

"အောင်စာရင်း ထွက်ပြီးလောက်လို့ မှန်းတာပဲ"

"ဒါဆို ... တစ်လလောက်ပဲ လိုတော့တာပေါ့"

"... ..."

"နင် သွားချင်ရင် သွားပါ ခေး၊ ဒါပေမယ့် ငါ့ကို အခွင့်အရေးတစ်ခုတော့ ပေးပါ၊ နင် မသွားခင် ငါ့ကို အဖြေပေးခဲ့ပါ"

"ငါ့မှာ နင့်ကို ပေးစရာအဖြေ အဆင်သင့် မရှိသေးလို့ပါ နိုင်းရယ်"

"နင် မချစ်ရင်လည်း ရတယ်၊ ငါ့အချစ်ကို လက်ခံပေးရင် ငါကျေနပ်တယ်၊ ငါ နင့်ကို စောင့်နေမယ်"

"နိုင်းရယ် ... ခက်တော့တာပဲ"

ခေးက ဖွတ်တရွတ်ဆန်ဆန် ပြောနေသော နိုင်းကို ကြည့်ရင်း သက်ပြင်းသာ ချမိလေတော့သည်။

✦ ✦ ✦



✤ ✤ ✤

နောက်တစ်လခန့်အကြာတွင် ခေးတို့ စာမေးပွဲ အောင်စာရင်းတွေ ထွက်လာသည်။

ခေးက ဂုဏ်ထူး နှစ်ဘာသာဖြင့် အောင်သည်။

ထိုနေ့က ကိုစွမ်းကို ပြင်းပြင်းပြပြ သတိရကာ ခေး ငိုချင်နေခဲ့သည်။

သူ့ဆီကို ဖုန်းဆက်ပြီး ပြောပြချင်သော်လည်း ခေး မဆက်ဝံ့ပါ။ သူ့အသံကို ကြားရလျှင် ခေး ငိုချင်မိမလား ဆိုတာ မသေချာလို့ပင်။

ညရောက်တော့ ခေးက စိတ်ကို ဘယ်လိုမှ မတားနိုင်တော့တာမို့ သူ့ဆီကို ဖုန်းခေါ်လိုက်မိပါသည်။

"ဟဲလို ..."

ကံကောင်းစွာပင် ဖုန်းလာကိုင်သူက ကိုစွမ်း ဖြစ်နေသည်။

"ကိုစွမ်း ... ခေးပါ"

"ခေး ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက တုန်လှိုက်နေသည်။ ခေးကတော့ သူ့အသံကြားရုံနှင့်ပင် ရင်ခုန်သံမြန်လာပါသည်။ ပြီးတော့ ... ခေး ဘာကိုမှန်းမသိ ကြောက်နေသည်။ နိုင်း ပြောဖူးသလိုပဲ ခေး ချစ်တတ်လာလို့ ကြောက်တတ်လာတာပဲ ဖြစ်မည်ထင်သည်။

"ခေး ... ခေး စာမေးပွဲ အောင်တယ် ကိုစွမ်း၊ ဘိုင်အိုနဲ့ အင်္ဂလိပ်စာ ဂုဏ်ထူးနှစ်ခုပါတယ်"

"ကိုယ် သိတယ် ခေး"

"ခေး ကတိတည်ပါတယ်နော်"

"... ..."

"ကိုစွမ်း ... နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ခေးရော ..."

"ခေး နေကောင်းပါတယ်၊ အစစအရာရာ အဆင်ပြေပါတယ်"

"... ..."

"ကိုစွမ်းရော အဆင်ပြေရဲ့လား"

"ပြေပါတယ် ခေး ..."

"အစစအရာရာအတွက် ကိုစွမ်းကို ခေး ကျေးဇူးတင်ပါတယ်"

ခေးအသံရော သူ့အသံပါ တိုးသထက် တိုးသွားကြသည်။

ခေးသည် သူ့ကို ဘာဆက်ပြောရမှန်းမသိ ...။





သူ့ဘက်ကလည်း တိတ်ဆိတ်နေတာမို့ ခေးက သူ့ကို ရှိန်သလို ကြောက်သလိုဖြစ်ကာ စကားမဆက်ဝံ့တော့ဘဲ ...

"ကိုစွမ်း ... ခေး ဖုန်းချလိုက်တော့မယ်နော်"

ဟု ပြောပြီး ဖုန်းကို ညင်ညင်သာသာ ပြန်ချထားလိုက်မိပါသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

“စဉ်းစားပါဦး သမီးရယ်”

“ခေး ဆုံးဖြတ်ပြီးပါပြီ မာမီ”

မာမီက ခေးကို မျက်ရည်အဝဲသားဖြင့် ငေးကြည့်နေသည်။ မာမို့ မျက်ရည် အစအနလေးကို မြင်ရုံနဲ့တောင် ခေး စိတ်က ပျော့ချင်လာတာမို့ ခေးက စိတ်ကိုတင်းကာ မာမို့ရှေ့မှာ မျက်လွှာချ၍ ငြိမ်နေလိုက်ပါသည်။

“မာမီ သမီးကို မခွဲနိုင်တာတော့ သမီး သိပါတယ်နော်”

“သိပါတယ် မာမီ၊ ခေးလည်း မာမီနဲ့ မခွဲချင်ပါဘူး၊ ဒါပေမယ့် ခေး မာမီနဲ့ ဒက်ဒီ နှစ်ယောက်စလုံးနေရာက နေ ခံစားကြည့်ချင်သေးတယ်၊ မာမို့နဲ့ ဒက်ဒီ ခွဲခွာကြတုန်းက ခေးက ငယ်သေးတော့ ဒက်ဒီနဲ့ ပတ်သက်ပြီး ဘာမှ သိပ်မသိခဲ့ဘူး၊ ဝေးသွားတဲ့ ဒက်ဒီ့ကို တမ်းတရင်း မာမို့ကိုပဲ အပြစ်တွေ တင်ခဲ့မိတယ်၊ ခေးက အရမ်း ကလေးဆန်နေခဲ့တယ်၊ အတွေးအခေါ်လည်း မရင့်ကျက်ခဲ့ဘူး၊ ခုတော့... ခေး ရင့်ကျက်ချင်ပြီ မာမီ၊ လူ့လောက





အကျယ်ကြီးထဲကိုလည်း မားမားမတ်မတ် ခြေချပြီး ကိုယ်ပိုင်ခွန်အားနဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ ရပ်တည်ချင်ပြီ၊

“ခေး ဒက်ဒီနဲ့ သွားနေရင် ဒက်ဒီ့အကြောင်းကို သိလာမှာပါ၊ ဒက်ဒီ့ ချွတ်ယွင်းချက်တွေကို မြင်လာမှာပါ၊ ခေး အဖေကို ရင်းရင်းနှီးနှီး သိကျွမ်းခွင့် ရချင်သေးတယ်၊ ဒက်ဒီက အရမ်း အထီးကျန်ပြီး သနားစရာကောင်းနေရင်တော့ ခေး ဟိုမှာပဲ ကျောင်းတက်ရင်း ဒက်ဒီ့နားမှာ လေးငါးနှစ်လောက် နေပေးချင်တယ်၊ ဒီလိုမှမဟုတ်ဘဲ ဒက်ဒီက ခေးတို့ ယဉ်ကျေးမှုနဲ့ မအပ်စပ်လောက်အောင် ပြောင်းလဲပြီး အရမ်းလွတ်လပ်နေတဲ့သူတစ်ယောက် ဖြစ်နေခဲ့ရင်တော့ မာမီ့ဆီကို ခေး ပြန်လာခဲ့ပါ့မယ်”

ခေး စကားဆုံးတော့ မာမီက ခေးကို တည်တည်ငြိမ်ငြိမ် ကြည့်နေနိုင်ပြီ။ မာမီ့ မျက်ဝန်းထဲမှာလည်း မျက်ရည်စတွေ မရှိတော့ချေ...။

“ကောင်းပြီ သမီး၊ သမီး ဒီလိုတွေးတတ်လာတာကို မာမီ ကျေနပ်ပါတယ်၊ မာမီ စောင့်နေပါ့မယ် သမီး”

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

ခေး နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့မတိုင်မီ ညမှာ နိုင်းကို နှုတ်ဆက်မည်ဟု ကြံရွယ်လျက် အိမ်ကထွက်ခဲ့သော ခေးသည် ...

လမ်းတစ်ဝက်ရောက်မှ ကိုယ့်ကား ဦးတည်နေတာဟာ ကိုစွမ်းတို့ အိမ်သို့သွားသည့် လမ်းပေါ်မှာပါလားဟု သတိထားမိလာလေသည်။

ကားကို လူက မမောင်းဘဲ သူ့ကိုတွေ့ချင်သည့် စိတ်ကသာ ဦးဆောင်မောင်းသွားလေသလားပင်။

ခေးက ကားကို ကိုစွမ်းတို့ အိမ်လေးနှင့် မလှမ်းမကမ်းက မှောင်ရိပ်ကျနေသော နေရာလေးမှာ ရပ်တန့်လိုက်ပြီး ကားထဲမှာပင်ထိုင်လျက် ကိုစွမ်းတို့အိမ်ကလေးဆီကို လှမ်းကြည့်နေမိသည်။

အချိန်က ည ၇ နာရီ ...။ ဒီအချိန် ကိုစွမ်း အိမ်မှာ ရှိမလား မရှိဘူးလားဆိုတာ မသေချာ ...။

ကိုစွမ်း မရှိလည်း ကိုစွမ်းရဲ့ အိမ်ကလေးကို မြင်





နေရတာက ခေးအတွက် တစ်မျိုးလေး အဓိပ္ပာယ်ရှိကာ နွေးထွေးနေသည်။ ကိုစွမ်း ရှိရှိ မရှိရှိ ဒီနားလေးမှာ ဒီလိုလေးပဲ ထိုင်ကြည့်နေချင်သည်။ ကိုစွမ်းကို ဖျတ်ခနဲ တစ်ချက်လောက်ပဲဖြစ်ဖြစ် မြင်ခွင့်ရရင်တော့လည်း အတိုင်းထက်အလွန် ကျေနပ်မိမှာပင်။

အိမ်ရှေ့တစ်ဖက်ခြမ်းက စတိုးဆိုင်လေးမှာ ဈေးရောင်းနေသော ကိုစွမ်း အမေကို တွေ့တော့ ကားပေါ်ကဆင်း၍ နှုတ်ဆက်ချင်ပြန်သည်။ သို့သော် သဲစု ရှိနေမှာမို့ ခေး မဆင်းချင်တော့ပါ။

ည ၈ နာရီ ...။

တစ်နာရီတောင် ကြာခဲ့ပြီ။ အိမ်ကလေးကို လှမ်းမျှော်ကြည့်နေရင်း ခေး မျက်လုံးကလေးတွေ မှေးစင်းစပြုလာပါသည်။

နိုင်းနဲ့တွေ့မှ ညစာစားမည်ဟု ကြံရွယ်ကာ ညနေစာ မစားဘဲ ထွက်လာခဲ့တာမို့ ခေး ဗိုက်ထဲက ဂွီခနဲ အသံတစ်ချက် ထွက်ပေါ်ကာ ဆာလောင်ခြင်းကို အချက်ပြလာသည်။

ကိုစွမ်းတို့ ဆိုင်ကလေးမှာ ချိတ်ဆွဲထားသည့် မုန့်မျိုးစုံကို လှမ်းမြင်နေရပေမယ့် သွားဝယ်လိုက်လို့လည်း မဖြစ်ပါ။

တစ်ခုခု သွားစားဖို့အတွက်တော့ ဒီနားကနေ ခွာမသွားချင်သေး။

ဒီနေ့ တစ်နေ့လုံးလည်း လိုအပ်တာတွေဝယ်ဖို့ ရှော့ပင်းစင်တာ တစ်ခုပြီးတစ်ခု ပတ်သွားနေတာမို့ ခြေထော



www.burmeseclassic.com

www.burmeseclassic.com



တွေ ညောင်းတောင့်ကာ. လူက ပင်ပန်း အိပ်ချင်နေခဲ့ပြီ။

ခေးသည် ကားထိုင်ခုံ နောက်မှီကို လျှောချကာ မှီထိုင်လျက် အဆာပြေလိုပြေငြား ကိုယ့်ဗိုက်ကလေးကို ပွတ်ပေးနေရင်း မျက်ကြောကလေး စင်းကျသွားကာ မှေးခနဲ အိပ်ပျော်သွားလေသည်။

✦ ✦ ✦



✤ ✤ ✤

စွမ်းရည်သည် အိမ်ရှေ့လမ်းသွယ်လေးသို့ ချိုးကွေ့ကာ ခပ်သွက်သွက် လျှောက်လာရင်းက မလှမ်းမကမ်း မှောင်ရိပ်ထဲမှာ ရပ်ထားသည့် ကားတစ်စီးကို သတိပြုမိလိုက်ပါသည်။

ကားက အဝါနုရောင်ကလေးမို့ အမှောင်ရိပ်ထဲမှာ ရပ်ထားပေမယ့် မြင်သာသည်။ ပြီးတော့ ... ဒီအရောင်နှင့် ဒီကားကို စွမ်းရည်က သိထားတာမို့ ခေးများလားဟု ရင်ထဲထိတ်ခနဲ ဖြစ်ကာ ခြေလှမ်းတုံ့သွားမိသည်။

ခေး ဒီကားကိုစီးတာ သူနဲ့ မတွေ့ဖြစ်တော့တဲ့ နောက်ပိုင်းအချိန်တွေမှာဆိုပေမယ့် သူက ဒီကားကို သိထားပါသည်။ ခေးကို သတိရမိတဲ့ အချိန်တွေမှာ ခေးတို့အိမ်နားသို့ သွားကာ မယောင်မလည် လုပ်မိခဲ့တာမို့ ခေး ဒီကားလေးနှင့် ထွက်သွားတာ၊ ပြန်လာတာကို မြင်ဖူးနေသည်။

စွမ်းရည်က ကားနားသို့ ချဉ်းကပ်သွားကာ ကားထဲသို့ ငုံ့ကြည့်မိတော့ ခေးမှ ခေးပင်။



www.burmeseclassic.com

www.burmeseclassic.com



ကားမှန် တစ်ဝက်တစ်ပျက် တင်ထားသော ကားထဲမှာ ခေးက မလှုပ်မယှက် ငြိမ်သက်နေသည်။ မျက်လုံးမှိတ်ပြီး ငြိမ်နေတာများလားဟု ထင်ကာ သူ သေချာငုံ့ကြည့်ရင်း 'ခေး' ဟု ခေါ်တော့လည်း လှုပ်မလာ။ ဖြတ်သွားဖြတ်လာ ကားမီးရောင်တွေကြောင့် ပါးစပ်ကလေး ဟတတပွင့်ကာ အိပ်မောကျနေသော ခေး မျက်နှာလေးကို မထင်မရှား မြင်ရလေသည်။

စွမ်းရည်သည် ရင်နင့်လျက်ကပင် ပြုံးမိသွားသည်။ ခေးတို့ကတော့ လုပ်ပြီ ...။ သူ့ကို သတိရလို့ ဒီနားကိုလာတာတောင် အိပ်ဖြစ်အောင် အိပ်သွားသေးသည်။ ကဗျာဆန်ချင်သလိုလိုနဲ့ ကဗျာမဆန်တတ်ရှာသော ခေးပေပဲ။

မဖြစ်နိုင်ဘူး၊ ရှေ့မတိုးဘူးဟု ဆုံးဖြတ်ထားသော အခြေအနေမှာ သူ ခေးကို မမြင်ချင်ယောင်ဆောင်နေသင့်ပေမယ့် ခုလို ဘယ်တော့နိုးမှန်းမသိ အိပ်ပျော်နေတာကြီးကို မနှိုးဘဲ ထားပစ်ခဲ့ဖို့ကလည်း မဖြစ်နိုင်ပါ။

"ခေး ... ခေး ..."

"ခေါက် ... ခေါက်"

စွမ်းရည်က ကားမှန်ကို လက်ဆစ်ဖြင့် ခေါက်ရင်း ခေးကို ခေါ်လိုက်သည်။ ဒါတောင်မှ ချက်ချင်း မနိုးသဖြင့် ထပ်ခေါက်၊ ထပ်ခေါ်ရသည်။

"ခေး..."

"အင် ... အင်ဟင် ... ဘွားလေးကလည်းကွာ ခေး အိပ်





ချင်လို့ပါ၊ အိပ်ပါရစေနော်၊ ခေး တစ်နေကုန် မတ်တတ်မတ်တတ်နဲ့ ပင်ပန်းနေလို့ပါ"

"ခေး ... ကိုယ်ပါ"

"ဟင် ..."

မျက်လုံးမဖွင့်ဘဲ ကယောင်ကတမ်း ရေရွတ်လိုက်သော ခေးသည် အနီးကပ်၍ ကြားလိုက်ရသော စွမ်းရည်အသံကြောင့် ဆတ်ခနဲ ခါးမတ်ထိုင်လိုက်ရင်း ...

"ကို ... ကိုစွမ်း"

ခေးက ကားမှန်ကို ခလုတ်နှိပ်၍ ချလိုက်ရင်း ...

"ကိုစွမ်း ... ဘယ် ... ဘယ်သွားမလို့လဲ"

"ကိုယ် အပြင်က ပြန်လာတာပါ ခေး ..."

"ဟိုလေ ... ဟိုဟာ၊ ခေးက ဒီနားက သူငယ်ချင်းတစ်ယောက်ဆီ ခဏလာရင်းနဲ့ ဒီလမ်းက ဖြတ်ပြန်ရင်း ကား ... ကားပျက်သွားလို့ ဝပ်ရှော့ဆရာကို ဖုန်းဆက်ခေါ်ထားတာ၊ မလာသေးလို့ စောင့်နေရင်း အိပ်ပျော်သွားတာ၊ ဒါ ... ကိုစွမ်းတို့ အိမ်နားမှာလား၊ သေချာတောင် မမှတ်မိဘူး၊ မှောင်နေတော့ အနီးအနားကိုလည်း မကြည့်မိဘူး"

လက်ညှိုးကို ဟိုဒီ ရှုပ်ယှက်ခတ်အောင် ထိုးပြရင်း ကယောင်ကတမ်း ကပေါက်တိကပေါက်ချာ ပြောနေသော ခေးကို စွမ်းရည်က ရင်တနင့်နင့်ဖြင့် ငေးကြည့်နေမိပါသည်။

ခေးက ကားထဲသို့ ငုံ့ကိုင်းကြည့်နေသော စွမ်းရည်



www.burmeseclassic.com

www.burmeseclassic.com



ကို မော့ကြည့်လာသည်။ ကားမီးရောင် တချို့ကြောင့် လက်ခနဲ ဖြစ်သွားသော မျက်ဝန်းတွေကိုတွေ့တော့ ခေး နှုတ်ဆိတ်သွားခဲ့သည်။

စွမ်းရည်က ကားရဲ့တစ်ဖက်ခြမ်းသို့ လျှောက်သွားလိုက်ပြီး ကားတံခါးကို ဆွဲဖွင့်ကာ ခေးဘေးက ခုံမှာ ဝင်ထိုင်လိုက်မိသည်။

နှစ်ယောက်သား ကားထဲမှာပင် ဘေးချင်းယှဉ်ထိုင်လျက် အချိန်တော်တော်ကြာ ငြိမ်သက်နေမိကြသည်။ ရှေ့တူရူကိုသာ ကြည့်နေရင်းက တစ်ယောက်အလစ်မှာ တစ်ယောက်က အသာအယာ ငဲ့ငဲ့ကြည့်ရသည်။ ကားထဲမှာ သက်ပြင်းချသံ သဲ့သဲ့ကလေးတွေသာ မကြာမကြာ ထွက်ပေါ်လျက်ရှိပါသည်။

"ကိုစွမ်း ..."

"အင်း ..."

"ခေး ... မနက်ဖြန်ဆို နိုင်ငံခြား ထွက်တော့မလို့ ..."

"ဘယ်ကိုလဲ ..."

"စင်ကာပူကို၊ ဒက်ဒီ့ဆီ ..."

"ဘယ်တော့ ပြန်လာမှာလဲ ..."

"မပြောတတ်သေးဘူး"

ဒီတစ်ခါတော့ ကိုစွမ်းရဲ့သက်ပြင်းချသံက အကျယ်ဆုံးဟု ထင်ရသည်။

"ကျောင်းကရော ..."

"ခေး ... ဟိုမှာ တက်ဖြစ်မယ်ထင်တယ်"





တိတ်ဆိတ်သွားကြပြန်သည်။ ဟိုတုန်းကတော့ ကိုစွမ်းနဲ့တွေ့တိုင်း ခေးမှာ ပြောစရာစကားတွေ ဖောင်ဖွဲ့နေတတ်ပေမယ့် ခုတော့ စကားတစ်လုံးထွက်ဖို့အရေးကို ချင့်ချိန်ဝန်လေးနေခဲ့ရသည်။

"ကိုစွမ်း ..."

"အင်း ..."

"ခေး ... တစ်ခု မေးပါရစေ ..."

"မေးလေ ..."

"မမသစ္စာကို ကိုစွမ်း ဘယ်လိုသဘောထားလဲ ..."

"... ..."

"ကိုစွမ်း အဖြေရခက်ရင်လည်း မဖြေပါနဲ့ ..."

"ကိုယ် ... သူ့ကို သံယောဇဉ်တော့ ရှိပါတယ်"

"ဪ ... ဪ ..."

ခေးရဲ့ 'ဪ' သံကလေးက တိုးဖျော့တိမ်ဝင်သွားရသည်။

"ခေး ... ပြန်လာတဲ့ အချိန်ကျရင် ကိုစွမ်း အိမ်ထောင်ကျပြီး ကလေးတောင် ရနေရောပေါ့နော် ..."

ကိုစွမ်းက ခွန်းတုန့်မပြန်ချေ ...။

ခေးသည်လည်း ကိုယ့်ဘာသာ လျှောက်ပြောပြီး ကိုယ့်ဘာသာ မွန်းကြပ်လာတာမို့ အာရုံပြောင်းပစ်လိုက်ရင်း ...

"ကိုစွမ်း ... ခေး အရမ်းဗိုက်ဆာနေတယ်၊ ခေးကို မုန့်တစ်ခုခု သွားယူပေးမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ယူပေးမှာပေါ့၊ ဗိုက်က တော်တော်ဆာနေတာလား၊ စောစောကပြောရောပေါ့ ခေးရယ်၊ ခဏလေးနော်"

စွမ်းရည်က ကားပေါ်မှဆင်းကာ အိမ်ရှေ့ ဆိုင်လေးဘက်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်ပြီး ပေါင်မုန့်၊ ကိတ်မုန့်၊ ငါးမုန့်ခြောက်နှင့် ရေသန့်တစ်ဘူးကို ယူ၍ ခေးဆီသို့ ပြန်လာသည်။

"ရော့ ... ဒီမှာ ခေး၊ ဒီလောက်ဆို ရလား"

"ရတယ် ကိုစွမ်း၊ ဒီလောက်ဆို အဆာပြေပြီ"

"ကြိုက်ရော ကြိုက်ရဲ့လား"

"ကြိုက်ပါတယ် ကိုစွမ်းရဲ့ ..."

ခေးက ကိတ်မုန့်တုံးလေးကို အားရပါးရ ကိုက်ကာ ကိုက်ကာ စားနေလိုက်ရင်းက ...

"လူဆိုတာ ဘယ်လောက်ချစ်ချစ် ဘယ်လောက် လွမ်းလွမ်း စားချိန်တန်တော့လည်း ဗိုက်ဆာပြီး အိပ်ချိန်တန်တော့လည်း အိပ်သွားရတာပဲနော်"

ဟု ညည်းညူသလိုလေး ပြောလိုက်တာမို့ စွမ်းရည်က ယောကျ်ားမျက်ရည်တို့ လိမ့်စီးမလာရလေအောင် မျက်တောင်ခတ်၍ သိမ်းဆည်းလိုက်ရလေသည်။

✦ ✦ ✦



နောက် ၂ နှစ်ခန့် ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

လေဆိပ်အပေါ်ထပ်မှ စက်လှေကားဖြင့် ဆင်းလာကတည်းကပင် မှန်နံရံရဲ့ ဟိုဘက်ဆီမှာ ရပ်နေသော မာမို့ကို လှမ်းမြင်ရသည်။

မာမီက အပြုံးကလေးဖြင့် ခေးကို လှမ်းမော့ကြည့်ရင်း လက်ကလေးပြနေသည်။ မာမို့အပြုံးကိုမြင်ကာ ခေး ရင်ထဲ အေးချမ်းသွားရပါသည်။ မာမို့ ရင်ခွင်ကသာ ခေးကို အေးချမ်းစေလိမ့်မည်ထင်သည်။

ခေးက မာမို့ကို လက်လှမ်းပြပြီး တန်းစီ၊ ပစ္စည်းရွေး၊ စစ်ဆေးခံပြီး ပစ္စည်းတင်သည့် တွန်းလှည်းလေးကို တွန်းကာ အပြင်ဘက်မှာ စောင့်နေသော မာမို့ထံသို့ ခပ်သွက်သွက်လေး လှမ်းလာခဲ့ပါသည်။

"သမီး ..."

"မာမီ ..."

မာမီနှင့် ရင်ချင်းအပ်ပြီး ဖက်မိတော့ ခေး ခန္ဓာကိုယ် တစ်ခုလုံး နွေးထွေးသွားသည်။ သားသမီးတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မိခင်တို့ရဲ့ ရင်ခွင်ဟာ ဒီလိုပဲ အစဉ်အမြဲ နွေးထွေးနေလိမ့်မည် ထင်သည်။

"သမီး ... မာမိဆီကို အပြီးပြန်လာခဲ့တာ မဟုတ်လား"

ခေးက ပြုံး၍ ခေါင်းညိတ်ပြမိသည်။ မာမိကို ကြင်နာစွာ ဖက်ပွေ့ရင်း ပါးချင်းအပ်မိသည်။

မာမိနဲ့ ဝေးတော့မှပင် မာမိမေတ္တာ၊ မာမိတန်ဖိုးကို ခေး နားလည်လာခဲ့တာပင် ...။ ဒက်ဒီနှင့် အတူနေရင်းကပင် ဒက်ဒီနဲ့ မာမိ ဘာ့ကြောင့်ကွဲရသလဲ ဆိုတာရဲ့ အဖြေကို ခေး တရေးရေး သဘောပေါက်လာခဲ့ရသည်။

မာမိနဲ့ အတူနေစဉ်က ဒက်ဒီ့မကောင်းကြောင်းကို မာမိ့နှုတ်က တစ်ခွန်းတလေတောင် မပြောခဲ့ပါ။ ပညာတတ် ပီသကာ စိတ်သဘောထား ပြည့်ဝလှသော မာမိဟာ ခေးအချစ်ကို ရဖို့အတွက် ဒက်ဒီ့ကို ခေးမုန်းအောင် ဒက်ဒီ့သိက္ခာကို ချနင်းမပြခဲ့ဖူးပါ။ သူ အိမ်ထောင်ပျက်ရတာဟာ 'ကံတရားကြောင့်' ဟုသာ အမြဲပြောတတ်ခဲ့သူပင် ...။

ဒက်ဒီကတော့ မာမိ့လို မဟုတ်ခဲ့ပါ။

"သမီး ... သမီးအမေဟာ ဘဝင်လေဟပ်မကြီး၊ မယားဝတ္တရားမကြေတဲ့ သူကြီးပဲ ...၊ သူ့ဘာသာဘယ်လောက် ပညာတတ်တတ် ဒက်ဒီက ဂရုစိုက်ရမှာလား၊ သူ ဆရာဝန်ဖြစ်တာနဲ့ပဲ ဒက်ဒီ့ထက် ခေါင်းတစ်လုံး သာသွားရောလား၊ ဆရာဝန်မကြီးမကလို့ ဘာကြီးပဲဖြစ်ဖြစ် ဒက်ဒီ့ဖိနပ်ကို တိုက်ပေးဆို သူတိုက်ပေးရမှာပဲ ..."





ဒက်ဒီ့ စကားတွေကို နားထောင်ရင်း ဒက်ဒီဟာ သူ့ထက် ပညာရော ဝင်ငွေပါ သာလွန်မြင့်မားနေသည့် မာမိ့အပေါ်မှာ မနာလိုစိတ် ကြီးလှသူဖြစ်ကြောင်း ခေး သိခဲ့ရသည်။ ယောကျ်ားတချို့မှာ ကိုယ့်ထက်သာသည့် မိန်းမတစ်ယောက်ကို 'ချိုး' လိုက်မယ်ဟူသော စိတ်ထားမျိုးတွေ ရှိနေတတ်တာကို ခေး အလန့်တကြား သဘောပေါက်လာရသည်။

ဒက်ဒီ့မိဘ ခေးရဲ့ အဘိုး အဘွားတွေက စင်ကာပူမှာ ကိုယ်ပိုင်စီးပွားရေးတွေ ရှိတာမို့ ဒက်ဒီက ငွေရေး ကြေးရေး အတွက်တော့ မပူပင်ရပါ။

အဲ့ဒီလို မပူရတာကြောင့်လည်း အိမ်ထောင် အတည်တကျ ထပ်မပြုဘဲ မိန်းကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ပြောင်းပြောင်းတွဲနေတာ ဖြစ်မည်။ ဒက်ဒီက တချို့ အမျိုးသမီးတွေကို အိမ်ခေါ်လာပြီး ဘိုဆန်ဆန်ပင် ခေးနဲ့ ပေးတွေ့ခဲ့တာမို့ ခေးက ဒက်ဒီ့အခြေအနေကို ပို၍ ပို၍ သဘောပေါက်လာရတာပင်။

ခေးသည် နောင် ပြန်တွေ့ဖို့မသေချာတော့ပြီဖြစ်သော ဒက်ဒီ့နားမှာ နှစ်နှစ်တိုင်အောင်ပင် အတူနေရင်း သမီးဝတ္တရား ကျေပွန်စွာ ဒက်ဒီ့ ဝေယျာဝစ္စတွေ၊ အိမ်မှုကိစ္စတွေကို ကြိုးစားလုပ်ကိုင်ပေးခဲ့သည်။ ခေးက မြန်မာပြည်မှာပဲ ပြန်နေဖို့ စိတ်ကူးထားခဲ့ပြီမို့ စင်ကာပူမှာ နေသည့်အခိုက်မှာ ခေး ရှေ့ရေးကို အထောက်အပံ့ဖြစ်စေမည့် သင်တန်းတွေကို တက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကတော့ ခေး သင်တန်းတက်တာကို လုံးဝ မကြိုက်ခဲ့ပါ။

"ဟန်နီ ... အမေ့ ခြေရာ နင်းဖို့တော့ မကြိုးစားနဲ့နော်၊ မိန်းကလေးပဲ အေးအေးချမ်းချမ်း အိမ်ထဲမှာပဲနေပေါ့ ...၊ ရှေ့ရေးအတွက်လည်း ပူစရာမှမရှိတာ၊ ဒက်ဒီကလည်း သမီး အဘိုး အဘွားတွေဆီက အမွေတွေရဦးမှာ၊ ဒက်ဒီ အမွေရရင် သမီးအတွက် တစ်ဝက်ခွဲပေးမှာ ..."

ဒက်ဒီက ခေး လုပ်သမျှကို လိုက်ပိတ်ပင်ခဲ့ပေမယ့် ခေးက မနာခံခဲ့ပါ။ ခေး လုပ်ချင်တာကို ဖြစ်အောင်လုပ်ခဲ့တာပင်။

ခုတော့ ခေးမှာ စိတ်ဓာတ်အင်အားတွေ ပြည့်ဝနေခဲ့ပြီ။ မာမီ့အပေါ် မြတ်နိုး တန်ဖိုးထားစိတ်က ပို၍ကြီးမားခိုင်မာလာခဲ့ရသည်။

"သမီး ... နည်းနည်း ပိန်သွားသလိုပဲနော်"

မာမီက ခေး ခါးလေးကို ဖက်ရင်း ပြောသည်။

"အဆီပိုလေး နည်းနည်းကျသွားပြီး ကိုယ်ရေစစ်သွားတာပါ မာမီရဲ့၊ ဒက်ဒီ့အိမ်မှာက အိမ်ဖော်မထားတော့ ခေးပဲ သင်တန်းတွေ တစ်ဖက်နဲ့ အိမ်အလုပ်တွေ လုပ်ရတာ"

"သမီးကြည့်ရတာ ရင့်ကျက်လာသလိုပဲကွယ်၊ မျက်လုံးလေးတွေက အစ ရဲရင့် တောက်ပနေတာပဲ ..."

ခေးက ရယ်မောရင်း ...





"ဘွားလေးကော နေကောင်းရဲ့လား မာမီ ..."

"ကောင်းပါ့ ... ကောင်းပါ့၊ မနက်အစောကြီးကတည်းက တက်တက်ကြွကြွနဲ့ သမီး ကြိုက်တဲ့ ဟင်းတွေချက်ဖို့ စီစဉ်နေလေရဲ့ ..."

ခေးက ကြည်နူးစွာ ပြုံးမိသည်။

နွေးထွေးတဲ့ ရင်ခွင်တွေက ခေးကို ဆီးကြိုနေကြလေရဲ့ ...။

ရင်ခွင်တစ်ခုကရော ... ဘယ်ဆီမှာပါလဲ ...။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ခေး ... နင် ပြောင်းလဲသွားတယ်"

နှစ်နှစ်အတွင်း ဘာမှပြောင်းလဲမလာသော နိုင်းက ခေးရဲ့ ပြောင်းလဲမှုကို အသိအမှတ် ပြုလာသည်။

"ပြီးတော့ နင့်ပုံစံက အမြင်ကတ်စရာကောင်းလာတယ်"

"နိုင်း ... နင်နော် တွေ့တွေ့ချင်း ရန်စကား မပြောနဲ့"

"တကယ်ပြောတာ၊ နင့်ပုံစံက အရင်လို ကလေးအထာနဲ့ ချစ်စရာလေး မဟုတ်တော့ဘူး၊ အပျိုလေးအထာနဲ့ သိမ်သိမ်မွေ့မွေ့လေးလည်း မဟုတ်တော့ဘူး၊ ကိုယ့်ကိုယ်ကို အရမ်းကို ယုံကြည်မှုတွေရှိနေတဲ့ သောက်မြင်ကတ်စရာ ပုံစံမျိုး ဖြစ်နေတယ်"

"နိုင်း ... နင် မရိုင်းနဲ့နော်"

နိုင်းက ရယ်မောလိုက်ပြီး အီတလီခေါက်ဆွဲကို ခက်ရင်းဖြင့် လိမ်ပတ်ယူကာ စားနေသည်။

ခေးကတော့ မပြောင်းလဲသော နိုင်းကို ငေးကြည့်ရင်း သက်ပြင်းချမိသည်။





ခေးအပေါ် ရင်းနှီး နွေးထွေးမှုတွေ မပြောင်းလဲတာက ကျေနပ်စရာကောင်းပေမယ့် ဘာကိုမှ သိပ်အလေးအနက်မထားဘဲ အပေါင်းအသင်းများနှင့် ပျော်ကာပါးကာနေသည့် ပုံစံတွေ မပြောင်းလဲသေးတာကတော့ စိတ်ပျက်စရာ ကောင်းသည်ဟု ခေး ထင်သည်။

ခေးသည် နိုင်းအပေါ် သံယောဇဉ်ရှိပေမယ့်လည်း ယောကျ်ားတစ်ယောက်ဟာ ဒီလောက်ကြာကြာ ပေါ့ပေါ့နေ ပေါ့ပေါ့စား နေနိုင်တာကိုတော့ အံ့ဩစိတ်ပျက်ရသည်။

ခေးရဲ့ စိတ်ဓာတ်တွေ၊ ခံယူချက်တွေ ပြောင်းလဲလာသောအခါ နိုင်းအပေါ် မြင်သည့် ခေးရဲ့ အမြင်တွေလည်း ပြောင်းလဲလာခဲ့ရသည်။

"ခေး ..."

"အင်ဟင် ..."

"ဒီနှစ်နှစ်အတွင်းမှာ ငါ့အတွက် အဖြေကလေးများ နင့်မှာ ရှိမလာခဲ့ဘူးလား၊ ငါ စောင့်နေတာကိုတော့ နင် သတိရမှာပါနော် ..."

နိုင်းက ခေါက်ဆွဲပန်းကန်ကို ဘေးသို့ တွန်းရွှေ့ထားလိုက်ပြီး ခေးကို နူးနူးညံ့ညံ့ ကြည့်ရင်း မေးလာတော့လည်း ခေးမှာ နိုင်းကို သနား အားနာရသည်။

"ခေး ... ဖြေဦးလေ"

ခေးက သက်ပြင်းချရင်း ...

"ငါ နင့်ကို နားလည်ပါတယ် နိုင်းရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီမှာ ပြန်လာနေတော့မယ်ဆိုတော့ ငါ အရမ်းဝမ်းသာရတယ် ခေး၊ နင့်ဆီက mail ရောက်လာတော့ ငါ အိပ်ရာပေါ်မှာ ကျွမ်းထိုးမိတယ်"

ခေးက ဟက်ခနဲ ရယ်တော့ နိုင်းက မျက်ခုံးပင့်ရင်း ...

"မယုံမရှိနဲ့၊ တကယ်ပြောတာ ..."

"ဘာလို့ အိပ်ရာပေါ်မှာ ကျွမ်းထိုးတာလဲ၊ ကြမ်းပြင်ပေါ်မှာ ထိုးပါလား"

"အကျမတော်ရင် နာမှာစိုးလို့ပေါ့ဟ၊ စပရိန်မွေ့ရာပေါ်မှာ ထိုးတော့ ဘေးကင်းတာပေါ့"

ခေးက ရယ်မိပြန်သည်။

"ကဲ ... ရယ်မနေနဲ့၊ ငါအတည်ပြောနေတာ၊ နင်က ငါ့အပေါ် ရက်စက်လွန်းတယ်၊ နင် ဟိုမှာနေတုန်းကလည်း ချက်တင်မှန်မှန် မဝင်တော့ ငါ့မှာ နင်နဲ့ အင်တာနက်ပေါ်မှာတောင် မှန်မှန်တွေ့ခွင့်ရတာ မဟုတ်ဘူးလေ၊ အဲ့ဒါကြောင့် နင်ပြန်လာမယ်လည်းဆိုရော ငါ အရမ်းကို ပျော်သွားတာ ..."

နိုင်းက အလေးအနက် ပြောနေတာမို့ ခေးက ငြိမ်ငြိမ်လေး နားထောင်ပေးမိသည်။

"ငါ ခပ်ပေါ့ပေါ့ နေတတ်တာကို နင်မကြိုက်ရင်လည်း ငါ ပြင်ပါ့မယ် ခေး၊ ငါ ကျောင်းပြန်မတက်ပေမယ့် အလုပ်လုပ်မှာပါ၊ အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်





အောင် ကြိုးစားမှာပါ၊ နင် ငါ့အရိပ်မှာ အေးအေးဆေးဆေး ခိုလှုံလို့ရပါတယ်"

"အိမ်ထောင်ရေးတွေ ဘာတွေအထိ ငါ မစဉ်းစားသေးပါဘူး နိုင်းရယ်၊ ငါက ကျောင်းလည်းတက်ဦးမှာ၊ အလုပ်လည်း လုပ်ဦးမှာ ..."

"နင်က မိန်းမပဲဟာ၊ ဘာမှလုပ်စရာမလိုပါဘူး"

"ဘယ်လို ..."

နိုင်းစကားကြောင့် ခေးခန္ဓာကိုယ်က ဆတ်ခနဲ မတ်သွားသည်။ ခေး မျှော်လင့်မထားသော စကားမို့ပင်။

"ဟုတ်တယ်လေ ... ၊ အိမ်မှာ ငါ့အမေဆိုလည်း ဆယ်တန်းတောင် မအောင်ဘူး၊ ငါ့အဖေကို ပြုစုစောင့်ရှောက်ပြီး ငါ့အဖေလုပ်စာကို ခပ်အေးအေး ထိုင်စားနေတာ အဆင်ပြေသားပဲ၊ နင်က ပညာတွေအရမ်းတတ်ပြီး အပြင်မှာ အလုပ်တွေ ထွက်လုပ်နေရင် ငါ့ကို ဘယ်လိုပြုစုချိန်ရမလဲ ၊ နင့်အမေဆိုလည်း ကြည့် ... ပညာတွေအရမ်းတတ်ပြီး အလုပ်ချည်း ဖိလုပ်နေတော့ ယောကျ်ားနဲ့ ကွဲရော မဟုတ်လား"

ဘုရားရေ ... ဘယ်လိုပြောလိုက်တာလဲ။ ခေးမှာ အံ့သြလွန်းလို့ ကိုယ့်ရင်ဘတ် ကိုယ်ဖိကာ နိုင်းကို မျက်လုံး အကြောင်းသားဖြင့် ကြည့်နေမိသည်။

ဒက်ဒီလို လူမျိုးကို ရှောင်ကာမှ တည့်တည့်ကြီး လာတိုးနေရတာပါလား ...။ နိုင်းမှာ ဒီလို စိတ်ဓာတ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်တွေ ရှိတာ ခေး ခုမှသိရလေသည်။ ဒီလိုလူမျိုးကို ခေး ချစ်သင့်တဲ့သူလို့တောင် စဉ်းစားမိသေးတာလေ။ အသိသာ နောက်ကျရင် ခက်ရချည်ရဲ့ ... ။

"ငါက နင့်ကို မလိုအပ်ဘဲ အပင်ပန်း မခံစေချင်လို့ပြောတာပါ ခေးရယ်၊ ငါချစ်တာတော့ နင်ယုံပါ၊ ငါအမှန်အတိုင်း ဝန်ခံရရင် နင် ဟိုမှာနေနေတဲ့အချိန်တွေတုန်းက နင့်ကို အရမ်းလွမ်းပြီး စိတ်လေလွန်းလို့ ကောင်မလေး တစ်ယောက် နှစ်ယောက်လောက်နဲ့ တွဲဖြစ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် အခု အဲ့ဒါတွေက ငါ့အတွက် ပုံပြင်တွေပါပဲ၊ ငါ တကယ်ချစ်တာက နင်တစ်ယောက်တည်းပါ ..."

ခေး ရယ်မိသည်။ ပထမတော့ နိုင်းစကားတွေကို အံ့သြရပေမယ့် စိတ်ညစ်ညစ်နှင့် ရယ်ပဲ ရယ်နေခဲ့မိလေသည်။

"ခေး ... မရယ်နဲ့ကွာ"

"နိုင်းရယ် ...၊ နင့်ကို ချစ်ဖို့တောင် မသေချာသေးတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလို စကားမျိုးတွေ ပြောရဲတာ နင့်ကိုယ်နင် သိပ်ကိုယုံကြည်မှု လွန်ကဲနေလို့လားဟင် ..."

ခေး ပြန်မေးတော့ နိုင်းက မဖြေချေ ... ။ ခေးက နိုင်းမျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း ...

"နင့်ကို ငါ မချစ်တာ သေချာတယ် နိုင်း ..."

✦ ✦ ✦



✤ ✤ ✤

"စွမ်းရည်တောင် ဆရာဝန်ဖြစ်လို့ ပိုစတင်စောင့်ရင်း ပုဂ္ဂလိက ဆေးရုံမှာ ခဏအလုပ်ဝင်နေတယ် ကြားတယ် သမီး ..."

တီဗီ အတူကြည့်နေကြရင်း မာမီက စကားမစပ်လှမ်းပြောလာတာမို့ ခေး ရင်ခုန်သွားမိသည်။

"မာမီနဲ့လည်း သမီး စာမေးပွဲပြီးကတည်းက မတွေ့ဖြစ်တော့တာ၊ သူတို့ အတန်းတွေကိုလည်း မာမီ မသင်ရတော့ဘူးလေ ...၊

"ဟိုတလောလေးကမှ မာမီ့တပည့် ခင်သစ္စာရဲ့ မင်္ဂလာဆောင်ကို သွားရင်း မင်္ဂလာဆောင်မှာ သတို့သားအရံ လာလုပ်ပေးတဲ့ စွမ်းရည်နဲ့ တွေ့တာ ..."

ခေး ရင်ထဲမှာ လှပ်ခနဲ ပျော်ရွှင်သွားသလိုပင်။

"စွမ်းရည်က ရိုးကိုရိုးလွန်းပါတယ်ကွယ်၊ သမီး ဆယ်တန်းတုန်းကတော့ မာမီနဲ့ ဘွားလေးက ကိုယ့်သမီးပျိုလေးကို လူပျိုကလေးနဲ့ စာသင်ခိုင်းထားရတော့ အစိုးရိမ်ပိုမိတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ သူလိုလူတစ်ယောက်ကို ခါးခါးသည်းသည်း ငြင်းလောက်စရာ မရှိပေမယ့် စာမေးပွဲ မပြီးခင် သံယောဇဉ်တွေ တွယ်သွားကြရင် စာမေးပွဲအတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဟန့်ဟန့်တားတား ပြောမိတဲ့ စကားတွေကို ဘယ်လောက်တောင် အလေးအနက် မှတ်သွားသလဲမသိဘူး၊ သမီး စာမေးပွဲပြီးကတည်းက ပေါ်ကို မလာတော့တာ၊ အဝင်းရေ... အန်တီ့အဝတ်အစားတွေ မီးပူတိုက်ပြီးပြီလား ..."

"ပြီးပါပြီ အန်တီ"

"အေး ... အေး ... ဒါဆို အခန်းထဲကို ယူခဲ့ ..."

မာမီက ခေးကိုပြောပြီး မျက်နှာပူသလားတော့မသိ၊ အကြောင်းရှာကာ ခေးနားက ထထွက်သွားသည်။

ခေးကတော့ ရင်ခုန် ပြုံးတုံ့လျက် ကျန်ရစ်ခဲ့ပါသည်။

✦ ✦ ✦



✤ ✤ ✤

ဒီနေ့အဖို့ ဂျူတီချိန်ပြီးပြီမို့ စွမ်းရည်က ဂျူတီကုတ်လေးကို ချွတ်၍ သပ်သပ်ရပ်ရပ် ခေါက်လိုက်ပြီး လွယ်နေကျအိတ်လေးထဲသို့ ထည့်လိုက်သည်။

သူ အလုပ်လုပ်နေသည့် ပုဂ္ဂလိက ဆေးရုံဝန်းထဲကနေ ပြည်လမ်းမကြီးပေါ်အထိ လမ်းလျှောက်ထွက်လာခဲ့ပြီး ပလက်ဖောင်းပေါ်မှာ ရပ်မိတော့ သူ့ခြေလှမ်းတွေက လှည်းတန်းဘက်သို့သာ ဦးတည်ချင်နေပြန်သည်။

ခုလို အလုပ်ကပြန်လာသည့် ညချမ်းအချိန်အခါတွေမှာ မကြာခဏဆိုသလိုပင် သူ လှည်းတန်းအထိ လမ်းလျှောက်ဖြစ်ခဲ့သည်။ ခေးကို လွမ်းလာတိုင်း သူ ချွေးတွေထွက်လာအောင် လမ်းများများ လျှောက်ပစ်ခဲ့သည်။ ဗိုက်ဆာလာရင်တော့ တွေ့ရာ ငါးကင်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရင်း ငါးကင်တစ်ကောင် မှာစားကာ ခေးကို သတိရနေတတ်သည်။

တစ်ခါတစ်ခါတော့ ကိုယ့်ကိုယ်ကို 'သတိရရုံကလွဲလို့ ဘာမှမတတ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ' ဟု အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင်ချင်မိသည်။ ခေးလည်း ကိုယ့်ကို ဒီလိုအပြစ်တင်နေမှာပဲ လား ...။

တစ်နေ့နေ့မှာ ကိုယ့်ဆီ မင်း ပြန်လာလိမ့်မယ်လို့ တော့ ယုံကြည်နေမိပါတယ် ခေးရယ်၊ အဲ့ဒီအခါကျရင် ကိုယ် မင်းကို မြတ်မြတ်နိုးနိုး ထွေးပွေ့ကြိုပါ့မယ်။

စွမ်းရည်သည် ပြည်လမ်းမကြီးအား ပလက်ဖောင်း အတိုင်း လှည်းတန်းသို့ ဦးတည်လျှောက်နေရင်းက တီချယ်ထား ရဲ့ အဓိပ္ပာယ်ရှိသောမျက်လုံးတွေကို ပြန်မြင်ယောင်လာပြန်သည်။

ပြီးခဲ့တဲ့အပတ်က သီတင်းကျွတ်ကာလမို့ စွမ်းရည် တို့ သူငယ်ချင်းတွေ စုပြီး တီချယ်ထားကို သွားကန်တော့ကြ တော့ တီချယ်ထားက သူ့ကို နွေးထွေးသောအကြည့်ကလေးဖြင့် ပြုံးစိုက်ကြည့်ရင်း ...

"ခေးတောင် ပြန်ရောက်နေပြီ စွမ်းရည် ..."

ဟု ပြောသွားခဲ့သည်။

တီချယ့် အပြုံးကလေးက သူ့ကို အားအင်ဖြစ်စေ ပေမယ့် သူ ခေးကို ဘယ်လိုအင်အားမျိုးနဲ့ ရင်ဆိုင်ရမှန်းမသိ ဘဲ ကိုယ့်ကိုယ်ကို အပြစ်ရှိသလို ခံစားနေခဲ့မိသည်။

ရင်ထဲရှိတာ ပြောရရင်တော့ သူ အခုပဲ ခေးကို ပြေးတွေ့လိုက်ချင်တာပါ ...။

စွမ်းရည်က ပြည်လမ်းဘက်မှ လှည်းတန်းလမ်း ဘက်သို့ လမ်းဖြတ်ကူးလာခဲ့သည်။ မကြာခင် လမ်းဘေးတစ် လျှောက်မှာ ငါးကင်ဆိုင်တွေကို တွေ့ရသည်။





သူက ခေးနှင့်အတူ နောက်ဆုံး ထိုင်စားခဲ့ဖူးသော ငါးကင်ဆိုင်လေးမှာ ဝင်ထိုင်မိသည်။

"ငါးကင် စားမှာလား အစ်ကို ..."

"ဪ ... အေး၊ အကောင်သေးထဲက တစ်ကောင်ပေး ပါ"

စွမ်းရည်က ငါးကင်မှာလိုက်ပြီး ထိုင်ခုံမှာ ငြိမ်ငြိမ် သက်သက် ထိုင်နေမိသည်။

ငါးကင်ဖိုက မီးခိုးတွေ တလူလူထွက်နေသည်။

ငါးကင်ရနံ့က သင်းပျံ့နေသည်။

သူ ... ကောင်းကင်ကို မော့ကြည့်တော့ ခေးရဲ့ မျက်ဝန်းလေးတွေနဲ့တူသော လကွေးကွေးလေးနှင့် ခေးမျက်လုံး တွေလို တောက်ပလင်းလဲ့သော ကြယ်ကလေး တချို့ကို မြင်ရ လေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

ထိုဆောင်းတစ်ညက ခေးသည် ကောင်းကင်ပေါ်က လကွေးကလေးကို ငေးမော့ကြည့်နေရင်း ကိုစွမ်းကို သတိရနေခဲ့မိသည်။

ထိုအချိန်မှာပင် ငါးကင်စားချင်စိတ်ကလည်း ဖြစ်လာတာမို့ လှည်းတန်းဘက်သို့ ကားမောင်း၍ ထွက်လာခဲ့သည်။

ခေးတို့ နောက်ဆုံး စားခဲ့သော ငါးကင်ဆိုင်လေးနှင့် မလှမ်းမကမ်းမှာ ကားပါကင်ထိုးပြီး ထိုဆိုင်ကလေးဆီ လျှောက်လာခဲ့စဉ်မှာ ...

ငါးကင်ဆိုင်လေးမှာ တစ်ယောက်တည်း ထိုင်နေသော ကိုစွမ်းကို တွေ့လိုက်ရသဖြင့် ခေးရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်ကာ 'ဒါဟာ ရေစက်ပဲပေါ့' ဟု တွေးရင်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

ထို့နောက် ခေးသည် နွေးထွေးသော စိတ်နှလုံးဖြင့် သူ့ကိုကြည့်ရင်း သူ့ထံသို့ လှမ်းသွားလိုက်လေသည်။

✦ ✦ ✦



✣ ✣ ✣

ရုတ်တရက် ကိုယ့်ရှေ့က ငါးကင်ပန်းကန်ကို တစ်စုံတစ်ယောက်က ဆွဲယူသွားတာမို့ စွမ်းရည်က ဆတ်ခနဲ ခေါင်းမော့ကြည့်မိသည်။

"ခေး ..."

သူက တအံ့တသြ ရေရွတ်မိသည်။ ခေးကတော့ သူ့ကို တည်ငြိမ်စွာ ပြုံးပြလိုက်ရင်း သူ့ရှေ့ ခုံပုလေးမှာ ဝင်ထိုင်လျက် ငါးကင်ပန်းကန်ကို သူမရှေ့မှာ ချလိုက်သည်။ ထို့နောက် တူတစ်စုံ လှမ်းယူလိုက်ရင်း ...

"အခြစ်တွေ ဖယ်ပေးမလို့ပါ"

ဟု ခပ်တည်တည် ပြောပြီး ငါးကင်ပေါ်က အခြစ်တွေကို တူနှင့်ခြစ်ဖယ်နေလိုက်လေသည်။

စွမ်းရည်က ဘာပြောရမှန်း မသိဘဲ ...

"ခေး ... နေ ... နေကောင်းလား"

"အင်း ... ကောင်းပါတယ် ကိုစွမ်းရဲ့ ..."

"ပြန်ရောက်တာ ကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပတ်လောက်တော့ ရှိပြီ ...၊ အိမ်က အမျိုးသားရော ကလေးတွေရော အတူပါလာတယ်လေ ..."

"ဟင် ... ခေးက အိမ် ... အိမ်ထောင် ကျနေပြီလား"

"ကျပြီလေ ...၊ ဟိုမှာပဲ လက်ထပ်လိုက်ကြတာ၊ ကလေးတွေတောင် ရနေပြီ၊ ကလေးတွေနဲ့ မာမီနဲ့လည်း တွေ့ရအောင် ပြန်လာတာ ..."

စွမ်းရည်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ခေးကို အကဲခတ်နေမိသည်။ ခေးကတော့ ခပ်တည်တည်ပင် ငါးကင်ပေါ်က အခြစ်တွေကို ကုန်စင်အောင် ဖယ်လိုက်ပြီး ...

"ကဲ ... အခြစ်တွေအားလုံး ဖယ်လိုက်ပြီ၊ အခြစ်ဆိုတာ ခါးတော့ စားမကောင်းဘူး ကိုစွမ်းရဲ့၊ စားမကောင်းတဲ့ အခြစ်ဆိုရင် ဒီလိုပဲ ဖယ်ပစ်ရတယ် ..."

ဟုပြောရင်း ငါးကင်ပန်းကန်ကို စွမ်းရည်ရှေ့မှာ ပြန်ချပေးလိုက်သည်။ ခေး ပြောတဲ့ အဓိပ္ပာယ်က သူ့အချစ်တွေကို ဖယ်ထုတ်လိုက်ပြီဆိုတဲ့ အဓိပ္ပာယ်များလားဟု တွေးမိတာမို့ စွမ်းရည်က ခဏငိုင်နေမိပြီးမှ ခေးပြောတဲ့ 'ကလေးတွေ' ဆိုသော စကားကို သံသယဝင်လာမိကာ ...

"ကလေးက ဘယ်နှစ်ယောက် ရပြီလဲ ..."

"သုံးယောက် ..."

ခေးက တစ်ရှူးစတွေကို ဆွဲထုတ်ကာ လက်သုတ်နေရင်းက အမှတ်တမဲ့ လွှတ်ခနဲ ပြန်ဖြေလိုက်သည်။

ခေး ညာနေတာဟု သိလိုက်ပြီဖြစ်သော စွမ်းရည်





က ရယ်လိုက်မိတော့ ခေးက စွမ်းရည်ကို မျက်လုံးဝိုင်း၍ ကြည့်ရင်း ...

"ဘာရယ်တာလဲ ..."

"နှစ်နှစ်နဲ့ ကလေး သုံးယောက်ရအောင် ဘယ်လိုများ မွေးခဲ့သလဲလို့ပါ ..."

"အယ် ..."

ခေးက သူ့စကားမှားသွားမှန်း သိတာမို့ ပြုံးစိစိ မျက်နှာထားလေးဖြင့် ငြိမ်သွားသည်။ သူက ခေးကိုကြည့်ရင်း ပျော်ရွှင်လာမိကာ ...

"ဖြီးမယ်ဆိုရင်လည်း ယုတ္တိရှိအောင် ဖြီးမှပေါ့ ကလေးမရဲ့ ..."

ဟု ပြောရင်း ခေးခေါင်းကို လက်သီးဖြင့် မနာအောင် လှမ်းထုလိုက်သည်။ ခုလိုတော့လည်း စိမ်းနေခဲ့သော ဆက်ဆံရေးက အရင်လို ပြန်ပြီး နွေးထွေးလာခဲ့သည်။

ခေးက စွမ်းရည်ကို စူပုပ်ပုပ်လေး ကြည့်လာရင်း

"မှန်မှန်ပြော ...၊ ဒီဆိုင်မှာ ဘာလို့ ငါးကင် လာစားတာလဲ ..."

"ဗိုက်ဆာလို့ပေါ့ ..."

ကိုယ့်ကို ရှုံးလောက်အောင် အမြဲလုပ်ခဲ့သော၊ ရင်ထဲကနေ အချစ်ကြီး ချစ်၊ အဝေးကနေ အလွမ်းကြီး လွမ်းပြီးမှ မချိန်းဆိုရပါဘဲ ရေးရေစက်ရှိခဲ့သလို ပြန်ဆုံတွေ့ရသည့် ရင်ခုန်ဆွတ်ပျံ့ဖွယ် အချိန်ကလေးမှာတောင် သူ့ကို ရှုံးလောက်အောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ညှာဖြိုးချင်သေးသော ခေးကို သူက နည်းနည်းတော့ သင်ခန်းစာ ပေးလိုက်ချင်တာမို့ ခေး ကြားချင်သည့် အဖြေကို မပေးဘဲ နေလိုက်သည်။

သူ့အဖြေကို မကျေနပ်သော ခေး မျက်နှာကလေး က ပို၍ စူပုပ်လာကာ ...

"ဒါဆိုလည်း ပြီးတာပဲ ..."

ဟု ပြောပြီး မျက်ရည်ကလေး လည်လာကာ ငြိမ်သွားသည်။

စွမ်းရည်သည် မြတ်နိုးရသော မိန်းကလေးရဲ့ မျက်နှာကလေးကို တမေ့တမော ငေးကြည့်လိုက်ရင်း ...

"ခေးကို ဘယ်လောက်ချစ်ချစ် ဘယ်လောက်လွမ်းလွမ်း စားချိန်တန်တော့လည်း ဗိုက်ဆာလာလို့ အတူစားခဲ့ဖူးတဲ့ ဆိုင်လေးမှာ လာစားရတာပေါ့ ခေးရယ် ..."

ဟု ခေး စကားကို ချေငှား၍ ပြောလိုက်လျှင် ခေးက သူ့ကို အပြုံးကလေးနှင့် မျက်စောင်းထိုးလိုက်ပြီး ကောင်းကင်ပေါ်က လကွေးကွေးကလေးကို မော့ကြည့်နေတော့လေသည်။

ပုညခင်

31.12.2010

8 : 00 Pm

Bye Bye 2010



BURMESE CLASSIC .com

www.burmeseclassic.com